# မာနယ်ပလော

## ခရီးသည်



မောင်စင်ကြယ်


အမျိုးသားစာပေဆု နှင့် စာပေလွတ်လပ်ခွင့်ဆုရ

ဒီဇိုင်း ခင်မောင်ကြီး ဒဿနပန်းခင်း

# မာနယ်ပလော ခရီးသည်

မောင်စင်ကြယ်

၁၉၉၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း၌ ကျဆုံးခဲ့ရသော ကေအင်(န်)ယူ နယ်စပ်စခန်းများ



# အမှာစာ

(၁)

စာတပုဒ်ရေးရသည်ထက် စာတအုပ်ရေးရသည်မှာ များစွာခက်ခဲလှပေသည်။ စာတအုပ် ရေးသားပြီးနောက်တွင် အမှာစာတခု ရေးသားရာတွင်လည်း ခက်ခဲလှပြန်သည်။ ဤအခက်အခဲများကို ထောက်ရှု၍ ဤစာအုပ်ရေးသားသူသည် တချိန်က အမှာစာများကို ပေါင်းစု၍ "အမှာစာပေါင်းချုပ်" အမည်ဖြင့် စာတအုပ် ထုတ်ဝေရန် ကြိုးစားခဲ့ဘူးပါသည်။

အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ရေးသားသူများသည် အမှာစာကိုရေးသားရာတွင် အချို့သည် (ACKNOWLEDGE) ဟူ၍၎င်း။ အချို့သည် (FOREWARD) ဟူ၍၎င်း။ အချို့သည် (PREFACE) နှင့် (INTRODUCTION) ဟူ၍၎င်း။ မိမိ၏ စာအုပ်နှင့် ကိုက်ညီသည် ဆီလျော်သည်ကို ရွေးချယ်၍ ရေးသားကြ၏။ မြန်မာစာအုပ်များတွင် အမှာစာ ဆိုသည်မှာ တခုတည်းသာရှိလေသည်။ ယင်းတခုတည်းကိုပင်အချို့ စာရေးဆရာများသည် ရေးသားရန် ထက်သန်၍ အချို့မှာ ရေးသားရန် မထက်သန်ပေ။

အထူးသဖြင့် စာရေးဆရာကြီး သူရိယ ဦးသိန်းမောင်သည် သူ၏ရာဇဝင်နောက်ခံ "ရာဇသင်္ကြန်" စာအုပ်ကြီးတွင် စာမျက်နှာ တဝက်လောက်ထိ

အရှည်ဆုံးသော အမှာစာကို လှလှပပ ရေးသားထားလေသည်။ စာရေးဆရာ မြသန်းတင့်သည့် "စစ်နှင့်ငြိမ်းချမ်းရေး" စာအုပ်ကြီးကို ဆယ့်နှစ်လ ဆယ့်နှစ်အုပ် ရေးသားထုတ်ဝေပြီးနောက် နောက်ပိုင်းတွင် ပြည်တွင်းပြည်ပ သမိုင်းနှင့် ဆက်နွယ်ရာများကို ထူထူထဲထဲ စာအုပ်များ ရေးသားခဲ့ သော်လည်း "လေရူးသုန်သုန်" ဘာသာပြန် စာအုပ်တွင်သာ စာအုပ်၏ နောက်ဘက်ပိုင်း၌ အမှာစာ အရှည်တခုကို ရေးသားခဲ့၏။ မိမိ၏စာအုပ်တွင် အမှာစာရေးသားရန် စိတ် မထက်သန်လှသော စာရေးဆရာကြီးများတွင် စာရေးဆရာသခင်န။ စာရေးဆရာဦးညိုမြနှင့် စာရေးဆရာဦးသိန်းဖေမြင့်တို့ ပင်ဖြစ်ကြပေသည်။

(၂)

ယခု "မာနယ်ပလော ခရီးသည်" စာအုပ်မှာ ရေးသားပြီးစီးရုံမျှ မက ကွန်ပြူတာပင် စီရိုက်ပြီးဖြစ်၍ ပုံနှိပ်ရန် တခုသာလိုတော့သည်။ သို့ဖြစ်၍ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ထည့်သွင်းရန် အမှာစာတခုသာ လိုတော့သည့်အချိန်တွင် အမှာစာကို ဘယ်လိုများ ရေးသားမလဲ အာရုံခံ ကြည့်သောအခါ အာရုံရုပ်ထဲတွင် တဘက်က ဗိုလ်ချုပ်မြ။ ပဒိုဘသင်။ ဗိုလ်ချုပ်မောင်မောင်။ ပဒိုစံလင်းနှင့် မာနယ်ပလော ရုပ်ပုံက ပေါ်လာသည်။ အခြားတဘက်တွင် စိုးဝင်းရှိန်။ တင်တင်ဝင်း။ နွယ်နီ။ မောင်သော်ဇင်။ ကိုခင်မောင်ကြီးနှင့် သူ၏မိသားစု ရုပ်ပုံတွေက ပေါ်လာပြန်သည်။

အမှန်မှာ မာနယ်ပလောခရီးသည် စာအုပ် ကွန်ပြူတာ စီရိုက်ပြီး၍ ပုံနှိပ်ရန် သာ လိုတော့သည့် အချိန်တွင် "မာနယ်ပလော"သည် မရှိတော့ပါ။ မာနယ်ပလောတွင် အကြီးအမှူးလုပ်ခဲ့သူများနှင့် ကရင့်တော်လှန်ရေးကို အဓိက ခေါင်းဆောင်ခဲ့သော ဗိုလ်ချုပ်မြ။ ပဒိုဘသင်။ ဗိုလ်ချုပ်မောင်မောင်။

နှင့် ပဒိုစံလင်းတို့လည်း ကွယ်လွန်ခဲ့ကြပါပြီ။ ဝမ်းနည်းဖွယ် ကြေကွဲဖွယ် ဘက်က ကြည့်လျှင် အလွန်ပင် ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပါသည်။ ဝမ်းနည်းကြေကွဲရသည့်ကြားကပင် ကျွန်တော်သည် စာရေးဆရာတယောက် အနေနှင့် ထိုစဉ်က မာနယ်ပလောကို ရေးဖွဲ့ရာတွင်၎င်း ကရင်ခေါင်းဆောင် များနှင့် ကျန်ပုဂ္ဂိုလ်များအကြောင်းကို ရေးသားရာတွင်၎င်း ပြည့်စုံမှု ပီပြင်မှု ရှိမရှိ သုံးသပ်ကြည့်ရန်လည်း များစွာ လိုအပ်နေပါသည်။

(၃)

လောကရှိ လူသားတိုင်းပင် အကောင်းအဆိုးနှင့် အားသားချက်နှင့် အားနည်း ချက်များ ရှိကြရာ မာနယ်ပလောက ခေါင်းဆောင်များမှာလည်း မကင်းနိုင် သလို စာရေးသူလည်း မကင်းနိုင်ပါ။ ဤအထဲကပင် ကျွန်တော်သည် ကျွန်တော့်ကလောင်ကို နိုင်နိုင်ထိန်းကျောင်း၍ မာနယ်ပလောနှင့် မာနယ် ပလောမှ ကြီးကြီး ရွယ်ရွယ် ငယ်ငယ် ပုဂ္ဂိုလ်များအကြောင်းကို ရေးသား ပုံဖော်ခဲ့သည်ဟု ဆိုသော် မှားနိုင်မည် မထင်ပါ။

လူ့ဘဝတွင် တခါတရံ၌ စိတ်ဆိုးစရာ မဲ့စရာတွေထဲက ပြုံးစရာ ပျော်စရာ တကွက်တလေပေါ်သွားတတ်သည် ဆိုစကားအရ ဝင်းခက်နှင့်ကျွန်တော်တို့ ပါဝင်ဆင်နွှဲခဲ့ကြသည့် မာနယ်ပလော စာဆိုတော်နေ့ ဟောပြောပွဲ အဖြစ် အပျက်နှင့် အတွေ့အကြုံမှာ တကယ်လည်းပြုံးစရာ တကွက်အနေနှင့် ဤ စာအုပ်၌ ကျန်ရစ်ခဲ့မည်ဟု ထင်ပါသည်။

(၄)

ကျွန်တော်၏ မာနယ်ပလော ခရီးသည်ကို မိုးသောက်ကြယ် ဂျာနယ်၌ ပထမဆုံး ထည့်ပေးသူမှာ စိုးဝင်းရှိန် တင်တင်ဝင်း ဇနီးမောင်နှံဖြစ်သည်။ ထိုမှ စာအုပ်ထုတ်ဝေရန် စတင်စီစဉ်သောအခါ ကွန်ပြူတာရိုက်ပေးသူမှာ နွယ်နီထွန်းနှင့် မောင်သော်ဇင် (IT)တို့ဖြစ်ပြီး စာအုပ်ဖြစ်သည်အထိ အစမှ အဆုံး စီရင် မွမ်းမံ ပြင်ဆင်သူမှာ ဦးခင်မောင်ကြီးပင် ဖြစ်ကြပေသည်။

ဦးခင်မောင်ကြီးသည် မြန်မာနိုင်ငံမှ ဩစတြေးလျားတွင် နေထိုင်ကြသူများ အနက် စာကိုလက်ဖြင့် မရေးပဲ ကွန်ပြူတာဖြင့် ရေးသားနေသူများထဲတွင် ထိပ်ဆုံးက ပုဂ္ဂိုလ်တဦးပင်ဖြစ်သည်။ ကျွန်တော် စုဆောင်းထားသော ဓါတ်ပုံများနှင့် ကွန်ပြူတာထဲတွင် အသင့်ရှိနေသော ဓါတ်ပုံများအပါအဝင် ဘယ်နေရာတွင် ဘယ်အကြောင်း။ ဘယ်အကြောင်းတွင် ဘယ်ဓါတ်ပုံ ထည့်သွင်းရန် သူပင် အစအဆုံး စိစစ် ရွေးချယ်ပေးလေသည်။ သို့ဖြစ်၍ ယခု မာနယ်ပလော ခရီးသည်ကို ဖတ်ရသူများ အနေနှင့် စိုးဝင်းရှိန်။ တင်တင်ဝင်း။ နွယ်နီထွန်း။ မောင်သော်စင်နှင့် ဦးခင်မောင်ကြီး မိသားစုတို့၏ မေတ္တာ စေတနာနှင့် ကြိုးပန်း အားထုတ်မှုသည် ရှေ့ဆုံးက ပါဝင်ကြောင်း သိရှိစေလိုပါသည်။

လေးစားစွာဖြင့်။

မောင်စင်ကြယ်။

# မာတိကာ


| | | |
|---|---|---|
| ၁ ။ | တစ်တိုက် | ၁၁ |
| ၂ ။ | အင်းစိန်ထောင် မြင်ကွင်း | ၁၅ |
| ၃ ။ | အိပ်မက်ပမာ | ၁၈ |
| ၄ ။ | ငို၍ ရယ်၍ မရသော မျက်နှာ | ၂၂ |
| ၅ ။ | နိုင်သူလည်းမနိုင် ရှုံးသူလည်းမရှုံး | ၂၇ |
| ၆ ။ | နာယကကြီးအား ဂါရဝပြုခြင်း | ၃၁ |
| ၇ ။ | ကြေကွဲစရာများ | ၃၉ |
| ၈ ။ | ဆက်သားလာပြီ | ၄၃ |
| ၉ ။ | ဆက်သားနှင့် ပထမတွေ့ဆုံခြင်း | ၄၆ |
| ၁၀ ။ | ကြိုတင်ပြင်ဆင်မှုများ | ၅၀ |
| ၁၁ ။ | ပညာရှင် စာဖတ်ပရိသတ်တဦး | ၅၃ |
| ၁၂ ။ | ဒုတိယ တခေါက် ဆက်သား ရောက်လာပြီ | ၅၅ |
| ၁၃ ။ | ရန်ကုန်မှ ဘားအံသို့ | ၆၁ |
| ၁၄ ။ | ဘားအံမှ ကော့ကရိတ်သို့ | ၆၇ |
| ၁၅ ။ | သာမညတောင် ဆရာတော် | ၇၁ |
| ၁၆ ။ | မရဲသော်လည်း ပြေးခဲ့စေ | ၇၆ |
| ၁၇ ။ | ကော့ကရိတ်မှ မြဝတီ | ၈၀ |
| ၁၈ ။ | အသိဟောင်းနှင့် တွေ့ဆုံခြင်း | ၈၆ |
| ၁၉ ။ | အောင်ပြီ အောင်ပြီ | ၉၀ |
| ၂၀ ။ | ဇွဲကပင် ထမင်းဆိုင် | ၉၂ |

| | | |
|---|---|---|
| ၂၁ ။ | တရုတ် စားသောက်ဆိုင် | ၉၆ |
| ၂၂ ။ | မချိုနိုင်တို့အိမ် | ၉၇ |
| ၂၃ ။ | မဲဆောက်မှ မာနယ်ပလော | ၉၉ |
| ၂၄ ။ | တောတောင်ရေမြေ | ၁၀၁ |
| ၂၅ ။ | လမ်းခရီး အန္တရာယ် | ၁၀၃ |
| ၂၆ ။ | မာနယ်ပလော ရောက်ပြီ | ၁၀၆ |
| ၂၇ ။ | ကြိုဆိုနှုတ်ဆက်ခြင်း | ၁၀၈ |
| ၂၈ ။ | မာနယ်ပလောဝန်းကျင် မျှော်လိုက်လျှင် | ၁၁၅ |
| ၂၉ ။ | မာနယ်ပလောမြို့ပြ | ၁၁၇ |
| ၃၀ ။ | မာနယ်ပလော တည်ဆောက်မှု | ၁၂၁ |
| ၃၁ ။ | သားအဖ ပြန်ဆုံပွဲ | ၁၂၆ |
| ၃၂ ။ | ဗိုလ်ချုပ်မြ အိမ်သို့ ပထမတခေါက် | ၁၃၃ |
| ၃၃ ။ | သတင်းစာ ရှင်းလင်းပွဲ | ၁၃၇ |
| ၃၄ ။ | မဲဆောက်တွင် နားနားနေနေ | ၁၄၀ |
| ၃၅ ။ | ဝင်းခက်နှင့် ပြန်လည်တွေ့ဆုံခြင်း | ၁၄၂ |
| ၃၆ ။ | ပထမအကြိမ် စာပေဟောပြောပွဲ | ၁၄၄ |
| ၃၇ ။ | မောင်သော်က တမ်းချင်းနှင့်လွမ်းချင်း | ၁၄၆ |
| ၃၈ ။ | စာရေးဆရာ ဘုန်းကြီးနိုင်ဝင်းဆွေ | ၁၄၉ |
| ၃၉ ။ | အောင်ဆန်းစုကြည်လမ်း | ၁၅၃ |
| ၄၀ ။ | ကြင်နာခြင်း နာကျင်ခြင်း | ၁၅၆ |
| ၄၁ ။ | ဗိုလ်ချုပ်မြ ၆၆ နှစ်မြောက် မွေးနေ့ | ၁၅၇ |

| | | |
|---|---|---|
| ၄၂ ။ | ဒိုးကပွဲ | ၁၅၈ |
| ၄၃ ။ | လူပြောများသော အစိုးရအဖွဲ့ | ၁၅၉ |
| ၄၄ ။ | ဝင်းခက်၏ NCUB ဖွဲ့စည်းပုံ | ၁၆၂ |
| ၄၅ ။ | မာနယ်ပလောက အင်တာဗျူး | ၁၆၄ |
| ၄၆ ။ | မြောက်ပိုင်းမှ NLD အမတ်များ | ၁၆၈ |
| ၄၇ ။ | နိုဗယ်ဆုရှင်များနှင့် မယ်လစခန်း | ၁၇၀ |
| ၄၈ ။ | DAB ဖွဲ့စည်းပုံနှင့် အရှင်ခေမာစာရ | ၁၇၄ |
| ၄၉ ။ | ခေတ်ပြိုင် ထုတ်ဝေခြင်း | ၁၇၆ |
| ၅၀ ။ | သံလွင်က ရွှေဆိုင်း | ၁၈၁ |
| ၅၁ ။ | ထော်မဲ့ပါဂျာနယ် ထုတ်ဝေခြင်း | ၁၈၅ |
| ၅၂ ။ | K.N.U အရေးပေါ်အစည်းအဝေး | ၁၉၀ |
| ၅၃ ။ | စောဘိုမြ၏ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေး | ၁၉၃ |
| ၅၄ ။ | ပြည်တွင်းစစ် | ၁၉၅ |
| ၅၅ ။ | စစ်ဆိုးကျိုး | ၁၉၆ |
| ၅၆ ။ | ငြိမ်းချမ်းရေးသည်ပထမ | ၁၉၆ |
| ၅၇ ။ | စစ်နှင့်ငြိမ်းချမ်းရေး | ၁၉၇ |
| ၅၈ ။ | ကမ်းလှမ်းသူ ဗိုလ်ချုပ်မြ | ၁၉၈ |
| ၅၉ ။ | ပြန်ကြားသူ ဗိုလ်ချုပ်ခင်ညွန့် | ၁၉၉ |
| ၆၀ ။ | ကွာဟချက်များ | ၂၀၀ |
| ၆၁ ။ | အရှိတရား | ၂၀၃ |
| ၆၂ ။ | မာနယ်ပလော ရှေ့ပြေး ပြဿနာ | ၂၀၄ |

| | | |
|---|---|---|
| ၆၃ ။ | KYO နှစ်ပတ်လည် ညီလာခံ | ၂၀၆ |
| ၆၄ ။ | မန်းရှာလဖန်း အိမ်တွင် | ၂၀၈ |
| ၆၅ ။ | ဗိုလ်ချုပ်ကျော်သောင်းနှင့် ပါပီမ။ | ၂၁၀ |
| ၆၆ ။ | မွတ်ဆလင်နှစ်ဖွဲ့ | ၂၁၂ |
| ၆၇ ။ | ဝမ်းခက ဗိုလ်မှူးကြီးတော်လှ | ၂၁၅ |
| ၆၈ ။ | ဗိုလ်ချုပ် စောတာမလာဘော | ၂၁၇ |
| ၆၉ ။ | PPP နှင့် ဗိုလ်ချုပ်သွင်ကတော် | ၂၂၁ |
| ၇၀ ။ | ဇင်းမယ်ကကျား။ | ၂၂၄ |
| ၇၁ ။ | ဗိုလ်ချုပ် အော်လီဗာထံ မရောက်ခဲ့လေခြင်း | ၂၂၈ |
| ၇၂ ။ | မိတ်ဆွေဖြစ်လာသော မိတ်ဆွေ | ၂၃၁ |
| ၇၃ ။ | မြစ်ဆုံအရေးအခင်း | ၂၃၄ |
| ၇၄ ။ | မာနယ်ပလောကျဆုံးပြီ | ၂၃၈ |
| ၇၅ ။ | နအဖ ကေအင်ယူ ဘယ်မှာလဲ | ၂၄၂ |
| ၇၆ ။ | မာနယ်ပလောကျပြီး နောက်ပိုင်း | ၂၄၄ |
| ၇၇ ။ | ဗိုလ်ချုပ်မြ၏ နောက်ဆုံးနေ့ | ၂၄၇ |
| ၇၈ ။ | ကေအင်ယူနှင့် နှစ်ပေါင်းခြောက်ဆယ် | ၂၅၁ |
| ၇၉ ။ | ကရင်လက်နက်မဲ့ တော်လှန်ရေးလား | ၂၅၃ |
| ၈၀ ။ | ကရင်နှင့်စာပေ ပြုစုခြင်း ဖတ်ရှုခြင်း | ၂၅၄ |
| ၈၁ ။ | နောင်တ | ၂၅၇ |
| ၈၂ ။ | မာနယ်ပလောမှ ပျောက် ပြန် ကွယ် များ | ၂၅၉ |
| ၈၃ ။ | မာနယ်ပလော အကြောင်း သိကောင်းစရာ | ၂၆၃ |

# တစ်တိုက်




**အင်းစိန်ထောင်**

အင်းစိန်ထောင်ပူးဝ မျှော်စင်ကြီးဆီမှ နေ့လည် ဆယ့်နှစ်နာရီ သံချောင်း ခေါက်သံကို ကြားလိုက်ရသည်။

ထောင်သားများအားလုံး နံက်စာထမင်း စားသောက်ပြီးချိန် ဖြစ်သောကြောင့် လည်း အင်းစိန်ထောင်ကြီး တခုလုံး တိတ်ဆိတ်ကာ ငြိမ်သက်နေလေသည်။ နေ့လည်နှစ်နာရီတွင် တိုက်ပြင်ထွက်၍ ရေချိုးချိန်ဖြစ်သည်။ ဤအချိန်တွင် သုံးလေးမိနစ်မျှ အညောင်းအညာပြေ လမ်းလျှောက်ခွင့်ရသည်။ အိပ်၍မပျော် သော် ပြားလည်း မျက်လုံးကိုမှိတ်၍ ကျနော် မှိန်းနေလိုက်သည်။

"ဒေါက်…ဒေါက်..ဒေါက်"

ယင်းအခိုက် တိုက်တံခါး ခေါက်သံ ကြားရသဖြင့် မှိန်းနေရာမှ လူးလဲထပြီး တိုက်တံခါးဝသို့ ကြည့်လိုက်မိသည်။ တာဝန်ကျဘာရာ အကျဉ်းသားအရာရှိ ကိုလှမောင် တိုက်ရှေ့တွင် ငူငူကြီးရပ်နေသည်။ ကိုလှမောင်သည် (၈၈) အရေးတော်ပုံကာလ သာကေတတွင် တာဝန်ကျနေသော တပ်စုတစ်ခုမှ တပ်ကြပ်ကြီး တယောက်ဖြစ်သည်။ နေ့တနေ့တွင် သူ့အထက်အရာရှိက သူ့အား လူပုံအလယ်တွင် ပါးရိုက်သဖြင့် သူက အထက်အရာရှိအား သေနတ်ဖြင့် ပစ်သတ်လိုက်သည်။ ဤသို့ဖြင့် တပ်ကြပ်ကြီးလှမောင်သည် ထောင်ဒဏ် အနှစ်(၂၀)ကျပြီး အင်းစိန်ဗဟိုအကျဉ်းထောင် တစ်တိုက်၏ ဘာရာ (အကျဉ်း သား အရာရှိ) ဖြစ်လာသည်။

"ဆရာတို့ ထွက်မယ်…"

ရင်ထဲထိတ်ကနဲ ဖြစ်သွားသည်။ ထွက်မယ်ဟူသော စကား၏နောက်တွင် အဓိပ္ပာယ် နှစ်မျိုးရှိသည်။ တမျိုးသည် တိုက်ထဲက ထွက်သွားပြီး အင်းစိန် ထောင်ဗူးဝရှိ စစ်ခုံရုံးက ထောင်ဒဏ် စီရင်လိုက်ခြင်းဖြစ်၍ တမျိုးမှာ တိုက်က ထွက်ပြီး ထောင်ထဲကပါ အပြီးအပိုင် လွတ်သွားခြင်းဖြစ်သည်။

ဤအတွေ့အကြုံမျိုးကို တွဲဘက်ထောင်တွင် နေစဉ်ကလည်း မြင်ခဲ့ရပြီဖြစ် သည်။ ယခုတစ်တိုက်သို့ ရောက်လာပြီး နောက်တွင်လည်း ဒေါက်တာ မောင်မောင်ကျော် အပါအဝင် ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးအား တာဝန် ယူ စောင့်ရှောက်ခဲ့ကြသော လူငယ်ကျောင်းသား ခေါင်းဆောင် (၁၂) ယောက် နီးပါးတို့အား တစ်တိုက်က ခေါ်ထုတ်သွားပြီးနောက် ထောင်ဗူးဝရှိ စစ်ခုံရုံးက ထောင်ဒဏ် အသီးသီး စီရင်ခဲ့ပြီးဖြစ်သည်။

ဘယ်ကို ထွက်မှာလဲ ကိုလှမောင်။

ကိုလှမောင်သည် ရခိုင်အမျိုးသား တဦးလဲဖြစ်သည်။ စကားလည်း နည်းသည်။ တစ် တိုက်သို့ လာလျှင် မေးတခွန်း ဖြေတခွန်းသာ ပြောလေ့ရှိသည်။ ဆရာတို့ လွတ်မှာပါ…

ကိုလှမောင်ထံမှ လွတ်မှာပါ စကားကိုကြားရလျှင် ကျနော်တို့ မျက်လုံးများ သည် ထောင်ထဲ တနှစ်နီးပါး ပိုင်ဆိုင် သုံးစွဲလာသော အသုံးအဆောင်ပစ္စည်း များပေါ်သို့ ရောက်သွားသည်။ အကျဉ်းသားတို့၏ သဘာဝအရ တန်ဘိုးမရှိ သော်ငြားလည်း ထောင်ထဲ အသုံးအဆောင် ပစ္စည်းများက များပြားလာသည်။ ယင်းအသုံး အဆောင်ပစ္စည်း အားလုံးမှာလည်း ရှေ့လူက နောက်လူအား အသီးသီးနှင့် အဆင့်ဆင့် လက်ကမ်းသွားသော အသုံးအဆောင်များသာဖြစ် သည်။

လွတ်မှာဆိုရင်တော့ ဒီအသုံးအဆောင်ပစ္စည်းတွေကို ကိုလှမောင်ပဲ တာဝန်ယူ ပြီး တခြားလူတွေကို ခွဲဝေပေးပါ။

အသင့်ဖွင့်ထားသော တိုက်တံခါးမှ ကျနော်နှင့် စောဝင်းဘတ်တို့ ထွက်လိုက် ကြသည်။ ပြီးလျှင် အခန်းနှစ်တွင်ရှိသော ခရမ်းသုံးခွဇာတိသား ဖောက်ထွင်း ဝိဇ္ဇာ အငယ်လေးကို သွား၍နှုတ်ဆက်သည်။ ထိုမှအစဉ်လိုက် ကိုထွေးမြင့် ကိုဝင်းမောင် ကိုစိုးမြင့်နှင့် နေပြည်တော် သန်းထွန်း (နဝတပတ္တမြား) တို့အား အသီးသီး နှုတ်ဆက်သည်။

ကိုထွေးမြင့်သည် ဒီမိုကရေစီပါတီ၏ ဒုဥက္ကဋ္ဌဖြစ်၍ (မဆလ)လက်ထက်၌ ပြည်ပြေးထွေးမြင့် ဘီဘီစီထွေးမြင့်အဖြစ် ထင်ရှားခဲ့ပြီး သူ့အား(မဆလ)က နှစ်ကြီးသေဒဏ် ပေးခဲ့သည်။ နှစ်ကြီးသေဒဏ်၏ အဓိပ္ပာယ်မှာ တကြိုးတည်း

ဖြင့်သေရန် လုံလောက်မည်ဟု မယုံကြည်၍ နှစ်ကြီးထပ်၍ သေဒဏ်ပေးခြင်း ဖြစ်သည်။

ကျနော်နှင့် ထွေးမြင့်သည် ထောင်ပြင်တွင် အတူတွဲခဲ့သည့်နည်းတူ ယခု ထောင်တွင်း၌လည်း တွဲဖက်ထောင် နှစ်တိုက်တွင်ရင်း ထောင်မကြီးတစ်တိုက် တွင်ရင်း တနစ်နီးပါး အခန်းချင်းကပ်၍ နေခဲ့ကြသည်။ ကိုထွေးမြင့် ထောင် ထဲသို့ ရောက်နှင့် နေတာကြာပြီးဖြစ်သည်။

ကိုဝင်းမောင်သည် သာယာဝတီထောင်မှ အင်းစိန်ထောင်သို့ ပြောင်းလာသူ ဖြစ်သည်။ ဒီမိုကရေစီကာလက သာယာဝတီမြို့ရှိ မဆလပါတီရုံး အဆောက် အဦးအား မီးရှို့သူအဖြစ် စွပ်စွဲခံခဲ့ရပြီး ထောင်ဒဏ် အနှစ်(၅၀) စီရင်ခံထားရသူ ဖြစ်သည်။ ကိုစိုးမြင့်မှာ ဇာတိဘိုကလေးနယ်အတွင်း လှည့်လည်ဆေးကုနေစဉ် (ဗကပ) ပုဒ်မဖြင့် ထောင်တွင်းသို့ ရောက်လာသူဖြစ်သည်။

ကျနော် တစ်တိုက်က ထွက်လာစဉ် နောက်ဆုံး နှုတ်ဆက်ခဲ့သူမှာ မန္တလေး နေပြည်တော် တည်းခိုခန်းပိုင်ရှင် နေပြည်တော် သန်းထွန်းဖြစ်သည်။ ထိုစဉ်က သိန်းတစ်ထောင်ကျော်တန် (နဝတပြည်တန် ပတ္တမြားကြီး) ရောင်းဝယ်မှုဖြင့် သူ့ သတင်းသည် ဟိုးဟိုးကျော်ခဲ့သည်။

သူသည်တစ်တိုက် အခန်း(၁၃)တွင် နေရပြီး ဇနီးမှာ တစ်တိုက်နှင့်ကပ်နေသော အမျိုးသမီးထောင်တွင်ရှိနေသည်။ အတွင်းထောင်ဝင်စာအရ ဇနီးမောင်နှံ တလ လျှင်တကြိမ် တွေ့ဆုံခွင့်ရကြသည်။ နေပြည်တော် သန်းထွန်းသည် ချမ်းသာ ကြွယ်ဝသူဖြစ်၍ ထောင်အမှုထမ်းများ အပေါ်တွင် စန်းပွင့်သူဖြစ်သည်။ တစ် တိုက်ရှိ ကျနော်တို့ နိုင်ငံရေးအကျဉ်းသားများအား အစားအသောက်အပြင် သူသုံးစွဲနေသော အသုံးအဆောင် ပစ္စည်းများကိုပါ မျှဝေသူလည်းဖြစ် သည်။

# အင်းစိန်ထောင်မြင်ကွင်း

တစ်တိုက်မှတဆင့် မြေနီလမ်းကလေးအတိုင်း ဘာရာကိုလှမောင်သည် ကျနော်တို့ နှစ်ယောက်အား ရင်ကွဲတိုက် (ခ) ကြိုးတိုက်ဆီသို့ ခေါ်ဆောင်လာသည်။ ရင်ကွဲတိုက်(ကြိုးတိုက်)သည် တစ်တိုက်နှင့် အနီးဆုံးဖြစ်သည်။ ညနေ (၅) နာရီတွင်တကြိမ် နံနက်မိုးလင်းခါနီး (၅) နာရီတွင်တကြိမ် ကြိုးဒဏ်သင့်ထားသော အကျဉ်းသားများ ဘုရားဝတ်တက်သည်ကို တစ်တိုက်မှ အနီးကပ်ကသိုလ်ပွားရသည်။ ထိုစဉ်က (၈၈) အရေးတော်ပုံနှင့် ပတ်သက်၍ ကြိုးဒဏ်သင့်နေသူပေါင်းမှာ (၈၀) ကျော်ရှိသည်။ ယင်းသို့ ကြိုးဒဏ်သင့်နေသော်ငြားလည်း သူတို့ခမြာ ကြိုးသမားများ၏ အခွင့်အရေးကိုမရရှာပဲ သာမန်အကျဉ်းသားများ နည်းတူသာ နေကြရသည်။ စားကြရသည်။

ရင်ကွဲတိုက်(ကြိုးတိုက်)ကို လွန်လာလျှင် ဖိုကြီး(ထမင်းချက်ဖိုကြီး)၏ ခေါင်တိုင်ထိပ်ဖျားတွင် ဦးစောတည် ထားခဲ့သော မတ်တတ်ရပ်ကိုယ်တော်ကြီးအား အတိုင်းသား လှမ်းမြင်ဖူးတွေ့ရသည်။ ယင်းမြင်ကွင်း တစိတ်တဒေသအား တစ်တိုက်မှနေ၍ ပန်းချီဆွဲထားရန် ပန်းချီဆရာ ကေမျိုးအား ကျနော် တခါက တိုက်တွန်းခဲ့ဘူးသည်။

ယင်းဖိုကြီးနှင့် အနီးဆုံးတိုက်များမှာ လေးရှည် ငါးနှင့်ခြောက်တိုက်တို့ပင်ဖြစ်သည်။ ကျနော်သည် (၁၉၇၈)ခုနှစ် အင်းစိန်ထောင်သို့ ပထမဆုံး ဝင်ရသောအခါ ခြောက်တိုက်တွင် နေခဲ့ဘူးသည်။ ထိုစဉ်က ခြောက်တိုက်သည် တံခါးနှစ်ထပ်အလုံပိတ်ဖြစ်၍ အလင်းရောင်နှင့် လေဝင်ပေါက်ပင် လုံလောက်စွာ မရချေ။ (၁၉၈၉) ခုနှစ် ဒုတိယအကြိမ် အင်းစိန်ထောင်ထဲ ဝင်ရပြန်သောအခါ လေးတိုက်ရှည်တွင် နေခဲ့ရသည်။ လေးတိုက်ရှည်ရှေ့တွင် ချိုးရေကန်ရှိသည်။

ချိုးရေကန် မရှိသော ငါးတိုက်မှ နိုင်ငံရေး အကျဉ်းသားအားလုံး လေးတိုက်ရှည် ချိုးရေကန်သို့ ရေလာချိုးကြသည်။ ဤသို့ဖြင့် ငါးတိုက်မှလေး တိုက်ရှည်သို့ နေ့စဉ်ရေလာချိုးသော ဆရာမောင်သော်ကအား ကာရံထားသော နီးဖျာပေါက်များမှတဆင့် နေ့စဉ်မြင်တွေ့နေရသည်။




ယင်းသို့ဖြင့် (၁၉၉၁)ခုနှစ် ကျနော် တတိယအကြိမ် အင်းစိန်ထောင်ထဲ ဝင်ရပြန်ရာ ပထမတွင် တွဲဘက်ထောင် နှစ်တိုက်တွင်နေခဲ့ရပြီး နောက်ပိုင်းတွင် ထောင်မကြီး တစ်တိုက်သို့ ပြောင်းရွှေ့ခဲ့ရပြန်သည်။ တွဲဘက်ထောင်သည် ရွာမဘက်တွင်ရှိပြီး ထောင်ကလေးဟူ၍လည်း ခေါ်သည်။ အင်းစိန်ထောင်သည် ဗြိတိသျှတို့ ဆောက်လုပ်ခဲ့သည့် ထောင်များအနက် ဇွဲဆော်ဦးထောင်တလုံးဖြစ်သည်။ (၁၈၇၂) ခုနှစ်တွင် ဆောက်ခဲ့သဖြင့် သီပေါဘုရင်ပင် နန်းမတက်သေးချေ။ ထောင်၏သင်္ကေတမှာ တိုင်ကပ်နာရီကြီးပမာ ထောင့်ချိုး (၅) ချိုးရှိ၍ ထောင်ပူးဝ မိန်းဂျေးနှင့် ထမင်းချက်ဖိုကြီးသည် တိုင်ကပ်နာရီ၏ ချိန်သီးသဖွယ်ဖြစ်သည်။ ထောင်ကြီးတည်ဆောက်စဉ်က နှစ်ထပ် သစ်သားဆောင်ကြီး (၅) ဆောင်သာရှိပြီး (မဆလ) လက်ထက်တွင်မှ အကျဉ်းသားအရေအတွက်နှင့် မလုံလောက်သဖြင့် တိုးချဲ့ဆောင်များကို ထပ်မံဆောက်သည်။



(၁၉၈၈) ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံကြီး စတင်လာသောအခါ အင်းစိန်ထောင်တွင်း၌လည်း ထောင်ထမှုကြီး ပေါ်ပေါက်ခဲ့သည်။ ယင်းထောင်ထမှုအား အာဏာပိုင်များက ထောင်ပူးဝ မျှော်စင်ပေါ်မှ လုံထိန်းတပ်ဖွဲ့ဖြင့် ပစ်သတ်၍ ဖြိုခွင်းခဲ့သည်။ ထိုစဉ်က သောင်းချီရှိသော အကျဉ်းသားများသည် အာဏာပိုင်များ၏ လုပ်ရပ်ကို တုန့်ပြန်သောအားဖြင့် ထောင်တွင်းရှိ အဆောင်များအား မီးတင်ရှို့ရာ အဆောင်နှစ်ဆောင်သာ မီးဒဏ်ကလွတ်ခဲ့သည်။ ယင်းသို့ လုံထိန်းတပ်ဖွဲ့မှ ပစ်ခတ်၍ အကျဉ်းသားများ ရာချီသေဆုံးကြရပြီး နောက်တွင် အင်းစိန်ထောင်ပူးဝကြီးသည်လည်း ပွင့်ထွက်သွားသည်။



# အိပ်မက်ပမာ

ထောင်ဗူးဝကြီးနှင့် ထမင်းချက်ဖိုကြီးသွယ် တန်းထားသော မြေနီလမ်းကျယ်သို့ ရောက်လာလျှင် လေးနှင့်ငါးတိုက်ဖက်ဆီမှ ထွက်လာသော စာရေးဆရာ မောင်ဝံသနှင့် ပထမဆုံးအကြိမ် ပြန်တွေ့ရသည်။ တယောက်နှင့်တယောက် မျက်ရိပ်မျက်ကဲဖြင့် အပြန်အလှန် နှုတ်ဆက်မိကြသည်။ ဤသို့ဖြင့် ထောင်ဗူးဝရှိ ထောင်မှူးများ ရုံးခန်းသို့ ရောက်လာသည်။ အသက်သုံးဆယ်သာသာ။ ပြုံးရွှင်သော မျက်နှာဖြင့် ထောင်မှူးတဦးသည် ကျနော့်အား ခရီးဦးကြိုပြုရင်း သူ့ရှေ့ရှိထိုင်ခုံတွင် နေရာပေးသည်။ ပြီးလျှင် ကျနော့်အား ဝါးခယ်မနယ်ဇာတိသားဖြစ်ကြောင်း သိထားသောကြောင့် သူ့ကိုယ်သူလည်း ဝါးခယ်မဇာတိသားဖြစ်ကြောင်း မိတ်ဆက်သည်။ ထိုမှ ကျနော့်လက်ထဲတွင် ဆုပ်ကိုင်ထားသော ဆေးတံကို တောင်းကြည့်သည်။ ကျနော်သည် ဆေးတံသောက်သူ မဟုတ်သော်လည်း ထောင်ဒဏ်အနှစ် (၅၀) ကျခံထားရသူ သာယာဝတီသား ကိုဝင်းမောင်ပေး၍ အမှတ်တရလက်ဆောင် အဖြစ် ယင်းဆေးတံအား ယူလာခြင်းဖြစ်သည်။



ထောင်မှူးများ ရုံးခန်းတွင် ထောင်ထွက်ပုံစံများပေါ်၌ တရွက်ပြီးတရွက် လက်မှတ်ရေး ထိုးပေးရသည်။ ထိုမှ ကျနော့်စိတ် အထင် မိနစ်နှစ်ဆယ် အစိတ် ပင် ကြာသွားသည်ဟု ထင်သည်။

ထိုမှ အခြားထောင်မှူးတဦး ဦးဆောင်၍ ကျနော်တို့ နှစ်ဦးအား ထောင်ဗူးဝ အပေါ်ထပ်ရှိ ထောင်ပိုင်ကြီး၏ရုံးခန်းသို့ ခေါ်ဆောင်လာသည်။ ထောင်ပိုင်ကြီး သည် စစ်တပ်မှ ပြောင်းရွှေ့လာသော ဗိုလ်မှူးအုံးဖေ ဖြစ်သည်။ ယင်းအား နိုင်ငံ ရေးတိုက်များသို့ လှည့်လည် ကြည့်ရှု စစ်ဆေးစဉ် ကြည့်ခွင့် မရှိသော်လည်း တစေ့တစောင်းမျှဖြင့် ကြည့်ခဲ့ဘူးသည်။



ဧပြီ၂၉ရက်က ဗဟိုအကျဉ်းထောင်မှ ပြန်လည်လွှတ်ပေး လိုက်သော ၁၉၉၁ခုနှစ်သြဂုတ်လ အတွင်းက ဥပဒေအရ အရေးယူခံရပြီး ပြစ်ဒဏ်ကျခံ လျက်ရှိသော ဒေါ်စန်းမေ (ခ) ရွှေကူမေနှင်းအား မိသားစုနှင့် အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ထောင်ပိုင်ကြီး၏စားပွဲရှေ့တွင် မောင်ဝံသ ရွှေဂူမေနင်း ချိုချိုကျော်ငြိမ်းနှင့် တက္ကသိုလ်ကျောင်းသူကလေးများ ကြိုတင်ရောက်နှင့်နေကြသည်။ ထောင်ပိုင်ကြီး၏ ရှေ့တည့်တည့် မောင်ဝံသ၏ ဘေးဘက်ရှိ ထိုင်ခုံတခုတွင် ကျနော် ထိုင်လိုက်သည်။ ထောင်ပိုင်ကြီးသည် သူကိုယ်တိုင် လဖက်ရည်ကြမ်းငှဲ့၍ ကျနော်တို့ကို တခွက်စီ လှမ်းပေးသည်။ ထိုအချိန်တွင် လူတိုင်းအတွေးကိုယ်စီဖြင့် ပြောဆိုရန် စကားမရှိသော်လည်း ချိုချိုကျော်ငြိမ်းနှင့် မောင်ဝံသတို့ နှစ်ဦးကား တခွန်းစနှစ်ခွန်းစ ပြောနေကြသည်။ တချိန်တွင် ချိုချိုကျော်ငြိမ်းသည် ကျနော့်ထံမျက်နှာမူ၍ အမျိုးသမီးထောင်မှပေးလိုက်သော ခရမ်းချဉ်သီးယိုသူ့ဦးလေး(ကိုထွေးမြင့်) ရရဲ့လားဟု မေးလေရာ ကျနော်လည်း ထောင်ပိုင်ကြီးရှေ့တွင် ခေါင်းကိုမြန်မြန်ပင် ညိတ်လိုက်သည်။



ဗိုလ်ချုပ်ကြီးစောမောင်



ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ကျနော့်မျက်လုံးများသည် ထောင်ပိုင်ကြီး ရှေ့စားပွဲပေါ်ရှိ သတင်းစာများပေါ်သို့ ရောက်သွားသည်။ ယခုအချိန်ထိ ကျနော်တို့သည် အကျဉ်းသားများပင် ဖြစ်နေကြသေး၍ ထောင်ပိုင်ကြီးစားပွဲရှိ သတင်းစာများအား ကိုင်ယူကြည့်ခွင့်ရှိမရှိ ကျနော်တို့ မမှန်းဆနိုင်။ သို့ဖြင့် ကျနော်သည် ဖြန့်ထားသော သတင်းစာများကို ခပ်မြန်မြန်ပင် လှ၍ဖတ်လိုက်သည်။ ပထမအရေးကြီး

သတင်းတပုဒ်သည် ဗိုလ်ချုပ်ကြီးစောမောင် နေရာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နဝတ ဥက္ကဋ္ဌ ဖြစ်လာသည့် သတင်းဖြစ်သည်။



ဒုတိယအရေးကြီးသည့် နောက် သတင်းတပုဒ်မှာ ကရင်ပြည်နယ် အတွင်း စစ်ဆင်လျက်ရှိသော စစ်ဆင်ရေးအား စစ်ဆင်ရေးမှူး ဗိုလ်ချုပ်မောင်လှက တဘက် သတ် ရပ်စဲလိုက်သည်ဟူသော သတင်းဖြစ်သည်။ ဤမျှဖြင့်ပင် ကျနော် သဘောပေါက်သွား သည်။ ဤသတင်း နှစ်ပုဒ်အနက် တပုဒ်ကြောင့်ပင်ဖြစ်စေ နှစ်ပုဒ်ကြောင့်ပင်ဖြစ်စေ နိုင်ငံရေးအကျဉ်းသားအချို့ အား ထောင်က လွှတ်ပေးလိုက်ကြောင်း နားလည်စေနိုင်လေသည်။

ထိုမှ နာရီဝက်မျှ ကြာလျှင် ကျနော်တို့၏ လက်ျာဘက်တွင် ထိုင်နေသော တက္ကသိုလ်ကျောင်းသူလေးများကို သက်ဆိုင်ရာက ခေါ်ဆောင်သွားသည်။ မည်သည့်နေရာသို့ ခေါ်ဆောင်သွားသည်ကိုမူမသိ ထောင်ဗူးဝထဲတွင် သိနိုင် ခွင့်လည်းမရှိ နောက်ထပ် နာရီဝက်ခန့်ကြာလျှင် ယူနီဖောင်းဝတ်ထားခြင်း မရှိ သော တာဝန်ခံတဦးသည် ကျနော်တို့ (၅) ဦးအား ထောင်ပိုင်ကြီး စားပွဲမှ တနေရာသို့ ဦးဆောင်၍ ခေါ်သွားသည်။ ထိုနေရာသည် ထောင်ဗူးဝ အတွင်းရှိ ဟောခန်းကျယ်ကြီးတခု ဖြစ်သည်။ တက္ကသိုလ် ကျောင်းသူလေးများသည် သက်ဆိုင်ရာ၏ အစီအစဉ်ဖြင့် ကျနော်တို့ရှေ့မှပင် ရောက်နှင့်နေကြသည်။ ကျနော်တို့ (၅) ဦးသည် တက္ကသိုလ် ကျောင်းသူလေးများရှေ့ရှိ ရှေ့တန်း ထိုင်ခုံတွင် သက်ဆိုင်ရာ၏ အစီအစဉ်အရ ထိုင်ကြရသည်။

# ငို၍ ရယ်၍ မရသော မျက်နှာ

ထိုသို့ ကျနော်တို့ နေရာယူပြီးသည်နှင့် စစ်အရာရှိတဦးနှင့် သတင်းထောက်များ ဓါတ်ပုံဆရာများသည် ခန်းမဆောင်အတွင်းသို့ ဝင်လာကြသည်။ သတင်းထောက်အများစုနှင့် ဓါတ်ပုံဆရာသည် မောင်ဝံသနှင့် ကျနော်တို့၏အသိများပင်ဖြစ်ကြသည်။ သို့ရာတွင် ကျနော်တို့အား မသိကျိုးကျင် လုပ်နေကြရသည့်နည်းတူ ကျနော်တို့ကလည်းတဖန်ပြန်၍ မသိကျိုးကျင် လုပ်နေကြရပြန်သည်။



မေ ၂၉ ရက်က ဗဟိုအကျဉ်းထောင်မှ ပြန်လည်လွှတ်ပေးလိုက်သော ...ည်ထောင်စု ကရင် အမျိုးသားများ အဖွဲ့ချုပ် တွဲဖက် အတွေတွေ... ...တွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သူ စောဝင်းဘတ်အား သက်ဆိုင်ရာမှ ...တ်ဆက်စဉ်။ (သတင်းစဉ်)

စစ်အရာရှိကြီးသည် ကျနော်တို့ ရှေ့တန်းတွင်ထိုင်နေသူ (၅)ဦးအား တဦးချင်းစီ လိုက်လံ၍ လက်ဆွဲ နှုတ်ဆက်သည်။

ကျနော့်အလှည့်သို့ရောက်လျှင် စစ်အရာရှိကြီးက ဆရာကျနော့်ကိုမှတ်မိတယ်နော်။ ကျနော် ပြန်စဉ်းစားသည်။ ဟုတ်ကဲ့ မှတ်မိပါတယ်။ ဒုတိယ ဗိုလ်မှူးကြီး သန်းထွန်းကို ကျနော်မှတ်မိသွားသည်။ ၁၉၉၀ခုနှစ် ဦးဝိဇာရလမ်းရှိ အင်ဖွိုင်း

ခန်းမ (တပ်မတော်ခန်းမ) တွင်ဖြစ်သည်။ ထိုစဉ်က နဝတ စစ်အုပ်စုသည် နိုင်ငံရေး လည်ပတ်ပုံ ဖြစ်စဉ်နှင့် ပတ်သက်၍ နိုင်ငံရေး ပါတီများမှ နိုင်ငံရေး ခေါင်းဆောင်များအား ရှင်းလင်းပွဲတရပ် ပြုလုပ်ခဲ့သည်။



မေ ၂၉ရက်က အင်းစိန် ဗဟို အကျဉ်းထောင်မှ ပြန်လည် လွှတ်ပေးလိုက်သော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သူ ဦးစိုးသိမ်း (ခ) မောင်ဝံသအား အင်းစိန်ဗဟို အကျဉ်းထောင်ရှေ့တွင် မိသားစုနှင့် အတူတွေ့ရစဉ်။

(သတင်းစဉ်)

ယင်းနိုင်ငံရေးရှင်းလင်းပွဲ၌ အမိကဇာတ်ဆောင် စစ်အရာရှိများအနက် ဒုတိယ ဗိုလ်မှူးကြီးသန်းထွန်းသည် တစ်ဦးဖြစ်သည်။ ထိုစဉ်က သူ၏ရာထူးမှာ ဗိုလ်မှူး ဖြစ်သည်။ နောက်ပိုင်းတွင် ဗိုလ်မှူးသန်းထွန်းသည် မြန်မာ့အသံ တွေ့ဆုံမေး မြန်းခန်း၌ ပြည်တွင်း သောင်းကျန်းမှုဖြစ်စဉ်ကို ရေပက်မဝင်အောင် ပြောကြား ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် သူ့ကိုကျနော် မြန်မြန်မှတ်မိသွားသည်။

ကျနော်တို့(၅)ဦးနှင့် တက္ကသိုလ်ကျောင်းသူကလေးများအား ယခုကဲ့သို့ ထောင်မှ လွှတ်ပေးရသည့် (နဝတ)၏ စေတနာနှင့် ရည်ရွယ်ချက်ကို ဒုတိယ

ပိုလ်မှူးကြီးသန်းထွန်းက ဦးစွာရှင်းပြသည်။ သို့ရာတွင် ကျနော့်အဖို့ ကျိန်းစပ်နေသော ကင်မရာမီးရောင်ထဲတွင် ကြားတချက် မကြားတချက်သာ ကြားနေရသောကြောင့် ဘာကိုမှ မသဲကွဲ ကျနော် သဲသဲကွဲကွဲ ကြားနေရသည့် အချက်တချက်မှာ ကျနော်တို့ ထောင်ပြင်ရောက်သွား၍ ရန်ကုန်မြို့ကြီးကို တွေ့ရသောအခါ လုံးဝ မှတ်မိတော့မည် မဟုတ် ဆိုသည့် စကားသာ ဖြစ်လေသည်။

ဒုတိယပိုလ်မှူးကြီးသန်းထွန်းသည် တာဝန်အရ သူပြောဆိုစရာ ရှိသည်များကို မိနစ်နှစ်ဆယ်ခန့် ပြောဆိုပြီး နောက်ခန်းမဆောင်ထဲမှ ပြန်လည် ထွက်ခွာသွားသည်။ ဤအချိန်ထိ သတင်းထောက်နှင့် ဓါတ်ပုံဆရာများသည် ကျနော်တို့အနီးတွင် ရှိနေကြသေး၍ ကျနော်တို့အဖို့ တွေးမရအောင် ရှိနေကြရ၏။ သို့သော် မကြာပါချေ။ ကျနော်တို့မိသားစုများနှင့် တက္ကသိုလ်ကျောင်းသူလေးများ၏ အုပ်ထိန်းသူများသည် သက်ဆိုင်ရာ၏ စီမံချက်အရ တဘက်သောခန်းမဆောင်မှ ကျနော်တို့ရှိရာ ခန်းမဆောင်သို့ ရေလုံးကြီး လိမ့်ဝင်လာသည့် ပမာပြေးဝင်လာကြလေသည်။



မြေ ၂၆ရက်ကအင်းစိန် ဗဟိုအကျဉ်းထောင်မှ ပြန်လည်လွှတ်ပေးလိုက်သော ပြည်ထောင်စု မြန်မာနိုင်ငံ ဖ-ဆ-ပ-လ ဗဟိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ဖ-ဆ-ပ-လ ဗဟိုလူငယ်အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူ ဒေါ်ချိုချိုကျော်ငြိမ်း(ခ) မဘွေးအား မိသားစုနှင့်အတူ တွေ့ရစဉ်။
(သတင်းစဉ်)

ထိုခဏသည် ထောင်လွတ်သူနှင့် ထောင် လွတ်သူအား ကြိုဆိုသည့် ပထမဆုံး မိသားစု ပြန်လည်တွေ့ဆုံပွဲဖြစ်၍ ရုပ်ရှင်ဆန်လှသည်။ တချို့သည် လူ့ သဘာဝအရ ဝမ်းသာလွန်း၍ ရယ်မောကြပြီး တချို့မှာ ဝမ်းသာလွန်း၍ ငိုကြွေး ကြလေသည်။ ချိုချိုကျော်ငြိမ်း၏ သားကလေးကို ကျနော် လှမ်း၍ကြည့်လိုက်မိ ရာ သူ့ခမျာမိခင်ကြီးအား ပြန်လည်တွေ့ရသဖြင့် ညီမဖြစ်သူကမငိုသော်လည်း သူက ငိုရှိုက်နေလေသည်။

ထိုနေ့က ကျနော့်အား လာရောက်ကြိုဆိုသော ဇနီးနှင့်သမီးအား တချက်မျှ သာ ကြည့်လိုက်မိသည်။ ကျနော်က သူတို့ကို ဘာစကားမျှ ပြောစရာမရှိ သည့်နည်းတူ သူတို့ကလည်း ကျနော့်ကို ဘာစကားမျှ မပြောကြ။



မြေ၂၇ရက်ကအင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြန်လည်လွှတ်ပေး လိုက်သော ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးအဖြစ်တာဝန်ယူခဲ့သူ မန်းညွန့်မောင်(ခ)မောင်စင်ကြယ် အား အင်းစိန်ဗဟိုအကျဉ်းထောင်ရှေ့တွင်မိသားစုနှင့်အတူတွေ့ရစဉ်။(သတင်းစဉ်)

ဤသို့ဖြင့် ထောင်ပူးဝအပြင်ဘက်သို့ ရောက်လာသည်။ ကျနော်သည် ထောင် ပူးဝ အပြင်ဘက်သို့ တလှမ်းချင်းလှမ်းနေစဉ် သမီးပခုံးပေါ်သို့ လက်တဖက်ကို တင်လိုက်မိသည်။

ဤတွင် ကျနော့်နောက်တွင် လိုက်ပါလာသော ဓါတ်ပုံဆရာသည် ဖြတ်ခနဲ ရိုက်ယူလိုက်သည်။ နောက်တနေ့ ၁၉၉၂ ဧပြီလ (၃၀)ရက်နေ့ထုတ် ထောင်လွတ်သတင်းစာ၌ အထက်ပါ သမီးပုခုံးပေါ်တွင် ကျနော် လက်တင်ထားသော ဓါတ်ပုံသည် ထောင်လွတ်သတင်းနှင့်အတူ ပါလာသည်။

ယင်းဓါတ်ပုံတကွက်သည် သတင်းစာ အတတ်ပညာအရ ကျနော် ထောင်က လွတ်လာသည့်အတွက် ဝမ်းသာအားရ ဖြစ်နေကြောင်း သတင်းစာဖတ်ပရိတ်သတ်အား အသိပေးလိုခြင်း ဖြစ်မည်ဟု ကျနော်နားလည်ရသည်။ သို့ရာတွင် ထိုနေ့က ကျနော့်မျက်နှာတွင် မိုးမှောင်ကျနေလေသည်။



Kachin NLD များနှင့် **မာကိုဘန်း** (ကယမ်း)

# နိုင်သူလဲမနိုင် ရှုံးသူလဲမရှုံး

ထောင်ကလွတ်စ အရာခပ်သိမ်းတို့သည် ဝေဝါးနေသည်။ ဘယ်သွား၍ ဘယ်လာရမှန်း မသိသည့်နည်းတူ ဘာလုပ်၍ ဘာကိုင်ရမှန်းလည်း အစပင် ရှာမရ ထို့ထက် ဆိုးသည်ကား သိဟောင်း ကျွမ်းဟောင်းများသည်ပင် စိုးရိမ် ကြောက်လန့်စိတ်ဖြင့် မိမိအား မြင်လျှင် မမြင်ချင်ယောင်ဆောင်၍ ကွေ့ရှောင် သွားခြင်း ဖြစ်လေသည်။

ဤသို့အခြေအနေမျိုးရှိနေစဉ် အိမ်သို့ပထမဆုံး ရောက်လာသူကား ဗိုလ်ညွှန့် မောင်ဖြစ်သည်။ ဗိုလ်ညွှန့်မောင်သည် ဗိုလ်ချုပ်အောင်ဆန်း လက်ထက် တိုင်းပြုပြည်ပြုလွှတ်တော် အမတ်တဦးဖြစ်သည်။ လွတ်လပ်ရေးရသည်နှင့် ပြည်တွင်းစစ် ဖြစ်လာသောအခါ ဗိုလ်ညွှန့်မောင်သည် တောခို ပြည်သူ့ခေါင်း ဆောင် တဦးဖြစ်လာသည်။ သူက မော်လမြိုင်ကျွန်း ဇာတိဖြစ်ပြီး ကျနော်က ဝါးခယ်မဇာတိသားဖြစ်သည်။ သို့သော် သူ့အားအများက မြောင်းမြ ဗိုလ်ညွှန့် မောင်အဖြစ် အသိများကြသည်။ အကြောင်းမှာ မြောင်းမြမှနေ၍ တိုင်းပြုပြည်ပြု လွှတ်တော်အမတ် ဖြစ်လာသောကြောင့် ဖြစ်လေသည်။ ၁၉၈၉ ခုနှစ် နိုင်ငံရေး ပါတီများဖွဲ့ စည်းသောအခါ ဗိုလ်ညွှန့်မောင်သည် ဝိဇ္ဇုရသခင်ချစ်မောင်၏ အမျိုးသား ပြန်လည်တည်ဆောက်ရေး ဒီမိုကရေစီတပ်ပေါင်းစုတွင် နာယက တဦးဖြစ်လာသည်။ သူသည် အနုပညာချစ်မြတ်နိုးသော နိုင်ငံရေးသမားတဦး လည်း ဖြစ်သည်။ ကျနော်၏ သံလွင်ကတော့စီးမြဲပင် ဝတ္ထုဇာတ်လမ်းတွင် သူ သည် ညွှန့်ဦးမောင်အမည်ဖြင့် ပူးတွဲ ရေးသားသူဖြစ်သည်။




ကျနော့်အိမ်သည် ဗိုလ်ညွန့်မောင်၏ စားအိမ်သောက်အိမ် ဖြစ်သည်။ သမိုင်းက ရန်ကုန်မြို့ထဲသို့ သူလာလျှင် ကျနော့် ဦးဝိစာရ (မင်းမနိုင်) နေအိမ်သို့ ဝင်လာစမြဲ ဖြစ်သည်။ သူသည် အတွေ့အကြုံကြီးမား၍ ချစ်ခင်နှစ်လိုဖွယ်ရာကောင်းသော လူသားတဦးနှင့် နိုင်ငံရေးသမား တဦးလည်း ဖြစ်သည်။

ဗိုလ်ညွန့်မောင်သည် ကျနော်၏ သင်ဆရာ မြင်ဆရာ ကြားဆရာ နိုင်ငံရေးဆရာများအနက် တဦးလည်းဖြစ်သည်။ ကျနော့် အိမ်သားများသည် သူ့အားများစွာ ခင်မင်လေးစားကြသည်။ ကျနော့်ရှေ့မှ (၁၀)ရက်ခန့်စော၍ ထောင်မှ ပြန်လွတ်လာသော ဗိုလ်တထောင်သတင်းစာ အယ်ဒီတာဟောင်း ဗိုလ်ထိန်လင်းကို သူသတင်းမေး ပြီးနောက် ကျနော့်ထံ လှည့်ဝင်လာခြင်း ဖြစ်သည်။ ကျနော် တောခိုလာပြီးနောက် ဩစတြေးလျားနိုင်ငံသို့ ရောက်နေချိန်တွင် ဗိုလ်ညွန့်မောင် ကွယ်လွန်သွားကြောင်း သတင်းကို ရရှိခဲ့သည်။
ဗိုလ်ညွန့်မောင်နှင့် ပတ်သက်၍ အမှတ်ရစရာတွေ မှတ်သားစရာတွေ များစွာအနက်မှ ၁၉၉၀ ခုနှစ် ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲ အနိုင်အရှုံးအပေါ် သူ၏အမြင် သူ၏အတွေးအတွက် ကျနော်များစွာ အံ့ဩလေးစားမိလေသည်။ ၁၉၉၀ ခုနှစ် မေလ(၂၇)ရက်နေ့ ရွေးကောက်ပွဲပြီးသည့်နောက် ဇူလိုင် ဩဂုတ်လအတွင်း ဝိဓူရသခင်ချစ်မောင်တို့၏ အမျိုးသား ပြန်လည် တည်ဆောက်ရေး ဒီမိုကရေစီ တပ်ပေါင်းစုသည် ညီလာခံတရပ်ကို ကျင်းပခဲ့သည်။ ယင်းညီလာခံသို့ လေ့လာသူအဖြစ် ကျနော့်မိတ်ဆွေ လူငယ်တဦး သွားတက်ပြီးနောက်

သူ့အတွေ့အကြုံကို ကျနော့်အား ပြန်လည်ပြောပြသည်။ ယင်းမိတ်ဆွေ လူငယ်သည် နိုင်ငံရေးကို စိတ်ဝင်စားသော်လည်း နိုင်ငံရေးသမားကား မဟုတ်ချေ။ သို့ဖြစ်၍ ဝိဓူရသခင် ချစ်မောင်တို့၏ ပါတီညီလာခံသို့ တက်ရောက်လာသော နိုင်ငံရေးသမား အများစုအား သူမသိချေ။ အထူးသဖြင့် ပါတီ နာယက နှင့် ညီလာခံနောက်ဆုံးနေ့ အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်သော ပိုလ်ညွှန့်မောင်ကိုပင် သူမသိရှာချေ။

ဝိဓူရသခင်ချစ်မောင် ညီလာခံမှာ ပြောတာဆိုတာ ဝေဖန်သုံးသပ် တာတွေကို လဲ ကြိုက်ကြပါတယ်။ အဲ…ဗျာ.. ညီလာခံ နောက်ဆုံးနေ့မှာ ခေါင်းဖြူသဘာပတိကြီး ပြောတာကိုတော့ ပိုကြိုက်ပြီး လက်ခုပ်သံတွေ တဖြောင်းဖြောင်းပဲ ဆရာ..။

လုပ်စမ်းပါဦး အဲဒီခေါင်းဖြူ သဘာပတိ ကြီးက ဘာတွေများ ပြောလို့လဲ ။

ဝိဓူရ သခင်ချစ်မောင်တို့၏ ပါတီတွင် အတွေ့အကြုံများသော နိုင်ငံရေးသမားများ ပါဝင်ဖွဲ့စည်းထားသောကြောင့် ခေါင်းဖြူသူတွေလည်း များကြသည်။ ရဲဘော်ပါ(ကိုကိုကျွန်း)ဆိုလျှင် လွန်ခဲ့သောအနှစ်(၃၀)ကျော်ကပင် တခေါင်းလုံး ဆွတ်ဆွတ် ဖြူနေသည်။ အမျိုးသား ပြန်လည်တည်ဆောက်ရေး ဒီမိုကရေစီ တပ်ပေါင်းစုဟာ နိုင်ငံရေးပါတီကြီး တခုလည်းဖြစ်တယ်။ ပါတီခေါင်းဆောင်ပိုင်းမှာ အတွေ့အကြုံကြီးမားတဲ့ နိုင်ငံရေးခေါင်းဆောင်တွေလဲ ခေါင်းဆောင်နေကြတယ်။ တပြည်လုံးအနေအထားနဲ့ ကျယ်ပြန့်စွာ စည်းရုံးရေးတွေလဲ လုပ်နေပါလျက်နဲ့ ရွေးကောက်ပွဲမှာ ကိုယ်စားလှယ် တနေရာမှမရတာကို ညီလာခံ ကိုယ်စားလှယ်တွေက စိတ်မကောင်းကြီးစွာနဲ့ တယောက်ပြီး တယောက် ဆွေးနွေးကြတယ် ဆရာ'

အဲ…ဟုတ်ပါပြီ ခေါင်းဖြူ သဘာပတိ ကြီးက ဒီကိစ္စကို ဘာပြောသလဲ..

ဟုတ်ကဲ့ဆရာ ခေါင်းဖြူသဘာပတိကြီးက ရယ်မောပြီး ခုလိုပြောပါတယ်။ ဒီအရှုံးအနိုင်ကိစ္စကို ညီလာခံတလျှောက်လုံးမှာ ညီလာခံကိုယ်စားလှယ်တိုင်းလိုလိုက စိတ်မကောင်းကြီးစွာနဲ့ပြောဆို ဆွေးနွေးကြတာကို ကျနော် သတိထားမိပါတယ်တဲ့ ဒီအတွက်တော့ဖြင့် ခင်ဗျားတို့ ဝမ်းမြောက်ခြင်းနဲ့ ဝမ်းနည်းခြင်း မဖြစ်ကြဖို့ ကျနော် တောင်းပန်ပါတယ်။ ဘာကြောင့် တောင်းပန်ရသလဲ ဆိုရင် ဒီရွေးကောက်ပွဲမှာ နိုင်သူတွေလဲ မနိုင်ပါဘူး ရှုံးသူတွေလဲ မရှုံးပါဘူး သေသေချာချာ တွေးကြည့်ပါနော်။ အားလုံး ကျေနပ်ရင်တော့ တစ်ကနေ ပြန်စကြပါ ဆိုပြီး နိဂုံးချုပ် လိုက်တယ် ဆရာ...

ခေါင်းဖြူ သဘာပတိကြီးဟု တင်စားခံရသူသည် ဗိုလ်ညွှန့်မောင်ပင်ဖြစ်သည်။ သူ့ခေါင်းက ဆံပင်သည် လှပစွာပင် ဆွတ်ဆွတ်ဖြူနေ၍ ဖွေးနေလေသည်။ ယခုအခါ ရွေးကောက်ပွဲ ကြီး ပြီးမြောက်ခဲ့သည်မှာ (၁၀) နှစ်ပင် တိုင်ခဲ့လေပြီ။ အခြေအနေများမှာမူ ဗိုလ်ညွှန့်မောင်ကြီး ပြောသကဲ့သို့ပင် ရှိနေရာလေသည်။



PLF Ko Aye Saung (Thakin Ba Aye's Son)

# နာယကကြီးအား ဂါရဝ ပြုခြင်း

ကျနော် ထောင်ထဲတွင်ရှိနေစဉ် နာယကကြီးဦးနု (ဝန်ကြီးချုပ်ဟောင်းဦးနု)အား နှစ်ကြိမ် သုံးကြိမ်မျှပင် အိမ်မက်မက်ခဲ့သည်။ အသက်အရွယ်အားဖြင့် ကြီးလှပြီ ဖြစ်၍စိုးရိမ်မိသည်။ ထောင်ကလွတ်လာပြီးနောက် စုံစမ်းမေးမြန်းရာ ကျန်းကျန်း မာမာရှိကြောင်းသိရသဖြင့် ဝမ်းသာမိသည်။ နာယကကြီးဦးနုနှင့် ဥက္ကဋ္ဌကြီး ဗိုလ်မှူးအောင်တို့သည် ၁၉၈၉ ခု ဒီဇင်ဘာလမှစ၍ နေအိမ်တွင် အကျယ်ချုပ်ဖြင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း ခံနေကြရသည်။




နဝတ၏ ကြေငြာချက်(၁၁/၉၂)အရ ယင်းပုဂ္ဂိုလ်ကြီးများ အကျယ်ချုပ်မှ လွတ် မြောက်ပြီးနောက်၌ ကျနော်တို့ပါ ထောင်က လွတ်လာခြင်းလည်းဖြစ်သည်။

စစ်အရာရှိတဦးသည် နာယကကြီး ဦးနုထံလာ၍ နဝတ ကြေငြာချက် အမှတ် (၁၁/၉၂) ကိုဖတ်ပြသည်။ ပြီးလျှင် ယင်းကြေငြာချက်အရ နာယကကြီး ဦးနု အား အကျယ်ချုပ်မှလွှတ်လိုက်ပြီ ဖြစ်ကြောင်းပြောရာ နာယကကြီးဦးနုက အကျယ်ချုပ်မှ လွှတ်ပေးလိုက လွှတ်ပေးနိုင်ကြောင်း သို့ရာတွင် သမိုင်းတွင်

မရှုပ်ထွေးစေချင်၍ မိမိအနေနှင့်မူ မိမိ၏စင်ပြိုင်အစိုးရအား ဖျက်သိမ်းမည် မဟုတ်ကြောင်း စစ်အရာရှိအား ပြန်ပြောလိုက်ကြောင်းသိရသဖြင့် ကျနော်ပြုံးမိသည်။

(၁၉၈၈)ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီး စတင်လာသောအခါ နာယကကြီး ဦးနုသည် ဝါရင့်နိုင်ငံရေး ခေါင်းဆောင်တဦးပီသစွာ ကြီးမားသော ဉာဏ်အမြော်အမြင်ဖြင့် ဒီမိုကရေစီရရှိရေးအတွက် စစ်အုပ်စုအပေါ်တွင် နိုင်ငံရေး တိုက်ကွက်ဆင်ခဲ့သည်။

ဦးနု၏ပထမဆုံးသော နိုင်ငံရေးတိုက်ကွက်မှာ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့ကိုဖွဲ့စည်းပြီးနောက် ပြည်သူပေးအပ်ထားသော မိမိ၏အာဏာကိုမိမိက ပြန်ယူလိုက်ပြီဟူသော ကြေညာချက်နှင့် စင်ပြိုင်အစိုးရ ဖွဲ့လိုက်ခြင်း ဖြစ်သည်။

ယင်းဦးနု၏အစိုးရအား ပထမနေ့မှာပင် ကုလသမဂ္ဂအပါအဝင် နိုင်ငံပေါင်း (၁၇) နိုင်ငံကထောက်ခံခဲ့ပြီး ဒုတိယနေ့တွင် (၄) နိုင်ငံကဆက်လက်ထောက်ခံခဲ့ပြန်သည်။ သို့ရာတွင် ထိုစဉ်က နိုင်ငံရေး အခြေအနေအရ ဒီမိုကရေစီအင်အားစု များအတွင်း အယူအဆ ကွဲပြားကြရာမှ ဦးနု၏စင်ပြိုင်အစိုးရသည် အသက်မဝင်ပဲရှိသွားလေသည်။ နောက်ပိုင်းရောက်လာသောအခါတွင်မှ ဦးနု၏ စင်ပြိုင်အစိုးရအား အစုအဖွဲ့ပေါင်း (၂၀၀) ကျော်က ထောက်ခံလာခဲ့ကြသည်။

စစ်အုပ်စုအပေါ်တွင် ဦးနု၏တိုက်ကွက်မှာ စစ်အုပ်စု၏ ကတိစကားအား မယုံကြည်သောကြောင့် အရေးတော်ပုံ ကာလအတွင်း ပထမဆုံးဖွဲ့စည်းသော ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့(ဒီငြိမ်း)အား မှတ်ပုံမတင်ပဲထားခြင်း မှတ်ပုံမတင်လျှင် နိုင်ငံရေးလုပ်ခွင့် မရဟုဆိုသောအခါတွင်မှ နောက်ဆုံးထားပါတီအဖြစ် မှတ်ပုံတင်လိုက်ခြင်းဖြစ်သည်။

ဦးနု၏ နိုင်ငံရေးအရ တတိယ တိုက်ကွက် မှာ စစ်အုပ်စုအနေနှင့် ရွေးကောက်ပွဲရက်အား အတိအကျ မကျေညာပါက မိမိ၏ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ကို ဖျက်သိမ်းပစ်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်သို့ ရာဇသံပေးပို့ခြင်း ရွေးကောက်ပွဲပြီးသည့် နောက်တွင်ပင် စစ်အုပ်စုသည် အာဏာလွှဲပြောင်းပေးမည်ဟု မယုံကြည်ရသောကြောင့် ရွေးကောက်ပွဲ အပြီး၌လွှဲပြောင်းပေးရန်တောင်း ဆိုခြင်းမပြုပဲ ဇရပ်ပေါ်တွင်ဖြစ်စေ သစ်ပင်အောက်တွင်ဖြစ်စေ အစည်းအဝေး ခေါ်ယူ၍ လွှတ်တော်အဖြစ် သတ်မှတ်ကာ အစိုးရဖွဲ့စည်းရန် ဦးနုကကြိုတင် အသိပေးခဲ့လေသည်။

နာယကကြီးဦးနု၏ စစ်အုပ်စုအပေါ် နောက်ဆုံး နိုင်ငံရေးတိုက်ကွက်မှာ ယင်း၏စင်ပြိုင်အစိုးရအား စစ်အုပ်စုက ဖျက်သိမ်းပေးရန် အတင်းအဓမ္မ ဖိအားပေးလာသောအခါ ဖျက်သိမ်းပေးခြင်းမပြုပဲ မိမိကိုယ်တိုင် ဖမ်းဆီးထိန်းသိမ်းခံလိုက်ခြင်းပင်ဖြစ်လေသည်။



ဦးနု နှင့် စောဘဦးကြီး။

ကျနော်သည် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့တွင် အထွေထွေ အတွင်းရေးမှူးဖြစ်၍ နာယကကြီး ဝန်ကြီးချုပ် ဟောင်း ဦးနု သမ္မတကြီး ဦးဝင်းမောင် (မန်းဝင်းမောင်) လွှတ်တော် ဥက္ကဋ္ဌနှင့် ရဲဘော်သုံးကျိပ်ဝင် ဥက္ကဋ္ဌကြီးဗိုလ်မှူးအောင်တို့ ဦးဆောင်သော ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ်တွင် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တဦးဖြစ်လေသည်။

နာယကကြီးဦးနု ဖမ်းဆီးထိန်းသိမ်းမခံရမီ ဦးနု၏ အထက်မြန်မာနိုင်ငံ ခရီးစဉ်အား စီစဉ်ရာတွင် ရန်ကုန်မှတောင်ငူအထိ ခရီးစဉ်အားငှင်း လက်ပံတန်းမှ ရန်ကုန်အဝင် ခရီးစဉ်အားငှင်း နိုင်ငံရေး စည်းရုံးရေးအရ ထိထိမိမိရှိစေရန် ကျနော်ပင် တာဝန်ယူ၍ စီစဉ်ခဲ့ရလေသည်။ ပြီးလျှင် နာယကဦးနုနှင့် ဥက္ကဌကြီး ဗိုလ်မှူးအောင်တို့သည် နိုင်ငံရေး လူမှုရေးနှင့် ဆက်နွယ်လျက် အဖွဲ့ချုပ်၏ တာဝန်တရပ်အနေဖြင့် ကျနော့်အား သီးခြား ပေးအပ်ခဲ့သည့် တာဝန်များလည်း ရှိပေသေးသည်။

(၁၉၈၉)ခုနှစ် မိုးရာသီအတွင်း မြန်မာနိုင်ငံ အရပ်ရပ်၌ ဆန်မလောက်မင ဖြစ်နေလေရာ နာယကကြီးဦးနုက နဝတစစ်အုပ်စုမှ သဘောတူပါလျှင် ယင်းလို အပ်လျှက်ရှိသောဆန်အား သူ၏ပုဂ္ဂိုလ်ရေးအရ အမေရိကန်ပြည်ထောင်စု အစိုးရထံတွင် တောင်းခံပေးမည်ဖြစ်ကြောင်း စာတစောင် ကျနော့်အားရေးခိုင်း၏။ ယင်းစာအား ဦးနုကိုယ်တိုင် လက်မှတ်ရေးထိုးရန် ဦးနုရှိရာမန္တလေးမြို့သို့ ကျနော်လိုက်သွားရသည်။

ထို့နောက် နဝတစစ်အုပ်စု၏ သတင်းစာများတွင် နေ့စဉ်ဆက်ဖော်ပြနေသော ကရင်သောင်းကျန်းမှု မှတ်တမ်းကိစ္စဖြစ်လေသည်။ ယင်းကရင်သောင်းကျန်းမှု မှတ်တမ်းအား ဗိုလ်ခင်မောင်လေး ပြည်ထဲရေးဝန်ကြီးဘဝတွင် မှတ်တမ်းထားရန် အလို့ငှာ ပြုစုထားသော စာတမ်းတစောင်ဖြစ်သည်။

သို့ရာတွင် နဝတစစ်အုပ်စုလက်ထက်၌ ယင်းမှတ်တမ်းအား နေ့စဉ်ရက်ဆက် သတင်းစာ၌ဖော်ပြနေရာ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့များက လူမျိုးရေးအရ အထင်အမြင် မှားယွင်းနိုင်သဖြင့် ရပ်ဆိုင်းပေးရန် တောင်းဆိုသည့် စာဖြစ်သည်။ ယင်းစာကို ကျနော်ရေးသားပြီးနောက် အစည်းအဝေးက အတည်ပြုသဖြင့် ဥက္ကဌကြီးဗိုလ်မှူးအောင် လက်မှတ်ရေးထိုး၍ နဝတ ကိုယ်စားလှယ်

ရန်ကုန်စစ်တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့် ထံပေးပို့သည်။ ဥက္ကဋ္ဌကြီး ဗိုလ်မှူးအောင်နှင့် ဗိုလ်ချုပ်မျိုးညွန့်တို့ နှစ်ဦးတွေ့ဆုံကြပြီး နောက်တွင် သတင်းစာ၌ ကရင် သောင်းကျန်းမှု မှတ်တမ်းအား ရပ်ဆိုင်းလိုက်သည်။

နယကကြီးဦးနုနှင့် ဗိုလ်မှူးအောင်တို့၏ တာဝန်ပေးချက်အရ ကျနော်အမှတ် ထင်ထင် တာဝန်ထမ်းဆောင်ခဲ့ရသည့် နောက်ဆုံးတာဝန်ကြီးတခုမှာ သမ္မတကြီး (ဦးဝင်းမောင်) မန်းဝင်းမောင်၏ ဈာပနကိစ္စပင်ဖြစ်လေသည်။ ဦးသန့် အရေးအခင်း ပြီးသည့်နောက် သမိုင်းဝင်ပုဂ္ဂိုလ်များ၏ ဈာပနကိစ္စ ပေါ်ပေါက်လာလျှင် သက်ဆိုင်ရာ မိသားစုများလည်း စိုးရိမ်ပူပန် ဖြစ်ကြလေသည်။

နိုင်ငံတော် အစိုးရကလည်း မျက်လုံး ဒေါက်ထောက်၍ ကြည့်နေတတ်သည်။ သမ္မတကြီးဦးဝင်းမောင်သည် ကွယ်လွန်ချိန်၌ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့ ချုပ်၏ ဥက္ကဋ္ဌဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေး၌ မြန်မာနိုင်ငံ မြောက်ဘက် ပိုင်းကို ခြေလျင်ဆန်၍ လေထီးဖြင့်ဆင်းခဲ့သူဖြစ်သည်။ ပါတီစုံဒီမိုကရေစီအစိုးရ ခေတ်၏ နောက်ဆုံးသောသမတကြီး တဦးလည်းဖြစ်သည်။



သိန်းဖေမြင့် (၁၉၁၄ - ၁၉၇၈)

ကျနော်သည် အိပ်သွန်ဖာမှောက် တာဝန်ယူရသော ဈာပနကော်မတီ၏ အတွင်းရေးမှူးလည်း ဖြစ်သည်။ သို့ရာတွင်ဆရာဦးသိန်းဖေမြင့် ကွယ်လွန်စဉ်က ဈာပနကော်မတီ အတွင်းရေးမှူး အတွေ့အကြုံသည် ကျနော့်အဖို့များစွာ အထောက်အကူရရှိစေပါသည်။ ပြီးလျှင် ဒီငြိမ်းအဖွဲ့ဝင်များနှင့် မိသားစုကလည်း ကျနော် လိုအပ်သည်များအား ပိုင်းဝန်းဖြည့်ဆည်း ပေးကြသည်။ သို့ဖြင့် များစွာ အဆင်ပြေစေပါသည်။

ခုနစ်ရက်ခုနစ်လီ ဈာပနာ မြေမကျမချင်း ဈာပနမဏ္ဍပ်ထဲ၌ ကျနော်အချိန်ပြည့် ရုံးသဘော ထိုင်နေရသည်။ နာယကကြီးဦးနုသည် ညနေပိုင်း၌ တနေ့ တခေါက် ဈာပနမဏ္ဍပ်သို့လာ၍ အစည်းအဝေးထိုင်သည်။ ဈာပနပြင်ဆင်မှု အခြေအနေအရပ်ရပ်အား ကျနော်ကတင်ပြရသည်။ လိုအပ်သည်များအား ဦးနု ဗိုလ်မှူးအောင်နှင့် အစည်းအဝေး တက်ရောက်လာသူများက ဖြည့်ဆည်းပေးကြ သည်။




ဈာပနကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဈာပနချမည့်နေ့တွင် သမတကြီး၏ ကိုယ်ရေးအကျဉ်းချုပ် စာတမ်းငယ် တစောင် ထုတ်ဝေဖြန့်ချိရန်ဆုံးဖြတ်သည်။ ယင်းစာတမ်းအား ပထမတွင် ဦးသိန်းစိန် ရေးသားရန် ဖြစ်သော်လည်း အကြောင်း အမျိုးမျိုးကြောင့် ဦးသိန်းစိန် မရေးဖြစ်သော အခါ ကျနော့်ခေါင်းပေါ်သို့ ပုံကျလာပြန်လေသည်။

ညှော့်ပရိသတ်များနှင့်ဝေးရာ ဈာပနတနေရာ၌ ကျနော်နေရာ ယူလိုက်သည်။ ကျနော့် လိုအပ်သည်များကို ကူညီရန် ရဲဘော်(၂)ဦးလည်း မနီးမဝေးတွင် အသင့်ရှိနေကြသည်။ ထိုအချိန်မှစ၍ ကျနော်၏ စိတ်အာရုံကို ကျနော့် ကိုယ်ထဲမှာထားပြီး သမတကြီး ဦးဝင်းမောင်၏ ကိုယ်ရေးဖြစ်စဉ် အကျဉ်းအား ကျနော် စတင်ရေးသားရာ (၂) နာရီသာသာလောက်တွင် ပြီးမြောက်သွားလေသည်။ ညနေဈာပနအစည်းအ ဝေးတွင် ကျနော်ကိုယ်တိုင် ယင်းစာတမ်းအား ဖတ်ကြားတင်ပြရသည်။ နယက ကြီး ဦးနုကကောင်းသည်

ပြည့်စုံသည်ဟု ထောက်ခံသဖြင့် အစည်းအဝေးက အတည်ပြုလိုက်လေသည်။ ညတွင်းချင်း အော့(ဖ်)စက်ဖြင့်ပုံနှိပ်လေရာ သမတကြီး၏ ကိုယ်ရေးအကျဉ်း ချုပ်ကလေး ထွက်လာလေသည်။

ထောင်က ထွက်လာသည်မှာ ရက်သတ္တပတ် (၃)ပတ်ခန့် ရှိပြီဖြစ်၍ အသား ကျစပြုလာသည်။ သို့ဖြင့် နာယကကြီးဦးနုအား ဂါရဝပြုရန် ဂွတ္တာလစ် ဆရာစံ လမ်းသို့ ထွက်လာခဲ့သည်။ နေအိမ်တွင် ဦးနုအား အသင့်တွေ့ရသောကြောင့် ဝမ်းသာမိသည်။ ထိုနေ့က ဒေါ်မြရီမှာ အနည်းငယ် နေမကောင်းသဖြင့် အိပ် ခန်းထဲတွင် မှိန်းနေသည်ဟု သိရသည်။ ဒေါ်မြရီသည် ဦးနုနှင့် ဗိုလ်မှူးအောင် တို့ အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံနေရစဉ် အဖွဲ့၏မေတ္တာရပ်ခံချက်အရ ဒီ/ငြိမ်း အဖွဲ့ချုပ်တွင် ခင်ပွန်းသည်ကိုယ်စား နာယကတာဝန်ကို ယူပေးသည်။ ရွေးကောက်ပွဲအကြို မြန်မာ့အသံတွင် ဒေါ်မြရီပြောကြားသောမိန့်ခွန်းအား အဖွဲ့၏ တာဝန်ပေးချက်အရ ကျနော် ရေးသားခဲ့ရသည်။



ဦးနုက ထောင်အတွင်း အခြေအနေများကို မေးမြန်းရာ ပထမတွင် တွဲဘက်ထောင်တွင် နေခဲ့ရကြောင်း နောက်ပိုင်းတွင် ထောင်မကြီး ဘက်သို့ ပြောင်းရွှေ့နေခဲ့ရကြောင်း ကျနော် က ရှင်းပြသည်။ ဤတွင် ဦးနုက ဗြိတိသျှ ခေတ် သူတို့ သခင်နိုင်ငံ ရေးသမားများ နေခဲ့ သော တွဲဘက်ထောင်သည် သူဌေးသားတွေ နေသလို စားသလို နေခဲ့ရကြောင်း သူရေး ခဲ့ သော ရက်စက်ပါပေ့ကွယ် စာအုပ်သည် သာမန် အကျဉ်းသားတွေအတွက် ရေးသားခြင်းဖြစ်ကြောင်း ပြောပြလေ သည်။ ဤတွင် ကျနော်လည်း လက်ရှိ ထောင်အခြေအနေကို ရှင်းပြရတော့သည်။



ဗိုလ်ချုပ်ကြီး နေဝင်းလက်ထက် (၁၉၇၃-၇၄) လောက်မှစ၍ နိုင်ငံရေးသမားများအား သာမန်ရာဇဝတ်သားများ နည်းတူ တန်းတူ ထားလိုက်ကြောင်း ယခင်ထားရှိသော ကုတင်တွေကိုပင် ဖယ်ရှားလိုက်သဖြင့် သံမံတလင်းပေါ်၌ ခါးတဝက်ကျော်ကျော်ရှိ နီးဖျာပေါ်တွင် အိပ်ရကြောင်း။

နာယကကြီး၏ ဝန်ကြီးချုပ်ခေတ်ကကဲ့သို့ တပတ်တွင် ဝက်။ ကြက်။ ကြက်။ ငါး။ ဝက်။ ကြက်။ ငါး။ မကျေးတော့ဘဲ ကြာသပတေး တရက်ထဲသာ အသားတတုံး ပေးတော့ကြောင်း ကျန် (၆) ရက် မှာ ပဲဟင်းရေကျဲနှင့် နံစော်နေသော စိမ်း စားငါးပိကိုသာ စားရကြောင်း ဆေးဝါးလည်း မလုံလောက်သဖြင့် ကျနော်ကိုယ်တိုင် ဝမ်းကိုက်ပိုးဝင်ရာ သေမဲ့ဆဲဆဲ ဖြစ်ခဲ့ရကြောင်း ရှင်းပြရလေသည်။

ကျနော့် စကားဆုံးလျှင် ဦးနသည် ဘုရား.. ဘုရား ဒုက္ခ.. ဒုက္ခ ဟူ၍ ဘုရား တကာ ဒုက္ခအား ရွတ်မှတ် နေရှာလေသည်။ ထို့နောက် ကျနော်သည် သက်ရွယ်ကြီးလှပြီဖြစ်သော ဦးနအားအေးဆေးစွာ နေစေလိုသောကြောင့် ဦးချကန်တော့၍ ပြန်လာခဲ့သည်။ ဤသို့ဖြင့် ဩစတြေးလျားနိုင်ငံသို့ ထွက်လာရန် ကျနော် မနီလွိုင်း ဒုက္ခသည်စခန်းတွင် ရှိနေစဥ် ဦးနကွယ်လွန်ကြောင်း ဘီဘီစီ အသံလွှင့် အစီအစဥ်မှာ ကြားလိုက်ရသည်။ ဤတွင် ကျနော်သည် ဦးန မဖြုံ.. နည်းနည်းမှမဖြုံ မယုံစမ်းကြည့် ခေါင်းစဥ်ဖြင့် ခေတ်ပြိုင်တွင် ဆောင်းပါးတစောင် ရေးသားခဲ့လေသည်။

# ကြေကွဲစရာများ

ယခုအခါ ကျနော်ထောင်က လွတ်လာသည်မှာ နှစ်လကျော်ခန့်ရှိလေပြီ။ အခက်အခဲနှင့် အကြပ်အတည်းများကား ကျနော့်ပတ်လည်တွင် ဝန်းရံနေလေသည်။ မင်းပြစ်မင်းဒဏ်ဖြင့် ထောင်ကလွတ်လာသူဖြစ်၍ စာရေးခွင့်လည်း မရှိတော့။ ရေးသားပါကလည်း မည်သည့် စာနယ်ဇင်းကမျှ မထည့်ရဲကြ။ ယုတ်စွအဆုံး ကျနော်၏ ပင်ဆင်လစာကိုပင် ပထမလတွင်သာထုတ်ပေးပြီး ဒုတိယလတွင် ပိတ်ပစ်လိုက်လေသည်။

ဤတွင် ကျနော့်အတွက် တွေးစရာတွေ တပုံတပင်ကြီးပေါ်လာလေသည်။ ကျနော်သည် မြစ်ဝကျွန်းပေါ်ဇာတိသား တဦးဖြစ်၍ ပြဿနာတရပ်ကို စဉ်းစားဆင်ခြင်လျှင် ရေကိုမြင်လာတတ်ပြီး ရေနှင့်ချင့်၍ ကြည့်တတ်သည်။ ကျနော်တို့၏ ဘဝသည် စစ်အုပ်စု လက်အောက်၌ ရေနည်းငါးဘဝမှ တစတစဖြင့် ရေခန်းငါးဘဝသို့ ရောက်၍လာလေပြီ။
ငါးရှူ ငါးကျည်းများ ကဲ့သို့ တွင်းယက် တွင်းအောင်း နေနိုင်မှ အသက်ရှင်နိုင်ပေတော့မည်။ အထူးသဖြင့် ကျနော်သည် ထောင်၏ဘဝနှင့် ထောင်၏မြင်ကွင်းအား များစွာ စက်ဆုပ်သွားလေသည်။ အသက်ကလည်း ရလာပြီဖြစ်၍ နောက်တခေါက် ထောင်ထဲသို့ ပြန်မဝင်ချင်တော့။

ဤသို့ရှိနေစဉ် တချိန်က ကျနော့်ဥက္ကဋ္ဌဟောင်းဖြစ်သူ ဦးထွန်းရှိ (ဝါ) မန်းထွန်းရှိ (ပါလီမန်အတွင်းဝန်ဟောင်း)က မြောင်းမြမှနေ၍ စာရေးပြီး ခေါ်သည်။ အရေးကြီးသောစကားလည်း ပြောချင်ကြောင်း သူ၏ ကျန်းမာရေးမှာလည်း လုံးဝမကောင်းတော့ကြောင်း စာထဲတွင် ထည့်ရေးထားသည်။

ခေါင်းဆောင်တဦးနှင့် လူကြီးတဦး၏စာ ဖြစ်၍ ကျနော့်တွင် တာဝန်ရှိနေသည်။ ဤနေရာတွင် ကျနော် ကိုယ်တိုင်သည်လည်း မြစ်ဝကျွန်းပေါ်ဘက်သို့ သွားလိုသည့် ဆန္ဒရှိနေသည်။ သို့ရာတွင် ဤခရီးအတွက် ကျနော် များစွာအရဲကိုးရမည်ကို နားလည်ထားသည်။ အကြောင်းမှု ထောင်က လွတ်လာသည်မှာ နစ်လကျော်ကျော်မျှသာ ရှိသေးသည်။ ထို့ထက်ကဲသည်မှာ ယခုတခေါက် ထောင်ထဲဝင်ရသည်မှာ ဘိုကလေး အောက်ဘက်တွင် ဖြစ်ပွားသော တိုက်ပွဲကို အကြောင်းပြု နေပြန်သောကြောင့်လည်းဖြစ်သည်။

သို့ရာတွင် ကျေးဇူးရှိသော ခေါင်းဆောင်ဟောင်းတဦးအား နောက်ဆုံးတွေ့ဆုံခြင်း ဖြစ်နိုင်သည်ဟု ယူဆသောကြောင့် ယင်းခရီးအတွက် အရဲကိုးရန် ကျနော်ဆုံးဖြတ် လိုက်သည်။ ကျနော့် ဇာတိနယ်သားနှင့် ကျနော့် တပည့်ဖြစ်သူ ကိုဘမြင့်အား အဖော်ပြု၍ ရောဝတီသင်္ဘောဖြင့် ရန်ကုန်မှမြောင်းမြသို့ ထွက်လာခဲ့သည်။ နောက်တနေ့ နံနက် မြောင်းမြရောက်လျှင် ဦးထွန်းရုံရှိရာ ကျွန်းတောနေအိမ်သို့ တိုက်ရိုက်ပင်သွားသည်။ အိပ်ရာထက်တွင် သက်သာသလို လဲလျောင်းနေသော ဦးထွန်းရုံသည် ကျနော့်ကိုတွေ့လျှင် စိတ်အားတင်းပြီး ကုလားထိုင်ပေါ်သို့ ရွှေ့ထိုင်သည်။ ကျနော့်ကို တွေ့လိုက်သဖြင့် သူ့ခမျာ ဝမ်းသာရှာသော်လည်း အင်းအားကား မရှိတော့။ စကားကို တလုံးခြင်း ပြောရာမှာပင် နားနားပြီး ပြောနေရရှာသည်။ သို့ရာတွင် ဦးထွန်းရုံ ဘာပြောသည် ဆိုသည်ကို ကျနော်နားလည်သည်။ သဘောပေါက်သည်။ ဦးထွန်းရုံ၏ မျက်လုံးအိမ်ထဲက လင်းတချီ မှောင်တလှည့် ခံစားမှု ဝေဒနာ အခိုးအငွေ့များကိုပါ ကျနော် အမိပွါယ် ကောက်ယူ၍ရလေသည်။ ထိုနေ့ညနေ မြောင်းမြမှ ရန်ကုန်သို့ ပြန်ထွက်လာသော သင်္ဘောဖြင့် ကျနော် ပြန်လိုက်လာသည်။

မြစ်ဝကျွန်းပေါ်၏သဘာဝအရ မြစ်ကမ်းဘေး တဘက်တချက်စီတွင် တည်ထားသော ရွာစုကလေးများအား လမ်းတလျောက် ကျနော်ငေးစိုက် ကြည့်လာမိ

သည်။ သို့ရာတွင် ရှေးယခင်ခါများက ယင်းရွာစု ကလေးများအား ကြည့်ရှု ငေး မောရင်းဖြစ်ရသော ပီတိသည် ယခုအခါက်တွင် ကျနော့်၌ ပျောက်နေသည်။ မြစ်ကမ်း နစ်ဖက်ဘေးရှိ ရွာစုကလေးများသည် တိတ်ဆိတ်လွန်းလှသည်။ ငြိမ် သက်လွန်းလှသည်။ လူသူများပင် ရှိနေသေးရဲ့လားဟု ထင်မှတ်ဖွယ်ရှိသည်။ ဤတွင် မြောင်းမြမှ ရဲဘော်များနှင့် မိတ်ဆွေများ ပြောလိုက်သော စကား များကို ကျနော် ပြန်လည် ကြားယောင်လိုက်မိသည်။

၁၉၉၁ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း၌ ဘိုကလေးမြို့ အောက်ပိုင်းတွင် ဖြစ်ပွားသော တိုက်ပွဲကို အကြောင်းပြုလျက် မြစ်ဝကျွန်းပေါ် ဧရာဝတီတိုင်းမြို့တိုင်း၌ လူဖမ်းပွဲသည် ကြမ်းတမ်းလှသည်။ အပြစ်ရှိသူရော အပြစ်မရှိသူရော ရိုက်နက်ညှင်းပမ်း နှိပ်စက်ခြင်းခံကြရသည်။ ထောင်သွင်း အကျဉ်းချခြင်းခံကြရသည်။ အချို့သောရွာများတွင် အရုပ်လည်းဆိုး အဖြစ် လည်း ဆိုးကြသည်။ အထူးသဖြင့် လပွတ္တာမြို့နယ် သိပ္ပံကုန်းကြီးရွာ၌ မိသားစု လိုက် သတ်ဖြတ်ခြင်းခံကြရသည်။

ဘိုကလေးမြို့ အောက်ဘက်ပိုင်း တိုက်ပွဲဖြစ်ပွားရာ ဒေသတွင်း ကျရောက် သော အုန်းပင်ချောင်း တရွာလုံးမှာ ရေတွင် ဖျောက်ဖျက်ခြင်းခံကြရသည်ဟု မိတ်ဆွေများက ပြောပြကြသည်။ ကျနော့်ရင်မှာ တလှပ်လှပ် ဖြစ်လာသည်။ ကျနော်ကြိုတင် တွက်ဆထားသည့်အတိုင်း ဘိုကလေး အောက်ပိုင်းတိုက်ပွဲ သည် သွေးစွန်းသော သမိုင်းစာမျက်နှာတခု ဖြစ်သွားသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ စစ်ထောက်လှမ်းရေးအဖွဲ့က ကျနော့်ကို ဖမ်းဆီးခေါ် ဆောင်သွား သည့်ညက မနော်ဟရီလမ်းရှိ အမှတ်(၆) စစ်ထောက်လှမ်းရေးအချုပ်ခန်း၌ စစ်ဆေးသူများအား ကျနော်ပွင့်ပွင့်လင်းလင်းနှင့် ရှင်းရှင်းပင်ပြောခဲ့သည်။ ယင်း အခိုက် ကျနော်သည် လှူကသာ မြောင်းမြ ရန်ကုန် နစ်ထပ်သင်္ဘောပေါ်တွင် ရှိနေသော်လည်း ကျနော့်ဝေဒနာက အမှတ်(၆) စစ်ထောက်လှမ်းရေးအချုပ် ခန်းသို့ ပြန်ရောက်သွားလေသည်။

ဂျပန်ဝင်စတွင် ဘိုကလေးနယ်အောက်ပိုင်း၌ ထိုစဉ်က လူမျိုးရေးနှင့် ဘာသာရေးပဋိပက္ခ ဖြစ်ခဲ့ဘူးသည်။ ဖက်ဆစ်တော်လှန်ရေး နီးကပ်လာသောအခါ ယင်းပဋိပက္ခ၏ ဒဏ်ရာဒဏ်ချက်များအား ကုစားသောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဘိုကလေး အောက်ပိုင်းရှိ စက်စုရွာတွင် ချစ်ကြည်ရေးနှင့် ညီညွတ်ရေးတရား သွားဟောခဲ့သည်။ ဤသို့ဖြင့် ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲသောအခါ အဖုအထစ်မရှိ၊ ချောမွေ့ခဲ့လေသည်။ ယင်းသို့ အနာဟောင်းရှိခဲ့ဖူးသော ဘိုကလေးနယ်အောက်ပိုင်း စစ်ဆင်ရေးအား စစ်ရေးအမြင်တခုတည်းဖြင့်သာ ဖြေရှင်းမည်ဆိုပါက အနားဟောင်းပေါ်တွင် အနာသစ်ပါပေါ်လာပြီး လူမျိုးရေး ဘာသာရေး နာကျည်းမှုများ ထပ်ဆင့်ဖြစ်လာနိုင်ကြောင်း အမှတ်(၆) စစ်ထောက်လှမ်းရေးအချုပ်ခန်း၌ ကျနော့်ကို မျက်နှာမပြရဲသူများအား ရှင်းပြခဲ့သည်။ ဤတွင် သူတို့က ကျနော့်အား နိုင်ငံရေး တရားဟောသည်ဟု ဆိုကာ မီးအမှောင် ချ၍ အခန်းတံခါးကိုပါ ပိတ်လိုက်လေသည်။



**မိုက်ကယ်အဲရစ်မိခင်၊ ဒိုရာသန်းအေး၊ နော်အဲလီဇဗက်။**

# ဆက်သားလာပြီ

သို့ဖြင့်ကျနော် ရန်ကုန်ကိုပြန်ရောက်သည့် နံနက်မှာပင် တံဆိပ်ခေါင်းမပါသော စာတစောင်က ကျနော့်အား ကြိုဆိုနေသည်။ စာအိတ်ကို မဖောက်သေးဘဲ အိမ်သားများအား ဘယ်သူလာပေးသလဲ ဟုမေးမိရာ ဇနီးသည်က အမျိုးသမီး တဦး လာပေးကြောင်းပြောသဖြင့် ကျနော် ဆိတ်ဆိတ်ပင် နေလိုက်သည်။ ဇနီးသည် ပေးလာသော ကော်ဖီတခွက်ကို သောက်ပြီး တညလုံး အိပ်ပျက်လာသော `ကြောင့် ရေချိုးခန်းထဲသို့ ဝင်လိုက်သည်။ ရေမိုးချိုးပြီးသော အခါ များစွာ လန်းဆန်းလာလေသည်။

ဤတွင် အိပ်ခန်းစာရေးစာပွဲပေါ်တွင် တင်ထားသော တံဆိပ်ခေါင်းမပါသော စာအိပ်ကို ကျနော် သတိရလာသဖြင့် ခပ်မြန်မြန်ပင် ဖွင့်ဖောက်လိုက်သည်။ စာအိတ်ထဲတွင် စာရှည် နှစ်စောင်နှင့် စာတိုကလေး တစောင် ပါလာသည်။ စာတိုကလေးသည် စာလာပေးသူ၏ အမည်နှင့် တည်းခိုသော ရန်ကုန်မြို့ လယ်ခေါင်ရှိ တည်းခိုခန်းတခု၏ လိပ်စာဖြစ်သည်။ စာရှည် နှစ်စောင် အနက် တစောင်မှာ KNU ခေါင်းဆောင်တဦးလည်းဖြစ် K.N.U ထောက် လှမ်းရေး တာဝန်ခံလည်းဖြစ်သော ပိုလ်မှူးစိုးစိုး (စောနေစိုး)၏ စာဖြစ်ပြီး ကျန်တစောင် မှာ မဲဆောက်မြို့ရှိ မန်းဗလရှင်၏ စာဖြစ်သည်။

ပိုလ်မှူးစိုးစိုးနှင့် ကျနော်သည် (၁၉၇၈) ခုနှစ် ကျနော် ဝမ်ခရောက်စဉ် ပထမဆုံး အကြိမ် တွေ့ဆုံစကား ပြောဖြစ်ခဲ့ကြသည်။ ထိုစဉ်က သူ့တာဝန်သည် ဝမ်ခ အကောက်ခွန်ဂိတ်မှူးဖြစ်သည်။ ယခု KNU တခုလုံး၏ ထောက်လှမ်းရေး တာဝန်ခံ ဖြစ်လာသည်။ မန်းဗလရှင်ကိုမူ ၁၉၇၀ ခုနှစ်လောက်တွင် ပထမ ဆုံးအကြိမ် ရန်ကုန် ရောဝတီဝင်းအတွင်းရှိ ဆရာသာထိုနေအိမ်၌ တွေ့ခဲ့ဘူး သည်။ စာနှစ် စောင်လုံးကို ကျနော်တခေါက်ပြီးတခေါက် ပြန်ဖတ်နေမိသည်။

စာပါအကြောင်းအရာ အချို့မှာ ကျနော် တောထဲသို့ ဆင်းလာရန် အချိန်ကျ ရောက်လာပြီဖြစ်၍ ဆက်သား လွှတ်လိုက်ကြောင်း ယင်းစာလာ ပို့သူ ဆက်သားဖြင့် ကျနော့် သဘောထားအား ပြန်ကြားရန် မေတ္တာရပ်ခံထားခြင်း ဖြစ်လေ သည်။ စာလာပို့သူ ဆက်သား၏ လိပ်စာကို ချန်ထား၍ စာရှည်ကြီး နစ်စောင်စလုံးအား အပိုင်းပိုင်း ဆုတ်ဖြဲကာ ရေအိမ်ထဲ၌ အစ ဖျောက်ပစ်လိုက်သည်။



ဗိုလ်မှူးစိုးစိုး၊



ဆရာသာထို

ဤတွင် အတန်ကြာလျှင် စာပါအကြောင်း အရာနှင့် ပတ်သက်၍ ဇနီးသည်က မေးလာသည်။ မိတ်ဆွေ တယောက်၏ စာဖြစ်ကြောင်း။ အရေးမပါလှ ကြောင်း ခပ်ပေ့ါပေ့ါ ကျနော် ပြန်ပြောလိုက် သည်။ ကျနော်သည် ကျောင်းသားဘဝကပင် ဇာတ်တော်ကြီး (၁၀)ဘွဲ့ထဲက ဝေဿန္တရာ မဟောသဓာ မဟာဇနက္ကတို့ကို ကျောင်းစာ အဖြစ် ကျက်မှတ်ခဲ့ဘူးသည်။ စာရေးဆရာ ဖြစ်လာ သောအခါ ဗိုလ်အောင်ကျော်လမ်းရှိ ဟံသာဝတီ စာအုပ်တိုက်သို့ သွား၍ ဇာတ်ကြီး(၁၀)စောင်စလုံးကို ဝယ်ထားလိုက်သည်။ အချိန်ရသော အခါတိုင်း တဖြေးဖြေး ပြန်လည်ဖတ်ရှုသည်။ ဆရာတော် ဦးသြဘာသသည် ဇာတ်တော် တဆယ်အနက် (၇) ဇာတ်ကို ကိုယ်တိုင် ရေးသားခဲ့သည်။



ဝေဿန္တရာ မဟော်သဓာနှင့် မဟာဇနက္က အပါအဝင်ဖြစ်သည်။ ဇာတ်တော်များကို စတင်ရေးသားချိန်တွင် ဆရာတော်၏ အသက်သည် (၁၆)နှစ်မျှသာ ရှိပေသေးသည်။ ဆရာတော်၏ စက္ခုနှစ်ကွင်း ချွတ်ယွင်းလာသောအခါ ဆရာတော်၏ မေတ္တာရပ်ခံချက်အရ ကျန်ဇာတ်တော် (၃)ခုအား တပည့်ဖြစ်သူက ဆက်လက် ရေးသားသွားရာသည်။ ကျနော်အကြိုက်ဆုံး ဇာတ်တော်သည် ဝေဿန္တရာ မဟော်သဓာနှင့် မဟာဇနက္က ဇာတ်တော်တို့ပင်ဖြစ်ကြသည်။ မဟောသဓာသည် ပညာခန်းကိုဖွဲ့ဆို၍ မဟာဇနက္ကမှ ဝီရိယကို ဖွဲ့ဆိုသည်ဟု ဤအတိုင်း ကျနော် နားလည်ထားလေသည်။ သို့ဖြင့် ကျနော်သည် မဟော်သဓာ ဇာတ်တော်လာတွင် လျှို့ဝှက်အပ်သောအရာကို မည်သူအား ပြောပြအပ်သနည်းဟူသော မေးခွန်းအရ ဆက်သားယူဆောင်လာသည့် လျှို့ဝှက်အကြောင်းအရာကို ဇနီးသည်အား ပြီးစလွယ်ရှောင်လွှဲ၍ ဖြေလိုက်ခြင်းပင်ဖြစ်လေသည်။ ဤတွင် ထောင်က လွတ်လာ၍ နှစ်လကျော် အကြာတွင် တည်ငြိမ်စ ပြုလာသော ကျနော့်ရင်သည် ထိုနေ့က အရှုပ်ထွေးဆုံးသော အထွဋ်အထိပ်သို့ ရောက်ရှိသွားလေသည်။

တချိန်တည်းတွင် ကျနော့်ကိုယ်ကျနော် ပြန်မေးမိသော မေးခွန်းပေါင်းသည်လည်း ထောင်သောင်းမက ရှိခဲ့လေသည်။ ဤအထဲတွင် မင်းဘာလဲ မင်းဘယ်လိုလဲ မင်းဘာလုပ်မလဲ မင်းဘယ်လိုလူလဲ ကိုယ်တိုင်မေး ကိုယ်တိုင်ဖြေ မေးခွန်းတွေက အများဆုံး ပါဝင်နေလေသည်။

# ဆက်သားနှင့် ပထမ တွေ့ဆုံခြင်း

ကျနော့်အတွက် လာသော အထူးဆက်သားအား တွေ့ဆုံရန် ကျနော် ဆုံးဖြတ်လိုက်သည်။ ဆုံးဖြတ်ချက် ကျသွားပြီးဖြစ်၍ ကျနော့်ရင်လှိုင်းများလဲ တည်ငြိမ်စပြုလာသည်။ ဤတွင် ကျနော့် ဆုံးဖြတ်ချက်များအတွက် ကျနော့်အား အထောက်အကူပြုစေသော အခြေခံအချက်(၂)ချက် ရှိလေသည်။ ပထမအချက်မှာ အထက်တနေရာတွင် ကျနော် ဖော်ပြခဲ့သည့်အတိုင်း စစ်အုပ်စုလက်အောက်၌ ကျနော့်ဘဝသည် ရေနည်းငါးဘဝမှ ရေခန်းငါးဘဝသို့ ရောက်ရှိလာနေပြီး။



ငါးတို့၏ သဘာဝအရ ရေမခန်းမီ ရေနည်းတုံးအိုင်မှ ချောင်းထဲသို့ ချောင်းထဲမှမြစ်ထဲသို့ မြစ်ထဲမှပင်လယ်ထဲသို့ အချိန်မီ ထွက်နိုင်မှသာလျှင် ဘဝသည် ရှင်သန်နိုင်ပေမည်။ သို့မဟုတ်မူ ထိုငါးသည် တံငါသည်၏ ဟင်းစာဖြစ်မည်မှာ

သေချာလှပေသည်။ ပြီးလျှင် ထောင်ထဲတွင် တချို့မှာ ကျနော်နှင့် သက်တူရွယ်တူ တချို့မှာ လုပ်ဖော်ကိုင်ဖက် ဆရာမောင်သော်က အပါအဝင် ကြေကွဲဝမ်းနည်းဖွယ်ရာ ကွယ်လွန်ခဲ့ကြရလေပြီ။ ကျနော်သည်ပင် ဒီတခေါက်ဝမ်းကိုက်ပိုးကြောင့် သေမတတ် ခံစားခဲ့ရသည်။ နောက်တခေါက် အကြောင်းအမျိုးမျိုးဖြင့် ထောင်ထဲပြန်ဝင်ရသည်ရှိသော် သေဖို့ရာက ရာနှုန်းပြည့် သေချာလှပါသည်။ ကျနော်မသေချင်သေးပါ။ ကျနော် ရှန်းကန် ကြည့်ချင် သေးသည်။

ကျနော့်ဆုံးဖြတ်ချက်အား ဒုတိယ အထောက်အကူပြုသော အချက်မှာ ဆရာတော် မင်းဘူး ဦးဩဘာသ၏ ဝေဿန္တရာ မဟော်သဓာနှင့် မဟာဇနက္က ဇာတ်တော်များထဲမှ အချို့သော အချက်အလက်များပင် ဖြစ်လေသည်။ ဤတွင် ဝေဿန္တရာမင်းကြီးသည် မိမိ၏ယုံကြည်ချက်နှင့် ရည်မှန်းချက်အတွက် ထီးနန်း စည်းစိမ်ကိုလည်း စွန့်လွှတ်ရဲ၏။

ထိုမှတဖန် မိမိချစ်မြတ်နိုးသော ဇနီးနှင့် သားသမီးတို့ကိုလည်း စွန့်လွှတ်ခြင်းနှင့် ပေးကမ်းလှူဒါန်းခြင်းကိုလည်း ပြုရဲ၏။ သာမန် လူတို့ပြုရန် ခက်ခဲလှသော်လည်း ယောကျ်ားကောင်းတို့မည်သည် လိုအပ်လာသည်ရှိသော် လုပ်ရဲရန် စွန့်လွှတ်ရဲရန်ကား လိုအပ်လှပါသည်။

ယင်းသို့ မိမိ၏ယုံကြည်ချက်နှင့် ရည်မှန်းချက်အရ လုပ်ဆောင်ရာတွင် ဝေဿန္တရာမင်းကြီး၏ စွန့်လွှတ်မှုများအပေါ်တွင် အခြေခံလျက် မဟော်သဓာအမတ်ကြီး၏ အမြော်အမြင်နှင့် ဉာဏ်ပညာမျိုး ထိုမှ မဟာဇနက္က မင်းသား၏ လုံ့လနှင့်ဝီရိယမျိုးကိုပါ ပေါင်းစည်းရမည် ဖြစ်ကြောင်းလည်း ကျနော် တဆက်တည်း တွေးလိုက်မိပါသည် ပထမတွင် ပန်းဆိုးတန်း နန်းသီတာဆိပ်တွင် တွေ့ဆုံရန် စီစဉ်ခဲ့သေးသည်။ သို့ရာတွင် လူသူရှုပ် ထွေးလှ၍ ဗိုလ်တထောင် ဘုရားဆီသို့ ပြောင်းရွှေ့လိုက်သည်။

ဗိုလ်တထောင် ဘုရားတွင်ကား အဆင်ပြေသည်။ နေ့လည်ခင်း လူသူလည်း ရှင်းသည်။ ဘုရားဝတ်ပြုစရာ နေရာများလည်း အများအပြားရှိ၏။ ဤနေရာတွင် ထောက်လှမ်းရေးကသာ ကြိုတင်သတင်း မရထားပါက လျှို့ဝှက် ပြောစရာ ဆိုစရာနှင့် တိုင်ပင်စရာ ရှိသည်များကို ဘုရားရင်ပြင်နှင့် ဇရပ်ပေါ်တွင် ပြောဆိုသည်မှာ အကောင်းဆုံးဖြစ်ကြောင်း ကျနော် သဘောပေါက်သွားသည်။

ထိုနေ့က ကျနော့် အထူးဆက်သား ဝတ်စားလာသည်ကို ကျနော် မှတ်မိနေသေးသည်။ အင်္ကျီလက်ရှည် အနက်ရောင်နှင့် လုံချည်မှာဝါဖျော့ဖျော့ဖြစ်သည်။ အနက်နှင့်အဝါသည် ကျနော်ကြိုက်သော အရောင်မဟုတ်သော်လည်း ရုတ်တရက်မှ မှတ်မိလွယ်သော အရောင်ကားဖြစ်၏။ နစ်ယောက်သား အမှတ်အသားနှင့် အချိန်းအချက် ပြုထားသည့်အတိုင်း အထူး ဆက်သားအမျိုးသမီးသည် ထိုနေ့က နှင်းဆီပွင့်တပွင့်ကို ခေါင်းတွင် ပန်ဆင်လာသည်။

သူ့ အသက်အရွယ်သည် (၃၀) ဝန်းကျင် အရွယ်ဖြစ်သည်။ သွက်လက်သည်၊ ရဲရင့်သည်၊ မဲဆောက် ထိုင်း-မြန်မာ နယ်စပ်နှင့် ကရင်ပြည်နယ်။ မွန်ပြည်နယ်တို့ကို ကျော်ဖြတ်၍ ရန်ကုန်မြို့သို့ အခေါက်ခေါက် ရောက်ဖူးသဖြင့် အတွေ့အကြုံအရ များစွာ ရင့်ကျက်နေလေသည်။

ဆက်သားအမျိုးသမီး၏ အရည်အချင်းကို များစွာ သဘောကျသွားသည်။ တဆက်တည်းတွင် သူ့ကိုယုံကြည်လိုမှုနှင့် အားကိုးလိုမှု စိတ်များလည်း ကျနော့် ရင်ထဲတွင် စတင်တည်စ ပြုလာသည်။ နစ်ယောက်သား တွေ့ဆုံချိန်သည် တစ်နာရီသာကြာသည်။ သို့သော် အပြန်အလှန် စကားများကား များစွာပြောဆို ဖြစ်ခဲ့ကြသည်။ ကျနော် မကွဲပြားသည်ကို သူ့ကိုမေးသည်။ သူ မကွဲပြားသည်ကိုလည်း ကျနော့်ကိုမေးသည်။

ထိုနေ့ကကျနော့်ထံမှ ဆက်သားအမျိုးသမီး ယူဆောင်သွားရမည့် ဆုံးဖြတ်ချက်မှာ ကျနော် တောထဲဆင်းလာရန် သဘောတူကြောင်း ပြီးလျှင်ကျနော့်ကို လာရောက် ခေါ်ရမည့် ရက်နှင့်လမှာ အောက်တိုဘာလလယ် (သို့မဟုတ်) နိုဝင်ဘာလလယ် ဖြစ်ကြောင်း ကျနော် သတ်မှတ်ပေးလိုက်သည်။ ယင်းသို့ အောက်တိုဘာလလယ်နှင့် နိုဝင်ဘာလလယ်ကို ကျနော်ရွေး ချယ်သတ်မှတ်ခြင်းမှာ ထိုလပိုင်းများ၌ ကျနော့်၏ ထောင်ထွက် သက်တမ်းသည် (၆) လကျော် (၇) လရှိပြီဖြစ်၍ သက်ဆိုင်ရာ၏ အာရုံစူးစိုက်မှုများ လျော့ပါးစ ပြုလာမည့်အချိန် အတိုင်းအတာလည်း ဖြစ်လေသည်။

အောက်တိုဘာ နိုဝင်ဘာသည် မိုးရာသီ ကုန်ဆုံးပြီးဖြစ်၍ ခြေလက်ခင်းများလည်း သာယာစ ပြုလေပြီ။ သွားရေးလာရေးလည်း လွယ်ကူလာသည်။ အကြောင်းမူကား နောက်တခေါက် အထူးဆက်သား ကျနော့်ကို လာခေါ်သော အခါ မည်သည့်လမ်းကြောင်းက ခေါ်သွားမည်ကို ကျနော် မသိသောကြောင့် ဤသို့မိုးလကင်းစင်သော အောက်တိုဘာ နိုဝင်ဘာကို ကျနော် ရွေးချယ်သတ်မှတ် ပေးလိုက်ခြင်းဖြစ်ပေသည်။



**ဗိုလ်ချုပ်မြကတော်၊ နော်လေဒီယာ၊ နော်မေရီအုန်း၊ တနင်္သာရီတိုင်းမှ ကရင်အမျိုးသမီး။**

# ကြိုတင်ပြင်ဆင်မှုများ

ကျနော်သည် ဆုံးဖြတ်ချက်တခု ချမှတ်ပြီး နောက်၌ ပယ်ဖျက်တတ်သူ မဟုတ်လေရာ ယခုအခါ တောတွင်းသို့ ဆင်းရန် ကျနော့် ဆုံးဖြတ်ချက်အတွက် လိုအပ်သည်များကို အဆင့်လိုက် ပြင်ရလေသည်။

နိုင်ငံရေးလုပ်ငန်း အရပ်ရပ်တွင် တောခို သူပုန်ထသည့် လုပ်ငန်းသည် အပြင်းထန်ဆုံး အကြမ်းတမ်းဆုံး ဖြစ်ကြောင်းလည်း လူတိုင်း သိရှိကြပြီးဖြစ်လေသည်။ ယင်းနှင့် ပတ်သက်၍ ကျနော့် ဝတ္ထုဇာတ်လမ်းဖြစ်သည့် "ဒို့ရဲ့သံလွင်" ရုပ်ရှင် ဇာတ်ကားထဲတွင် သူပုန်ခေါင်းဆောင် အံ့ကျော် သရုပ်ဆောင် ပြောဆိုသည့် စကားကို ကျနော် ယခုကဲ့သို့ ရေးသားလေသည်။

သူပုန်ထတယ်ဆိုတာ တော်လှန်ရေးလုပ်တယ်ဆိုတာ ပျော်ပွဲစားထွက်တာ အလှူခံထွက်တာ မဟုတ်ဘူး။ လုပ်ရဲ ကိုင်ရဲ ရှိရတယ်။ စွန့်လွှတ်ရဲရတယ်။ ဒါကိုမှတ်ထားကြ။ ဤသို့ပင် ကျနော် ရေးသားခဲ့လေသည်။

ပြည်တွင်းစစ် နှစ်(၅၀)သက်တမ်းတွင် ထောင်အဝင်အထွက်နှင့် တောထဲအဆင်းအတက်တို့သည် စုန်ရေနှင့်ဆန်ရေပမာ အမြဲမပြတ် စီးဆင်းနေလေသည်။ ကျနော့်ထက် ရှေးနှစ်များစွာကပင် နိုင်ငံရေးသမားများစွာ ကျောင်းသားခေါင်းဆောင်များစွာနှင့် စာရေးဆရာ သတင်းစာဆရာများ အပါအဝင် မိမိတို့၏ နိုင်ငံရေး ယုံကြည်ချက်အရ တောခိုသူပုန်ထခဲ့ကြပြီး ဖြစ်လေသည်။

ဤသူ ထိုသူများအနက် အချို့သည် တောတွင်း၌ အကြောင်းအမျိုးမျိုးဖြင့် သေဆုံးခဲ့ကြရပြီး အချို့မှု အကြောင်းပြချက် အဖုံဖုံဖြင့် မြို့ပေါ်သို့ ပြန်လာကြသူ

များ လည်းရှိကြပေသည်။ လွတ်လပ်စွာ ဖော်ထုတ် ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းသမှု မပြုနိုင်မချင်း ထောင်ထဲသို့ အဝင်အထွက်နှင့် တောထဲသို့ အဆင်းအတက်တို့သည် များပြားနေဦးမည်သာ ဖြစ်ကြောင်းကိုလည်း ကျနော် ဆင်ခြင်မိပေသည်။

ယင်းသို့ တောထဲမဆင်းမီ ကြိုတင်ပြင်ဆင်မှုများအနက် ကျန်ရစ်ခဲ့မည့် မိသားစု၏ ပြဿနာသည် ရှေ့တန်းတွင် ရှိနေလေသည်။ နိုင်ငံရေးလုပ်ငန်းနှင့် ပတ်သက်၍မူ ကျနော့်၌ လုံးဝ နောက်ဆံတင်းခြင်း မရှိတော့ပါ။ အကြောင်းမူ ကျနော်ထောင်ထဲ မဝင်မီကပင် ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့ချုပ်အား စစ်အုပ်စု၏ ရွေးကောက်ပွဲ ကော်မရှင်က ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။

ထိုမှ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး တာဝန်ကိုလည်း ကျနော် ထောင်ထဲ ဝင်ရသည်နှင့် ပါတီစုံရွေးကောက်ပွဲ ကော်မရှင်၏ ညွှန်ကြားချက်အရ အဖွဲ့မှကျနော့်အား ထုတ်ပယ်လိုက်ပြီး ဖြစ်လေသည်။ သို့ဖြင့် ဥပဒေဘောင်တွင်း၌ နိုင်ငံရေး လုပ်ငန်းများသည် ကျနော့်အတွက် လုံးဝ တံခါး ပိတ်သွားပြီး ဖြစ်လေသည်။

ဤသို့ဖြင့် ကျနော်၏ စာပေလုပ်ငန်းအတွက် အနှစ်နှစ်အလလ စုဆောင်းသိမ်းဆည်းလာခဲ့သော စာအုပ်ပုံကြီးကို ကျနော်စတင် ဖြိုရတော့သည်။ လိုအပ်သလောက်သော စာအုပ်စာတမ်း အချို့အား ချန်ထား၍ ကျန်စာအုပ်စာတမ်း အများစုကြီးအား ခင်မင်ရင်းနှီးရှိပြီးသော (၃၁) လမ်းရှိ စာအုပ် အဟောင်းဆိုင်သို့ ထုတ်ရောင်းပစ်လိုက်သည်။ ထိုမှဇနီး သည်နှင့်သုံးနှစ်သုံးမိုး ချစ်သူသမီးရည်းစားဘဝတွင် ကျနော်က သူ့ထံပေးခဲ့ ရေးသားခဲ့သော မေတ္တာစာ အစောင် (၇၀) ကျော်ကိစ္စသည် ရှေ့တန်းသို့ ရောက်လာပြန်သည်။

တောခိုသည့် အလုပ်သည် အလှူခံထွက်ခြင်းနှင့် ပျော်ပွဲစားထွက်ခြင်း မဟုတ်ကြောင်း ကျနော် ရေးသားခဲ့ပြီးဖြစ်ရာ ကျနော် တောခိုသွားခဲ့ပြီး နောက်တွင် ဇနီးသည်နှင့် ဒီတသက် ပြန်တွေ့ကြဦးမည် ဆိုသည့် အချက်သည် တွေးဆ၍ မရနိုင်သောကြောင့် ကျနော့်တို့၏ ကိုယ်ရေးကိုယ်တာ ကိစ္စများအား မည်သူမျှ မသိစေချင်။ ယင်းမေတ္တာစာပေါင်း (၇၀) ကျော်အား ကျနော် တောမခိုမီ ရှင်းလင်း ဖျောက်ဖျက်ပစ်ရန် ကျနော့် အကြံပေးချက်အား ဇနီးသည်ကလည်း အပြည့်အဝပင် သဘောတူ၍ ထောက်ခံရှာလေသည်။



သို့ဖြင့် တခုသော တနင်္ဂနွေနေ့တွင် ကျနော်တို့ ဇနီးမောင်နှံ ပုဇွန်တောင် ညောင်တန်း ဆိပ်ကမ်းမှ သီတာသဘော် အပေါ်ထပ် နောက်ဘက်ပိုင်းမှနေ၍ ကတ်ကျေးဖြင့် အပိုင်းပိုင်းအစစ ညှပ်ယူလာသော မေတ္တာစာများအား ပေါင်မုန့်အသားများဖြင့် လုံးထွေး၍ လေထဲသို့ ပစ်ကြဲချလိုက်ကြသည်။ မေတ္တာစာ အပိုင်းအစကလေးများသည် လေထဲမှတဆင့် ရေလှိုင်းထဲတွင် မျောပါသွားလေသည်။ ထိုအခိုက်၌ ဇနီးသည်၏မျက်နှာအား ကျနော် သတိထား၍ ကြည့်လိုက်မိရာ သူ့ခမျာ ငိုမဲ့မဲ့လေး ဖြစ်နေရှာလေသည်။

# ပညာရှင် စာဖတ်ပရိသတ်တဦး

ယင်းသို့တောထဲမဆင်းမီ မိသားစုကိစ္စနှင့် စာပေလုပ်ငန်းကိစ္စများအား အဆင့်ဆင့် တင်ကြို ဆောင်ရွက်နေစဉ် နေ့တနေ့၌ ဧည့်သည်တဦး ကျနော့်ထံ ရောက်လာသည်။ သူသည် ကျနော်၏ စာဖတ်ပရိသတ်တဦးလည်းဖြစ်၍ (၈၈) ဒီမိုကရေစီကာလတွင် ရန်ကုန်တက္ကသိုလ်မှနေ၍ ဆက်သွယ်လာသော ပညာရှင် တဦးလည်း ဖြစ်သည်။

မဆလ လက်ထက်တွင် အသိပညာရှင် အတတ်ပညာရှင်များအား ဘေးဖယ်ထုတ်ပစ်သဖြင့် ပညာရှင်အမြောက်အမြား နိုင်ငံခြားသို့ ထွက်ခွာကုန်ကြလေသည်။ ယခုကဲ့သို့ ကျနော့်အား လာရောက်တွေ့ဆုံသော စာဖတ်ပရိသတ် ပညာရှင်သည် နိုင်ငံခြားသို့ မထွက်ခွါ သေးသော်ငြားလည်း ပါမောက္ခချုပ်နှင့် အဆင်မပြေဖြစ်ရာမှ ဆရာအလုပ်က နှုတ်ထွက်ပြီး သူ့အတတ်ပညာဖြင့် လွတ်လပ်စွာ သက်မွေးဝမ်းကျောင်းပြုနေသော ပညာရှင်တဦးပင်ဖြစ်လေသည်။

စာဖတ်ပရိသတ် မိတ်ဆွေပညာရှင်က ယခုကဲ့သို့ ထောင်က ထွက်လာသောကြောင့် ကျနော့်အဖို့ စာပေရေးသားခွင့် မရနိုင်တော့သည်ကို သူသိကြောင်း။ ဤအတွက်ဖြင့် ကြောင့်ကြခြင်းမရှိပဲ ကျနော် ကြိုက်သလောက် ဝတ္ထုများ ရေးသား နိုင်ကြောင်း။ ကျနော်ရေးသမျှ ဝတ္ထုအားလုံးကို သူဝယ်ယူမည်ဖြစ်ကြောင်း ကျနော် သတ်မှတ်ပေးသည့် ဝတ္ထုတပုဒ်ချင်း ဈေးနှုန်းအတိုင်း သူဝယ်ယူမည်ဖြစ်ကြောင်း ကြိုတင်၍ ငွေယူထားမည်လား။ စာမူပေးသော အခါတွင်မှ ယူမည်လား။ ကြိုက်သလို ယူနိုင်ကြောင်း ယင်းတိုတောင်းသော

အချိန်ကလေးအတွင်း၌ စာဖတ်ပရိသတ် မိတ်ဆွေပညာရှင်သည် သူ့ရည်ရွယ်ချက်နှင့် စာပေစေတနာကိုပါ ရှင်းပြနေလေသည်။
ထောင်ကျခဲ့သဖြင့် အဘက်ဘက်မှ အခက်အခဲ အကြပ်အတည်းများဖြင့် ကြုံတွေ့နေရစဉ် ဤစကားမျိုးကို ကြားရသဖြင့် ပထမတွင် ကျနော့်နားကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားတော့သည်။ ကျနော်သည် ဘာကစ၍ ပြောဆိုရမှန်း အစရှာမရသောကြောင့် မိတ်ဆွေပညာရှင်အား ငေးစိုက်၍သာ ကြည့်နေမိသည်။

သူသည် ကျနော်၏အခက်အခဲနှင့် အကြပ်အတည်းများအား စာနာထောက်ထားသူလည်းဖြစ်သည်။ ကျနော့်စာတွေကို ဖတ်မိရာမှ ကျနော့်အား ခင်မင်လေးစားသူ လည်းဖြစ်သည်။ သို့ဖြစ်၍ ကျနော့်အတွက်ကြောင့်ဖြင့် သူ့ကို မနစ်နာစေချင်။ လောလောဆယ်အားဖြင့် မိသားစု စားဝတ်နေရေးအတွက် ငွေလိုသည်မှာ အမှန်စစ်စစ်ဖြစ်သည်။ သို့ဖြင့် မိတ်ဆွေပညာရှင်၏ ကမ်းလှမ်းချက်အား အောက်ပါ အချက်(၂)ချက်ဖြင့် ကျနော် သဘောတူ၍ လက်ခံလိုက်သည်။

ပထမအချက်သည် ကျနော်ရေးသမျှ ဝတ္ထုအားလုံးအား သူ့ကိုပေးမည် ဖြစ်သော်လည်း ကျနော်ကြိုတင်၍ ငွေမယူလိုကြောင်း ရေးပြီးသမျှဝတ္ထု အရေအတွက်ပေါ်တွင်သာ ဝတ္ထုတိုတပုဒ်လျှင် ၃၀၀ ကျပ် (ယခင်ပေါက်ဈေး)ဖြင့်သာ ယူမည် ဖြစ်ကြောင်းပြန်ပြောရာ မိတ်ဆွေပညာရှင်သည် ကျေကျေနပ်နပ်ကြီးပင် လက်ခံ၍ သဘောတူခဲ့လေသည်။ ဤသို့ဖြင့် ကျနော်သည် တောထဲသို့ မဆင်းလာမီ တလအတွင်း၌ ဝတ္ထုတို(၄)ပုဒ် ရေးသားပြီးစီးခဲ့ပြီး မိတ်ဆွေပညာရှင်ထံမှ ကျသင့် ငွေကို ရယူခဲ့လေသည်။

# ဒုတိယအခေါက် ဆက်သားရောက်လာပြီ

ဆက်သားအမျိုးသမီးသည် လုံ့လ ဝီရိယ ကြီးမားသူဖြစ်သည်။ မိုးလေကင်းစင်သော အောက်တိုဘာ နိုဝင်ဘာကိုပင် သူ မစောင့်ရှာပဲ စက်တင်ဘာလဆန်းတွင် ပြန်လည် ရောက်ရှိလာသည်။ ဒီအကြိမ် သူတည်းခိုသော နေရာမှာ ကျနော်နှင့် ပိုမိုနီးကပ် နေသောကြောင့် သူ့လုံခြုံရေး၊ ကိုယ့်လုံခြုံရေးကိုပါ ပိုမို၍ ဂရုစိုက်ရ ပြန်လေသည်။

ဆက်သား အမျိုးသမီး ပြန်လည်ရောက်ရှိ လာချိန်တွင် ကျနော်၏ ကြိုတင်စီရင်မှုများ သည်လည်း အသင့်နီးပါး ပြီးစီးသလောက် ကား ပြီးစီးနေပြီဖြစ်သည်။ အချို့တဝက် အချောသတ် ရန်သာ ရှိတော့သည်။

ရန်ကုန်မှ ထွက်ခွာမည့် ရက်ကို ကျနော် ကိုယ်တိုင် ရွေးချယ် သတ်မှတ်ပေးရန်ဖြစ်သည်။ ကျနော် ရွေးချယ်သတ်မှတ် ပြီးသည်နှင့် ဆက်သားအမျိုးသမီးသည် ကျနော့်ကို ဦးဆောင်၍ တောထဲသို့ ခေါ်သွားမည်ဖြစ်သည်။ နောက်ဆုံး ဇာတ်ခန်းအနေနှင့် စဉ်းစားဖွယ် ရှိလာသည်မှာ တောထဲသို့ ဘယ်နစ်ယောက် ဆင်းမလဲ ဆိုသည့်ကိစ္စ ဖြစ်လာသည်။

ABSDF မှ
**မောင်အောင်စိုးညွှန့်**
စတုတ္ထသား။



ကျနော်သည် သမီးတယောက်မှအပ ကျန် သားယောက်ျားများချည်း မွေးထား သူဖြစ်ရာ သားတယောက်သည် (၁၉၉၀)ခုနစ်ကပင် တောတွင်းရှိကျောင်းသား တပ်ဖွဲ့ထဲသို့ ရောက်ရှိနေနှင့်ပြီးဖြစ်သည်။ ရပ်ကွက်လုံခြုံရေးနှင့် အများသူငှာ မေးလာသောအခါ၌ ကော့သောင်းတွင် အလုပ်သွားလုပ်နေကြောင်း ပြောပြ ထားရလေသည်။ နောက်ဆုံး ဇာတ်ခန်းပိုင်းတွင် ဇနီးသည်က သားယောက်ျား များအားလုံးကို သူမထိန်းသိမ်းနိုင်ကြောင်း သားတယောက်နှင့် သမီး တယောက်ကိုသာ သူထိန်းသိမ်းနိုင်မည် ဖြစ်ကြောင်း အကြီးဆုံးသားနှင့် အငယ်ဆုံးသားကိုတပါတည်း ခေါ်သွားဖို့ တောင်းဆိုလာလေသည်။



**မောင်စင်ကြယ်နှင့် သူ၏သားများ**

ခေတ်ကာလအလျောက် မိခင်က သားသုံးလေးယောက်ကို ထိန်းသိမ်းဖို့ ဆိုသည်မှာ လွယ်ကူသောကိစ္စ မဟုတ်သည်ကို ကျနော် သဘောပေါက်သည်။ သို့သော် တဘက်တွင်လည်း သူပုန်ထရန် တောထဲသို့ သွားခြင်းသည်

အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း ပျော်ပွဲစားသွားခြင်း မဟုတ်၍ လူအင်အား နှင့် သွားရန် သင့်မသင့် ချင့်ရပြန်လေသည်။ ယင်းကိစ္စအား ရုတ်တရက် ဆုံးဖြတ်၍ မရသောကြောင့် ဇနီးမောင်နှံနှစ်ဦး သဘောတူဖြင့် နောက်ရက်တွင် ပြန်စဉ်းစားရန် ရွှေ့ထားလိုက်သည်။ ထိုနေ့ ထိုရက်နှင့် ထိုညကို ကျနော် မှတ်မိနေခဲ့သည်။

(၁၉၉၂) ခုနှစ် စက်တင်ဘာ (၄) ရက် သောကြာနေ့ည။ ည (၇) နာရီတွင် ဆက်သားအမျိုးသမီးနှင့် ကျနော် ဆူးလေစေတီရင်ပြင်တော်ပေါ်၌ အပြီးသတ် အစီအစဉ်အနေနှင့် တွေ့ဆုံခဲ့ကြသည်။ စက်တင်ဘာ (၆) ရက်၊ တနင်္ဂနွေနေ့ နံနက်တွင် ရန်ကုန်မှ ထွက်ခွာကြမည်။ မနက်ဖြန် စနေနေ့ နံနက်တွင် ဝယ်ယူ ရမည့် ကားလက်မှတ် အရေအတွက် စုစုပေါင်း၊ ပြီးလျှင် တနင်္ဂနွေနေ့နံနက် စုရပ်တွင်ဆုံကြမည့်အချိန် ထို့နောက် လမ်းတလျှောက် ပြုမူနေထိုင်စား သောက်သွားရမည့် အချက်အလက်များကိုပါ ကျနော်က ဆက်သားအမျိုးသမီး အား အသေးစိတ် ရှင်းပြလိုက်သည်။

ဆက်သားအမျိုးသမီးသည် သူမျှော်လင့်ထားသည်များကို ကြားရသဖြင့် များစွာ ရွှင်လန်းအားရ ဖြစ်သွားသည်။ ကျနော်ပြောဆို မှာကြားချက်များကို အပြည့် အဝ လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း ကတိပြုသွားရှာသည်။ သို့ဖြင့် ည(၈)နာရီ မထိုးမီတွင် သူနှင့်ကျနော် ဆူးလေရင်ပြင်ပေါ်၌ပင် လူချင်းခွဲ လိုက်ကြသည်။

နောက်တနေ့ စနေနေ့နံနက်တွင် ကြိုတင်ချိန်းဆို ထားသည့်အတိုင်း စောဝင်းဘတ် ရောက်လာသည်။ (၂၇) လမ်းရှိ သခင်စန်းမြ (မော်လမြိုင်ကျွန်း) ၏ဇနီးသည် ရက်လည်ဆွမ်းကျွေးသည့် အခမ်းအနားသို့ သွားကြရန်ဖြစ်သည်။

ထိုကမှ တဆင့် ကျနော်တို့ နှစ်ယာက်သည် ဥက္ကဌကြီး ဗိုလ်မှူးအောင်အိမ်သို့ ဆက်သွားကြမည်ဖြစ်သည်။

စောဝင်းဘတ်သည် ကျနော့်ထက် အသက် (၂၀) နီးပါးမျှ ငယ်သော်လည်း ရင့်ကျက်သည်။ သွက်လက် ဖျတ်လတ်သည်။ ဒီ/ငြိမ်းအဖွဲ့နှင့် ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ် နှစ်ခုစလုံး၏ စီမံခန့်ခွဲရေးကို ကိုင်ခဲ့သူဖြစ်သည်။ အထူးသဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့် သူပင်စင်မယူမီ စာတိုက်ဗိုလ်တာဝန်ကို ထမ်းဆောင် ခဲ့သောကြောင့် ရုံးလုပ်ငန်းတွင် အထူးကျွမ်းကျင်သူဖြစ်သည်။ သူနှင့် ကျနော်သည် တဖွဲ့တစည်းတည်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ထောင်ထဲ၌လည်း တနှစ်နီးပါး အတူတကွ နေခဲ့သည်။



ကျနော်တို့ သခင်စန်းမြ အိမ်သို့ ရောက်သွားသောအခါ သိပေါင်း ကျွမ်းပေါင်း နိုင်ငံရေးသမားမျိုးစုံအား တွေ့ကြရလေသည်။ ဗိုလ်ညွှန့်မောင်သည် သူ့ထုံးစံအတိုင်း ရယ်ရယ်မောမောဖြင့် အားလုံးကို ခရီးဦးကြိုပြုနေလေသည်။ ယင်းဧည့်သည် ပရိသတ် နိုင်ငံရေးသမားများ အနက်တွင် မော်လမြိုင်ကျွန်းနှင့် မြစ်ဝကျွန်းပေါ်ဒေသမှ နိုင်ငံရေးသမားကြီးများကို အများအပြား တွေ့ရလေသည်။


နံနက် (၁၀)နာရီ သာသာခန့်တွင် အလှူရှင်ဖြစ်သော သခင်စန်းမြနှင့် ဧည့်ပရိသတ်များအား နှုတ်ဆက်၍ (၂၇) လမ်းမှ ကျနော်တို့ ပြန်လည် ထွက်ခွာလာခဲ့ကြသည်။

ဉက္ကဌကြီးပိုလ်မှူးအောင်အား ကျနော်တို့ နှစ်ယောက် လာမည်ကို ကြိုတင် အသိ မပေးထားမိသောကြောင့် နေအိမ်တွင် ရှိမှရှိပါ့မလားဟု ကားပေါ်တွင် တလမ်းလုံး တွေးနေမိသည်။ သို့ရာတွင် ဗဟန်း အမှတ်(၁၀) ဝင်္ဂဘာလမ်းသို့ ရောက်လျှင် ဉက္ကဌကြီးအား နေအိမ်တွင်အသင့် တွေ့ရသောကြောင့် ဝမ်းသာ မိသည်။

ရဲဘော်သုံးကျိပ်ဝင် ပိုလ်မှူးအောင်သည် ရဲဘော်သုံးကျိပ်ဝင်များအနက် နိုင်ငံတော်၏တာဝန်ကို အမျိုးစုံ ထမ်းဆောင်ခဲ့ဘူးသည့် ပုဂ္ဂိုလ်ကြီးဖြစ်သည်။ လွှတ်တော်ဉက္ကဌ ကာကွယ်ရေးဝန်ကြီး ပြည်သူ့အိုးအိမ်ဌာန အသီးသီးအား တာဝန်ယူခဲ့သူပင်ဖြစ်သည်။ သူ၏အကျင့်သီလနှင့် တည်ကြည်ရိုးသားမှုကို အကြောင်းပြုလျက် ရဲဘော်သုံးကျိပ်ဝင်များအပါအဝင် နိုင်ငံရေးလုပ်ဖော်ကိုင် ဖက်များက အကိုကြီးပမာ သဘောထားပြီး ကိုကြီးအောင်ဟု ခေါ်ကြသည်။

ဉက္ကဌကြီး ပိုလ်မှူးအောင်၏ အိမ်အဝင် အထွက် ဂိတ်ဝနားရှိ ခန်းမဆောင်သည် ဒီ/ငြိမ်းအဖွဲ့ချုပ် တည်ရာခန်းမဆောင်ဖြစ်သည်။ ဝင်းခြံကပ်လျက်ဘေးတဘက် တချက်စီတွင် စာပေစီစစ်ရေးရုံးနှင့် ကိုသုဝေ ကိုထွေးမြင့်တို့၏ ဒီမိုကရေစီ ပါတီဌာနချုပ်ရှိသည်။

ကျနော်သည် ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး အဖွဲ့ ချုပ်တွင် အချိန်ပြည့်နီးပါး ရုံးထိုင်ရင်းက ကိုသုဝေတို့ ခေါ်လျှင်လည်း သူတို့ အစည်း အဝေးသို့ ရောက်သွားတတ်လေသည်။ ဒီ/ငြိမ်းအဖွဲ့ချုပ် ခေါင်းဆောင်အများစု သည် အစဉ်အလာနှင့် အတွေ့အကြုံကြီး မားခဲ့ကြသူများ ဖြစ်ကြ၍ တခါတရံတွင် ကျနော်တို့ မသိမိသော သမိုင်းကြောင်းကို



**ကိုသုဝေ**

ခေါင်းဆောင်များက ပြောပြလေရာ ကျနော်တို့သည် ဟာကနဲ ဟင်ကနဲ ဖြစ်ကြရလေသည်။

သန့်ရှင်းဖဆပလနှင့် တည်မြဲဖဆပလ ကွဲကြပြီးနောက် သန့်ရှင်းဖဆပလ အဖွဲ့ချုပ်၏တည်ရာမှာ ကိုယ့်မင်းကိုယ်ချင်းလမ်း (ကမ္ဘာအေးဘုရားလမ်း)ပေါ်ရှိ (ယခုပန်းချီပန်းပု အနုပညာသင်ကျောင်း) အဆောက်အဦးတွင် ဖြစ်သည်။ ယင်းရှေးဟောင်း နှစ်ထပ်အိမ် ကြီး၏အပေါ်တွင် ထိုစဉ်က ဗိုလ်မှူးအောင်နှင့် ဗိုလ်မင်းခေါင်တို့ ရုံးထိုင်ကြ၍ အောက်ထပ်တွင် ဝါးခယ်မသခင်သန်းဦး စိန်ဝင်း(ဖြူး)နှင့် ကျနော်တို့က စားပွဲတလုံးစီဖြင့် ရုံးထိုင်ကြရသည်။ ဤသို့ဖြင့် ထိုစဉ်က ကျနော့်အဖို့ စားသောက်မှု ခက်ခဲလာပြီဆိုလျှင် ဗိုလ်မှူးအောင်နှင့် ဗိုလ်မင်းခေါင်တို့ရှိရာ အပေါ်ထပ်သို့ တက်သွားတိုင်း ဗိုလ်မှူးအောင်သည် ကျနော့်အား ငွေတရာ ပေးလေ့ရှိလေသည်။ (၁၉၆၀)ခုနှစ်၌ သန့်ရှင်းဖဆပလ မဲနိုင်၍ အစိုးရဖွဲ့သောအခါ ဥက္ကဋ္ဌကြီး ဗိုလ်မှူးအောင်သည် ပြည်သူ့အိုးအိမ် ဝန်ကြီးဖြစ်လာသည်။ ထိုစဉ်က ကျနော်၏ လုပ်ရည်ကိုင်ရည်နှင့်တကွ အနစ်နာ ခံမှုကို အကြောင်းပြုလျက် ၎င်း၏ ကိုယ်ရေးအတွင်းဝန်အဖြစ် ခန့်ထားမည်ပြု ရာ ကျနော်၏ အဖွဲ့ချုပ်မှ ကျနော်ဌာနဆိုင်ရာ ရာထူးလက်ခံလိုက်လျှင် အဖွဲ့ချုပ်၏လုပ်ငန်းများ ရပ်ဆိုင်းသွားတော့မည်ဆိုသဖြင့် ဥက္ကဋ္ဌကြီး ဗိုလ်မှူးအောင်အား ကျနော် ကိုယ်တိုင်ပင် မေတ္တာရပ်ခံ၍ ရှင်းပြရလေသည်။

ထိုနေ့က မနက်ဖြန်ရောက်လျှင် ကျနော် တောခိုတော့မည်ကို ဥက္ကဋ္ဌကြီး ဗိုလ်မှူးအောင်အား တခွန်းတပါဒမျှပင် ကျနော် မပြောခဲ့ပေ။ အကြောင်းမှာ ဗိုလ်မှူးအောင်သည် ဝန်ကြီးချုပ် ဦးနုနှင့်အတူ တောခိုရာမှ ပြန်လာသည်မှာ မကြာလှသေးချေ။ ထို့ထက်ကဲသည်မှာ ဒီ/ငြိမ်းအဖွဲ့ချုပ်သည် ထိုစဉ်က တောခိုရန် အစီအစဉ် မရှိခြင်းကြောင့်ပင်ဖြစ်သည်။ သို့ရာတွင် ကျနော်သည် တောထဲဆင်းရန် ဆုံးဖြတ်ပြီးဖြစ်၍ ဥက္ကဋ္ဌကြီး ဗိုလ်မှူးအောင်အား နောက်ဆုံး အနေနှင့် ဦးချကာ ကန်တော့ခဲ့တော့သည်။

# ရန်ကုန်မှ ဘားအံသို့

ဇနီးသည်နှင့် ကြိုတင်ညှိနှိုင်း ထားသည့်အတိုင်း သားအကြီးနှင့်သားငယ် အိပ်ယာဝင်ချိန်တွင် ကျနော် တောထဲ ဆင်းတော့မည် ဖြစ်ကြောင်းကို ပြောပြလိုက်သည်။ ယင်းအချိန်တွင် သူတို့ထံက သတင်းပေါက်ကြားရန်လည်း အကြောင်း မရှိတော့ချေ။ အားလုံးအိပ်ချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။ ပြီးလျှင် သူတို့အမေက သားသုံးယောက်စလုံးကို တာဝန် မယူနိုင်ကြောင်း သားများကို ကျနော်နှင့် တပါတည်း ခေါ်သွားစေလိုကြောင်း၊ ထို့အတွက် ၎င်းတို့ မည်သို့ ဆန္ဒရှိသည်ကိုပါ တဆက်တည်း ကျနော်မေးလိုက်သည်။

ကျနော့် သဘောထားမှာ မိခင်ဖြစ်သူက တပါတည်းခေါ်ဆောင် သွားရန် ဆန္ဒရှိသော်ငြားလည်း ကာယကံရှင်က ဆန္ဒမရှိလျှင် မခေါ်သင့်ဟု ကျနော် ယူဆထားသည်။ သို့ဖြင့် အဆုံးအဖြတ်အနေနဲ့ သူတို့ဆန္ဒကို ကျနော် မေးခြင်းဖြစ်လေသည်။

သူတို့ နှစ်ယောက်စလုံး ပြတ်သားစွာဖြင့် ကျနော်နှင့် တပါတည်းလိုက်မည်ဆိုသဖြင့် အစစအရာရာ အဆင်ပြေသွားလေသည်။ သူတို့အမေ၏ ဆန္ဒလည်း ပြည့်သွားလေသည်။ ဤသို့ဖြင့် လိုက်နာ ဆောင်ရွက်ရမည့် ကိစ္စရပ်များအား သူတို့ကို ပြောပြပြီးနောက် အိပ်ယာ ဝင်ခိုင်းလိုက်လေသည်။

ယခင်က တောထဲဆင်းရန် ကျနော် တယောက်ထဲ ဖြစ်သော်လည်း နောက်ဆုံးအချိန်နှင့် နောက်ဆုံးနာရီသို့ ရောက်လာသည်တွင် တောထဲဆင်းရန် သားအဖ သုံးယောက် ဖြစ်လာသည်။ လူများလျှင် ပြဿနာများ လာတတ်သည်မှာ လူ့သဘာဝပင် ဖြစ်သည်။ သို့ဖြင့် လိုရာခရီးသို့ မရောက်မချင်း စားမှုနေမှု ပြောဆိုမှုများပေါ်တွင် ဖြစ်လာနိုင်သော လုံခြုံရေး အခြေအနေများကို ကျနော် ပိုမို၍ အလေးအနက် ထားကာ စဉ်းစားရလေသည်။

ထိုနေ့ညအဖို့ ဇနီးသည်ဖျော်ပေးသော ကော်ဖီကိုသောက်လိုက်ပြီး။ အိပ်ယာဝင်လိုက်သည်။ သို့ရာတွင် ဇနီးမောင်နှံနှစ်ယောက်လုံး အိပ်၍ကားမပျော်ချေ။ အိပ်၍မပျော်လေတိုင်း ဇနီးသည်ထံမှ သက်ပြင်းချသံများကိုသာ ကြားနေရသည်။ အရာရာကို ကျနော်နားလည်သည်။ စာနာသည်။ သို့သော် ကျနော့်အဖို့မှာ ဤလမ်းမှလွဲ၍ အခြားရွေးစရာ လမ်းကား မရှိတော့ချေ။ ယင်းသို့ဖြင့် ကျနော်မှေးကနဲ တရေးအိပ်ပျော်သွားလေသည်။ သတိဖြင့် အိပ်သောကြောင့် နံနက်လေးနာရီတွင် အိပ်ယာက ပြန်နိုးလာသည်။ ဦးစွာကျနော်နှင့် တပါတည်း လိုက်ပါကြမည့် သားကြီးနှင့်သားငယ်တို့ကို အိပ်ယာက နိုးလိုက်သည်။ နံနက် (၅) နာရီခွဲလျှင် နေအိမ်မှ ထွက်ခွာရန် အဆင်သင့် ဖြစ်နေလေသည်။

သို့ဖြင့် ကြိုတင်စီစဉ်ထားသည့် အတိုင်း ပထမတယောက်ကို စုရပ်သို့အလျင်သွားခိုင်းလိုက်သည်။ နောက်ထပ်ဆယ့်ငါးမိနစ်ကြာလျှင် ဒုတိယ တယောက်ကို ဆက်သွားခိုင်းသည်။ နောက်ဆုံးနေအိမ်မှ ထွက်သွားသူ ကျနော်ဖြစ်သည်။ ဆက်သားအမျိုးသမီးအပါအဝင် စုရပ်သို့ ကျနော်တို့ရောက်ရှိလျှင် နံနက်(၆) နာရီ လည်း ထိုးလေပြီ။ မိုးလည်း စင်စင်လင်းနေပြီ။ သို့ရာတွင် ရန်ကုန်၏ တနင်္ဂနွေ နံနက်ခင်းသည် နိုးတဝက်နှင့် မနိုးတဝက်သာ ရှိနေသေး၍ လမ်းသွားလမ်းလာ များ ရှင်းလင်းနေဆဲ ဖြစ်လေသည်။

ရန်ကုန်-ဘားအံ အဝေးပြေးကားဂိတ်သည် ထိုစဉ်က ကမာရွတ် ဆင်မလိုက်တွင်ရှိသည်။ ကားထွက်ချိန်မှာ နံနက် (၇) နာရီတွင်ဖြစ်သည်။ သို့ဖြင့် ထိုးရပ်လာသော တက္ကစီကားပေါ်သို့ မြန်မြန်ပင် တက်လိုက်ကြသည်။ နာရီဝက်အတွင်း ကားဂိတ်ဆီသို့ ရောက်သွားသည်။ ရန်ကုန်ဘားအံ ပြေးကားသည် လူစီးကုန်တင် ပစ်ကပ်ကားကလေးဖြစ်သည်။ ဘေးနှစ်ဘက် နှစ်ချက်အပြင် အလယ်တွင်ထိုင်ခုံ ထိုးထားသောကြောင့် ခရီးသည်ချင်း ဒူးချင်းထိ ပေါင်ချင်းထိ နေကြတော့သည်။ ကားထွက်ချိန်မှာ နာရီဝက်မျှ လိုနေသေး၍ ခရီးသည်

အချို့ ကားဂိတ်ဆီသို့ပင် ရောက်မလာသေးချေ။ သို့ရာတွင် အသိအကျွမ်းများကို မမြင်စေချင်လိုသောကြောင့် ကားပေါ်တွင် ဝင်ထိုင်နေလိုက်ကြသည်။ ထိုစဉ်က ကားဂိတ်မှူးနှင့် ဒရိုင်ဘာတို့အား စိတ်ကကြိတ်၍ ချီးကျူးလိုက်မိသည်။ အကြောင်းမူ နံနက်(ရ)နာရီထိုးသည်နှင့် ရန်ကုန်ဘားအံပြေး ကားကလေးသည် ဆင်မလိုက်ကားဂိတ်မှ စတင် ထွက်ခွာလာလေသည်။ ကျနော်သည် ရန်ကုန် မော်လမြိုင်နှင့်ရန်ကုန်ဘားအံ ခရီးစဉ်ကို အခေါက်ခေါက်အခါခါ သွားခဲ့ပြီးဖြစ်၍ ယင်းလမ်းခရီးအား ယဉ်ပါးနေပြီဖြစ်သည်။ မြို့စဉ်ရွာစဉ်များနှင့်အတူ လမ်းခရီး၏ မြင်ကွင်းကိုပါ အလွတ်နီးပါးမျှ ရလေသည်။ အထူးသဖြင့် နာယကကြီးဦးန အကျယ်ချုပ်ဖြင့် ဖမ်းဆီးထိမ်းသိမ်းခြင်းမခံရမီ ရန်ကုန် ကရင်ပြည်နယ် ခရီးစဉ်အတွင်း၌ ရန်ကုန်မှ သထုံခရီး အထိကို ကျနော်ပင် ကြိုတင်စီစဉ်ခဲ့ခြင်း ဖြစ်လေသည်။

ဤသို့ဖြင့် ရန်ကုန်ဘားအံပြေး ခရီးသည်တင် ကားကလေးသည် နံနက် (၁၀) နာရီခန့်တွင် စစ်တောင်းတံတားသို့ ရောက်လာလေသည်။ စစ်တောင်းတံတား စစ်ဆင်ရေးဂိတ်သည် မွန်ပြည်နယ် ကရင်ပြည်နယ်နှင့် ရန်ကုန် အဝင်အထွက်ကို စစ်သောဂိတ်ဖြစ်၍ စစ်တပ်ဂိတ်ဖြစ်သည်။ အမျိုးသားမှတ်ပုံတင်ကိုလည်း စစ်ဆေးသည်။ ကားတွင် ပါလာသော မသင်္ကာဖွယ်ရာ ပစ္စည်းများကိုလည်း စစ်ဆေးသည်။ စစ်ဆေးရေးဂိတ်ရောက်လျှင် တနေရာတွင် ခရီးသည်တိုင်း ကားပေါ်မှ ဆင်းပေးကြရပြီး တနေရာတွင်မှ ကားပေါ်သို့ ပြန်တက်ကြရသည်။ သို့ရာတွင် ကားပိုင်ရှင် ကားဆရာတို့နှင့် စစ်ဆေးရေးဂိတ် တာဝန်ကျများကား ရေးမဆွကပင် အပေးအယူ မျှတပြီးသား ဖြစ်ကြလေသည်။

စစ်တောင်း မြစ်ကူးတံတားကြီး၏ စစ်ဆေးရေးဂိတ်တွင် တနာရီနီးပါးမျှ အချိန်ကုန်သွားသည်။ မိမိရှေ့မှကားတန်းများ စစ်ဆေး၍ မပြီးမချင်း မိမိအလှည့်ကို စောင့်ဆိုင်းနေသည်။ ယင်းအချိန်တွင် ဈေးရောင်းသူ ဈေးဝယ်သူများဖြင့် စစ်တောင်းတံတားဂိတ်တွင် စည်ကားနေလေသည်။ ကားပေါ်တွင် စီးနင်း

လိုက်ပါလာသော ခရီးသည်များ၏ အမျိုးသားမှတ်ပုံတင်နှင့် ကားပေါ်တွင်ပါလာသော ပစ္စည်းပစ္စများအား စစ်ဆေးခံပြီးနောက် ရန်ကုန်ဘားအံ ခရီးသည်တင် ကားကလေးသည် စစ်တောင်း တံတားကြီးကို ကျော်ဖြတ်ကာ တောင်စွန်းကားဂိတ်ဆီသို့ တရိုန်ထိုး ပြေးလာတော့သည်။

တောင်စွန်းသည် ကျိုက်ထိုမြို့နယ်၏ လက်အောက်ခံ ရွာကြီးတရွာမျှသာ ဖြစ်သော်လည်း မြို့တမြို့ပမာ စည်ကားနေသည်။ သားငါးလဲပေါ၍ အချက်အပြုတ်ကောင်းသော ထမင်းသည်များကြောင့် ဤသို့ စည်ကား နေခြင်းလည်းဖြစ်သည်။ နှင်းပုလဲဘူတာတွင် ရန်ကုန် မော်လမြိုင် ရထားဆိုက်ချိန်၌ ရထားစီးခရီးသည်များ ထမင်းထုပ်ကို ဝယ်ကြခြမ်းကြသည့် နည်းတူ ရန်ကုန်ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်သွား ခရီးသည်များ အတွက်မူ ကားသမားများက တောင်စွန်းထမင်းဆိုင် ရှေ့မှာပင် ကားကိုရပ်ပေးပြီး ထမင်းကို စားစေသည်။ ခရီးသည်အဝင်အထွက် များပြားသောကြောင့် တစတစဖြင့် မြို့ကလေးတမျှ စည်ကားနေလေသည်။ ထို့အပြင် စစ်တောင်းစက္ကူစက်သည် တောင်စွန်း၏ အမှတ်လက္ခဏာ တခုလည်း ဖြစ်နေပြန်လေသည်။ ကားဒရိုင်ဘာသည် သူနှင့်ချိတ်ရှိထားသော ထမင်းဆိုင်ရှေ့တွင် ကားကိုရပ်လိုက်သည်။

ကျနော်တို့လည်း အခြားခရီးသည်များနည်းတူ ထမင်းဆိုင်ထဲ လိုက်ဝင်ကြသည်။ ဤနေရာတွင် ကြိုတင်ပြောပြ ထားသည့်အတိုင်း မိမိကြိုက်နှစ်သက်ရာကို မိမိမှာစားနိုင်သည်။ ကြိုတင်ပေးထားသော ငွေဖြင့် မိမိထမင်းဘိုးကို မိမိပေးရမည်။ အထူးသဖြင့် တပိုင်းတည်းနှင့် တနေရာတည်း၌ စုမထိုင်ရန် သူတို့ကို ကျနော် ပြောပြထားပြီးဖြစ်သည်။
တောင်စွန်းတွင် ထမင်းစားချိန်မှာ တနာရီနီးပါးမျှ ကုန်သွားသည်။ ကားပြန်ထွက်သောအခါ နံနက်(၁၁)နာရီပင် ကျော်နေလေပြီ။ တောင်တက် တောင်ဆင်းများသောကြောင့် ကားသွားနှုန်းသည် နှေးလိုက် မြန်လိုက် ဖြစ်နေသည်။

သို့ရာတွင် ကျိုက်ထိုနှင့် သထုံလမ်း ပြန်ရောက် လာသောအခါ မြေပြန့် လွင်ပြင်လမ်းဖြစ်လာသည်။

ကားဒရိုင်ဘာသည် ကျိုက်ထိုကားဂိတ်တွင် ခရီးသည် အတင်အချပြီးသည်နှင့် ခပ်မြန်မြန်ပင် သထုံသို့ ဆက်ထွက်လာသည်။ သထုံရောက်သောအခါ နေ့လည် (၂) နာရီပင် ကျော်နေလေပြီ။ ကားသမားတိုင်း သထုံတွင် ဆီဖြည့်ကြသည်။ ခရီးသည်များအား တပို့တပါးသွားစေသည်။ ကားရပ်ချိန်သည် နာရီဝက်မျှပင်ကြာသည်။ သထုံမှဘားအံ့တဖက်ကမ်း မြိုင်ကလေးသို့ ကားပြန်ထွက်သောအခါ (၂) နာရီပင်ခွဲ နေပြီဖြစ်သည်။ ဤသို့ဖြင့် ညနေ (၄) နာရီလောက်တွင် ဘားအံ့တဘက်ကမ်း မြိုင်ကလေး လှေဆိပ်သို့ရောက်သည်။



**သံလွင်မြစ်**

ဤတွင် သံလွင်မြစ် ကြီးကို ကျနော်လှမ်း ကြည့်လိုက်သည်။ သံလွင်မြစ်သည် ကျနော့်အား များစွာ အကျိုးပြုခဲ့ဘူးသောကြောင့် များစွာ ကျေးဇူးတင်မိသည်။ သံလွင်ကတော့ စီးမြဲပင်နှင့် ဒို့ရဲ့သံလွင် ရုပ်ရှင်ဇာတ်ကား နှစ်ကား၏ ဝတ္ထုဇာတ်လမ်းသည် သံလွင်ကို အခြေခံ၍ ကျနော် ရေးသားခဲ့သည်။

ကျနော် လွတ်မြောက်နေမြေသို့ ရောက်သွားသော အခါတွင်မူ ထိုင်းနိုင်ငံဘက်မှနေ၍ သောင်ရင်းမြစ်မှ စုန်ဆင်း၍ သံလွင်မြစ်အတွင်း၌ အကြိမ်ပေါင်းများစွာ စုန်ဘူး ဆန်ဘူး ခဲ့လေသည်။

ကျနော် ဩစတြေးလျားနိုင်ငံသို့ ရောက်ပြန်သောအခါ နောက်ဆက်တွဲအဖြစ် ရင်ထဲတွင် သယ်ဆောင်လာခဲ့သော သံလွင် ဝေဒနာကိုအကြောင်းပြု၍ သံလွင်ရဲ့ဂန္ထဝင် အမည်ရှိ ကဗျာရှည်ကြီး တပုဒ်ကို ရေးသားကာ ထုတ်ဝေနိုင်ခဲ့ပြန်သည်။ မြစ်ကြီးသံလွင်နှင့် ကျနော်သည် ဤမျှပင် သံယောဇဉ် ကြီးမားခဲ့ဘူး လေသည်။ မြိုင်ကလေးလှေဆိပ်မှ ဘားအံဆီသို့ ကူးတို့စက်လှေများ တစီးပြီးတစီး ဝင်ထွက်နေကြသည်။ ကျနော်တို့ လှေသည် ယခုထိ မထွက်သေး၍ မေးကြည့်မိရာ ခရီးသည် လှေတစီးစာ မပြည့်သေး၍ စောင့်ခေါ်နေကြောင်း သိလိုက်ရသည်။ ဤတွင် ကျနော်လည်း လူအများရှေ့တွင် မျက်နှာကြာကြာ မပြလိုသဖြင့် လှေတစီးစာ ကျသင့်ငွေကို ဖြည့်ဆောင်းပေးလိုက်သည်။

မိုးရာသီကုန်စ ပြုလာပြီဖြစ်၍ သံလွင်မြစ်သည် ကြမ်းတမ်းခြင်းမရှိတော့ပဲ တည်ငြိမ် ရင့်ကျက်စပြုနေလေပြီ။ သံလွင်ကို ကူးနေစဉ် ဘားအံကမ်းခြေ၏ အလှအပများအား အတိုင်းသား မြင်နေရသည်။ အထူးသဖြင့် ကျနော်သည် အခေါက်ခေါက်အခါခါ အဖူးအမျှော်ရောက်ခဲ့သော ရွှေရင်မျှော်စေတီတော်ကြီးအားအဝေးမှ ဖူးမျှော်လိုက်ရသည်မှာ သပ္ပာယ်ကြည်ညို ဖွယ်ရာကောင်းလှပေသည်။

ဤသို့ဖြင့် ကူးတို့စက်လှေကလေးသည် မြိုင်ကလေးနှင့် တည့်တည့်ဖြစ်သော ဘားမဲ့ဆိပ်ကမ်းတွင် ထိုးဆိုက်လိုက်သည်။ ဆက်သားအမျိုးသမီးသည် လှေဆိပ်တွင် အသင့်ရှိနေသော မြင်းလှည်းတစီးကို ခေါ်လိုက်သည်။ ကျနော်တို့ မြင်းလှည်းပေါ်သို့ ခပ်မြန်မြန် တက်လိုက်ကြသည်။ ထို့နောက်သွားမည့်အရပ်ကို ဆက်သားအမျိုးသမီးက မြင်းလှည်းဆရာအား ပြောပြလိုက်သည်။ သို့ဖြင့် ကျနော်၏ တောထဲဆင်း ရန်ကုန်ဘားအံခရီးစဉ် ပထမနေ့သည် အဖုအထစ်မရှိချောမွေ့ခဲ့သည်။ အဆင်ပြေခဲ့သည်။ အပြည့်အဝပင်အောင်မြင်ခဲ့လေသည်။

# ဘားအံမှ ကော့ကရိတ်သို့

ညစာကို မမှောင်မီ စားလိုက်ကြသည်။ အကြောင်းမှာ ဘားအံ လျှပ်စစ်မီးသည် လည်း ရန်ကုန်မီးကဲ့သို့ပင် စိတ်မချရ။ ပြီးလျှင် မနက်ဖြန် ရှေ့ဆက်ရမည့် ခရီးစဉ်အတွက် ဆက်သားအမျိုးသမီးနှင့် ကျနော် ဆက်လက် ဆွေးနွေးကြ သည်။ ဘားအံတွင် ကျနော့်အသိအကျွမ်း များစွာရှိသည်။ ထို့ကြောင့် ဘားအံ မှ ခပ်မြန်မြန် ထွက်ခွာလိုသည်။ လွန်ခဲ့သော ငါးလ ခြောက်လခန့်တွင် ကျနော် ၏ ထောင်ထွက်သတင်း နှင့် ဓါတ်ပုံသည် သတင်းစာနှင့် ရုပ်မြင်သံကြားတွင် ပါခဲ့သဖြင့် ယင်းအတွက် နယ်ထောက်လှမ်းရေးအဖွဲ့များ ကျနော့်အား မှတ်မိ ကောင်းမှတ်မိနိုင်သည်။ ထို့ကြောင့် ရှင်လောင်းလှည့်သလို အများမြင်သာ သော ခရီးလမ်းမှဖြစ်နိုင်လျှင် မသွားလို။ ဆိုလိုသည်မှာ ဘားအံမှမြန်မြန် ထွက်ပြီး ကျနော့်အတွက် ပိုမိုလုံခြုံစေမည့်တောလမ်းမှ ကျနော်သွားချင်သည်။

ဆက်သားအမျိုးသမီး စီစဉ်ထားသည့် ခရီးစဉ်အရ မနက်ဖြန်တွင် ဘားအံမှ ထွက်မည်ဆိုသဖြင့် ကျနော့်ဆန္ဒအတိုင်း တထပ်တည်းဖြစ်သွားသည်။ သို့ရာ တွင် သူ၏ ဒုတိယအစီအစဉ်မှာ တောလမ်းက မသွားဘဲ ဘားအံမှကော့ကရိတ် ကော့ကရိတ်မှ မြဝတီသို့ ကားဖြင့်သွားရန် စီစဉ်ထားပြီး ဖြစ်၍ သူနှင့်ကျနော် ထပ်မံ ဆွေးနွေးကြရ ပြန်လေသည်။

အတွေ့အကြုံနှင့် ခရီးလမ်း ကျွမ်းကျင်ပြီးဖြစ်သော ဆက်သားအမျိုးသမီးသည် ကျနော့်အား သူ့အစီအစဉ်ကို အသေးစိတ် ရှင်းပြရှာသည်။ မနက်ဖြန်တွင် ကားတန်းသည် ဘားအံမှမြဝတီအထိသွားမည်။ ယင်းကားတန်းအား ဦးဆောင် သွားမည့်သူမှာ တပ်ရင်းမှူးဖြစ်ကြောင်း တပ်ရင်းမှူးသည် အမိန့်နှင့် တာဝန်အရ မြဝတီတွင်ရှိသော ဆင်ကို သွားယူမည်ဖြစ်ကြောင်း။ သို့ဖြစ်၍ ယင်းကားတန်း ထဲ၌ ခရီးသည်တင်ကားများနှင့် ကုန်တင်ကားများပါ လိုက်ပါသွားကြမည် ဖြစ်

ကြောင်း သူ့အနေနှင့် လူစီးကုန်တင် တိုယိုတာကားကလေးကို အသင့်ငှား ထားပြီးဖြစ်ကြောင်း ကားတန်းထဲတွင် အတူတကွ လိုက်ပါသွားကြမည် ဖြစ်ကြောင်း သူ့အစီအစဉ်ကို ဆက်သားအမျိုးသမီးက ရှင်းပြလေသည်။

ဤတွင် ကျနော်သိထားသော အရေးကြီးသည့် အချက်တချက် ဖြစ်သည့် ဘားအံမှထွက်သည့် ကားတိုင်း ထောက်လှမ်းရေးရုံးသို့ လူနှင့်တကွ ကားကို သွားပြရသည့်အချက်နှင့် ဘားအံမှအထွက် ထောက်လှမ်းရေးဂိတ်ကို ကျော် ဖြတ်ရသည့် အချက်တို့ကို ကျနော်က ဆက်သားအမျိုးသမီးအား ပြန်မေးလိုက် သည်။

ကျနော် အထက်တွင် ဆိုခဲ့ပြီးဖြစ်သည့်အတိုင်း ကျနော့် ဆက်သားအမျိုးသမီး သည် အတွေ့အကြုံရှိသည်။ ရဲရင့်သွက်လက်သည်ဖြစ်၍ ယင်းကိစ္စများကို လည်း သူစီစဉ်ထားပြီးဖြစ်ကြောင်း ပြန်လည်ပြောပြသည်။ နောက်ဆုံးအနေနှင့် ဘားအံအထွက် ထောက်လှမ်းရေး ဂိတ်လွန်သော်မှ ကားပေါ် ပြန်တက်လျှင် မကောင်းဘူးလား ဟူသော မေးခွန်းကိုပင် သူက တခါတည်း ပယ်ချလိုက်လေ သည်။ ကျနော် ဘာမှမပြောသာတော့။ ဘာမှလည်း ပြော၍ မဖြစ်တော့။ ကျနော့် ဘ၀ တခုလုံးအား ဆက်သားအမျိုးသမီး၏ လက်ထဲသို့ ၀ ကွက် အပ်လိုက် ရတော့သည်။ ထိုနေ့ည အိပ်ယာဝင်သောအခါ အိမ်တွင် ကျန်ရစ်ခဲ့ သော ဇနီးသမီးနှင့်သားတို့၏ မျက်နှာများကို ပြန်လည် မြင်ယောင်နေမိသည်။ နောက်တနေ့ အိပ်ယာမှ နိုးလာသောအခါ ဆက်သားအမျိုးသမီး၏ အစီအစဉ် ဖြင့် နံနက်စာကို စောစော စားလိုက်ကြရသည်။ နံနက် ၉ နာရီခန့်တွင် ကျနော် တို့ သားအဖ သုံးယောက်အား ဆက်သားအမျိုးသမီးက ဦးဆောင်၍ ကား ဆရာအိမ်သို့ ခေါ်ဆောင်လာသည်။ ကားဆရာသည် ခရီးဝေးသွားမည်ဖြစ် သောကြောင့် သူ့တိုယိုတာကားကလေးအား သေချာသည်ထက်သေချာစေ ရန် ကြည့်ရှု စစ်ဆေး နေရှာသည်။

ကျနော်သည် ဆက်သားအမျိုးသမီးက တိုးတိုး တိတ်တိတ် ပြောပြထားပြီးဖြစ်၍ ကားဆရာသည် စစ်သားလူထွက် တစ်ယောက်ဖြစ်ကြောင်း သိထားပြီးဖြစ်သည်။ နာရီဝက်ခန့်ကြာလျှင် ယင်းကားကလေးဖြင့် ကျနော်တို့ ဘားအံမြို့ထဲသို့ လာခဲ့ကြသည်။ ကရင်အမျိုးသား ဝတ်စုံများရောင်းသော ဆိုင်တဆိုင် အရောက်တွင် ဆက်သားအမျိုးသမီးက ကားပေါ်မှဆင်းစေပြီး ထိုဆိုင်တွင် နားနားနေနေနေရန် နေရာချထားပေးသည်။ ကားဆရာမှူ ကျနော်တို့ ကားပေါ်မှ ဆင်းသည်နှင့် ကားမောင်း ၍ ပြန်ထွက်သွားလေသည်။

ထိုမှ နာရီဝက်ခန့် ကြာလျှင် ကားဆရာ ပြန်ရောက်လာသည်။ ကားဆရာနှင့် ဆက်သားအမျိုးသမီးတို့ တီးတိုးပြောဆိုနေကြသည်။ ဆက်သားအမျိုးသမီးက ကားဆရာအား သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်သည်ကို ကျနော် မြင်လိုက်သည်။ ဤတွင် ကားဆရာသည် ကားမောင်း၍ ခပ်မြန်မြန်ပင် ပြန်လည်ထွက်ခွာသွားပြန်သည်။

ဆက်သားအမျိုးသမီးသည် ကျနော့် ထိုင်ခုံဘေးတွင် လာထိုင်သည်။ ပြီးလျှင် နှစ်ကိုယ်ကြား ကျနော့်ကို ပြောပြသည်။ "ကြက်သွန်ကုန်တွေ မြဝတီအထိရလို့ ကားဆရာ သွားတင်နေတယ်ဆရာ။ လုံခြုံ ရေးအရ ပိုပြီး ကောင်းသွားတယ်.." ကျနော် ဘာမှမပြောဖြစ်။ ဆက်သားအမျိုးသမီး ပြောသမျှနှင့် လုပ်သမျှကို ကျနော်ခေါင်းညိတ် သဘောတူရန်သာ အသင့်ရှိနေပါတော့သည်။ ၁၅ မိနစ် ကြာလျှင် ကားဆရာ ကားမောင်း၍ ပြန်ရောက်လာသည်။ နံနက်ခင်းက ဝမ်းဟောင်းလောင်း ဖြစ်နေသော ကားဝမ်းတိုက်ထဲတွင် ကြက်သွန်အိတ်များ ဖြင့်ပြည့်မောက်လာသည်။ ကျနော်သည် လူမြင်မခံ ရဲသောကြောင့် ကား အတွင်းပိုင်း နေရာရှိ ကြက်သွန်အိတ်များပေါ်တွင် နေရာယူလိုက်သည်။

လူနှင့်ကုန်ပါ တင်ပြီးဖြစ်သော ကျနော်တို့၏ လူစီးကုန်တင် ကားကလေးသည် မြို့လယ်ခေါင် လမ်းချိုးများကို ကွေ့ပတ်ပြီးနောက် မြေကွက်လပ် တနေရာ

အရောက်၌ အသင့်တန်းစီနေပြီးဖြစ်သော ကားတန်းကြီး တနေရာတွင် နေရာဝင်ယူလိုက်လေသည်။ လမ်းခရီးတာဝန်ခံ တပ်ကြပ်ကြီးတဦးသည် တန်းစီထားသော ကားတန်းမှ ကားအရေအတွက် စာရင်းကို ရေးမှတ်ယူနေသည်။ ခဏကြာလျှင် ခရာမှုတ်သံနှင့်အတူ ကားတန်းရှည်ကြီးသည် စတင်ရွေ့လျားလာလေသည်။ ဆက်သားအမျိုးသမီး၏ ပြောပြချက်အရ တပ်မှူး၏ကားသည် ကားတန်း၏ ရှေ့တွင်ပါလာသည်။ ထိုနေ့က ကားတန်းတွင် ပါလာသော ကားစီးရေပေါင်းသည် ကားကြီးကားငယ် စုစုပေါင်း နှစ်ဆယ်ကျော်ခန့်ရှိမည်ဟု ကျနော်ထင်သည်။ ဘားအံမြို့အထွက် ဂိတ်ဆီသို့နီးကပ်လာလျှင် ကားအသွားနှုန်းသည် မြို့တွင်းသွားနှုန်းထက် မြန်လာသည်။ ဆက်သားအမျိုးသမီး ပြောပြထား၍ သိထားသည်မှာ နောက်ဆုံးဖြစ်သော ထောက်လှမ်းရေးဂိတ်ကို ကျော်ဖြတ်ပြီးမှသာ ဘားအံမြို့ပြင်ဘက်သို့ ရောက်မည်ဖြစ်သည်။ ဤတွင် ရင်ထဲရှိ စိုးရိမ်ကြောင့်ကျမှု ဝေဒနာက တစ်ဆို့ဆို့ ကြီးဖြစ်နေဆဲဖြစ်သည်။ သို့ရာတွင် အတွေ့အကြုံ ဉာဏ် ပညာတို့ဖြင့် ကြိုတင် စီစဉ်ထားသောကြောင့် ကျနော်တို့ ကားကလေး ဘားအံမြို့ပြင်အထွက် ထောက်လှမ်းရေးဂိတ်သို့ ရောက်လာလျှင် အခြားသောကားများအား ရပ်တန့်ခိုင်းသော်လည်း ကျနော်တို့ကားကိုမူ ဤအတိုင်း သွားခွင့်ပြုလိုက်သည်။ ထိုနေ့က တာဝန်ကျ ရဲဘော်လေးသည် ကျနော်တို့၏ စစ်သားဒါရိုက်ဘာကြီးကိုပင် လှိုက်လှဲစွာ နှုတ်ဆက်လိုက်ရှာသေးသည်။



**ပဒိုချား** (ပုသိမ်ဇာတိ)

# သာမညတောင် ဆရာတော်

ကျနော်တို့၏ လူစီးကုန်တင်ကားကလေးသည် ဘားအံဂိတ်အထွက်၌ ရပ်တန့် ပေးခြင်း မခံရသောကြောင့် ဖွဲကပင်တောင်ကြီးနှင့်အတူ ရှေ့မှနေ၍ အပြိုင် ပြေးနေလေသည်။ ကျနော်သည် ကြက်သွန်အိတ်ပေါ်တွင် မသက်မသာ လိုက် ပါရင်း အတိတ်တွင်ရှိခဲ့သော ကရင်ပြည်နယ်နှင့် ပတ်သက်သည့်အကြောင်း အရာများကို ပြန်လည် မြင်ယောင်မိသည်။

၁၉၆၀ ခုနှစ်တွင် ဖြစ်သည်။ ဘားအံမြို့တွင် ကရင်အမျိုးသား ယဉ်ကျေးမှု ဖော် ထုတ်ရေး ညီလာခံတရပ်ကို ကျင်းပခဲ့သည်။ ထိုစဉ်က ကျနော်သည် ဧရာဝတီ တိုင်း ပဲခူးတိုင်း ရန်ကုန်တိုင်း ကိုယ်စားလှယ်များနှင့်အတူ သီးသန့် မီးရထား တွဲဖြင့် ရန်ကုန်မှမုတ္တမအထိ လာခဲ့သည် (သထုံမြိုင်ကလေးလမ်းကား မပေါက် သေးချေ)။ မော်လမြိုင်အရောက်တွင် မော်လမြိုင်မှ ဘားအံသွား ဧရာဝတီ နှစ်ထပ်သင်္ဘောဖြင့် သံလွင်မြစ်ကြောင်းအတိုင်း ဘားအံသို့လာရသည်။ ဤခရီးသည် ကျနော့်အဖို့ သံလွင်မြစ်ကြီးအား ပထမဆုံး တွေ့ဘူး မြင်ဘူးခြင်း ပင် ဖြစ်လေသည်။

ကရင်ပြည်နယ်အစိုးရ၏ ရုံးအဆောက်အဦးများသည် ထိုစဉ်က တဝက်တပျက် မျှသာ ပြီးစီးပေသေးသည်။ သို့ဖြစ်၍ ညီလာခံ အခမ်းအနားအား ဘားအံ အထက်တန်းကျောင်းတွင် ကျင်းပရသည်။ ယဉ်ကျေးမှု ဖော်ထုတ်ရေး ညီလာခံ သည် ၃ ရက်တိုင်တိုင် ကျင်းပသောကြောင့် စာပေယဉ်ကျေးမှု အနုသုခုမပညာ သမိုင်းစသဖြင့် အပိုင်းပိုင်း တင်ပြ ဆွေးနွေးကြသည်။

တနိုင်ငံလုံး အတိုင်းအတာဖြင့် ကိုယ်စားပြုကာ ပါဝင်တက်ရောက် ဆွေးနွေး သောကြောင့် ယေဘုယျအားဖြင့် ပြည့်စုံသည်ဟုလည်း သုံးသပ်နိုင်သည်။

ယင်းယဉ်ကျေးမှု ဖော်ထုတ်ရေးညီလာခံအား ကမကထပြု၍ ဦးဆောင်သူမှာ ကရင်ပြည်နယ်အစိုးရနှင့် အစိုးရဥက္ကဋ္ဌဝန်ကြီး ဒေါက်တာစောလှထွန်းဖြစ်သည်။

ညီလာခံနောက်ဆုံးနေ့တွင် အမြဲတမ်း ကော်မတီတရပ်ကို ဖွဲ့စည်းလေရာ ညီလာခံက ကျနော့်အား တွဲဘက်အတွင်းရေးမှူးအဖြစ် ရွေးချယ်ခဲ့ကြရသည်။ ပြီးလျှင် ညီလာခံရပ်နားပေးသည့် တခုသောနံနက်ခင်း၌ ဖွဲ့ကပင်တောင်ပေါ်သို့ တက်ကြလေရာ မော်လမြိုင်ဆေးရုံကြီးမှ ဆရာမလေးများနှင့် အတူတွဲ၍ တောင်ပေါ် တက်ခဲ့ရသည့် ခရီးသည် ထိုစဉ်က ကျနော့်အဖို့ ကြည်နူးဖွယ်ရာ အကောင်းဆုံး ဖြစ်ခဲ့ရလေသည်။

ပြီးနောက် ညီလာခံ၏ နောက်ဆုံးနေ့နှင့် နောက်ဆုံးညပင် ဖြစ်သည်။ ကရင်ပြည်နယ် အစိုးရအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ စောလှထွန်းသည် ညီလာခံ ကိုယ်စားလှယ်များအား နိုင်ငံတော် ညစာဖြင့် ဧည့်ခံကျွေးမွေးသည်။



နော်လီဇာ ဘင်စင်

ယင်းနိုင်ငံတော် ညစာစားပွဲတွင် တည်ရှိနေသော ကြီးကျယ်မှု ခမ်းနားမှု လှပမှုများ ပေါ်၌ ထပ်ဆင့်၍ သရဖူဆောင်းထားသည်ကား မယ်ဗမာ နိုင်ငံကျော်ရုပ်ရှင် မင်းသမီးနှင့် ရန်ကုန် တက္ကသိုလ်နည်းပြ ဆရာမ နော်လီဇာဘင်ဆင်၏ ထင်ပေါ်ကျော်ကြားမှု လှပမှုနှင့် အရာရာကို ဆွဲဆောင်နိုင်မှုတို့ပင်ဖြစ်သည်။

ဤသို့ဖြင့် ကျနော်သည် အတိတ်၌ လွင့်မျောနေစဉ် မော်တော်ကားကလေးသည် ဘားအံမှ ထွက်ခွာလာ၍ နှစ်နာရီခန့် အကြာ အိန္ဒြူရွာကြီးတွင်ထိုးရပ်လိုက်လေသည်။ ဤတွင်ကျနော်၏ အတိတ်မှ အတွေးများသည်လည်း မိုးတိမ်တိုက်တို့၏အလယ်၌ လွင့်ပါးပျက်ပြယ် သွားလေတော့သည်။ ဆက်သားအမျိုး

သမီးက အိန္ဒုတွင် နာရီဝက်ခန့်ရပ်နားမည်။ သူ့အတွက် လုပ်စရာများလည်း ရှိသည်။ ကားပေါ်မှဆင်းကြ၍ လှုက်ရည်သောက်နိုင်ကြောင်းဆိုသဖြင့် ကျနော် တို့သားအဖ ကားပေါ်မှ ဆင်းလိုက်ကြသည်။ အိန္ဒုသည် တိုက်နယ် အဆင့်ရှိ ရွာကြီးတရွာဖြစ်သည်။ ထိုင်းမြန်မာနယ်စပ်မှတဆင့် ဘားအံသို့ မော်င်ခိုကုန် ဝင်ထွက်သည့် အဓိက လမ်းကြောင်းကြီး တခုပင်ဖြစ်သည်။

၁၉၆၅ ခုနှစ်လောက်က ဖြစ်သည်။ ကျနော်သည် 'သံလွင်ကတော့စီးမြဲပင်' ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရန်အတွက် ရိုက်ကွက်များကြည့်ရန် ကရင်ပြည်နယ် သို့လာစဉ် ရုပ်ရှင်ဒါရိုက်တာနှင့် စာရေးဆရာ မြင့်မောင်(ဦးမြင့်မောင်) နှင့်အတူ ယင်း အိန္ဒုရွာကြီးသို့ ပထမဆုံး အခေါက်အဖြစ် ရောက်ခဲ့ဖူး ပြီးဖြစ်သည်။


ဒေါက်တာ စင်သီယာမောင်

ထိုင်းနိုင်ငံ မဲဆောက်မြို့ "မယ်တော်" ရပ်ကွက်တွင် ဆေးရုံဖွင့်ထားသော ဒေါက်တာစင်သီယာသည် ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံမတိုင်မီ ယခု အိန္ဒုရွာကြီးတွင် ဆေးခန်း ဖွင့်လှစ်ခဲ့သေး သည်။ အရေးတော်ပုံ စတင်လာသော အခါ ဒေါက်တာစင်သီယာသည် ကျောင်း သားများနှင့်အတူ အိန္ဒုမှ ထွက်လာကြောင်း နောက်ပိုင်းတွင် ကျနော်သိခဲ့ရသည်။ အိန္ဒု တွင်ကား ရပ်နား၍ နာရီဝက်ခန့်ကြာလျှင် ဆက်သွားအမျိုးသမီးသည် ကားဆရာနှင့် အတူကားဆီသို့ ပြန်လာသည်။ ကျနော်တို့ သားအဖလည်း အလိုက်သိစွာ ကားပေါ်သို့ ပြန်တက်လိုက်ကြ သည်။



ကားမထွက်မီကလေးတွင် ဆက်သားအမျိုးသမီးသည် ခရီးတလျှောက်၌ အန္တရာယ်ကင်း ဘေးကင်း၍ လိုရာခရီး ရောက်စေရန်အလို့ငှာ သာမညတောင်နှင့် သာမညဆရာတော်ထံ ဝင်ရောက်ဖူးမျှော်မည့် အစီအစဉ်ကို ကျနော့်အား ပြောပြသည်။

ကျနော်လည်း သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်သည်။ အိန္ဒူနှင့် သာမညတောင်သည် မဝေးလှချေ။ မိနစ်သုံးလေးဆယ်ခန့် မောင်း လျှင် သာမညတောင်ခြေ အဝင်ဝဖြစ်သော မြေညီလမ်းကလေးသို့ ရောက်လာ သည်။ ယင်းလမ်းကား အိန္ဒူဘက်မှ အဝင်လမ်းဖြစ်သည်။

ကော့ကရိတ်ဘက်မှ အဝင်အထွက်လမ်းမှူ သာမညတောင်၏ တောင်ကျော တဖက်တွင်ရှိသည်။ အိန္ဒူနှင့် ကော့ကရိတ်ဘက် အဝင်အထွက်လမ်း နှစ်ဖက် စလုံးမှပင် လမ်းတလျှောက်၌ ဆရာတော်အား အမှီပြုလျက် မြို့ကလေးပမာ အိမ်ခြေ ယာခြေများ တိုးတက်များပြားလာကာ စည်ကားနေလေသည်။

ကျနော်တို့ သာမညတောင်သို့ ရောက်သွားချိန်သည် နေ့လည် သုံးနာရီပင်ရှိ လေသည်။ သို့ရာတွင် ဆရာတော်အား လာရောက်ဖူးမျှော်သော ဧည့် ပရိသတ်များအား အိမ်ရှင်ဒကာဒကာမများက စေတနာထက်သန်စွာဖြင့် ကျွေးမွေး ဧည့်ခံနေဆဲ ဖြစ်လေသည်။ ကျနော်တို့အဖို့ နံနက်စာကို ဘားအံ တွင်စားခဲ့၍ လ္ဘက်ရည်နှင့်မုန့်အချို့ကို အိန္ဒူတွင် စားသောက်ခဲ့ပြီး ဖြစ်၍

အလှူရှင်နှင့် အိမ်ရှင်များအား နံနက်စာ မစားလိုတော့ကြောင်း တောင်းပန်စကား ပြောရလေသည်။


သာမညတောင် ဆရာတော်သည် သာမည တောင်ငယ်တွင် တရားထိုင်သည်။ တောင်ခြေမဏ္ဍပ်သို့ တရားပေးရန် ညနေ ၅ နာရီ မှ ကြွရောက်တော် မူလေ့ရှိသည်။ ကျနော်တို့သည် ရှေ့ခရီးဆက်ရန်ရှိ နေသေး၍ ဆရာတော်ကြွလာမည့် အချိန်ကို မစောင့်နိုင်တော့ချေ။ ဆရာတော်၏ ဒကာ ဒကာမများက ဆရာတော် သိဒ္ဓိတင်ထားသော ကွမ်းယာကို ကျွန်တော်တို့ကိုပေးကြသည်။ ကျွန်တော်တို့သည် ဆရာတော်အား ကိုယ်တိုင်ဖူးခွင့်မရသော်လည်း ဆရာတော်၏ ဂုဏ်ကျေးဇူးများကို အာရုံပြု၍ သိဒ္ဓိကွမ်းယာအား မြိန်ယှက်စွာပင် စားလိုက်ကြရလေသည်။ မော်တော်ကားကလေးသည် သာမညတောင်အား ကွေ့ပတ်ကာ ကော့ကရိတ် အကွေ့လမ်းအတိုင်း မောင်းနှင်လာသည်။ ခဏကြာလျှင် ဘားအံ ကော့ကရိတ် လမ်းမကြီးပေါ်မှတဆင့် ဂျိုင်းမြစ်ကူးတို့ဆိပ်သို့ ဦးတည်၍ မောင်းနှင်နေလေသည်။




**မောင်မောင်လတ်၊ ရဲနိုင်၊ စင်ကြယ်၊ မြဝတီရဲခေါင်။**

# မရဲသော်လည်း ပြေးခဲ့ရ

ကျနော်သည် ၁၉၇၈ ခုနှစ် ဝမ်ခမှ ဆင်းလာသောအခါ ဆင်တောင် ကုလားမတောင် အစရှိသော ရောမတောင်မြင့် တောင်တန်းကြီးများကို ကျော်ဖြတ်၍ ချောင်းဖျားမှတဆင့် ကျုံဒိုးသို့ ရောက်ခဲ့ဘူးသော်လည်း ကော့ကရိတ်သို့ကား မရောက်ခဲ့ဘူးချေ။ သို့ဖြစ်၍ သာမညတောင်မှ ဂျိုင်းမြစ်ဆိပ်သို့လာသည့် လမ်းခရီး၏ ရှုခင်းများသည် ကျနော့်အဖို့ အသစ်အဆန်းများ ဖြစ်နေပြန်သည်။ အထူးသဖြင့် ယင်းခရီးအတွင်း၌ ကားလမ်းနှင့် တောင်တန်းသည် ပြေးတန်း လိုက်တန်း ကစားနေပြီး တခါတရံ ဝေးသွားလိုက် တခါတရံ နီးကပ်လာလိုက်ဖြင့် ရှိနေတတ်သည်။ တခါတရံကျပြန်တော့လည်း ရှုမျှော်၍ မဆုံးနိုင်သော လွင်ပြင်ကြီးများကို မြင်ရပြန်လေသည်။ ဤသို့ဖြင့် တနာရီ အတွင်း၌ ဂျိုင်းမြစ်ကူးတို့ဆိပ်သို့ ရောက်လာသည်။ ကျနော်တို့ ဂျိုင်းမြစ်ဆိပ်သို့ ရောက်ရှိချိန်တွင် အနောက်ဖက်ကမ်း၌ ကားနှင့်လူပါ ရှင်းလင်းနေသောကြောင့် ကျနော်တို့ ကားကလေးသည် မြန်မြန်ထက်ထက်ပင် ကူးတို့ ဖယ်ရီ ပေါ်သို့ ရောက်သွားသည်။


Adoniram Judson

ဂျိုင်းမြစ်အား ယခုမှပင် နဖူးတွေ့ဒူးတွေ့ တွေ့မြင်ရသော်လည်း ဂျိုင်းမြစ်၏ နောက်ခံသမိုင်းကိုကား ရေးမဆွကပင် ကျနော်သိထားပြီး ဖြစ်လေသည်။ အထူးသဖြင့် ဆရာယုဒသန်(ဒေါက်တာဂျဒ်ဆင်) သည် ယင်း၏ သာသနာဌာနချုပ်အား နိုင်ငံရေးနှင့် စစ်ရေးကြောင့် ရန်ကုန်မှ ကျိုက္ခမီနှင့် မော်လမြိုင်သို့ ပြောင်းရွှေ့လာပြီး နောက်၌ ကျိုက်က္ခမီ မော်လမြိုင်မှတဆင့် ယင်းဂျိုင်းမြစ်ကိုဆန်၍ လှိုင်းဘွဲ့မြို့နယ်

အတွင်းသို့ ခက်ခက်ခဲခဲဖြင့် လေးခေါက်တိတိ ရောက်ခဲ့ဘူးကြောင်း။ ကျနော်၏ ယုဒသန်နှင့် မြန်မာရွှေပြည်စာမူ၌ ဖော်ပြထား၏။ ထိုစဉ်က စာပေစိစစ်ရေးက စာရေးသူသည် ခရစ်ယာန် မပဟုတ်ဟူသော အကြောင်းပြချက်ဖြင့် ပယ်ချပစ်ခဲ့သည်။

သို့ဖြင့် ယုဒသန်နှင့် မြန်မာရွှေပြည်သည် စာအုပ်အဖြစ် ထွက်မလာနိုင်တော့ချေ။ ဂျိုင်းမြစ်ဟူ၍ ခေါ်တွင်သော်လည်း ဂျိုင်းမြစ်သည် ကျနော်တို့၏ ရွှေလောင်းချောင်းမျှသာ ကျယ်သည်။ ဂျိုင်းမြစ်၏ ထူးခြားမှုသည် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အတွင်းသို့ စီးဝင်သွား ပြီးနောက် ကော့ကရိတ်မြို့နယ် ကံ့ုဒိုးအနီးသို့ ရောက်ပြန် လာသောအခါ တဖန် အတ္တရံမြစ်အတွင်းမှ သံလွင်မြစ် အတွင်းသို့ စီးဝင်သွား ပြန်လေသည်။

ကူးတို့ဖယ်ရီသည် ကျနော်တို့ ကားကလေးအား ဆယ်လေးငါးမိနစ် အတွင်း၌ တဘက်ကမ်းသို့ ပို့ဆောင်ပေးနိုင်လိုက်လေသည်။ သို့ရာတွင် တိုယိုတာကားကလေးသည် ဖယ်ရီပေါ်မှ ကမ်းပေါ်သို့ အတက်တွင် ဖယ်ရီသံပေါင်ဖြင့် ခိုက်မိသွားသောကြောင့် ကားဦးပိုင်းမှ ဘန်ပါမှာ ခေါက်သွားလေတော့သည်။ ဤတွင် ဂျိုင်းမြစ် အရှေ့ဘက်ကမ်း (ကော့ကရိတ်မြို့နယ်) အရောက်၌ စစ်တပ်နှင့် ရဲတပ်စု နှစ်စုအားမမျှော်လင့်ဘဲ ဘွားကနဲတွေ့မြင်လိုက်ရ ပြန်လေသည်။ စစ်သားအချို့သည် ကားလမ်းဘေးနှင့် သစ်ပင်အောက်တွင် ထိုင်နေကြ၍ အချို့သည်ထမင်းဆိုင်နှင့် လွှက်ရည်ဆိုင်များတွင်ထိုင်နေကြသည်။ အကြောင်းကို စုံစမ်းကြည့်သောအခါ ကျနော်တို့ကားသည် ဂျိုင်းဆိပ်သို့ ဦးစွာရောက်နှင့်နေပြီး တပ်ရင်းမှူးကား ရောက်မလာသေး၍ ဂျိုင်းမြစ်အရှေ့ဘက်ကမ်းတွင် တပ်ရင်းမှူး၏ လုံခြုံရေးအတွက် ကော့ကရိတ်ရှိ စစ်တပ်နှင့် ရဲတပ်နှစ်စုက လာရောက် စောင့်နေခြင်းဖြစ်ကြောင်း သိရလေသည်။

ဤတွင် ကျနော်တို့ မျက်နှာကို ရှောင်လွှဲဖုံးကွယ်၍မရတော့ချေ။ ပြေးချင်စိတ် ပေါက်နေသော်လည်း ပြေးပေါက်က မရှိတော့။ ကားဆရာသည် ချိုင့်ဝင်သွားသော ဘန်ပါကို အထူးကြိုးစား ပြင်ဆင်နေလေသည်။ ပြင်ဆင်၍ ပြီးသည်နှင့် အမြန်ဆုံး ပြန်လည်ထွက်မည်ဖြစ်ကြောင်းကိုလည်း ဆက်သားအမျိုးသမီးက အားတုံ့အားနာစွာဖြင့် ကျနော့်ကိုပြောလာသည်။ ကျနော်သည် ပြောင်တလင်းခေါင်တွင် ထီးထီးနှင့်ထင်းထင်း နေခြင်းထက် ရောရောနှောနှော နေသည်မှာ ဖုံးကွယ်ခြင်းတမျိုး ဖြစ်နိုင်သည်ကို သဘောပေါက်သည်။ စစ်သားများ ထိုင်နေသော ထမင်းဆိုင်ထဲတွင် ရောနှောထိုင်နေလိုက်ပြီး ထမင်းတပွဲကို မစားချင်စားချင်ဖြင့် မှာစားရလေသည်။ ဤသို့ဖြင့် နောက်ထပ် နာရီဝက်ခန့် ကြာလျှင် ဟိုထု သည်ရိုက်ဖြင့် ချိုင့်ဝင်သွားသော ဘန်ပါသည် ပြန်လည် ကောင်းမွန်သွားလေသည်။

ကားဆရာသည် ရေစပ်တွင်ရှိနေသော သူ့ကားကို ကမ်းပေါ်သို့ မောင်းတင်လာသည်။ ကျနော်တို့သားအဖလည်း ခပ်မြန်မြန်ပင် ကားပေါ်သို့ တက်လိုက်ကြသည်။ ကျနော်တို့ကားကလေးသည် ဂျိုင်းမြစ် အရှေ့ဘက်ကမ်းမှ ထွက်ခွာလာသည့် တိုင်အောင် တပ်ရင်းမှူး၏ ကားသည် ဂျိုင်းမြစ် အနောက်ဘက်ကမ်းကူးတို့ဆိပ်သို့ ရောက်၍မလာသေးချေ။ ကော့ကရိတ်သို့ ရောက်ချိန်တွင် ညနေ ၅ နာရီထိုးလေပြီ။ သို့ရာတွင်ထိုနေ့က နေသာသောကြောင့် ကျနော့်ဆက်သားအမျိုးသမီးအဖို့ သူတာဝန်ယူ၍ဆောင်ရွက်ရသည့် လုပ်ငန်းအတွက် အခက်အခဲ မရှိလှချေ။ ကားဆရာသည် ကော့ကရိတ်မြို့ထဲသို့ မဝင်ဘဲ ကော့ကရိတ်နှင့်မြဝတီ အဝင်အထွက် ကားဂိတ်ဆီသို့ ကားကိုတိုက်ရိုက်မောင်းလာသည်။ ယင်းအချိန်သည် မြဝတီမှဆင်းလာသော ကားများရောက်ချိန်ဖြစ်၍ ကားဂိတ်တွင် ပွဲခင်းတမျှ စည်ကားနေလေတော့သည်။ ထိုစဉ်ထိုအခါ ထိုဒေသမှ လူများသည် လူလူချင်း အာရုံစိုက်ဖို့ထက် ကုန်ပစ္စည်းနှင့်ငွေကြေး အပေါ်တွင်သာ အာရုံစူးစိုက် နေသောကြောင့် ကျနော်တို့အဖို့ တမျိုးပင် ကံကောင်းသေးသည်ဟု ယူဆရတော့သည်။

ကျနော်တို့သားအဖသည် ကားပေါ်မှဆင်း၍ လူသူထူထပ်သော လမ်းဘေးတွင်ထွက်နေလိုက်သည်။ ခဏကြာလျှင် တပ်ကြပ်ကြီးတဦးနှင့် ကျနော့်ဆက်သားအမျိုးသမီး ကားဆရာတို့တနေရာတွင် ခေါင်းချင်းဆိုင်၍ ဆွေးနွေးနေကြသည်ကို ကျနော်လှမ်း၍ မြင်လိုက်ရသည်။ ကျနော် မသိကျွမ်းကျင်ပြု၍ နေလိုက်သည်။ နောက်ပိုင်းတွင်မှ ကျနော်သိရသည်မှာ လူတွေလည်းပါလာ ကြက်သွန်ကုန်တွေလည်း ပါလာသောကြောင့် ယင်းလူစီး ကုန်တင်ကားကလေးအား ကော့ကရိတ်မှမြဝတီသို့ မည်ရွေ့မည်မျှဖြင့် စစ်တပ်က ကယ်ရီလိုက်ပေးနိုင်မည်ကို ဆွေးနွေးကြရာ ၃၀၀၀ ကျပ် ဖြင့် ဈေးတည့်သွားကြောင်း ဆက်သားအမျိုးသမီးက ပြန်ပြော၍ သိရလေသည်။ ယင်းကဲ့သို့ ဈေးတည့်သွားပြီးနောက်တွင် တပ်ကြပ်ကြီးသည် ကျနော်တို့ ကားကလေးအား ဦးဆောင်၍ ကော့ကရိတ် ဂေါက်ကွင်းဘေးက ဖြတ်မောင်းခိုင်းပြီး စစ်တပ်ပစ္စည်းထားရာ ဂိုဒေါင်ဝင်းအတွင်းသို့ ဝင်ခိုင်းလိုက်လေသည်။ ကားတန်းသည် မိုးချုပ်သော်မှ ကော့ကရိတ်မှမြဝတီသို့ ထွက်မည်ဖြစ်၍ မိုးမချုပ်မချင်း ယင်းစစ်တပ်၏ ပစ္စည်းများထားရာ ဂိုဒေါင်ဝင်းအတွင်း၌ ကျနော်တို့နေကြရသည်။ ထိုသို့နေရာတွင်လည်း စစ်တပ်ဝင်းအတွင်းဖြစ်၍ လျှောက်သွားခွင့်နှင့် ကားပေါ်မှဆင်းခွင့် မရှိလေရာ ကြက်သွန်အိတ်ပေါ်၌ ဤအတိုင်းထိုင်နေကြရသည်။ ည ၇ နာရီတွင် မိုးစုန်းစုန်းချုပ်သွားသည်။ ဤတွင်မှ ကားထွက်တော့မည်ဖြစ်ကြောင်း ကားဆရာက ပြောလာသည်။ ခဏအကြာတွင် ကားရှေ့ခန်းဆီမှ မီးဖွင့်လာသည်။ စစ်ယူနီဖောင်း အပြည့်ဝတ်ထားသော အရာရှိတဦး ကားရှေ့ခန်းထဲ ဝင်လာသည်။ ကားနောက်ဖက်၌မူ ဂျီသရီး ကိုင်ထားသော စစ်သားရဲဘော်လေးတဦး တွယ်တက်လာသည်။ စစ်သားရဲဘော်ကလေးသည် ကားရှေ့ ဦးခန်းတွင်ပါလာသော အရာရှိ၏ လုံခြုံရေးအတွက် ဖြစ်ကြောင်း ကျနော်တို့ သိလိုက်ကြသည်။

# ကော့ကရိတ်မှ မြဝတီ

ကားတန်းသည် ကော့ကရိတ်မြို့မှ ထွက်လာပြီး မကြာမီမှာပင် တောင်ပေါ်သို့ ရောက်လာသည်။ တောင်ပေါ်ခရီးဖြစ်၍ ကားဆရာတိုင်း ကားကိုထိန်း၍ မောင်းကြရသည်။ သို့ဖြင့် ကားအသွားနှုန်းသည် ရွှေ့ရုံမျှသာ ရှိလေသည်။ ကားစီးရေများကြောင်းလည်း တွက်ဆ၍ရသည်။ တောင်တန်းနှင့် တောအုပ်ကြောင့် ပို၍မှောင်မဲ နေလေသည်။ ယင်းသို့ မှောင်မဲနေသော ညထဲတွင် တောင်စောင်းနှင့် ချောက်ကမ်းပါးတို့၏ အနက်နှင့်အရှိုင်းကိုကား မှန်းဆ၍ မရချေ။ သို့ရာတွင် ဤတောင်တန်းသည် တောင်ညိုနှင့် ဒေါနတောင်တန်း၏ အစိပ်အပိုင်းတခု ဖြစ်သောကြောင့် ဗြိတိသျှတို့ ပြုစုခဲ့သည့် တနင်္သာရီတိုင်း ဂေဇက်(ပြန်တမ်း)အရ ပေ ၂၀၀၀ ကျော်ပင် မြင့်မားသည်ကား သေချာလှသည်။

ယင်းသို့ ညအမှောင်နှင့် ချောက်ကမ်းပါးပေါ်တွင် မရေမရာ ဖြတ်သန်းနေစဉ် ကျနော်သည် ကော့ကရိတ်ဇာတိသားများ ဖြစ်ကြသော အဆွေခင်ပွန်းများထံ အာရုံက ရောက်သွားလေသည်။ ကျနော်သည် ယင်းမိတ်ဆွေများနှင့် နိုင်ငံရေးအရ စာပေရေးအရ လူမှုရေးအရ ပုံစံအမျိုးမျိုးဖြင့် ပတ်သက်ခဲ့ဘူးလေသည်။ သို့ရာတွင် သူတို့နှင့် ကျနော်သည် လူ့သဘာဝအရ တူညီသည်လည်းရှိ၏။ မတူညီသည်လည်းရှိ၏။ မန်းငွေအောင်နှင့် နော်တင်ဦးတို့ လက်ထပ်ကြသောအခါ ကျနော်သည် လူရင်းတဦးအနေနှင့် အသိသက်သေအဖြစ် ပါဝင်ခဲ့သည်။ သူတို့နှစ်ယောက်စလုံး ကော့ကရိတ် ဇာတိသားနှင့် ငယ်ချစ်များလည်း ဖြစ်ကြသည်။ မန်းငွေအောင်နှင့် ကျနော်သည် တနင်္သာရီတိုင်း ထားဝယ်နယ်အတွင်းနှင့် ဧရာဝတီတိုင်းအတွင်း နိုင်ငံရေး အမျိုးသားရေး စည်းရုံးရေး ခရီးများကို လချီ၍ ထွက်ခဲ့ဘူးကြသည်။ တနည်းအားဖြင့် ကျနော်သည် မန်းငွေအောင်အား နိုင်ငံရေးလောကနှင့် မိတ်ဆက်ပေးခြင်းပင် ဖြစ်လေသည်။

ဤသို့ဖြင့် ကျနော်ဘန်ကောက်တွင်ရှိနေစဉ် လွတ်မြောက်ဒေသ၌ မန်းငွေ အောင်၏ အတ္ထုပ္ပတ္တိကို ရေးသားပြုစုရန် ၁၀ လတိုင် လေ့လာ၍ ကြိုးပမ်းနေ သည့် ဩစတြေးလျအမျိုးသမီး 'ကာမယ်လာ'နှင့် တွေ့ဆုံခဲ့ရသည်။ နောက် ပိုင်း၌ ပုဂ္ဂိုလ်ရေးအရ ခြားနားမှုကား များစွာရှိခဲ့လေသည်။ ယင်းခြားနားမှုများ သည်လည်း သဘာဝကျသည်ဟု ကျနော်ကယူဆထားပါသည်။ မန်းငွေအောင် ခေါင်းဆောင်၍ ရန်ကုန်မြို့တွင်း၌ ဖောက်ခွဲ တိုက်ခိုက်မှုကြီး တခုဖြစ်ပေါ်ခဲ့ သည်။ သူနှင့်ကျနော် မတူညီသော ခြားနားမှုများအရ ထိုစဉ်က ကျနော်သည် တည်တည်ငြိမ်ငြိမ်ပင် ရပ်တည်နိုင်ခဲ့သည်။ မန်းငွေအောင် ကျဆုံးသွားသော အခါ ကျည်ဆံသည် ရှေ့တည့်တည့် ထိမှန်ခြင်းမျိုး ဖြစ်သောကြောင့် သူ၏ရဲရင့် ခြင်းနှင့် စွန့်လွတ်ခြင်းအတွက် ကျနော် များစွာဂုဏ်ယူခဲ့မိလေသည်။

ကျနော်၏ ကော့ကရိတ်ဇာတိသား မိတ်ဆွေများမှာ မောင်သိန်းညွှန့် (ကော့က ရိတ်) မန်းသင့်နောင် (ကော့ကရိတ်)နှင့် ကိုသန်းအောင် (သန်းအောင်နိုင်) တို့ပင် ဖြစ်ကြသည်။



**မောင်သိန်းညွှန့် (ကော့ကရိတ်)**

မောင်သိန်းညွှန့်(ကော့ကရိတ်)သည် မော်လမြိုင် ကောလိပ်တွင် ကျောင်းသား ခေါင်းဆောင်တဦးဖြစ်သည်။ သူထောင်က လွတ်လာပြီးနောက်၌ ရန်ကုန်သို့

ရောက်လာသည်။ မန်းငွေအောင်မှတဆင့် ကျနော်နှင့်သိကြရသည်။ သူ ဆောင်းပါး ရေးချင်သည် ဟုဆို၍ ကျနော်ပင် ဗိုလ်တထောင် သတင်းစာတိုက် သို့ ခေါ်လာပြီး ဆရာဦးသိန်းဖေမြင့် အယ်ဒီတာချုပ် ဗိုလ်ထိန်လင်းတို့နှင့် မိတ်ဆက်ပေးခဲ့သည်။ စာရေးသားတတ်သူများ အနက် ကိုသိန်းညွှန့်သည် လည်း တယောက်ဖြစ်သည်။ မည်သည့် အကြောင်းအရာကို မည်သို့ရေးရမည် ကို သူသိသည်။ လက်က ပျော့သည်။ ကိုသိန်းညွှန့် ကိုစိန်လှဦးနှင့် ကိုချစ်စံဝင်းတို့၏ လက်အနေအထားကို ကြည့်၍ ဝတ္ထုရေးရန် ကျနော်က တိုက်တွန်းခဲ့ဘူးသည်။ ကိုသိန်းညွှန့်က ဝါသနာ မပါဟုဆိုသည်။ ကိုစိန်လှဦး က (မောင်နွယ်ဦး) ကလောင် အမည်ဖြင့် ဗိုလ်တထောင် သတင်းစာတွင် ကြောက်ကွဲခတ်ရင် သေတတ်သည် ဝတ္ထုတို တပုဒ် စမ်းရေးကြည့်လေရာ တခါတည်း အောင်မြင် သွားလေသည်။

မန်းသင့်နောင်သည် ကရင်ပြည်နယ်ကို အခြေခံ၍ ကရင်အမျိုးသားများ အကြောင်း နှင့် KNU အကြောင်းကို အများဆုံးရေး သားသူဖြစ်သည်။ ယင်းသို့ ရေးသားရင်းဖြင့် နောက်ပိုင်း၌ ကရင်ပြည်နယ်ကောင်စီတွင် လုပ်ငန်းစစ်ဥက္ကဋ္ဌ အထိ ဖြစ်လာသည်။ သူလုပ်ငန်းစစ်ဥက္ကဋ္ဌဘဝတွင် စားစရာသောက်စရာများ ဖြင့် ကျနော့် ဦးဝိစာရတိုက်ခန်းသို့ပင် ရောက်ရှိ လာပေသေးသည်။ အကြောင်း အမျိုးမျိုးဖြင့် လုပ်ငန်းစစ်ဥက္ကဋ္ဌရာထူးမှ ပြုတ်သွားပြီး နောက်၌ သိမ်ငယ်သော ဘဝတွင် သူ့ကို နောက်ဆုံးတခေါက် တွေ့လိုက်ရသေးသည်။ ထိုစဉ်က သူနှင့် အလွန်ခင်မင် ရင်းနှီးသော စာရေးဆရာ ချစ်စံဝင်းက သူ့ကို ရန်ကင်းရှိ ‘အိမ်ဖြူတော်’ အမည်ရှိ ဟော်တယ်၌ ညစာဖိတ်ကျွေးသည်။ ကျနော်နှင့် မောင်ထွန်းရွှေ (တရားရုံးချုပ်ရှေ့နေ) တို့လည်းပါကြသည်။ ထိုအချိန်က သူသည် များစွာ စိတ်ဓါတ်ကျနေသောကြောင့် ယခင်ကဲ့သို့ စိုပြေလန်းဆန်းခြင်း မရှိတော့သည့် အပြင် မျက်နှာသည်လည်း ညှိုးငယ်နေရှာသည်။ ဤတွင် နိုင်ငံရေးအာဏာ၏ ချိုမြခြင်းနှင့် ခါးသီးခြင်းဒဏ်အား အမြွက်မျှ သူ့အား ကျနော်ပြောပြခဲ့မိလေသည်။ နောက်ဆုံး ကျနော်၏ ကော့ကရိတ်သားမိတ်ဆွေ

တဦးမှာ ကိုသန်းအောင် (သန်းအောင်နိုင်) ဖြစ်သည်။ သူ့ကိုမောင်သိန်းညွှန့်မှ တဆင့်သိရသည်။ သူသည် ထိုစဉ်က မြန်မာ့အလင်း သတင်းစာတိုက်တွင် အယ်ဒီတာလုပ်နေသောကြောင့် သတင်းစာတိုက်သို့ ကျနော်ရောက်သွားလျှင် သူနှင့်တွေ့သည်။ တခါတရံ အခမ်းအနားများတွင် ဆုံတတ်ကြသည်။ သူသည် အပြောအဆိုနှင့် အနေအထိုင် များစွာကျစ်လစ်သူဖြစ်သည်။

ဤသို့ဖြင့် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီး၏ အမြင့်ဆုံးပိုင်းသို့ ရောက်ရှိလာသောအခါ သတင်းစာတိုက်ပေါင်းစုံတွင် သပိတ်မှောက် ဆန္ဒပြပွဲကြီး ပေါ်ပေါက်လာလေသည်။

ယင်းဆန္ဒပြ စစ်ကြောင်းကြီးသည် အနုပညာရှင် အားလုံးပါဝင်သော စာပေနှင့် ယဉ်ကျေးမှုကော်မတီတည်ရာ ဘားလမ်းအထက်လမ်းဆီသို့ ချီတက်လာလေသည်။ ထိုနေ့ကစာပေနှင့်ယဉ်ကျေးမှု ကော်မတီစင်မြင့်ဟောပြောပွဲ၌ အလှည့်ကျ အခမ်းအနားမှူးမှာ ကျနော့်တာဝန်ဖြစ်သည်။ ယင်းသို့ ချီတက်လာသော သတင်းစာတိုက် ပေါင်းစုံသမဂ္ဂ၏ ဆန္ဒပြစစ်ကြောင်း ရှေ့ဆုံးတန်းတွင် မောင်ဝံသ စိန်လှဦး ကိုကိုကြီး(ရန်ကင်း) ကိုကိုကြီး(ကြည့်မြင်တိုင်)နှင့် ကိုသန်းအောင်တို့က ရှေ့ဆုံးက ခေါင်းဆောင်လာကြသည်။ ကျနော်သည် အခမ်းအနားမှူး ဖြစ်သောကြောင့် သတင်းစာတိုက်ပေါင်းစုံ ဆန္ဒပြ စစ်ကြောင်းကြီးအား ကြိုဆိုပြီးနောက် စစ်ကြောင်းကို ဦးဆောင်လာသော သတင်းစာဆရာများအား တယောက်ပြီး တယောက် ဟောပြောနိုင်ရန် စင်မြင့်ပေါ်သို့ တက်စေခဲ့လေသည်။

ကျနော်သည် ကော့ကရိတ်ကို ကျော်ဖြတ်လာစဉ် ကော့ကရိတ်ဇာတိသား မိတ်ဆွေများအားသတိတရရှိမိရာမှ ၈၈ ဒီမိုကရေစီရေစီးကြောင်းထဲသို့ မျောပါသွားမိခဲ့လေသည်။ ကျနော့်လက်က နာရီကို ကျနော် ပြန်ကြည့်လိုက်မိသည်။ ညသည် ၁၀ နာရီပင် ထိုးနေလေသည်။ ကျနော့် သားကြီးသည် သူ့ဘေးနား

တွင် ကပ်ထိုင်လာသော မှောင်ခိုမယ်လေး နှစ်ဦးနှင့်လည်းကောင်း၊ ကားကို တွယ်စီးလာသော လုံခြုံရေးစစ်သားရဲဘော်လေးနှင့် လည်းကောင်း အတန်ပင် အဖွဲ့ကျနေလေသည်။ သူ့တွင်ပါသော စီးကရက်ကို သားအကြီးသည် တလိပ်ပြီးတလိပ် ရဲဘော်လေးအား တိုက်နေလေသည်။ ဤသို့ဖြင့် ကျနော်တို့ ကားကလေးသည် တရွေ့ရွေ့ မောင်းနှင်လာစဉ် တောင်စောင်း တခုနှင့် တိုက်မိပြီးနောက် ကားရပ်သွားလေသည်။ အခြေအနေကို မေးကြည့်ရာ ကားဘီးပေါက်သွားကြောင်း သိရသည်။ သို့ရာတွင် ကားဘီးအသစ်လဲရန်မှာ ကားဘီးအပိုက ပါမလာဟုသိရပြန်သည်။ နောက်က ကားများသည် တစီးပြီး တစီး ကျော်တက်သွားကြလေသည်။ ကားတစီး မိမိတို့ အနီးသို့ ရောက်ရှိလာ တိုင်း ကားဆရာသည် ဘီးအပို ပါ မပါ မေတ္တာရပ်ခံ၍ တောင်းခံနေရှာသည်။ ကားဦးခန်းတွင် လိုက်ပါလာသော စစ်ဗိုလ်လေးသည် စိတ်မရှည်တော့၍ အစောင့် စစ်သားလေးကို ကျနော်တို့နှင့် ချန်ထားရစ်ခဲ့ပြီး သူကိုယ်တိုင်မှု နောက်ကလာသော ကားတစီးဖြင့် အလယ်ဗိုလ်တဲဆီသို့ သွားနှင့်လေသည်။

ကျနော်တို့အားလုံး ကားပေါ်မှဆင်းလိုက် ကြပါသည်။ ရုပ်ရည်လေးသနား ကမားဖြင့် မှောင်ခိုလုပ်ကိုင်စားရရှာသော မှောင်ခိုမယ်နှစ်ဦးသည် စစ်ဗိုလ်လေး ဆင်းသွားသော ကားရှေ့ဦးခန်းသို့ ပြောင်း၍ထိုင်လိုက်ကြသည်။ ညသည် ညဥ့်နက်ပိုင်းသို့ ရောက်လာပြီဖြစ်၍ ပို၍ပို၍မှောင်ကျလာသည်။ မိုးကောင်း ကင်ဆီတွင် ကြယ်ပွင့်လေးများ လက်နေသော်လည်း ပတ်ဝန်းကျင်တခုလုံးတွင် မူ အမှောင်ထု စိုးမိုးနေလေသည်။ ခပ်လှမ်းလှမ်းဆီမှ တောင်ကျ ရေစီးဆင်းသံ ကို အတိုင်းသား ကြားနေရသည်။ တခါဘူးမှ မသွားဘူးသော လမ်းခရီးဖြစ်၍ မည်သည့်နေရာသို့ ရောက်ရှိနေသည်ကိုလည်း မှန်းဆ၍မရပေ။ အထူးသဖြင့် အလယ်ဗိုလ်တဲ မည်မျှဝေးကွာ နေသေးသည်ကိုလည်း မှန်းဆ၍မရချေ။ နောက်တွင် လာနေကြသည့်ကား တစီးစီးဆီကမှ ကားဘီးအပိုတလုံး မရသည် ရှိသော် တညလုံး လူသူမနီးသော ဤတောင်တန်းပေါ်တွင် မိုးလင်းသည်အထိ နေရတော့မည်ကို အသိစိတ်က အခြေအနေကို တွန်းဖယ်နေလေသည်။ ဤ

သို့ဖြင့် ကားဘီးပေါက်သွားသည့် တောင်တန်းပေါ်တွင် အချိန်သည်တနာရီခန့် ပင်ကုန်သွားလေသည်။ ကားသမား ဘ၀တူချင်းသည် စာနာတတ်ကြလေ သည်။ လူသူမနီးသော အဝေးပြေးခရီးတွင် ကားတိုင်း မမျှော်လင့်နိုင်သော ပြဿနာများကို ကြုံတွေ့နိုင်ကြလေသည်။ သို့ဖြင့်ကားသမားချင်း အပြန် အလှန် ကူညီတတ်ကြသည်။ သို့ရာတွင် နောက်က တက်လာသော ကားများ တွင် ဘီးအပို ပါလာသော ကားများပါလာသော်လည်း ဘီးအရွယ်အစားချင်းက မတူပြန်သဖြင့် အခက်တွေ့ရပြန်သည်။

ဤသို့ရှိနေစဉ် နောက်ဆုံးရောက်လာသော ကားတစီးတွင် အပိုပါလာသော ဘီးသည် အရွယ်အစားချင်းလည်းတူသည်။ ကားသမားချင်းကလည်းအသိ အကျွမ်းများ ဖြစ်နေပြန်၍ ကျနော်တို့ ကားဘီး အသစ်တပ်ပြီးသည်အထိ တဘက်မှ ကားဆရာသည် ကူညီရှာလေသည်။ သို့ဖြင့် ည ၁၂ နာရီခန့်တွင် အလယ်ပိုလ်တဲသို့ ရောက်ရှိလာလေသည်။ မောင်နှမလေး နှစ်ဦးသည် အလယ်ပိုလ်တဲရောက်သည်နှင့် ကားဦးခန်းမှဆင်းသွားပြီး ထမင်းဆိုင် တည်းခို ခန်းတွင်သွားအိပ်ကြသည်။ ဆက်သားအမျိုးသမီးက ထမင်းဆိုင်တွင် သွားအိပ် ရန် ခေါ်သော်လည်း မိမိ၏မျက်နှာကိုမပြရဲသောကြောင့် ကြက်သွန်အိပ်ပေါ် တွင်သာ ဖြစ်သလို အချိန်ကုန်ရန် ဆုံးဖြတ်လိုက်လေသည်။ ညဥ့်သန်းခေါင် ကျော်၍ ညဥ့်နက်ပိုင်း ရောက်လာသည်တွင် မိုးအကုန် ဆောင်းအကူး တောင်ပေါ်ဒေသ၌ ရှာလေ့ရှိသော မိုးလောက်ကြီးမားသည့် မိုးနှင်းများ ရွာကျ လာသည်။ မိုးနှင်းလုံးများသည် ကားအမိုးပေါ်သို့ ကျလာရာ လူတယောက် ယောက်က ကားအမိုးကို လာရောက်၍ ထုရိုက်နေသည့်ပမာ ဆူညံနေတော့ သည်။ ဤသို့ဖြင့် ဘိုကလေးအောက်ပိုင်း 'ကဒုံကနီ' ငါးလုပ်ငန်း သင်တန်း ကျောင်း၌ ဝှက်ဖျား ထိခဲ့ဘူးသော သားငယ်ဖြစ်သူသည် အဖျားတက်လာပြီး ညည်းညူနေသည်။ ကျနော်လည်း မတတ်သာတော့သည့် အဆုံး၌ စိတ်ဓါတ် ကို မြင့်တင်သောအားဖြင့် မင်းယောက်ျား မဟုတ်ဘူးလား.. ယောက်ျားဆိုရင် ရဲရဲရင်ဆိုင်..ဟု ကြိမ်းမောင်းလိုက်မှ ညည်းညူသံလည်း တိတ်သွားလေသည်။

# အသိဟောင်းနှင့် ဆွေ့ဆုံခြင်း

ဤသို့ဖြင့် ရန်ကုန်က ထွက်လာသည်မှာ နစ်ရက်မြောက်၍ မိုးသောက်ခဲ့ပြန်လေပြီ။ ဆက်သားအမျိုးသမီးသည် ပထမတွင် မျက်နှာသစ်ရန် ရေယူလာပေးသည်။ ပြီးလျှင် နံနက်စာ လွှက်ရည်နှင့်မုန့်တို့ယူ လာပြန်သည်။ တနေ့လုံးနှင့် တညလုံး ဆာလောင်လာသောကြောင့် မြိန်ရှက်စွာပင် လွှက်ရည်နှင့်မုန့်ကို စားသောက်လိုက်ကြသည်။ သားငယ်ဖြစ်သူသည် ယမန်နေ့က နှင်းမိုး အအေးဒဏ်ကြောင့် အဖျားတက်ခဲ့သော်လည်း ယနေ့နံနက်တွင် လန်းဆန်းနေလေသည်။ ကားဆရာသည် ကားကိုအသေးစိပ် စစ်ဆေးပြီး စိတ်ချသည်နှင့် အလယ်ပိုလ်တဲမှ မြဝတီသို့ ခရီးဆက်လေသည်။ အလယ်ပိုလ်တဲမှ ထွက်လာသောအခါ ယမန်နေ့ညက ကျနော်တို့ ကားပေါ်တွင် လိုက်ပါလာသော စစ်ပိုလ် စစ်သားရဲဘော်နှင့်တကွ မောင်ခိုမယ်လေးတို့တတွေ ပါမလာကြတော့ချေ။ ကျနော်တို့သားအဖ သုံးယောက်နှင့် ဆက်သားအမျိုးသမီး အပါအဝင် သီးသန့်ဖြစ်သွားသည်။ ဆက်သားအမျိုးသမီးသည် အလယ်ပိုလ်တဲမှ ကားထွက်လာစဉ် ကျနော့်အား ကားရှေ့ဦးခန်းတွင် စီးနင်းခိုင်းသော်လည်း ယခုအချိန်အထိ မျက်နှာမပြရဲသောကြောင့် သူ့ကိုသာ သွားထိုင်ခိုင်းလိုက်သည်။ အလယ်ပိုလ်တဲနှင့် မြဝတီလမ်းသည် မြေပြန့်လမ်းဖြစ်သည်။ မြဝတီမှ ဆင်းလာသော ကားများနှင့် ကော့ကရိတ်မှတက်လာသော ကားများ စခန်းရပ်ထားသည့်နေရာမှာ အလယ်ပိုလ်တဲပင်ဖြစ်သည်။ အလယ်ပိုလ်တဲထက် စာသော် သင်္ကန်းညီနောင် ရွာကြီးသည် ပိုမို၍ အိမ်ခြေရာခြေလည်း များပြားသည်။ ဈေးဆိုင်များလည်း အများအပြားရှိသည်။ သို့ရာတွင် သင်္ကန်းညီနောင်သည် တဘက်တွင် ရှိနေသော တော်လှန်ရေးသမားများ၏ ပစ်မှတ်ဖြစ်နေသည်။ မကြာခဏ သင်္ကန်းညီနောင်အား တော်လှန်ရေးတပ်သားများက စီးနင်းတိုက်ခိုက်လေ့ရှိသည်။ အထူးသဖြင့် မြဝတီနှင့် ကော့ကရိတ် အဆက်အသွယ်

ဖြတ်တောက်လိုလျှင် တော်လှန်ရေး တပ်သားများသည် သင်္ကန်းညီနောင်အား စီးနင်း တိုက်ခိုက်လေတော့သည်။ ဆက်သားအမျိုးသမီးက ကျနော့်အား ကြိုတင် အသိပေးထားသည်မှာ အလယ်ဗိုလ်တဲနှင့် မြဝတီအကြားရှိ သင်္ကန်းညီနောင်နားသို့ ရောက်လျှင် သတိထားရမည်ဟု ပြောပြထားလေသည်။ သို့ဖြင့်ကျနော်သည် အလယ်ဗိုလ်တဲလွန်လာသည့် လမ်းတလျှောက်လုံး သတိထားလာခဲ့ပြီး စိတ်က သင်္ကန်း ညီနောင်ကိုသာ စောနေမိလေသည်။ သင်္ကန်းညီနောင်သို့ဝင်လေရာ နေရာတိုင်းလိုလိုတွင် ကဒုတ်ဖုံးခိုကျင်းများကို တွေ့ရလေသည်။ သို့ရာတွင် နေ့လယ်ချိန်ဖြစ်၍ သင်္ကန်းညီနောင်သည် ရောင်းသူဝယ်သူတို့ဖြင့် စည်ကားနေလေသည်။ ကားဆရာသည် ဆက်သားအမျိုးသမီး၏ ညွှန်ကြားချက်အရ သန့်သန့်ပြန့်ပြန့်ရှိလှသော ထမင်းဆိုင်ရှေ့တွင် ကားကို ရပ်ပေးလေသည်။

သင်္ကန်းညီနောင်ရောက်လျှင် နေ့လည် ၁ နာရီ ရှိလေပြီ။ အားလုံးပင် နံနက်စာ ထမင်းဆာလောင်နေကြသည်။ ကိုယ်ကြိုက်ရာ ကိုယ်မှာစားခွင့် ပြုထားသော ကြောင့် ဟင်းအမယ်ပေါင်း လေးငါးခြောက်မျိုး ဖြစ်သွားသည်။ သည်တကြိမ်တွင် တယောက်တနေရာစီ ခွဲမစားကြပဲ အားလုံးစားပွဲတခုတည်း၌ ဝိုင်းဖွဲ့၍ စားလိုက်ကြသည်။ ထမင်းစားသောက် ပြီးသည်နှင့် ဆက်သားအမျိုးသမီးသည် သူ့အသိ ကုလားကွမ်းယာဆိုင်တွင် ကွမ်းယာများ သွားဝယ်သည်။ ပြီးလျှင် ကားဆရာအပါအဝင် ကွမ်းယာများကိုဝေငှပေးသည်။ ယင်းနောက် သင်္ကန်းညီနောင်မှ မြဝတီသို့ ဦးတည်၍ ခရီးဆက်ခဲ့ကြလေသည်။ ဆက်သားအမျိုးသမီး၏ အစီအစဉ်သည် တတ်နိုင်လျှင် မြဝတီတွင် ညမအိပ်လို၊ အခြေအနေပေးသည်နှင့် ထိုင်းနိုင်ငံ မဲဆောက် တဘက်ကမ်းသို့ ကူးချင်သည်။ မြဝတီတွင် ည၌အိပ်၍ အဆင်မသင့်လျှင် ဧည့်စာရင်း စစ်ဆေးမည်ကို သူရင်မဆိုင်ချင်။ သို့ဖြစ်၍ မြဝတီ ရောက်မည့်အချိန်ကိုကြည့်၍ သူဆောင်ရွက်မည့် အစီအစဉ်ကို ဆက်သားအမျိုးသမီးသည် ကျနော့်အား ကြိုတင်ပြောပြ ထားလေသည်။

ကျနော်သည် ကိစ္စအဝဝ၌ သူ့အား အပ်နှံထားပြီးဖြစ်၍ ခေါင်းညိတ်၍သာ သဘောတူလိုက်သည်။ ဆက်သားအမျိုးသမီးသည် ကားဆရာကိုလည်း မြဝတီသို့ အချိန်မီရောက်စေချင်ကြောင်း ကြိုတင်ပြောပြထားပြီးဖြစ်၍ ကား အသွားနှုန်းသည် သက်န်းညီနောင်နှင့် မြဝတီကြားတွင် အမြန်ဆုံး ပြေးနေလေ သည်။

ဤသို့ဖြင့် ညနေ ၅ နာရီခန့်တွင် မြဝတီမြို့ထဲသို့ ဝင်လာသည်။ ကားဆရာ သည် ကုန်မျိုးစုံဆိုင် တဆိုင်ရှေ့တွင် ကျနော်တို့ကို ချပေးသည်။ သူကမူ အော်ဒါအရ ကြက်သွန်အိတ်များကို ကြက်သွန်ပွဲရုံသို့ သွားချပေးသည်။ မြဝတီ မှ မဲဆောက် ဘက်ကမ်းသို့ ကျနော်တို့ ကူးရေးတွင် အချိန်ကရှိနေသေးသည်။ ယင်း အချိန်သည်လည်း အကောက်ခွန်နှင့် လုံခြုံရေးဂိတ်၏ လက်ထဲတွင်ရှိနေ သည်။ ယင်းလက်ကို ပွင့်စေနိုင်သောအရာသည် ရွှေသော့နှင့် ငွေသော့ပင် ဖြစ်လေသည်။ ဤသို့ဖြင့် ကားဆရာသည် ကြက်သွန်အိတ်ကို ပွဲရုံသို့ သွားချ နေစဉ် လူငယ်တဦး ဈေးဆိုင်ပေါ်သို့ ရောက်လာသည်။ သူသည် ကျနော့် သားအကြီးနှင့် ဝမ်းသာအားရ နှုတ်ဆက်သည်။ ပြီးလျှင် ကျနော့်ကိုပါလာ၍ နှုတ်ဆက်သည်။ ကျနော် သူ့ကို ချက်ချင်း မှတ်မိသွားသည်။ ရန်ကုန် လာလျှင် သူသည်ကျနော်တို့အိမ်၌ မကြာခဏလာရောက် တည်းခိုလေ့ရှိသော 'စံထွေး' ဖြစ်သည်။ ကျနော့် သားများနှင့်များစွာ ခင်မင်ရင်းနှီးကြသည်။ စံထွေးသည် မြဝတီဘက်တွင်နေပြီး မြန်မာနိုင်ငံသား ဖြစ်သော်လည်း သူ့ဖခင်သည် ထိုင်း လူမျိုးတဦးဖြစ်သည်။ ယခုကျနော်တို့ ခေတ္တခဏတည်းခိုနေသော ကုန်စုံဆိုင် ခန်းသည် စံထွေးပိုင်သော ဆိုင်ခန်းဖြစ်သည်။ စံထွေးတို့အိမ်မှာအပေါ်ဘက် တွင်ရှိသည်။ စံထွေးသည် ဝမ်းသာအားရဖြင့် ကျနော်တို့ သားအဖကို သူ့အိမ် သို့အလည်ခေါ်နေသည်။ သူ့စေတနာကို ကျနော်နားလည်သည်။ ကြုံတုန်း ကြုံခိုက် သူ့ဧည့်ခံ ကျွေးမွေးချင်သည်။ ဤတွင် ကျနော့်အဖို့ သူ့စေတနာကို

အသိအမှတ် ပြုသောအားဖြင့် ခိုင်လုံသောအကြောင်းပြ ချက်ကိုပြရန် လိုအပ်လာလေသည်။

နောက်ဆုံး ကျနော်၏ခိုင်လုံသော အကြောင်းပြချက်တို့မှာ အရောင်းအဝယ်ကိစ္စများပြီးစီးလျှင် မောင်စံထွေးတို့ အိမ်သို့လိုက်ပါ တည်းခိုမည် ဆိုသော အကြောင်းပြချက်ပင် ဖြစ်သည်။ ပြီးလျှင် ဆိုင်ပေါ်မှ သူပြန်ဆင်းသွားသည်။ သူသဘော ပေါက်နားလည်သွားသည်ဟု ကျနော်ထင်သည်။ အကြောင်းမူ တောတွင်းကျောင်းသားတပ်ဖွဲ့တွင် ရောက်နေသော ကျနော့် သားတယောက်သည် စံထွေးနှင့်ပင် အတူတကွ ရန်ကုန်မှ မြဝတီသို့ ထွက်ခွာလာခဲ့ကြသည် မဟုတ်ပါ လား။



စစ်အာဏာရှင်တို့၏ ရက်စက်မှုများအား ရင်နင့်အောင် ပြောကြားချက်များအား စိတ်ထိခိုက်စွာနှင့် နားထောင်နေသော ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် မင်းချူး။

# အောင်ပြီ အောင်ပြီ

ပွဲရုံတွင် ကြက်သွန်အိတ်များ ချပြီးပြီဖြစ်၍ ကားဆရာပြန်ရောက်လာသည်။ ဆက်သားအမျိုးသမီးသည် ကားဆရာလက်ထဲသို့ ငွေစက္ကူအနည်းငယ်ထည့် ပေးလိုက်သည်ကို ကျနော်မြင်လိုက်ရသည်။ ခဏအကြာတွင် ကားဆရာသည် ဖြတ်ပိုင်းလက်မှတ်များဖြင့် ပြန်ရောက်လာသည်။ ယင်းဖြတ်ပိုင်း လက်မှတ်များမှာ မဲဆောက်ဘက်သို့ကူးရန် အကောက်ခွန်လုံခြုံရေးဂိတ်က ထုတ်ပေးသော လက်မှတ်များပင်ဖြစ်သည်။ နောက်ပိုင်းတွင် ဆက်သားအမျိုးသမီး ပြောပြ၍ သိရသည်မှာ ထိုစဉ်က လက်မှတ် တစောင်လျှင် ၅၀ ကျပ်ပေးရသည်ဟုဆို သည်။ ထိုအချိန်တွင် နေသာနေသော်လည်း နေခြည်ထဲတွင် မိုးဖွဲဖွဲကလေး ကျနေသည်။ ဆက်သားအမျိုးသမီး ဦးဆောင်သည့် နောက်တွင် ကျနော်တို့ သားအဖသုံးယောက် ဂိတ်ပေါက်သို့လိုက်ပါလာခဲ့ကြသည်။ ယင်းဂိတ်ကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့လျှင် ကျနော်တို့၏ခရီးသည် လိုရာပန်းတိုင် ရောက်ပြီဖြစ်၍ မောင်သာရစကားနှင့်ဆိုရချေသော် 'ရင်ခုန်သံ နည်းနည်း မြန် နေသည်' ။

ယင်းသို့ဖြင့် ကျနော်တို့ အကောက်ခွန် လုံခြုံရေးဂိတ်ထဲသို့ ရောက်လာ သည်။ ဂိတ်မှူးအား စောစောက ကားဆရာ ဖြတ်ယူလာပေးသော လက်မှတ် ဖြတ်ပိုင်းအားပြလိုက်ကြသည်။ ဂိတ်မှူးက အဆင်သင့် ဆိုက်ကပ်ထားသော စက်လှေပေါ်သို့တက် ရန်ပြောလိုက်သည်။ အတက်အဆင်းကမ်းခြေသည် မတ်စောက်လှသည်။ သို့ရာတွင် မည်သို့မည်ပုံဖြင့် စက်လှေပေါ်သို့ ကျနော် ရောက်သွားသည်ကို ယခုပင် ပြန်လည်၍ တွေးမရပဲ ရှိနေလေသည်။ စက်လှေ ပေါ်တွင် ကျနော်တို့ ရှေ့မှ ခရီးသည် လေးငါးဦးလည်းရောက်နှင့် နေကြသည်။ သူတို့ပြောပြချက်အရ ဤအခေါက်သည် ယနေ့အဖို့ နောက်ဆုံးအခေါက်ဟု သိရသည်။ ရင်ထဲတွင် ထိတ်ခနဲ မြည်သွားတော့သည်။ ကူးတို့စက်လှေသည်

နောက်ဆုံး အခေါက်ဖြစ်၍ နောက်ဆုံး ခရီးသည်များအား နောက်ဆုံးအချိန် အထိစောင့်ဆိုင်းကာ ခေါ်ယူနေသည်။ ကျနော်တို့ နောက်တွင် ခရီးသည် တဦးပြီးတဦး စက်လှေပေါ်သို့ ဆင်းလာကြသည်။ ကျနော်သည် အိပ်ထဲတွင် အသင့်ပါလာသော သုခိတာဆေးပေ့ါလိပ် တလိပ်အား ဖွာရှိုက်လိုက်သည်။ ဤတွင် အတွေ့အကြုံ ရှိသော ခရီးသည်တဦးက မဲဆောက် ဘက်ကမ်းတွင် မြန်မာဆေးပေ့ါလိပ်ကို တွေ့လျှင် ဖမ်းဆီးတတ်ကြောင်း၊ ဆေးပေ့ါလိပ် ပါလာလျှင် ယူမသွားသင့်ကြောင်း စေတနာဖြင့် ပြောသောကြောင့် နမြောလှစွာဖြင့် ကျနော့်အိတ်ထဲက သုခိတာဆေးပေ့ါလိပ်အား ချိုးဖဲ့ကာ သောင်ရင်းမြစ်ထဲသို့ မျောချလိုက်ရလေသည်။

စက်တင်ဘာလအတွင်း တောင်ကျရေဆင်းအားမှာ ကောင်းနေဆဲဖြစ်၍ သောင်ရင်းမြစ်သည် ရေစီးသန်ဆဲ မြန်ဆဲ ရှိနေလေသည်။ ကျနော်သည် ထိုင်းမြန်မာ ပိုင်းခြားထားသော သောင်ရင်း မြစ်အား ၁၉၇၈ ခုနှစ်တွင် ပထမ အကြိမ်တွေ့ခဲ့ရပြီးနောက် ယခုဒုတိယ အကြိမ်ပြန်လည် တွေ့ဆုံရခြင်းဖြစ် သည်။ ကျနော်လွတ်မြောက်ဒေသသို့ ရောက်ရှိပြီး နောက်တွင်မူ နွှေမိုး ဆောင်း ရာသီမရွေး သောင်ရင်းမြစ် အတွင်း၌ စုန်ဆန်ခဲ့ရလေသည်။ ဤတွင် နောက်ဆုံးခရီးသည်များ စုံပြီဖြစ်၍ နောက်ဆုံးအခေါက်အဖြစ် တာဝန်ကျ ဂိတ်မှူးသည် ကူးတို့စက်လှေအား ထွက်ခွင့်ပြုလိုက်လေသည်။ ရေစီးအား ကြောင့် စက်လှေသည် ပထမတွင် အောက်ဘက်ဆီသို့ မျောပါသွားလေသည်။ ထိုမှရေကိုဆန်၍ သူဆိုက် ကပ်မည့်ဆိပ်ကမ်းဆီသို့ ဦးထောင်၍ ပြန်တက်ရရှာ သည်။ သို့ဖြင့်စက်လှေသည် တစစဖြင့် ရေလယ်ဆီသို့ ရောက်လာသည်။ တဒိတ်ဒိတ် ခုန်နေသော ကျနော့်ရင်သည် ငြိမ်သက်စ ပြုလာသည်။ ရေလယ် အရောက်တွင် ကျနော်သည် မြဝတီဘက်ကမ်းသို့ ပြန်လည်၍ လှမ်းမျှော်ကြည့် လိုက်မိသည်။ "ဟော့...ပြန်လာခဲ့"ဟု မည်သူ တစုံတဦးမှ လှမ်းခေါ်နေခြင်းမရှိ ကြောင်းကား သေချာသွားလေပြီ။ ဤနေရာတွင် ရေလယ်အရောက်၌ "ဟော့

ပြန်လာခဲ့”ဟု ခေါ်မည်ဆိုအံ့။ ကျနော်သည် ပြန်လှည့် လာမည့်လူကား မဟုတ်ချေ။ ရေလယ်မှတဆင့် တဘက်ကမ်းသို့ လွတ်မြောက်အောင် ကူးခတ်၍ ပြေးမည့်သူသာ ဖြစ်သည်။ စက်လှေကလေးသည် မဲဆောက် ဘက်ကမ်းဆီသို့ တဖြေးဖြေးနီးလာသည်။ ကျနော်သည် ရင်ထဲက ‘အောင်ပြီ-အောင်ပြီ’ ဟု ကြွေးကြော် လိုက်လေသည်။

# ငွေကပင် ထမင်းဆိုင်

ကူးတို့စက်လှေသည် ခရီးသည် သုံးလေးဆယ်ခန့်ဆန့်သော အကြီးစား စက်လှေဖြစ်သည်။ ယခုပါလာသော ခရီးသည်မှာ ဆယ့်လေးငါးဦးသာရှိသည်။ ဦးပိုင်းမှစီးနင်းလာသော ခရီးသည်များသည် တဦးပြီးတဦး ကုန်းပေါ်သို့အလျင် တက်ကြသည်။ ကျနော်တို့သားအဖမှာ စက်လှေ၏ နောက်ဘက်၌ စီးနင်းလာသဖြင့် နောက်ဆုံးမှ တက်ရသည်။

ဤတွင် ဆက်သားအမျိုးသမီးသည် ကျနော့်ထံတွင် မြန်မာကျပ်ငွေ မည်မျှကျန်သေးသလဲဟု မေးလာသည်။ ကျနော်ရေတွက်၍ မနေတော့ဘဲ ကျန်နေသေးသည်ကို ထုတ်ပေးလိုက်သည်။ လမ်းခရီး၌ ခြေစောင့်လက် စောင့်ထားခဲ့သော ငွေဖြစ်သည်။ စိတ် အထင်တွင် နှစ်ထောင်ကျော် သုံးထောင်ခန့်ရှိမည်ထင်သည်။

မြန်မာကျပ်ငွေ၏ အသုံးတည့်မှုသည် ငွေလဲလှယ်သည့်နေရာမှလွဲ၍ ထိုင်းနိုင်ငံဘက်တွင် အဆုံးသတ်သွားပြီကို ကျနော် သတိပြုလိုက်မိသည်။ မဲဆောက်ဘက်ကမ်း ‘မယ်တော်’မှ မြို့ထဲအထိ ကားခကို မြန်မာ ကျပ်ငွေဖြင့် ပေးလို့ရ

သေး၏။ သို့ရာတွင် ကျနော်တို့လို လူစိမ်းများအဖို့ မသင့်ချေ။ ထိုစဉ်က မယ်တော်မှ မဲဆောက်မြို့တွင်းအထိ ကားခမှာ တဆယ်ကျပ်ဖြစ်လေသည်။

ယင်းသို့ မြဝတီတဘက်ကမ်း မယ်တော်မှ မဲဆောက်မြို့တွင်းသို့ လာရာတွင် ကျနော်တို့နှင့်အတူ မြဝတီဘက်မှ ကူးလာသော ခရီးသည်အချို့သာ ပါလာတော့သည်။ အချို့သည် သူတို့၏ အပေါင်းအဖော် အဆက်အသွယ်နှင့် ချိန်းဆိုထား သည့် အတိုင်း လာရောက် ကြိုဆိုကြသဖြင့် လိုက်ပါသွားကြ၏။ ဤတွင် ကားပေါ်၌ မြန်မာနိုင်ငံသားချင်း ဖြစ်သော်လည်း သူ့အကြောင်း ကိုယ့်အကြောင်းရှိနေသဖြင့် မြန်မာလိုပြောဆိုခြင်းမပြုပဲ တဦးကိုတဦး မသိကျိုးကျင်ပြုကာ လိုက်ပါလာကြသည်။

ဤသို့ဖြင့် တနာရီနီးပါးမျှကြာလျင် လိုင်းကားကလေးသည် မဲဆောက်မြို့တွင်းသို့ ဝင်လာလေသည်။ ကျနော်သည် မဲဆောက်ကို အကြမ်းဖျင်း ကြည့်မိလိုက်၏။ အိမ်ခြေအိမ်ယာများသည် ပြည့်သိပ်လာသည်။ တချို့သော မိုးထိုးအဆောက်အဦးကြီးများကိုလည်း မြင်ရသည်။ ၁၉၇၈ ခုနှစ်တွင် ကျနော် ပထမဆုံး ရောက်ခဲ့ဘူးသည့် မဲဆောက်နှင့် အတန်ပင် ခြားနားနေသည်ကို သတိပြုလိုက်မိသည်။

ပထမတွင်လိုင်းကားသည် သူ၏ ဂိတ်အဆုံးတွင် ခရီးသည်များကို ချပေးသည်။ ထိုအခါ ကျနော့် ဆက်သားအမျိုးသမီး မောင်းနိုင်းသော မိုးကဲကားဂိတ်ဆီသို့ ဆက်မောင်းသွား၏။ မိုးကဲကားဂိတ်တွင် မန်းဗလရှင်၏ ဖွဲကပင်(ခွဲကပေါင်) ထမင်းဆိုင်နှင့် ခေါက်ဆွဲဆိုင်ရှိ၏။ ဆယ်မိနစ်ခန့် မောင်းမိလျှင် ရောက်သွားလေတော့သည်။ ထိုစဉ်က မန်းဗလရှင်၏ဆိုင်မှာ မြေစိုက်တဲကလေးသာဖြစ်၏။ နောက်ပိုင်းတွင်ဈေးအုပ်ချုပ်ရေးအဖွဲ့က ယင်းမိုးကဲကားဂိတ်ဈေးကို စနစ်တကျ

ပြန်လည် တည်ဆောက်ပေးသဖြင့် မန်းဗလရှင်အပါအဝင် လမ်းထိပ်ရှိ ဦးမွန်ကြီး(ဦးသိန်းစိန်)တို့မှာ တိုက်ပေါ်၌ ဈေးဆိုင်များ ဖွင့်လာနိုင်၏။




**ဦးမွန်ကြီး (ဦးသန်းစိန်)**

မန်းဗလရှင်သည် ကျနော့်တို့ကို တွေ့လျှင် လှိုက်လှဲစွာပင် ကြိုဆိုသည်။ ဆက်သားအမျိုးသမီးကိုလည်း သူ၏ တာဝန်ကျေပွန်မှုအတွက် အကြိမ်ကြိမ် ချီးကျူးလေသည်။ မန်းဗလရှင်နှင့် ကျနော်သည် ၁၉၇၈ ခုနှစ်တွင် ရန်ကုန်ရှိ ဆရာသာထိုအိမ်တွင် ပထမဆုံး ဆုံဘူးကြ၏။ ယခုဆိုလျှင် မန်းဗလရှင်သည် လူလတ်ပိုင်းသို့ ရောက်နေပြီဖြစ်သည်။

မန်းဗလရှင်သည် လုပ်ရဲကိုင်ရဲစိတ် ရှိသူဖြစ်၏။ ယခုသူ၏ စားသောက်ဆိုင် သည် အလွန် အချက်အချာကျသော နေရာတွင်ရှိနေသည်။ မဲဆောက်နှင့်

မြဝတီဆက်သွယ်ရေးသာမဟုတ် ပြည်ပနှင့်ဆက်သွယ်ရေးပါ အလွန်ကောင်းသော အနေအထားတွင် ရှိနေသည်။ အထူးသဖြင့် ကရင်ပြည်နယ် မွန်ပြည်နယ်အပါအဝင် ပြည်တွင်းက မဲဆောက်သို့ရောက်လာသူတိုင်း မန်းဗလရှင်နှင့် ကင်းခဲသည်။ သူကလည်း စေတနာကောင်းသည်။ အနည်းဆုံးအားဖြင့် သူ့ထံတွင် ထမင်းတနပ်ကား စားဘူး ကြလေသည်။



**မန်းဗလရှင်**

ဆက်သားအမျိုးသမီးက ဗိုလ်မှူးစိုးစိုးထံ တယ်လီဖုန်းဆက်ရန် သတိပေးလာသည်။ မန်းဗလရှင်သည် သတိရကာ ထပြီး ဗိုလ်မှူးစိုးစိုးထံ ဖုန်းဆက်တော့သည်။ ဗိုလ်မှူးစိုးစိုးသည် နေအိမ်တွင်အသင့်ရှိနေသည်။ ခဏကြာလျှင် သူရောက်လာမည် ဖြစ်ကြောင်း အကြောင်းပြန်သည်။ ကျနော့်သားနှစ်ယောက်သည် မန်းဗလရှင် ကြော်လှော်ထားသည်များကို မြိန်ရှက်စွာဖြင့် စားသောက်ကြလေသည်။ မန်းဗလရှင်သည် ထမင်းသာမဟုတ် ခေါက်ဆွဲကြော်ပါ ကျွမ်းကျင်သည်။

# တရုတ် စားသောက်ဆိုင်

နာရီဝက်ခန့်ကြာလျှင် ပိုလ်မှူးစိုးစိုးရောက်လာသည်။ ကျနော့်ကို လှိုက်လှဲစွာပင် နှုတ်ဆက်သည်။ ထိုမှ ဆက်သားအမျိုးသမီးကိုလည်း ပေးအပ်သောတာဝန် ကျေပွန်စွာ ထမ်းဆောင်နိုင်သဖြင့် ကျေးဇူးတင်စကားပြောသည်။ ကျနော့်သား နှစ်ယောက်ကိုမူ တယောက်ချင်းဆီ အမည်များမေး၍ နှုတ်ဆက်လေသည်။ ဆိုင်ဝတ်ဆိုင်စားဖြင့် ဆီနှင့်မီးခိုးများပေရေနေသော မန်းဗလရှင်ကို ပိုလ်မှူးစိုးစိုး က အဝတ်လဲခိုင်းသည်။ ဆိုင်၏ တာဝန်ကို မန်းဗလရှင်ဇနီးသည်နှင့် ဆက်သား အမျိုးသမီးတို့က ယူဆောင်ကြပြီး မန်းဗလရှင်သည် ကျနော်တို့နှင့်အတူ လိုက်ပါလာသည်။ ထိုစဉ်က မဲဆောက်သည် ကျနော့်အတွက် အတော်ပင် စိမ်းနေသည်။ ပိုလ်မှူးစိုးစိုး၏ မော်တော်ကားလေး တလမ်းဝင် တလမ်းထွက် နေသည်ကို သိရသည်။ မည်သည့်နေရာသို့ သွားနေသည်ကိုကားမသိပါ။ ညနေ နေခြည်သည် အစွယ်မကျိုးသေး၍ တောက်ပနေဆဲ ဖြစ်နေသေးသည်။ အတန်ကြာလျှင် ဆိုင်တဆိုင်သို့ ထိုးဆိုက်လိုက်သည်။ တရုတ်စားသောက် ဆိုင်ဖြစ်သည်။ ပိုလ်မှူးစိုးစိုးက တခုခု စားသောက်ကြမည်ဟု ပြောသည်။

ကျနော်တို့ ကားပေါ်ကဆင်းလိုက်ကြသည်။ ဆိုင်ရှင်ထောင်ကဲကြီးက ပိုလ်မှူး စိုးစိုးကို ခရီးဦးကြိုပြုသည်။ ထောင်ကဲကြီး နေရာချပေးသော နေရာတွင် ထိုင် လိုက်ကြသည်။ တရုတ်ဆိုင်သည် အမှန်ပင်သားနားသော ဆိုင်ဖြစ်သည်။ အစားအစာနှင့်အတူ အဖျော်ယမကာရည်များသည် အပြည့်အစုံပင်ရှိသည်။ မှာပြီး၍ မစားလျှင် မကောင်းမှာ စိုးသဖြင့် ကျနော်သည် ခြေလေးချောင်းသား မစားကြောင်းကို ကြိုတင်ပင် ပြောလိုက်သည်။

ကျနော်တို့သည် အစားအစာမရောက်လာမီ ဘီယာအနည်းငယ်ကို သောက် ကြသည်။ လမ်းခရီး အတွေ့အကြုံများကို မေးသဖြင့် ပြောပြရလေသည်။ ဤ တွင်ပိုလ်မှူးစိုးစိုးကို ကျနော်သတိထား လိုက်မိပါသည်။ ၁၉၇၈ ခုနှစ် ပထမ

အကြိမ်တွေ့ရစဉ်ထက် သူများစွာ ဝဖြိုးလာသည်။ ထိုစဉ်က ဗိုလ်မှူးစိုးစိုးသည် "ဝမ်ခ" အကောက်ဂိတ်မှူးဖြစ်သည်။ ယခုအခါ KNU တခုလုံး၏ ထောက်လှမ်းရေးမှူး ဖြစ်နေလေသည်။

ကျနော်သည် ဗိုလ်မှူးစိုးစိုး သိပ်ဝလာကြောင်း ပြောလိုက်မိသည်။ သူက လည်း ကျနော်သိပ် ပိန်နေကြောင်း ပြန်ပြောရာသည်။ ရယ်စရာ မောစရာ အဖြစ် ထောင်ကလွတ်၍ သုံးလေးလအကြာ အသားထွက်အောင်ပင် မစောင့်ရာသော ဆက်သားအမျိုးသမီး၏ အပြစ်ဟု ရယ်မော၍ ပြောလိုက်ရတော့သည်။

# မချိုနိုင်တို့အိမ်

ယမန်နေ့ညက စိတ်ချလက်ချ အိပ်လိုက်သောကြောင့် ယနေ့အိပ်ယာမှ နိုး လာသောအခါ နံနက် ၁၀ နာရီပင် ထိုးနေလေပြီ။ မှန်ပြတင်းမှ တဆင့် အနီး အနားဝန်းကျင်သို့ ကျနော်လှမ်း မျှော်ကြည့်လိုက်မိသည်။ ကျနော်၏ လုံခြုံရေး အတွက် လူဝင်လူထွက်နည်းပါးသော နေရာသို့ ဗိုလ်မှူးစိုးစိုးနှင့် မန်းဗလရှင် တို့က ညတွင်းချင်းပြောင်းရွှေ့ နေရာချထား ပေးခြင်းဖြစ်သည်။ ဝင်းခြံကြီး အတွင်းရှိ အဝင်အထွက် ဂိတ်ဝတွင် မြေစိုက်တိုက်အိမ်တလုံး ရှိသည်။ ယင်း တိုက်၏ နောက်ဘက်၌ အုတ်ခံနှစ်ထပ် အဆောက်အဦး တခုရှိသည်။ အပေါ် ထပ်တွင် အခန်းကျယ် နှစ်ခုရှိရာ ယမန်နေ့ညက တခန်း၌ ကျွန်တော် အိပ်ရပြီး တခန်း၌ ကျနော့် သားနှစ်ယောက် အိပ်ကြသည်။

ကျနော့်ထက် အိပ်ယာစောစောထသော သားနှစ်ယောက်သည် ခြံဝရှိ တိုက် အိမ်သို့သွားကာ အိမ်ရှင်အမျိုးသမီးနှင့် အိမ်ဖော်အမျိုးသမီးတို့အား စကား လက်ဆုံကျနေလေသည်။ ဤသို့ဖြင့် ကျနော် အိပ်ယာမှနိုးလာပြီဟု သိရသည်

နှင့် သားနှစ်ယောက်နှင့် အိမ်ရှင်အမျိုးသမီးတို့သည် စား သောက်ဖွယ်ရာများဖြင့် ရောက်လာကြသည်။

အိမ်ရှင်အမျိုးသမီးမှာ ကျနော့်သားကြီးနှင့် မတိမ်းမယိမ်းပင်ဖြစ်သည်။ နာမည်မှာ မချိုနိုင် ဖြစ်သည်။ ဗိုလ်မှူးစိုးစိုး၏ တူမဝမ်းကွဲတော်သည်။ သူသည် KNU ဆေးတပ်တွင် တာဝန်ထမ်းဆောင်ရာမှ ပြင်သစ်လူမျိုးနှင့် အိမ်ထောင်ကျခြင်းဖြစ်သည်။ ထိုစဉ်က သူတို့၏ သမီးဦးလေးမှာ ၆ လ ရွယ်ဖြစ်သည်။ ပြင်သစ်လူမျိုးမှာ အလုပ်ကိစ္စဖြင့် ပြင်သစ်သို့ ပြန်သွားချိန်ဖြစ်သည်။ ရန်ကုန်မြို့ရှိ စစ်အုပ်စု၏ စစ်ထောက်လှမ်းရေးက ထုတ်ဝေနေသော "မြက်ခင်းသစ်" မဂ္ဂဇင်းတွင် သိ၍ရေးသည်လား မသိ၍ရေးသည်လား မပြောတတ်ပါ။ အဆိုပါ ဗိုလ်မှူးစိုးစိုး၏တူမတော်သူ မချိုနိုင်ကို ဗိုလ်မှူးစိုးစိုး၏သမီးအဖြစ် ရေးသားဖော်ပြထားခြင်းပင် ဖြစ်လေသည်။

မချိုနိုင်၏အိမ်တွင် ကျနော်နေထိုင်စဉ် တတိယမြောက်နေ့၌ ဗိုလ်မှူးစိုးစိုးကတော်'မနစ်'ရောက်လာသည်။ သူ့လက်ထဲတွင် ကျနော်ဝတ်ဆင်ရန်အတွက် ဘောင်းဘီ အင်္ကျီ ဖိနပ် ခြေအိတ်များပါ ပါလာသည်။ ဘောင်းဘီရှည်ဖြစ်ပြီး အင်္ကျီမှာ ထိုင်းအရာရှိအရာခံများဝတ်ဆင်သော အပေါ်အိတ်နှစ်လုံး အောက်အိတ်နှစ်လုံးနှင့် ဘောင်းဘီပေါ်တွင် ချဝတ်ရသည်။ ကျနော်သည် အတွင်းခန်းသွား၍ ဝတ်ဆင်ကြည့်သည်။ ခါးပတ်ကို စည်းပတ်သောအခါ မထောင်းသာပေ။ သို့ဖြစ်၍ အားလုံးအဆင်ပြေပါကြောင်း ပြော၍ 'မနစ်' အားကျေးဇူးတင်စကားပြောရသည်။ ဗိုလ်မှူးစိုးစိုးကတော် 'မနစ်' မှာ ကရင်အမျိုးသမီး မဟုတ်ပါ။ ထိုင်းလူမျိုးဖြစ်သည်။ ကရင်စကားနှင့် မြန်မာစကားကို ကျွမ်းကျင်စွာပင် ပြောဆိုနိုင်လေသည်။

# မဲဆောက်မှ မာနယ်ပလော

မချိုနိုင်အိမ်တွင်နေထိုင်စဉ် ဆယ်ရက်ခန့်အကြာ ညတညဥ် ဗိုလ်မှူးစိုးစိုး ကျနော့်ထံသို့ ရောက်လာသည်။ ယခုအချိန်ထိ ကျနော် တောခိုလာသည်ကို စစ်အုပ်စုက မသိသေး၍ မည်သည့် တစုံတရာ သတင်းမျှ ထုတ်ပြန်သေးခြင်း မရှိကြောင်း ဗိုလ်မှူးစိုးစိုးက ပြောပြသည်။ ဆက်လက်၍ ဗိုလ်မှူးစိုးစိုးကပင် သောင်ရင်းရေကျချိန် စောင့်၍ မာနယ်ပလော သွားမည့်ရက်ကို ရွေးချယ်နေကြောင်း။ ထိုမှ မာနယ်ပလောသွားလျှင် ကျနော်နှင့် သားအငယ်ပါမည်ဖြစ်ကြောင်း။ သားအကြီးဖြစ်သူမှာ သူ၏ KNU တပ်ရင်း (၁၂) တွင်ထားမည် ဖြစ်ကြောင်းလည်း ပြောပြလေသည်။

ဗိုလ်မှူး စိုးစိုး၏ တပ်ရင်း (၁၂) သည် ဗိုလ်ချုပ် 'အော်လစ်ဗာ' ၏ တပ်မဟာ (၄) အောက်ဘက်နှင့် ကော့သောင်းဘေးတွင် ရှိသည်။ ဗိုလ်မှူးစိုးစိုးသည် KNU တခုလုံး၏ ထောက်လှမ်းရေး တာဝန်အပြင် ယင်းတပ်ရင်း (၁၂) ၏ တပ်ရင်းမှူး ဖြစ်သည်။ သို့ရာတွင် တာဝန်များပြားသဖြင့် တပ်ရင်းသို့ တခါတရံသာ သွားနိုင်သည်။ ဗိုလ်မှူးစိုးစိုး၏ကိုယ်စား သူ့ညီဝမ်းကွဲ တယောက်က ဒု-တပ်ရင်းမှူး နေရာက တာဝန်ယူပေးရသည်။

စက်တင်ဘာလသို့ ရောက်လာလျှင် သောင်ရင်းရေသည် ကျလာသည်။ ထိုနေ့သည် စက်တင်ဘာလ ၂၃ ရက် သော်၄င်း၊ ၂၅ ရက် သော်၄င်း ဖြစ်မည် ဟု ကျနော်ထင်သည်။ နံနက် ၉ နာရီ လောက်တွင် ဗိုလ်မှူးစိုးစိုး တိုယိုတာ ကားဖြင့် ရောက်လာသည်။ ကားနောက်ပိုင်း၌ မာနယ်ပလောသွားမည့် ခရီးသည်အချို့လည်း ပါလာသည်။ ကျနော်က ဗိုလ်မှူးစိုးစိုးနှင့်အတူ ကားရှေ့ ခန်းတွင်တက်လိုက်ပြီး ကျနော့်သားအငယ်သည် ကားနောက်တွင် တက်လိုက် သည်။

မကြာမီမချိုနိုင်တို့အိမ်မှ တိုယိုတာကားကလေးသည် မဲဆောက်အပြင်ဘက်သို့ရောက်လာသည်။ မဲဆောက်၏ မြင်ကွင်းများသည် ၁၉၇၈ ခုနှစ်ကထက် များစွာ ခြားနားနေသည်ကိုသတိပြုမိ၏။ ထိုစဉ်ကဟိုတယ်ဟူ၍ ပထမဟိုတယ် (FIRST HOTEL) သာရှိသော်လည်း ယခုမူ အလတ်စား ဟိုတယ်များအပြင် အကြီးဆုံးဟိုတယ် ဖြစ်သည့် (MAE SOD HILL) ကို အဝေးကပင် လှမ်းမြင်နေရသည်။ အမှန်မှာ မဲဆောက်မြို့ကလေးသည် ထိုင်း-မြန်မာနယ်စပ်ရှိမြို့ကလေးသာဖြစ်သည်။ တချိန်က ရာဇဝတ်သားများအား အပြစ်ဒဏ်အရ နယ်နှင်ဒဏ်ပို့သည့် အရပ်တခုသာဖြစ်သည်။ ယခုမူ မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ကြောင့် တစတစဖြင့် ရောမမြို့ကြီး ဖြစ်လာလေသည်။ မဆလခေတ်တွင် စီးပွားရေးစနစ် မှားယွင်းရာမှ ငွေလဲလှယ်နှုန်းများပါ ပြောင်းပြန်ဖြစ်သွားလေသည်။ မြန်မာနိုင်ငံဘက်မှ ကျွန်း သစ် ငါး ပုဇွန်မှစ၍ မြေပေါ် မြေအောက် သံယံဇာတ များသည်လည်း မြန်မာနိုင်ငံသားများနှင့်အတူ ထိုင်း နိုင်ငံဘက်သို့ လိမ့်ဝင်လာလေသည်။ အဆိုးဆုံးမှာ နဝတ နှင့် နအဖ ခေတ်တွင် အဆိုးဆုံးဖြစ်လေသည်။



ကျနော်သည် (Mae Sod Hill) ဟိုတယ်ကြီးကို စကားစပ်မိသဖြင့် ပိုလ်မှူးစိုးစိုး က လွန်ခဲ့သော (၂) နှစ် လောက်ကစ၍ ဟိုတယ်ကြီးကို စတင် ဖွင့်ကြောင်းနှင့် ကြယ်လေးပွင့် ဟိုတယ်အမျိုးအစားဖြစ်ကြောင်း ရှင်းပြလေသည်။ နိုင်ငံခြားက လာသော ဧည့်သည်များသည် မြို့လယ်ရှိ ဟိုတယ်များထက် (Mae Sod Hill) တွင် အတည်းများကြောင်း သိရလေသည်။

# တောတောင်ရေမြေ

တိုယိုတာ ကားကလေးသည် မဲ ဆောက်နှင့် ဝေးဝေးလာသည်။ အနိမ့် အမြင့် မညီမညာသော ကုန်းမြင့်ပိုင်းသို့ရောက်လာသည်။ စက်တဘ်ာ မိုးနှောင်းရာသီ ဖြစ်၍ ရှုမျှော်မဆုံးနိုင်သော အစိမ်းရောင် လယ်ကွင်းကြီးများမှ တဆင့် တောင်ခြေနှင့် ကုန်းမြင့်ဆီတွင် စိုက်ပျိုးထားသော စိုက်ခင်းများအား အတိုင်း သားလှမ်းမြင် နေရလေသည်။ ထိုင်းလူမျိုးများတို့၏ မိမိပိုင်မြေပေါ်တွင် အိုး



အိမ်နှင့် ရှာခြေတည်ထားပုံသည် မြန်မာ့ကျေးလက် ပုံစံအတိုင်း ဖြစ်လေသည်။

သို့ရာတွင် ထိုင်းကျေးလက် အိမ်အများစုသည် သစ်သားခြေတံရှည်နှင့် အမိုးမှာ ခေါင်ကို စောက်ထားပြီး အချွန်အတက်များဖြင့် ဖြစ်လေသည်။ ဤပုံစံသည် နန်းဆန်သော်လည်း တခါတရံ ဘုန်းတော်ကြီးကျောင်းနှင့် ခွဲရခက်နေတော့သည်။ ထိုင်းလူမျိုးအများစုသည် ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများဖြစ်ကြ၍ တောမှာဖြစ်စေ မြို့ပေါ်တွင်ဖြစ်စေ ဘုရား ကျောင်းကန်ကို တလေးတစားပင် တည် ဆောက်ကြသည်။ ရွာတိုင်းတွင် ဘုန်းကြီးကျောင်းရှိလေရာ အချွန်အတက်ကို တန်ဆာဆင်၍ အနီနှင့် အဝါရောင်တို့ ခြယ်သထားလေသည်။ ဘုန်းတော်ကြီး ကျောင်းနှင့်တွဲလျက် ခေါင်းတိုင်ရှည်အဆောက်အဦး တခုစီကိုလည်း တွေ့ရတတ်ပေသည်။ ယင်းမှာ လူသေလျှင်ပြာချ မီးရှို့သော စက်ခေါင်းတိုင်ဖြစ်ကြောင်း ဗိုလ်မှူးစိုးစိုးက ပြောပြလေသည်။ ယင်းအချက်သည် ထိုင်းလူမျိုးတို့၏ ဓလေ့ထုံးစံတရပ်နှင့် ကျေးလက်ပုံစံတရပ် ပြောင်းလဲသွားခြင်းပင်ဖြစ်သည်။ သေလွန်ပြီးနောက် ဘုန်းတော်ကြီးကျောင်းက မြန်မြန်ထက်ထက် ပြီးမြောက်အောင် စီစဉ်ပေးခြင်းလည်းဖြစ်သည်။ ကျေးလက်တွင် သချိုင်းအတွက် မြေအကုန်အကျလည်း သက်သာ သွားတော့သည်။

မဲဆောက်နှင့် ဇင်းမယ်(အတွင်းလမ်း)သွား ကားလမ်းပေါ်၌ မရပ်မနား ပြေးနေသော တိုယိုတာကားကလေးသည် နံနက် ၁၀ နာရီသာသာတွင် မယ်ဆလစ် ကားဂိတ်နှင့် လှေဆိပ်သို့ ရောက်လာသည်။ မယ်ဆလစ် ရောက်လျှင် တခုခု စားသောက်မည်ဟု ဗိုလ်မှူးစိုးစိုးက ပြောထားသဖြင့် ကားရပ်သည်နှင့် ကားပေါ်က ဆင်းလိုက်ကြသည်။ ကျနော်သည် ၁၉၇၈ ခုနှစ် ဝမ်ခသို့ ရောက်စဉ်ကပင် ယင်းမယ်ဆလစ်ကို ရောက်ခဲ့ဘူးပြီဖြစ်၏။ မယ်ဆလစ် လှေဆိပ်မှ မယ်သဝေါသို့ စက်လှေဖြင့် KNU ဗိုလ်ချုပ်သန်းအောင်နှင့် ဆရာကြီး စကောလယ်တောတို့ကို တွေ့ရန်သွားရ၏။ ထိုစဉ်က မယ်သဝေါမှာ ယခုကဲ့သို့ ရန်သူ့လက်ဝယ် မကျရောက်သေးပါ။ ကျနော့်အား အစမှအဆုံး လိုက်လံပို့ ဆောင်ပေးသူမှာ ဗိုလ်မှူးဝမ်ဟိန်၏သား အေးစိုး ဖြစ်လေသည်။ (ကိုအေးစိုးသည် မင်းမင်းစိုး နှင့် မသီတာတို့၏ အကိုဖြစ်သည်)

# လမ်းခရီး အန္တရာယ်



**ဗိုလ်ချုပ်ထိန်မောင်။**

မယ်ထလစ်တွင် စားသောက်ချိန်မှာ မိနစ်လေးဆယ် ကုန်သွားလေသည်။ မယ်ဆလစ်မှ ကားပြန်ထွက်သော အခါ ၁၂ နာရီပင် ကျော်နေပြီ ဖြစ်သည်။ မဲဆောက်ဇင်းမယ်(အတွင်းသွားလမ်း)သည် ခရီးသွားများနည်းပါး သည့်နည်းတူ အန္တရာယ်လည်းများပေသည်။ အများသူငါတို့သည် မဲဆောက်မှဇင်းမယ် သွားသောအခါ တပ်(၆)ခရိုင်ဘက်မှ တိုက်ရိုက်သွားကြလေသည်။ ယင်းလမ်းတွင် လမ်းခရီး၌မြို့ ရွာများ အဆက်မပြတ်ရှိနေသောကြောင့် ခရီးသွားများသည် အဆက် မပြတ်ရှိနေသည်။

မဲဆောက် ဇင်းမယ်(အတွင်းလမ်း)ကို အများအားဖြင့် တော်လှန်ရေးသမားများ သွားလာနေကြခြင်း ဖြစ်သည်။ ယင်းခရီးလမ်း၌ ဗိုလ်ချုပ်ထိန်မောင်၏ တပ်မဟာ(၇)ဌာနချုပ်နှင့် ကော့်သူလေးအစိုးရ အုပ်ချုပ်မှုအရ ဘားအံခရိုင်

ရှိသည်။ မယ်သဝေါ အနောက်ဘက်ကမ်းတွင် ရန်သူသိမ်းထားသော (မယ်သဝေါ) ရှိနေသည်။ သို့ဖြစ်၍ ယင်း ခရီးလမ်းကို သာမန်ခရီးသည် များက ရှောင်ကြဉ်ကြခြင်း ဖြစ်လေသည်။

အရှိန်ဖြင့် မောင်းလာသော တိုယိုတာကားကလေးသည် မယ်တန်သို့ ရောက်လာသည်။ မယ်တန်သည် မဲဆောက်ခရိုင်အတွင်းရှိ မြို့နယ်တခုဖြစ်သည်။ သူ၏ရှေ့တွင် မယ်သဝေါရှိလေသည်။ မယ်သဝေါ အရှေ့ဘက်ကမ်း(ထိုင်း)နှင့် မယ်သဝေါ အနောက်ဘက်ကမ်း(မြန်မာ)ကို မယ်သဝေါဟူ၍ပင် ခေါ်ကြသည်။ ၁၉၇၈ ခုနှစ် ကျနော် ဘားအံ(မင်းဇီ)မှ ထိုင်းနိုင်ငံသို့လာစဉ် ယင်းမယ်သဝေါ ခရီးစဉ်အတိုင်း လာခြင်းဖြစ်လေသည်။

တိုယိုတာကားကလေးသည် မယ်သဝေါ လွန်လာပြီး နာရီဝက်လောက် အကြာတွင် ကားလမ်း၏ဝဲဘက် တောထဲသို့ဆင်းလာသည်။ အထူးသဖြင့် သောင်ရင်းမြစ်ဆိပ်မှ မာနယ်ပလောသို့သွားရန် ဆင်းလာခြင်းပင်ဖြစ်သည်။ ယင်းခရီးလမ်းသည် မိုးရွာထားသည်မှာ မခြောက်သေး၍ အသွားအလာ ခက်ခဲလှ၏။ ရေစပ်စပ်တွင် ချိုင့်ဝှမ်းများဖြင့် ကားကလေးသည် မကြာခဏ ရပ်တန့်သွားလေသည်။ ကားဦးခန်းတွင် စီးနင်းလာသော ဗိုလ်မှူးစိုးစိုးနှင့် ကျနော်သည် မထောင်းသာသော်လည်း ကားနောက်ပိုင်းက လူများမှာ ရွံ့ဗွက်များ ပေရေနေတော့သည်။ ဤသို့ဖြင့် ၂ နာရီလောက် ရွံ့ဗွက်ထဲ မောင်းနှင်ပြီး နောက် မော်တော်ကားသည် 'ခလဲစေလူ' သို့ရောက်လာသည်။ ခလဲစေလူသည် သောင်ရင်းတွင် ရေမကျမီ သုံးသော ကူးတို့ဆိပ်ဖြစ်သည်။ နွေပေါက်၍ ရေကျသွားသောအခါ ပဒိုအောင်ဆန်း၏ 'ထီးသခီး' နားအထိ ကားကို မောင်းသွားနိုင်လေသည်။

ခလဲစေလူဆိပ်တွင် စက်လှေ သုံးလေးစီး အသင့်ရပ်ထားသည်။ အလျင်ထွက်မည့် စက်လှေပေါ်သို့ ကျနော်တို့ တက်လိုက်ကြသည်။ မကြာမီ ဆိပ်ကမ်းက ထွက်လာလေသည်။ စုန်ရေဖြစ်၍ ရေစီးသန်လှသည်။ မြစ်ကြောင်းနှင့် ရေကြောင်းမှာ ကွေ့ကောက်နေသဖြင့် စက်လှေမောင်းသူသည် နေးလိုက် မြန်လိုက်ဖြင့် သတိဖြင့် မောင်းနေရတော့သည်။ ယင်းသောင်ရင်းမြစ်၏ မြင်ကွင်းများသည် နောက်ပိုင်း၌ ကျနော့်ကို စွဲညိလာသည်။ ဤသို့ဖြင့်သံလွင်၏ဂန္တဝင်ကဗျာ ဇာတ်လမ်းရှည်ကို ကျနော် ရေးဖွဲ့သောအခါ အောက်ပါအတိုင်း ရေးဖွဲ့ခဲ့လေသည်။

သံလွင်နဲ့ သောင်ရင်း<br>
မြစ်နှစ်စင်း ညီအကို<br>
ချစ်ကြပေသကို<br>
တဦးကအချစ်ပို<br>
တဦးကအချစ်သဲ<br>
မြစ်ဆုံဆို အကွေ့ဝဲ<br>
တွေ့ကြပြီပဲ။

အကိုကြီးသံလွင်<br>
သံယောဇဉ်ကြီးမား<br>
သောင်းရင်းညီ<br>
ကျောက်ဆောင်ကြားက<br>
စီးဆင်းရာလမ်းစဉ်<br>
မမှားအောင် လမ်းညွှန်လို့သွား။

# မာနယ်ပလောရောက်ပြီ

မာနယ်ပလောသည် မည်သည့် အရပ်တွင် ရှိသည်ကို မသိသဖြင့် လမ်းခရီး တလျှောက်ရှိ လှပသောရှုခင်းများနှင့် တောင်တန်းများကို ငေးမျှော်ကြည့်ရှုလာ မိသည်။ ထိုင်းနိုင်ငံဘက် ကမ်းဖြစ်သော သောင်ရင်းမြစ်၏ အရှေ့ဘက်ခြမ်း၌ ယှက်စပ်နေသော တောတန်းနှင့် တောင်စွယ်များသာ ရှိသော်လည်း မြန်မာ နိုင်ငံ၏ဘက်ကမ်း သောင်ရင်းမြစ် နောက်ဘက် ခြမ်းတွင်မူ ရောမမြင့်မားသော ကျောက်တောင်ကြီးများသည် မိုးထိုးနေလေသည်။ သောင်ရင်းမြစ်သည် ထိုင်း နိုင်ငံ၏ အရှေ့ဘက်မှ အနောက်ဘက်သို့ စီးဆင်းလျက် ထိုင်း-မြန်မာ နိုင်ငံကို ပိုင်းခြားထားသော်လည်း ထိုမျှနှင့် မလုံလောက်သေး၍ ကျောက်တောင်ကြီး များကပါ ဝင်ရောက် ကာဆီးပေးထား၏။ သဘာဝတရား၏ အံ့သြဖွယ်ဖြစ် လေသည်။



ဤတွင် ဗိုလ်မှူးစိုးစိုးက ရှေ့က သွပ်မိုး ဖြူဖြူများသည် မာနယ်ပလော ဖြစ် ကြောင်း၊ ကျနော့်အား လက်ညှိုးထိုး ၍ပြ၏။

ကျွန်တော် အတွေးများနေရာတွင် ဘီဘီစီ ဗွီအိုအေနှင့် နဝတ လွှင့်ထုတ်သော မာနယ်ပလောအကြောင်းအရာ များသည် ပြေးဝင်လာလေသည်။

မာနယ်ပလောတွင် ကော်သူလေးအစိုးရနှင့် ဒေါက်တာစိန်ဝင်း၏ အမျိုးသား ညွန့်ပေါင်း အစိုးရဟူ၍ နှစ်ဖွဲ့ရှိသည်။ DAB ခေါ် မြန်မာ နိုင်ငံဒီမိုကရက်တစ် မဟာမိတ်အဖွဲ့နှင့် NDF အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစုကြီး နှစ်ခုရှိသည်။ အထူးသဖြင့်



**မိုးသီးဇွန်နှင့်အတူ ဆရာဦးအောင်ခင် (သုတေသန)**

ကျောင်းသား ခေါင်းဆောင်မိုးသီးဇွန် ၏ (JUNGLE UNIVERSITY) တောတွင်း တက္ကသိုလ်လည်း ထူထောင်ပြီးဖြစ် သည်။ မိုးသီးဇွန်၏ တောတွင်းတက္ကသိုလ် (JUNGLE UNIVERSITY) ထူ ထောင်နိုင်ခြင်းသည် ရှစ်လေးလုံး အရေးတော်ပုံ ကြောင့် ပညာမစုံသေးသော လူငယ်ကျောင်းသားများအတွက် အားတက်ဖွယ် ရာပင်ဖြစ်လေသည်။ ယင်းသို့ အတွေးကောင်း ကောင်းဖြင့်တွေး နေစဉ်မှာပင် စက် လှေသည် မာနယ်ပလော ဆိပ်ကမ်းသို့ ထိုးကပ်လိုက်လေသည်။

# ကြိုဆိုနှုတ်ဆက်ခြင်း

မာနယ်ပလောရောက်သည်နှင့် စိတ်နလုံးကို ဒုန်းဒုန်းချလိုက်သည်။ သို့ဖြင့် ကျနော်သည် မနေ့ညက မာနယ်ပလောဧည့်ရိပ်သာ (စားမြိန်ရိပ်သာ) တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ ယနေ့နံနက် အိပ်ယာမှ နိုးလာသော အခါ နံနက် ၉ နာရီပင် ထိုးပေတော့သည်။

ဧည့်ရိပ်သာ နောက်ဘက်ဆောင်တွင် စောထူးနှင့်သူ့ရဲဘော်များ အသင့်ပြင် ထားသော ကော်ဖီကို သောက်လိုက်သည်။ ဗိုလ်မှူးစိုးစိုးသည် ဧည့်ရိပ်သာ ဘေးနားရှိ သီးသန့်အဆောင်ကလေးတွင် အိပ်သည်။ သူ့ကို မတွေ့သဖြင့် စောထူးကို မေးမိရာ ဗိုလ်ချုပ်မြထံ သွားကြောင်းသိရသည်။

စားမြိန်ရိပ်သာတာဝန်ခံ စောထူးကား အင်းယားလိပ်ဟိုတယ်တွင် စားဖိုမှူးလုပ် ခဲ့သူဖြစ်သည်။ မန်းငွေအောင်အမှုနှင့် ဆက်စပ်၍ တောတွင်းသို့ ဆင်းလာခြင်း ဖြစ်သည်။ အင်းယားလိပ်တွင် အတွေ့အကြုံရှိခဲ့သော စောထူးသည် မာနယ်ပလော ဧည့်ရိပ်သာ၌ ဘဲကောင်လုံး ကြက်ကောင်လုံး ကြော်ချက်ပြုတ် ကာ အစွမ်းပြခွင့် ရရှိခဲ့လေသည်။

မာနယ်ပလော ဧည့်ရိပ်သာမှာ မျက်နှာနစ်ဖက် ဖွင့်ထားသည်။ အရှေ့ဘက် မျက်နှာစာမှာ မာနယ်ပလော စစ်ရေးပြကွင်းကို မျက်နှာမူထားခြင်းဖြစ်သည်။ အနောက်ဘက် မျက်နှာစာမှာ သောင်ရင်းမြစ်ကို မျက်နှာမူထားသည်။ လ သာ သောညများတွင် အနောက်ဘက် လသာဆောင်မှတဆင့် လရောင်ထဲတွင် တသွင်သွင် စီးမျောနေသော သောင်ရင်းမြစ် မြင်ကွင်းသည် ပန်းချီဆန်လှ ပေတော့သည်။

ကျနော့်သား အငယ်သည် ကျနော်နှင့် ဘေးချင်းကပ်ကုတင်တွင်အိပ်ရာ နံက် စောစောနိုးသဖြင့် ကိုစောထူး၏ လက် ထောက်တယောက်နှင့် ဟိုဟိုဒီဒီ သွား နေလေသည်။ ကျနော်သည် နောက် ဘက်ဆောင်မှ ဧည့်ရိပ်သာ၏ ဧည့် ခန်းဆောင်ဆီသို့ ထွက်လာသည်။ ဧည့်ရိပ်သာ၏ လက်ဝဲဘက် အနီးဆုံး ၌ ပဒိုစောဘသင်၏ ရုံးခန်းရှိ၍ လက်ျာ ဘက်တွင် ပြည်ထဲရေးတာဝန်ခံ ပဒိုဘီ ၏ ရုံးခန်းရှိသည်။



**ပဒိုစောဘသင်စိန်။**

ကျနော်သည် တောတောင်ရေမြေ၏ သဘာဝကိုဆင်ခြင်ကြည့်ရာမှ ကျနော့် ဘဝကိုလည်း ဆင်ခြင်ကြည့်မိပြန်သည်။ အမှန်မှာ ကျနော့်ဘဝသည် မာနယ်ပလော ရောက်လာခြင်းဖြင့် အပြောင်းလဲကြီး ပြောင်းလဲသွားလေသည်။ ကျနော်၏ ဘဝသုံးပုံ နှစ်ပုံသည် ရန်ကုန်မြို့မှာပင် ကုန်ခဲ့ပြီဖြစ်သည်။ ယခု ကျန်နေသေးသော တပုံကို ရှေ့ခရီးအဖြစ် ဆက်ရန်ပင် ဖြစ်ပေသည်။

ဤသို့ရှိစဉ် နေ့လည်ခင်း အရောက်၌ ဗိုလ်မှူးစိုးစိုး ဗိုလ်ချုပ်မြနှင့်အတူ ပြန် ရောက်လာသည်။ ဗိုလ်ချုပ်မြသည် ပဏာမအနေနှင့် ကျနော့်အား ကြိုဆိုခြင်း

ဖြစ်ပေသည်။ နောက်နေ့တွင် မာနယ်ပလောရှိ KNU ခေါင်းဆောင်များပါ ပါဝင်၍ အခမ်းအနားဖြင့် ကြိုဆိုနှုတ်ဆက်သည်။ ယင်းနှင့် ပတ်သက်၍ (Voice of Burma) စာစောင် 'ဗိုလ်ချုပ်မြနှင့်သူ၏ကျနော် တင်ပြလိုသည်။ ကျနော့်ဖြတ်သန်းမှု အစစ်အမှန်' ဆောင်းပါးတွင် အောက်ပါအတိုင်း ကျနော် ရေးသားခဲ့လေသည်။

တော်သလင်းနှင့် သီတင်းကျွတ်လ တောကျရေနှင့် တောင်ကျရေတို့ဖြင့် ကျောက်ဆောင် ထူပြောလှသော သောင်ရင်းမြစ်သည် ကြမ်း၍ ရမ်း၍ နေဆဲကို ယင်းအချိန်မှာပင် ကျနော်သည် မာနယ်ပလောသို့ ရောက်ရှိလာလေတော့သည်။ ပထမနေ့တွင် ဗိုလ်ချုပ်မြသည် ဗိုလ်မှူးစိုးစိုးနှင့်အတူ ကျနော်ရှိရာ မာနယ်ပလော တည်းခိုရိပ်သာ (စားမြိန်ရိပ်သာ)သို့ ရောက်ရှိလာပြီး ဦးစွာနှုတ်ဆက်ရှာသည်။ ဒုတိယနေ့တွင်မှ ဗိုလ်မြသည် ကျန် KNU ခေါင်းဆောင်များနှင့်အတူ အခမ်းအနားမျိုးဖြင့် ကျနော့်ကို ထပ်မံတွေ့ဆုံပြန်သည်။



National Council of the Union of Burma.

ထိုအချိန်က မာနယ်ပလောသည် နိုင်ငံရေးအရ နေသာချိန်နှင့် လသာချိန်လည်း ဖြစ်လေသည်။ ရန်ကုန်မြို့ရှိ စစ်အုပ်စုကို နိုင်ငံရေးအရနှင့် စစ်ရေးအရ

ရင်ဆိုင်ဖက်ပြိုင်ရာ ဗဟိုဌာနချုပ်သည် မာနယ်ပလောပင်ဖြစ်သည်။ သို့ဖြစ်၍ ပြည်တွင်း ပြည်ပတို့၏ အာရုံစူးစိုက်ရာ ဒေသသည် မာနယ်ပလောပင်ဖြစ်၍ နေပြန်လေသည်။

နေ့စဉ်မပြတ် ပြည်တွင်းပြည်ပမှဧည့်သည်များနှင့် သတင်းစာဆရာများရောက်ရှိလို့လာကြသည်။ မာနယ်ပလော၏ ခေါင်းဆောင် ကြီးငယ် အသွယ်သွယ်တို့သည်လည်း 'ပြည်ပနိုင်ငံရေးခရီးသည်များ' အဖြစ် ခေါက်တုန့်ပြန် ထွက်ခွာနေကြသည်။ ဒီမိုကရေစီအရေးနှင့် လူမျိုးစုများ၏ လွတ်မြောက်ရေး ဘူမိနက်သန် မာနယ်ပလောတွင် အစည်းအဝေး ကြီး ငယ် လတ် တို့သည်လည်း မပြတ်ရှိနေလေသည်။ ကရင်နှစ်သစ်ကူးနေ့ ကရင်အမျိုးသားနေ့ စောဘဦးကြီးကျဆုံးသော အာဇာနည်နေ့ ဒီမိုကရေစီ ရှစ်လေးလုံးနေ့ ဗိုလ်ချုပ်မြမွေးနေ့ မာနယ်ပလောတွင် အခမ်းအနားဟူ၍ ပြတ်သည်ပင်မရှိပါ။ ယင်းအခမ်းအနားများတွင် ပရိသတ်များအားဒိုင်ခံ၍ ဖြေဖျော်သူမှာ စိန်ဝင်းမြိုင်၏ ဇာတ်သဘင်တဖွဲ့လုံးပင် ဖြစ်လေသည်။




**ဗိုလ်ချုပ်တာမလာဘော။**




**ပဒိုစောဘသင်စိန်။**





**စောထူးထူးလေး။ (စကောမော်လေးသား)** **ပဒိုရွှေယာဟဲ။**

ယင်းကျနော့်အား ကြိုဆိုပွဲတွင် ခရီးလွန်နေသူ ဗိုလ်ချုပ်မောင်မောင်မှ လွဲ၍ အထွေထွေ အတွင်းရေးမှူး ပဒိုစောဘသင်။ ပဒိုစံလင်း။ ကော်သူလေး အစိုးရအဖွဲ့ဝင် နိုင်ငံခြားရေး တာဝန်ခံ ဒေါက်တာမာတာ။ ပညာရေး တာဝန်ခံ ပဒိုရွှေယာဟဲ။ စိုက်ပျိုးရေးတာဝန်ခံ ပဒိုစိုးအောင်။ ပြည်ထဲရေး တာဝန်ခံ ပဒိုဘီ။ တရားရေးတာဝန်ခံ စောထူး ထူးလေး။ ကုန်သွယ်ရေး တာဝန်ခံ ပဒိုဝီး။ KNU ဥက္ကဋ္ဌ၏ အတွင်းရေးမှူး မန်းရှာလမန်း (ယခု KNU အတွင်းရေးမှူး)။ ကော်သူလေးအစိုးရဝန်ကြီးချုပ်၏ အတွင်းရေးမှူးစောကနဲမီ။ (ယခု ဩစတြေးလျား)တို့ ဖြစ်ကြသည့်အပြင် စစ်ရုံးမှဗိုလ်ချုပ်တာမလာဘောလည်း ပါဝင်သည်။ အထူးသဖြင့် ကျနော် မမှတ်မိတော့သော ပုဂ္ဂိုလ်များလည်း ပါဝင်ကြပေသည်။



ပဒိုအောင်ဆန်း



ဒေါက်တာမာတာ



ပဒိုစံလင်း




ပဒိုဝှီး



ပဒို စိုးအောင်



ပဒိုရောဂျာ



ပဒိုတာအယ် (ဗိုလ်တင်ဦး)



ပဒိုဘီ

# မာနယ်ပလောဝန်းကျင် မျှော်လိုက်လျှင်

မာနယ်ပလော ရေမြေအနေအထားသည် ဆက်သွယ်မှုအရ လွယ်ကူသည်။ မယ်သဝေါမှ သောင်ရင်းမြစ်အတိုင်း စုန်ဆင်းလာလျှင် ၂ နာရီကျော်ကျော် ၃ နာရီလောက်နှင့် ရောက်နိုင်သည်။ တဖန် စောလဲထမှ သံလွင်မြစ်အတိုင်း စုန်ဆင်း၍ သောင်ရင်းမြစ်ဝရောက်၍ သောင်ရင်းအတိုင်း ပြန်ဆန်တက်လျှင် ၃ နာရီ လောက်နှင့် မာနယ်ပလောသို့ ရောက်နိုင်သည်။ ကုန်းလမ်းက မသွားနိုင်သော်လည်း ရေလမ်းကသွားနိုင်သည်။

နွေရာသီရောက်၍ သောင်ရင်းမြစ် ရေခန်းလာသောအခါ မယ်သဝေါမှ တဆင့် 'ခလဲစေလူ' နှင့် 'ခလောတဲ' လှေဆိပ်တို့မှတဆင့် ပဒိုအောင်ဆန်း ၏ အထက်နား၌ မော်တော်ကားကို မောင်းလာပြီး မာနယ်ပလောသို့ ကားဖြင့် တိုက်ရိုက်ရောက်နိုင်သည်။ မဲဆောက်ရှိ ခေါင်းဆောင်များသည် မယ်သဝေါမှ တဆင့် မာနယ်ပလောသို့ လာကြပြီး ဇင်းမယ်ရှိ ခေါင်းဆောင်များမှာ ဇင်းမယ် မယ်ဆရီးရင်း စောလဲထတို့မှတဆင့် မာနယ်ပလောသို့လာကြ၏။

စောလဲထသည် သံလွင်မြစ်ပေါ်တွင်ရှိ၍ မယ်သဝေါမှာ သောင်ရင်းမြစ်ပေါ်တွင် ရှိသည်။ တနည်းအားဖြင့် စောလဲထသည် ဈေးမြို့လည်းဖြစ်၏။ စောလဲထ ကောင်းစားစဉ်က ဈေးဆိုင်ပေါင်းရာချီ၍ ရှိလေသည်။ လက်လီ လက္ကားဖြန့်ချီသည်။ သူ့လက်တံမှာ မာနယ်ပလော သံလွင်အောက်ဘက်နှင့် သံလွင်အနောက်ဘက်ကမ်း ဖါပွန်ဘက်သို့ ဖြစ်လေသည်။



**စောလဲထ ဈေးရွာ။**

စောလဲထ၏ထူးခြားမှုမှာ မိုးအခါ၌ ဈေးတန်းမှာ အခိုင်အခန့် ဆောက်ထား သော တောင်စောင်းပေါ်ရောက်သွားပြီး နွေအခါ၌ ဈေးဆိုင်နှင့် ဈေးတန်းသည် ကျရေနှင့်အတူ သောင်ပြင် ကမ်းစပ်ဆီသို့ ရောက်သွားပြန်လေသည်။

ကျနော်သည် မယ်သဝေါနှင့် မာနယ်ပလောကို စုန်ဆန်၍ သွားရောက် ဖူးသလို စောလဲထနှင့် မာနယ်ပလောကိုလည်း စုန်ဆန်၍ သွားရောက်ဘူးသည်။ အထူးသဖြင့် တခုသော မိုးရာသီ ရေဖေါင်ဖေါင်တွင် ကျနော်သည် စောလဲထ ဈေးဆိုင် ဝရံတာမှ သံလွင် မြစ်တွင်းသို့ ကြည့်နေမိ၏။

အစီးသန်လှသော သံလွင်ရေစီးနှင့် လှိုင်းလုံးကြီးများသည် ကျနော်ရှေ့မှာပင် ဒေါသမာန် ထနေသော နဂါးကြီးတကောင်နှင့် တူလွန်းလှ တော့သည်။ ဤတွင် နောက်ပိုင်း၌ ကျနော်သည် ကျနော်၏ 'သံလွင်ဂွဏ္ဏဝင်' တွင် စောလဲထနှင့် ဒေါင်းကွင်အဖွဲ့တွင် အောက်ပါအတိုင်းဖွဲ့ ခဲ့လေသည်။

သံလွင်ရဲ့ မြစ်ကမ်းပေါ်
တခေါ်လောက်ဝေး
စောလဲထခေါ်ရွာကလေး
စည်ကားလို့လေး။

စောလဲထကိုကျော်
တမျှော်လောက်ဝေး
ဒေါင်းကွင်ဆိုရွာကလေး
ဒေါင်းတွေနဲ့ဖွေး။

ကျနော်သည် စောလဲထမှ ဒေါင်းကွင်အထိ ရောက်ဘူးသည်။ ဒေါင်းကွင်တွင် ဒေါက်တာ နိုင်အောင်၏ ABSDF တပ်ဖွဲ့များ ချထား၍ စောလဲထ အောက်ဘက် သံလွင်နောက်ဘက် ကမ်းတွင် မိုးသီးဖွန်၏ ABSDF သံလွင် စခန်းရှိလေသည်။

# မာနယ်ပလောမြို့ပြ

မာနယ်ပလောကို ပဒိုအောင်ဆန်းတို့၏ အမျိုးသမီးများ စောင့်ကြပ်သော ကင်းဂိတ်မှ စတင်ရေတွက်လျှင် ဗိုလ်မှူးကြီးလော်ဝါဒီ၏ဗျူဟာတွင် အဆုံးသတ်မည် ဖြစ်သည်။ ဤနေရာသည် အရှေ့ဘက်တွင် သောင်ရင်း မြစ်ဖြစ်၍ နောက်ဘက်တွင် တောင်တန်းက ကာဆီးထားလေသည်။

အမျိုးသမီးဂိတ်မှ လော်ဝါဒီ၏ ဗျူဟာအရောက် အောက်ပါ အဖွဲ့အစည်း များနှင့် လူနေအိမ်ခြေများကို မြင်တွေ့ ရမည် ဖြစ်ပေသည်။

အမျိုးသမီးကင်းဂိတ်။

စိန်ဝင်းမြိုင် ဇာတ်သဘင်အဖွဲ့။
NCGUB နှင့် နော်ဝေ (DVB) အသံဖမ်းရုံ။
ရဟန်းပျိုသမဂ္ဂ ဦးခေမာစာရ၏ကျောင်း။
မယ်တုကွိစမ်းချောင်း။
(NLD/LA) ရုံး။
ကဗျာဆရာ ပန်းခက် လွှက်ရည်ဆိုင်။
မန်းရှာလမန်းအိမ်။
(GREEN NOVEMBER-32) ၏မစ္စတာစတိ။
ကိုအေး ဆောင်၏ PLF ။
မြင့်ဇော်၏ လူ့ ဘောင်သစ်။
KIO ရုံး။ DAB ရုံး။
ဆရာကြီး စကောလယ်တော နေအိမ်။ အာဇာနည်ကုန်း။
စောကနဲမီနေအိမ်။
အမျိုးသမီးအချုပ်။
ကျန်းမာရေးဌာန။
ဘဏ္ဍာရေးတာဝန်ခံ။
လူငယ်တာဝန်ခံ။ ကရင်လူငယ်အစည်းအရုံး။
ပဒိုကော်စိုး၏အိမ်နှင့် လွှက်ရည်ဆိုင်။
ခိုင်စိုးနိုင်အောင်၏ NDF
နိုင်ရွှေကျင်အိမ်။
ထိုမှ မာနယ်ပလောကွင်း ကြီးကိုဝိုင်းအုံ၍ ဖွဲ့စည်းထားသော အဆောက်အဦးများ၊ မာနယ်ပလော စစ်ရေးပြကွင်းရှိ ဗိုလ်ချုပ်မြ၏နေအိမ်။ ရုံးခန်းနှင့် လောဝါဒီး၏ ဗျူဟာကြားတွင် အညတြသင်္ချိုင်းပင် ဖြစ်လေသည်။

ယင်းနှင့်ပတ်သက်၍ ကျနော်သည် (VOICE OF BURMA)စာစောင်တွင် ဘိန်းဘုရင်ခွန်ဆာနှင့် ရုရှားဆရာဝန်နှစ်ဦး ပြန်ပေးဆွဲခံရသည့်ဇာတ်လမ်း ဆောင်းပါးတွင် ဟိုမိန်းနှင့် မာနယ်ပလောကို နှိုင်းယှဉ်ချက်ဖြင့် အောက်ပါအတိုင်း ရေးသားခဲ့လေသည်။



**ဘိန်းဘုရင်ခွန်ဆာ**

ထိုစဉ်က ဟိုမိန်းနှင့် ထိုစဉ်က မာနယ်ပလောကို နှိုင်းယှဉ်ချက်ဖြင့် ကြည့်လျှင် တည်နေရာတွင် ခြားနားမှု ရှိသကဲ့သို့ အကျယ်အပြောတွင် လည်း ခြားနားမှု ရှိလေသည်။ မာနယ်ပလောသည် နောက်ကျောတွင် တောင်တန်းနှင့် ရှေ့မျက်နှာစာတွင် သောင်ရင်းမြစ်တို့ ရှိ၍ ကျဉ်းမြောင်းသော မြေအနေအထားပေါ်တွင် လုံခြုံရေးကိုအကြောင်းခံကာ တည်ထားခြင်း ပင်ဖြစ်၏။ သို့ဖြစ်၍ မာနယ်ပလောသည် လေးထောင့် သင်္ချာန်လည်းမရှိ၊ လုံးဝိုင်းပုံသင်္ချာန်လည်း မရှိဘဲ သောင်ရင်းနှင့် အပြိုင်ပြေး၍ တောင်နံရံနှင့် မြစ်ကမ်းဘေးတွင် အလျား ရှည် ထွက်ကာ အနံသာ ရှိနေလေသည်။

ဟိုမုန်းကား မူလဟိုမုန်း ချိုင့်ဝှမ်းကြီးတွင် စတင်တည်ရာမှ နေ့စဉ် ရက်ဆက်ဘူဒိုဇာကြီးများဖြင့် တောင်နံရံ မြေသားများကို ဆက်လက်၍ ဖြိုချဲ့နေလေရာ တနေ့တခြား ကျယ်ပြန့်ထွက်လာသော ဟိုမုန်းဖြစ်လာလေသည်။ သို့ဖြစ်၍ ဟိုမုန်း( HOMONG) သည် မြို့ပတ်သင်္ချာန် လေးထောင့်နှင့် လုံးဝိုင်းသင်္ချာန်တို့ရှိလေသည်။ ပြီးလျှင် မာနယ်ပလောသည် မာနယ်ပလော တခုတည်း

မပာတ်ပဲ စာသင်ကျောင်း ဆေးရုံ ဆေးခန်းများနှင့် ခေါင်းဆောင်များ နေထိုင်ရာ တို့နှင့် အတူ အကိုင်းအခက်များ ဖြာထွက် နေသည်။ ဟိုမုန်းမှာမူ ချိုင့်ဝှမ်းမြို့ သစ်ကြီးအတွင်း၌သာ စာသင်ကျောင်း၊ ဆေးရုံ ဘုန်းကြီးကျောင်း အလုပ်ရုံ စက်ရုံ ဟော်တယ် ဗွီဒီယိုခန်းမ ကာရာအိုကေ ဒစ္စကို ယဉ်ကျေးမှုပြ ခန်းနှင့် သာမန်အရပ်သူ အရပ်သားများမှ ခေါင်းဆောင်ကြီးငယ် အသွယ်သွယ်တို့ အထိ ဟိုမုန်းအတွင်း၌ပင် တပေါင်းတစည်းတည်း နေထိုင်ကြလေသည်။



ဗိုလ်ချုပ်မြ ပဒိုဘာသင် ပဒိုစံလင်းတို့သည် ဟွေးပေါလူတွင်နေထိုင်ကြသည်။ ဗိုလ်ချုပ်မောင်မောင် တယောက်တည်းသာ မာနယ်ပလောတွင်နေသည်။ ဗိုလ်ချုပ် မောင်မောင်၏မိသားစုများမှာ ဘားအံခရိုင် နောင်ဘိုတွင် နေလေ သည်။

# မာနယ်ပလော တည်ဆောက်မှု

လူတယောက်ပင်ဖြစ်စေ ကားတစီးပင်ဖြစ်စေ မာနယ်ပလောသို့လာလျှင် အထက်တွင်မြင်ရသော ရုံးအဆောက်အဦးနှင့် လူနေအိမ်ခြေများကို ဖြတ်သန်းလာရသည်။ အထူးသဖြင့် သထုံနယ်မှ ဇာတ်ဆရာ စိန်ဝင်းမြိုင်၏ ဇာတ်သဘင်အဖွဲ့သည် ချီးကျူးဖွယ်ရာ ကောင်းလှ၏။ မာနယ်ပလော အခါကြီးရက်ကြီးများတွင် တာဝန်ကျေပွန်လှသည်။ သူနှင့်သူ့ဝိုင်းတော်သားများသည် ဇာတ်သဘင်ဆိုသော်လည်း စည်းနှင့်ကမ်းနှင့် နေထိုင်ကြသည်။ ၁၉၉၃ ခုနစ်ရောက်လျှင် ကရင်ပြည် နယ်က စောင်းဆရာ စောတကောဝါး စိန်ဝင်းမြိုင်နှင့် သူ၏ သမီးလေးတို့သည် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ ဂျာမနီနိုင်ငံသို့ ပင်ရောက်ခဲ့ ကြသေးသည်။



**စိန်ဝင်းမြိုင် ဇာတ်သဘင်အဖွဲ့ (သားအဖ)နှင့် စောတကောဝါး။**

မာနယ်ပလောတွင် ရုံးဌာနအဆောက်အဦး များစွာရှိသည့်အနက် ရုံးနှင့်အတူ ဆုံးမှာ မာနယ်ပလောစစ်ရုံးနှင့် ခိုင်စိုးနိုင်အောင်၏ NDF ရုံးတို့ပင်ဖြစ်သည်။ မာနယ်ပလော စစ်ရုံးသည် မနက်ရုံး မှန်မှန်တက်၍ ညနေရုံးဆင်းသည်။ အခါကြီးရက်ကြီးများတွင်မှ ရုံးပိတ်သည်။ စစ်ရုံး၏ နောက်တန်းရုံး ထိုင်မှူးမှာ ဗိုလ်ချုပ်တာမလာဘော၏ သားငယ်ဖြစ်သည်။



**ဗိုလ်ချုပ်တာမလာဘော၏သား (တပ်မဟာမှူး)။**

ပြီးလျှင် ခိုင်စိုးနိုင်အောင်၏ ရုံးဖြစ်သည်။ ခိုင်စိုးနိုင်အောင် ကိုယ်တိုင် သူ၏ရုံး နောက်ခန်းတွင် အမြဲရှိနေသောကြောင့် အမြဲပင် ရုံးတက်နေခြင်း ဖြစ်လေသည်။ ထိုမှ သူသည် ရပ်ဝေးရပ်နီးက လာသမျှ ဧည့်သည်များကို သူက ဒိုင်ခံ၍ စကား ပြော ဧည့်ခံခြင်းပင် ဖြစ်လေသည်။

ယင်းသို့ ရုံးမြဲသော စိုးနိုင်အောင်ကို KNU ခေါင်းဆောင်များသည် မျက်စိကျရာမှ သူနှင့်အသက်များစွာ ငယ်ရွယ်သော ကရင်မလေးတယောက်နှင့် အိမ်ထောင်ချပေး၏။



**ခိုင်စိုးနိုင်အောင် လက်ထပ်ပွဲ**

မာနယ်ပလောတွင် ကျင်းပသော မင်္ဂလာလက်ထပ်ပွဲ အသီးသီးတို့တွင် ခိုင်စိုးနိုင်အောင် မင်္ဂလာပွဲလောက်ကြီးကျယ်မည် မထင်ပါ။ မာနယ်ပလောတခွင်လုံး မီးခိုးတိတ်လေတော့သည်။

နောက်ထပ်ချီးကျူးဖွယ်ရာမှာ KIO ၏ ကချင်ဂေဟာဖြစ်သည်။ မာနယ်ပလောတွင် ကရင်ပြီးလျှင် စနစ်တကျနှင့် လူဦးရေအရ နေထိုင်သည်မှာ KIO ပင်ဖြစ်သည်။ မာနယ်ပလော၌ အမြဲတန်း နေထိုင်သည်မှာ ဒေါက်တာတူးဂျာနှင့်

ဗိုလ်မှူးကြီးဇော်ဆိုင်းတို့ဖြစ်၏။ တနစ်လျှင် KIO ၏ အသုံးစရိတ်မှာ သိန်း ၆၀ ဖြစ်သည်။ KIO ဥက္ကဌဘရန်ဆိုင်းမှာ အစည်းအဝေး ရှိသောအခါတွင်မှ ပါချိုမှ ယူနန် ယူနန်မှဘန်ကောက် ပြီးလျှင် တဆက်တည်း မာနယ်ပလောသို့ ရောက်လာသည်။ KIO နှင့် နအဖတို့ အပစ်အခတ်ရပ်စဲကြမည် ပြုသောအခါ ကျနော်သည် ဗိုလ်မှူးကြီးဇော်ဆိုင်းကို အင်တာဗျူးလုပ်ခွင့်ရခဲ့၏။ ဤသို့ဖြင့်ကျနော်သည် မာနယ်ပလောရှိ တောင်ကုန်းပေါ်တွင် ဗိုလ်မှူးကြီးဇော်ဆိုင်းအား အင်တာဗျူး လုပ်ခဲ့ရလေသည်။



**နိုင်ဖေသိန်းဇံ၊ ဇော်ဆိုင်း၊ နိုင်ရွှေကျင်နှင့် အတူ**

ကျနော်သည် (VOAB) တွင် ဘရန်ဆိုင်း ပဒိုစံလင်း ဗိုလ်ချုပ်မောင်မောင် နိုင်ရွှေကျင်နှင့် သံလွင်ရွှေဆိုင်းဟူ၍ ရေးသားခဲ့သည်။ ဘရန်ဆိုင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရေးခဲ့၏။

ထိုနေ့က မစ္စတာဂျိမ်းစ်သည် KIO ရုံးခန်း တည်ရာနှင့် KIO ခေါင်းဆောင်ကြီးရှိရာ အဲလီဇဘက်ဟော်တယ် ၁၁ ထပ်ဆီသို့ ကျနော်တို့ကို ဦးဆောင် ခေါ်ဆောင်လာသည်။ ဘရန်ဆိုင်း ဖိတ်ကြားသည့် ကချင်ဌာနချုပ် ပါချိုသို့ အလည်အပတ်နှင့် လေ့လာရေးခရီးအဖြစ် သွားရန် သဘောတူလိုက်သည့်အပြင် နောက်တခေါက် ဘရန်ဆိုင်း အစည်းအဝေးလာ၍ အပြန်ခရီးတွင်တပါတည်း ကျနော် လိုက်ပါ သွားရန်ကိုပါ ကတိပြုလိုက်လေသည်။ သို့ရာတွင် ဘရန်ဆိုင်းသည် နောက် တခေါက် အစည်း အဝေးလာရန် ကူမင်းနေအိမ်၌ စီစဥ်နေခိုက် ရုတ်တရက် ဦးနှောက်သွေးကြောပြတ်၍ ကွယ်လွန်ခဲ့လေသည်။ ဤတွင် ကျနော်၏ ပါချိုသို့ သွားရေး မျှော်လင့်ချက် တောင်တန်းကြီးသည်လည်း တပါတည်း ကွဲအက်ကာ ကြေမွသွားတော့သည်။ ”



(ဝဲမှယာ) စာရေးဆရာ မောင်စဝ်ကြယ်။ ကေအိုင်အော ဗိုလ်မှူးကြီး ဇော်ဆိုင်း။

# သားအဖ ပြန်ဆုံပွဲ


ကျနော်နဲ့ သားအငယ်သည် မာနယ်ပလော တည်းခိုရိပ်သာတွင် နေထိုင်နေသည်မှာ နှစ်လကျော်၍ သုံးလနီးပါးရှိနေပြီဖြစ်၏။ မည်သူကမျှ ပြောင်းရွှေ့ရန် မပြောသော်လည်း ပြောင်းချင် ရွှေ့ချင်လာ၏။ ဤသို့ဖြင့် တည်းခိုရိပ်သာမှ စောင်ခြင်ထောင်တို့ကို ယူဆောင်လျက် ဗိုလ်ချုပ်မောင်မောင်၏ ရုံးအိမ်သို့ ပြောင်းလာ၏။



**ပဒိုသန်းအောင်။**

ဗိုလ်ချုပ်မောင်မောင်၏အိမ်သည် ယခင်ပဒိုသန်းအောင်ရှိစဉ်က ဆောက်ခဲ့သော အိမ်ဖြစ်သည်။ မာနယ်ပလောကွင်းကို မျက်နှာမူ၍ တည်ဆောက်ထား

သော အိမ်ကြီးအိမ်ကောင်းများအနက် တအိမ်ဖြစ်၏။ ဗိုလ်ချုပ်မောင်မောင် အိမ်နှင့်အနီးမှာ လက်ဝဲဘက်၌ ဒေါက်တာမာတာ၏ နိုင်ငံခြားရေးရုံးရှိ၍ လကျာ်ဘက်အိမ်မှာ ပဒိုအောင်ဆန်း၏ သစ်တောရုံးအဖွဲ့သားများ၏ ရုံးဖြစ်၏။ ယင်းသို့ကြီးမားလှသော အိမ်ကြီးတွင် အပြင်ခန်း တဝက်လောက်မှာ စားပွဲကြီး နှစ်ခု ချထားသော အစည်းအဝေးခန်းမဖြစ်၏။ ဗိုလ်ချုပ်မောင်မောင်သည် မျက်နှာချင်းဆိုင် ခန်းကျယ်တွင်နေ၍ ကျနော်က သူနှင့်မျက်နှာချင်းဆိုင် အခန်းတွင် သားအဖ နှစ်ယောက်နေ၏။ နေ့ဘက်တွင် ဗိုလ်ချုပ်မောင်မောင်၏ ရုံးအဖွဲ့သားများအနေနှင့် ဗိုလ်မှူးရောဘတ်ဇံ ဗိုလ်ကျားနှင့် ဘာဘူတို့ရှိကြ၏။ သူတို့ သည် အိမ်ထောင်သည်များဖြစ်၍ နေ့ ဘက်တွင်သာ ရှိကြသည်။



(ဝဲမှယာ) မန်းဘဇန်၊ စောစန်ကော၊ စောဟန်တာသာမွေး

ရောဘတ်ဇံသည်ထိုစဉ်က သူ့ဖခင်မန်းဘဇံ၏ မန်းဘဇံနှင့်ကရင်တော်လှန်ရေး စာအုပ်အတွက် လက်နှိပ်စက်ကလေးကို တကုတ်ကုတ် ရိုက်နေ၏။ သူ၏ တာဝန်မှာ ဒီအေဘီ စစ်ကြောင်းမှူးဖြစ်သဖြင့် တိုက်ပွဲဖြစ်လာလျှင် ရှေ့တန်းသို့ ထွက်ရသည်။ ဗိုလ်ကျားနှင့်ဇနီးသည် ချိုချိုမင်းဒင်တို့သည် နေ့စဉ် ကဗျာ

စာအုပ်ကလေး တအုပ်ထွက်၏။ သူတို့သည် ဝင်ငွေလည်းမရှိသဖြင့် ကဗျာရေးပြီးလျှင် ဖယောင်းစက္ကူနှင့် စက္ကူအဖြူကို ရုံးတကာလှည့်၍ ရှာရသေး၏။ ပြီးမှ ကဗျာကို ထုတ်ဝေနိုင်ကြ၏။




**မောင်စင်ကြယ်၊ ရောဘတ်ဇံ၊ ကနဲမီ။**

ဗိုလ်ချုပ်မောင်မောင်၏ ရုံးအဖွဲ့သား ဖြစ်သော်လည်း ဗိုလ်ချုပ်မောင်မောင်နှင့် မတည့်ဆုံးမှာ ပန်းချီဆရာတင်ထွန်းဖြစ်၏။ တင်ထွန်းသည် မြောက်ဥက္ကလာပ ဇာတိဖြစ်၍ တဝက်တပျက် ပန်းချီကျောင်း တက်လာသူဖြစ်၏။ အရက်ကိုလည်း ကြိုက်တတ်၏။

ဗိုလ်ချုပ်မောင်မောင် ပန်းချီဆေး ဝယ်ခိုင်းသောအခါ သူ့အတွက် ကျန်အောင် လုပ်တတ်၏။ နောက်ပိုင်းတွင် ဗိုလ်ချုပ်မောင်မောင်ရုံးမှ ပဒိုဘသင်၏ရုံးခန်းသို့ ပြောင်းသွားလေသည်။

ဗိုလ်ချုပ်မောင်မောင် နှင့်ပတ်သက်၍ VOAB တွင်ပါသော ကျနော်၏ ဆောင်းပါးတွင် အောက်ပါအတိုင်း ရေးသား ထားလေသည်။



ဗိုလ်ချုပ်မောင်မောင်သည် ကရင်တော်လှန်ရေးထဲ မရောက်မီက ထောက်ပံ့ရေး (Supply) တွင် ဝန်ထမ်းလုပ်ခဲ့ဘူးသည်။ သေနတ် မကိုင်ဘူးသော်လည်း တော်လှန်ရေးထဲ ရောက်သောအခါ စစ်ရေး နိုင်ငံရေး စွယ်စုံရသောပုဂ္ဂိုလ်တဦး ပင်ဖြစ်သည်။ သူနှင့်ကျနော် နေ့ပေါင်းများစွာ လပေါင်းများစွာ အတူတကွနေခဲ့ကြသော်လည်း လက်ရှိနိုင်ငံရေးနှင့် သဘောတရားရေးတို့ထက် အတိတ်တွင် ကျန်ရစ်ခဲ့ပြီးဖြစ်သော အကြောင်းအရာများကိုသာ အများဆုံး ပြောဖြစ်ခဲ့ကြ၏။

ညောင်တုန်း ဓနုဖြူနယ်ရှိ ကရင်များသည် ကရင်စကားကို ပြောကြားရာတွင် နည်းပါးကြသော်လည်း ကရင်မျိုးချစ်စိတ်တွင်ကား ကြီးမားကြသည် ဟူသော စကားဖြင့်အညီ ပဒိုစံလင်းနှင့် ဗိုလ်ချုပ်မောင်မောင်တို့သည် ဗမာလူကြီးသူမများ နည်းတူ အရာရာကိုဗမာလိုသာ ပြောတတ်ကြ၏။ အထူးသဖြင့် သူတို့၏ မြေးများအရွယ်ဖြစ်သော ABSDF မှ မောင်မောင်ကြီးတို့ တင်ဝင်းတို့


ရောက်လာကြ၍ (ဖူး--ဖူး) အဘိုး အဘိုးဟုခေါ်၍ ခြွေလိုက်လျှင် ကြွေသွားကြသည်ကိုသာ ကျနော်မြင်လိုက်ရသည်။

နေ့တနေ့တွင် ဗိုလ်ချုပ်မောင်မောင်၏ကတော်နှင့် သူ၏သားငယ်တို့ ရောက်လာကြ၏။ သူ့ကတော်မှာ ဒုတိယ အိမ်ထောင်ဖြစ်၍ သူ့ထက်များစွာ ငယ်ရွယ်သည်။ သူ့သား အငယ်မှာလည်း ကျနော့်သားနှင့် ရွယ်တူဖြစ်သဖြင့် များစွာ ခင်မင်ရင်းနှီးသွားကြသည်။ တနေ့တွင် ဗိုလ်ချုပ်မောင်မောင်သည် မပြောစဘူးသော စကားကို ပြောလာသည်။

"ဦးစင်ကြယ် ကျနော်တို့ KNU ဖွဲ့ စည်းပုံကို ရေးဆွဲ ပေးစမ်းပါဗျာ…"
ကျနော်သည် ခေါင်းဆောင်တဦးက ပြောလာသော စကားဖြစ်၍ ဂရုတစိုက်ပင် နားထောင်ရသည်။ ပြီးလျှင် ဦးစင်ကြယ် ဆိုသည်မှာ မြန်မာတချို့က ခေါ်သော အမည်ဖြစ်၏။

"ဗိုလ်ချုပ်ရာ..ကျနော်ရောက်တာမှ လပိုင်းပဲ ရှိသေးတယ်။ ဖြေးဖြေးပေ့ါ.."

မာနယ်ပလောတွင် KNU နှင့် ကော်သူ လေး အစိုးရလည်းရှိ၏။ KIO နှင့် KWO တို့လည်းရှိ၏။ အခြားတဘက် တွင် DAB နှင့် NDF လည်းရှိ၏။ ဒေါက်တာ စိန်ဝင်း၏ အစိုးရအဖွဲ့လည်းရှိ၏။ စစ်ရေးတပိုင်း နိုင်ငံရေးတပိုင်း ကျောင်းသားများလည်းရှိ၏။ ယင်းရှိနေသော အဖွဲ့အစည်းများကို ဖွဲ့စည်းပုံအတွင်း ထည့်သွင်းရန်ကား အဝိုင်းထဲ လေးထောင့်ကို ထည့်သကဲ့သို့ ဖြစ်မှာလည်းစိုးရ၏။ ပြီးလျှင် KNU ကိုယ်တိုင် ပါတီလား တပ်ဦးလား။ အစည်းအရုံးလား။ စဉ်းစား ဖွယ်ရာရှိ၏။ သို့ဖြစ်၍ ဗိုလ်ချုပ် မောင်မောင် စိတ်ချမ်းသာအောင်သာ ပြော လိုက်ရလေတော့သည်။



**အောင်စိုးညွှန့် တပ်ရင်း ၂၀၇**

ယင်းသို့ရှိစဉ် နေ့တနေ့၏ နေ့လယ်ခင်းတွင် ကျနော့်တို့ထက် ၂ နှစ်စော၍ တောတွင်းသို့ ရောက်လာသော သားအလတ် အောင်စိုးညွှန့် ကျောပိုးအိတ် တလုံး သေနတ်တလက်ထမ်း၍ ဗိုလ်ချုပ်မောင်မောင် အိမ်ရောက်လာသည်။ သက်ဆိုင်ရာက သူ့အား ကြေးနန်းဖြင့် သတင်းပို့သဖြင့် ကျနော် တောခိုလာသည်ကို သူသိသွား၏။ သူ့ဆီတွင် (၁၁/၉၂)ဖြင့် ထောင်ထွက် သတင်းစာလည်း ပါလာသည်။ နောက်ပိုင်း စာနယ်ဇင်းများတွင် ကျနော် ထည့်သွင်းသော သတင်းဓါတ်ပုံများမှာ ယင်းသတင်းစာတွင် ပါသော ပုံများပင် ဖြစ်ပေသည်။

အောင်စိုးညွှန့်၏ တပ်ရင်းမှာ ABSDF တပ်ရင်း ဖြစ်သည်။ သူတို့တပ် ရင်းသည် ပေါ်ပေါ်ထစခန်းတွင် တပ်စွဲထားသော တပ်ရင်းလည်းဖြစ်သည်။ ကုန်သည်လမ်းကြောင်းလည်း သင့်သဖြင့် အထက်ပါ သတင်းစာမှာ ကုန်သည်နှင့် ပါလာခြင်း ဖြစ်လေသည်။ စောစောပိုင်းတွင် သူတို့တပ်ရင်း၏ တပ်ရင်းမှူးများမှာ မြက်ခင်းသစ်တွင် မကြာခဏ ဖော်ပြသော အာယုနှင့် မြသန်း ခေါ် ရမ်းကား တို့ပင် တပ်ရင်းမှူးများ ဖြစ်ကြသည်။



ကျနော်နှင့်အတူ သားအကြီးနှင့် အငယ်ဆုံးသား နှစ်ယောက်ပါလာရာ သူ့အကို ကြီးမှာ ဗိုလ်မှူးစိုးစိုး၏ တပ်ရင်း ၁၂ တွင်၎င်း၊ အငယ်မှာ ကျနော်နှင့်၎င်း ရှိနေ သည်ကို တွေ့ရသဖြင့် သူဝမ်းသာသွား၏။ သူနှင့် တောတွင်း၌ ပြန်လည် တွေ့ဆုံကြပုံကို သူ့မိခင်အား အသိပေးလိုသော်လည်း ထိုစဉ်က သတင်းဆက် သွယ်ရေးလမ်းကြောင်းက ပြတ်တောက်နေသည်။ ဤသို့ဖြင့် သူတို့မိခင်သည် သက်ဆိုင်ရာနှင့် မိတ်ဆွေများ မေးလာလျှင် ကော့သောင်း၌ အလုပ်သွား လုပ်နေသည်ဟုသာ ဖြေရတော့သည်။

နောက်ပိုင်းတွင်ဗိုလ်ချုပ်မြသည် တောတွင်း၌ ကျနော့်သား သုံးယောက်ရှိသည် ကို သိသဖြင့် တယောက်ကို သူ့ကို ပေးထားပါလားဟု တောင်းဆိုခဲ့ဘူးလေ သည်။ သားလတ်အောင်စိုးညွှန့်သည် ကျနော်နှင့်အတူ ဗိုလ်ချုပ်မောင်မောင် အိမ်တွင် တပတ်နေပြီး ခွင့်စေ့သဖြင့် ပေါ်ပေါ်ထရှိ သူ့တပ်ရင်းသို့ ပြန်သွား လေသည်။

# ဗိုလ်ချုပ်မြ အိမ်သို့ ပထမတခေါက်

ထိုနေ့သည် တနင်္ဂနွေနေ့ဖြစ်သည်။ စောကနဲမီကို ညွှေ့ရိပ်သာ၌ တွေ့ရသဖြင့် ဗိုလ်ချုပ်မြအိမ်သို့ သွားချင်ကြောင်း အကူအညီ တောင်းလိုက်၏။ ဗိုလ်ချုပ်မြ သည် သတ္တမ ဥပုသ်အသင်းတော် (စနေသင်း)ကို ကိုးကွယ်သူဖြစ်သည်။ တနင်္ဂနွေနေ့တွင် သူ့အိမ်၌ နားနားနေနေနေ၏။ ညွှေ့သည်များအား လက်ခံ တွေ့ဆုံတတ်၏။ စောကနဲမီသည် သူ့လက်ထဲက မိုဘိုင်းဖြင့် ဆက်လိုက်ရာ ဗိုလ်ချုပ်မြသည် လွယ်လွယ်ကူကူပင် လာခွင့်ပြု၏။



ဤတွင် ကျနော်နှင့် စောကနဲမီတို့သည် ပဒို စံလင်း၏ အုပ်ချုပ်မှု အောက်တွင် အရေးပေါ် ထားသော စက်လှေဖြင့် ဗိုလ်ချုပ်မြရှိရာပွေးပေါလူ သို့လာခဲ့ကြ၏။

အောက်တိုဘာလကုန် နိုဝင်ဘာလသည် သောင်ရင်းမြစ်၌ ရေကျနေပြီ ဖြစ် သော်လည်း ကျရေကား အစီးမြန်နေဆဲဖြစ်သည်။ ဤသို့ဖြင့် ကားလမ်းများ လည်း မပေါက်သေး၍ ပွေးပေါလူချောင်းဝမှ ဗိုလ်ချုပ်မြအိမ် ရှိရာသို့ လာခဲ့ရ၏။

ပွေးပေါလူချောင်းသည် မိုးရာသီတွင် သောင်ရင်းနှင့် ဆက်နေသောချောင်းဝ မှ ချောင်းများအထိ သွားနိုင်၏။ နွေအခါ ချောင်းဝတွင် သောင်ထွန်းနေလေသည်။ ယင်းချောင်းသည် ရှည်လျား၏။ မိုင်းလုံးကြီး အထိရောက်၏။ တနည်းအားဖြင့်

မိုင်းလုံးကြီး၏ ချောင်းလက်တက်တခုပင်ဖြစ်သည်။ မဲဆောက်နှင့် မယ်ဆရီးရင်း တို့၏ နယ်ခြားဒေသလည်း ဖြစ်၏။



**မန်းရှာလာဖန်း**

ထိုနေ့က ဗိုလ်ချုပ်မြ၏ အိမ်တွင် ဧည့်သည်များ မရှိကြ။ အေးအေးဆေးဆေး စကားပြောနိုင်၏။ ဗိုလ်ချုပ်မြအား ကျောင်းသားခေါင်းဆောင်များနှင့် KNU ခေါင်းဆောင်များက ကော်ခို ဟုခေါ်ကြသည်။ 'ကော်' မှာ မြေပြင်ဖြစ်၍ 'ခို' မှာ အကြီးအကဲဖြစ်သည်။ ကျနော်သာ ဗိုလ် ချုပ်မြအား ဥက္ကဋ္ဌကြီး ဟု ခေါ်သည်။

ဗိုလ်ချုပ်မြအိမ်သို့ ဒုတိယ အခေါက်တွင် ယခုကဲ့သို့ တနင်္ဂနွေနေ့မှာပင် မန်းရှာလဖန်းနှင့် ကျနော်တို့နှစ်ဦး ရောက်ခဲ့ ကြသေးသည်။

ဤအခေါက်တွင် VOAB စာစောင်၌ ကျနော်သည် အောက်ပါအတိုင်း ရေးခဲ့၏။ ဤသို့ဖြင့် တနင်္ဂနွေနေ့ နံနက် ၁၁ နာရီခန့်တွင် မန်းရှာနှင့် ကျနော်တို့ နှစ်ယောက် ဗိုလ်ချုပ်မြအိမ်ရှိရာ ပွေးပေါလူသို့ ရောက်သွား၏။ တနင်္ဂနွေနေ့ ဆိုလျှင် ဗိုလ်ချုပ်မြသည်နေအိမ်၌ မိသားစုနှင့် အတူတကွ နားနားနေနေနေ သည်။ အချို့သောကိစ္စအတွက် ယင်းအခြေ အနေကိုပင် အခွင့် ကောင်းယူ၍ ဗိုလ်ချုပ်မြအား သွားရောက်ဆွေးနွေး တင်ပြရသည်လည်းရှိ၏။

ထိုနေ့က ကျနော်တို့နှစ်ယောက်အား ဗိုလ်ချုပ်မြ ကတော်သည် ဧည့်သည် လာမည်ကို မသိရသဖြင့် ဟင်းမကောင်းကြောင်း ပြောပြသော်လည်း ကျနော့် အတွက်ကား ဟင်းလည်းကောင်းပါ၏။ စားသောက်၍လည်း ကောင်းလှပါ၏။ ဗိုလ်ချုပ်မြသည် စနေသင်း ခရစ်ယာန်ဂိုဏ်း ကိုးကွယ်သောကြောင့် ဝက်အပါ အဝင် ခွာမကွဲ၍ ခွာလုံးသော မသန့်စင်သော အသားများကို မစားမသောက် ရာတွင် အကြေးခွံ မပါသော ငါးကိုပင် မစားချေ။ ဤသို့ဖြင့် အညစ်အကြေး ကင်းစင်သော ကောင်းကင်ပျော်ငှက်သား နနွရွရွလေးကို စားသောက်ရသည် မှာ အလွန်ပင် စားကောင်းလှပါသည်ဟု ရေးသားထားလေသည်။

ဗိုလ်ချုပ်မြနှင့် စောကနဲမီတို့ အပြန်အလှန် စကားပြောနေကြသည်။ ဆယ့်ငါး မိနစ်ကြာလျှင် စောကနဲမီက လာရင်းကိစ္စ ပြောဆိုနိုင်ပြီဖြစ်ကြောင်း အရိပ်အကဲ ပြလေသည်။ ကျနော် လိုရင်းကိစ္စကို ပင်ပြောလိုက်၏။

ဥက္ကဌကြီးခင်ဗျား.. ကျနော် မာနယ်ပလောရောက်တာ ခုဆိုရင် သုံးလပြည့် တော့မယ်။ အဲဒါ ကျနော် ဘန်ကောက် သွားပြီး သတင်းစာရှင်းလင်းပွဲ လုပ်ချင် လို့ ဥက္ကဌကြီးကို ကျနော်တင်ပြပါ တယ်။ ဗိုလ်ချုပ်မြသည် ချက်ချင်းပင် ကျနော့် အစီအစဉ်ကို လက်ခံ၍ သဘောတူ လေသည်။
"ကောင်းတယ် ငွေတသောင်းလဲယူသွား ကနဲမီ ခင်ဗျားကို လိုက်ပို့ပေးမယ်။"
ဘန်ကောက်သို့ သွားရေးကိစ္စကို ကျနော်နှင့် စောကနဲမီတို့ စီစဉ်ကြသည်။ ဘတ်ငွေတသောင်း ထုတ်ယူရေးကိစ္စမှာ ကျနော့်ကိစ္စမဟုတ်ပဲ ကနဲမီ၏ ကိစ္စ

ပင်ဖြစ်သည်။ ချက်ချင်းကျနော်တို့နှစ်ယောက် ဘန်ကောက် သို့မသွားနိုင်ခြင်းမှာ စောကနဲမီ၏ ဇနီးသည် သားအိမ်ကိစ္စဖြင့် ဆေးရုံတက်နေရသောကြောင့်ဖြစ်သည်။ နောက်နေ့တွင် စောကနဲမီနှင့်အတူ 'မနန်းသူ' ဆေးရုံ တက်နေသော 'ယဒ်တလေ' ပြင်သစ် ဆေးရုံသို့ ကျနော်ရောက်သွားသည်။ ထိုစဉ်က ယဒ်တလေဆေးရုံမှာ ပြင်သစ်ဆေးရုံ ဖြစ်၍ အတော်လေး သန့်ပြန့်ကောင်းမွန်သည်။

'ထူးဝါးလူ' တွင်ရှိနေသော ဆေးရုံမှာ တိုက်ပွဲတွင် ဒဏ်ရာရရှိသူများအား ကုသသောဆေးရုံဖြစ်၍ ယင်းဆေးရုံ၏ တာဝန်ခံမှာ ဒေါက်တာကြာပန်းညိုဖြစ်သည်။ ထိုစဉ်ကမာနယ်ပလောတွင် ဆရာဝန်ကြီးများလည်း ရှိနေကြသည်။ ဒေါက်တာခသော ဒေါက်တာဆင်း ဒေါက်တာမာတာနှင့် ဗိုလ်ချုပ်မြနှင့်မိန်းမ ညီအကိုတော်သူ ဒေါက်တာ ဖိုးသော်တာတို့ဖြစ်လေသည်။



ဒေါက်တာဆင်း။



ဒေါက်တာခိုသော်။

မနန်းသူ ဆေးရုံဆင်းပြီး နောက်တနေ့ တွင်ကျနော်နှင့်စောကနဲမီတို့ သတင်းစာရှင်းလင်းပွဲလုပ်ရန် ဘန်ကောက် သို့ ထွက်လာကြလေသည်။

# သတင်းစာ ရှင်းလင်းပွဲ

ထိုစဉ်က နိုင်ငံရေးနှင့်တော်လှန်ရေး အခြေအနေသည် ကျနော်တို့ဘက်က အပေါ်စီးကလို့ပြောလို့ရသေးသည်။ အရေးပါအရာရောက်သော ခေါင်းဆောင်တိုင်း မာနယ်ပလောနှင့် ဘန်ကောက်သို့ စုန်ဆန်နေကြသည်။ ကျနော်သည် မာနယ်ပလောမှ မဲဆောက်သို့လာစဉ် ရန်သူကို ထိုးနက်ရမည့်အချက်အလက်များကို တလမ်းလုံး၌ စဉ်းစားလာမိသည်။

ဤသို့ဖြင့် မဲဆောက်သို့ ရောက်လာသည်။ မဲဆောက်ရောက်လျှင် စောကနဲမီသည် ဗိုလ်ချုပ်မှူးစိုးစိုးအိမ်တွင် မတည်းခိုပဲ မနန်းသူနှင့် အမျိုးတော်သော ဆရာအီးနော့ဆင်ထံတွင် တည်းသည်။ ဆရာအီးနော့ဆင်နှင့် ကျနော်သည် ရန်ကုန်မှာ နေစဉ်ကပင် သိဟောင်းကျွမ်းဟောင်းဖြစ်သည်။ သူ့မိခင်အသက် ၈၀ အရွယ်သည် ကျနော်တို့ ခရီးလမ်းအတွက် ဘုရားသခင်ထံတွင် ဆုတောင်းပေးသည်။

နောက်နေ့ရောက်လျှင် စောကနဲမီသည် ကျနော်ဝတ်ရန်အတွက် အဝတ်အစားတစုံ ဝယ်ပေးသည်။ ခရီးသွား လက်မှတ်အတွက်လည်း လုံးပမ်းရပြန်သည်။ ထိုစဉ်က နိုင်ငံရေးအခြေအနေအရ ထိုင်းဝန်ထမ်းများအနေနှင့် ကျနော်တို့ကို ကူညီရန် အခက်အခဲမရှိလှချေ။ လူဝင်မှုကြီးကြပ်ရေးအရာရှိထံသွားရာ အလွယ်တကူပင် ထုတ်ပေးလိုက်လေသည်။

မဲဆောက်နှင့် ဘန်ကောက်သည် ကားလိုင်းမျိုးစုံနှင့် အဆင့်အတန်း မျိုးစုံရှိသည်။ ဈေးနှုန်းလည်း အနိမ့်အမြင့်ရှိသည်။ VIP မှာ ဈေးအမြင့်ဆုံးနှင့် အကောင်းဆုံး ကားလိုင်းပင်ဖြစ်သည်။ စောကနဲမီသည် VIP ကားလက်မှတ်

ကိုဝယ်သည်။ သို့ရာတွင် မည်သည့် အကောင်းဆုံး ကားလိုင်းပင် ဖြစ်စေ မဲဆောက်နှင့် ဘန်ကောက်မှာ ဘတ် ငွေ ၄၀၀ ထိသာရှိပေသည်။

ည ၉ နာရီတွင် မဲဆောက်မှ ဘန်ကောက်သို့ ထွက်လာသည်။ နှစ်ယောက်တွဲ ထိုင်ခုံတွင် ကျနော်တို့ တွဲထိုင်သော်လည်း တယောက်ကို တယောက် စကားမပြောကြ။ စကားပြောလျှင် ကျနော်သည် မြန်မာလိုသာ ပြောတတ်၏။ သို့ဖြစ်၍ သိသာသိစေမမြင်စေနှင့်အစား မြင်သာမြင်စေ မသိစေနှင့် ဖြစ်နေလေသည်။

နံနက် ၉ နာရီတွင် ဘန်ကောက် ကားဂိတ်သို့ချောမောစွာ ရောက်သွား၏။ ကားဂိတ်မှတဆင့် တက္ကဆီငှား၍ ဘာတီးလ်လင့်တနာတို့အိမ်သို့ လာရသည်။ ထိုစဉ်က ဘာတီးလ်လင့်တနာသည် အလွန်နာမည် ကြီးချိန်လည်းဖြစ်သည်။ ဒေါ်မာန်ဟုန်စာအုပ်သည် တော်လှန်ရေးဘက်တော်သားများ၏ လက်စွဲဖြစ်သကဲ့သို့ စစ်အုပ်စုဘက်ကလည်း မဖတ်မဖြစ် စာအုပ်ဖြစ်နေသည်။

ဤသို့ဖြင့် တနာရီနီးပါးလောက် သွားမိလျှင် ဘာတီးလ်လင့်တနာတို့ အိမ်ရောက်သွားသည်။ သို့ရာတွင် ညဥ့်နက်သန်းခေါင် အလုပ်လုပ်နေသော မစ္စတာဘာတီးလ်မှာ မနိုးသေးဘဲ အနှောင်း(ဆင်နှောင်း)နှင့် သူတို့ သမီးလေးသာ နိုးနေသည်။ အနှောင်းမှာ မြန်မာပြည်မြောက်ပိုင်း သီပေါမြို့က ရှမ်းအမျိုးသမီးဖြစ်သည်။ မစ္စတာ ဘာတီးလ်သည် အိန္ဒိယဘက်မှ မြန်မာပြည်သို့ ဝင်လာရာ ရှမ်းတော်လှန်ရေးတွင် ရှိနေသော ဆင်နှောင်းနှင့် ဖူးစာဆုံကြခြင်း ဖြစ်၏။

အနှောင်းသည် ကျနော်တို့ စားသောက်ရန် ကော်ဖီနှင့်မုန့်ပဲများကို စီစဉ်ပေး၏။ ပြည်တွင်းပြည်ပ အခြေအနေများကိုလည်း တို့တို့တိတိ ပြောဆို ဆွေးနွေးကြ၏။ ဤသို့ဖြင့် နာရီဝက် တနာရီခန့်ကြာလျှင် ဘာတီးလ်လင့်တနာ နိုးလာလေသည်။ မစ္စတာဘာတီးလ်သည် သူ့တီဗွီထဲတွင်ရှိနေသော ကျနော်ထောင်

က ထွက်လာသည့် သတင်းကို ဖွင့်ကြည့်၏။ သေချာသွားပြီ ဆိုသောအခါတွင်မူ သူလုပ် ရမည့် အလုပ်ကို ဆက်လုပ်၏။



**ဘာတီလ် လင့်တနာ။**

ထိုနေ့က အနှောင်းတို့ အိမ်မှာပင် ဘီဘီစီ နစ်ဆယ့်လေးနာရီနှင့် တွေ့ဆုံ၏။ ပြီးလျှင် သူတို့နေသော ဝင်းခြံအတွင်းမှာပင် ရိုက်ကွင်းဆင်၍ တီဗွီ ရိုက်သေး၏။ ညနေစောင်းတွင် တရုတ်ဟိုတယ်တစ်ခုသို့ ပြောင်းရွှေ့လာပြီး သတင်းစာဆရာများနှင့်တွေ့၏။ ညတွင်ကိစ္စအဝဝ ပြီးဆုံးပြီဖြစ်၍ ဘန်ကောက်မှ မဲဆောက်သို့ ပြန်လာကြသည်။

# မဲဆောက်တွင် နားနားနေနေ

မဲဆောက်ရောက်၍ နောက်တနေ့တွင် စောကနဲမီသည် မာနယ်ပလောသို့ ပြန်သွားသည်။ ကျနော်သည် ပိုလ်မှူးစိုးစိုးအိမ်တွင် နားနားနေနေနေ၍ စကား စမြည် ပြောချင်သေးသည်။ ကျနော့်သားကြီးသည် ပိုလ်မှူးစိုးစိုးအိမ်၌ပင် ရှိ နေသည်။ ကျနော်၏သတင်းစာရှင်းလင်းပွဲ အခြေအနေကို သုံးသပ်လျှင် တခုခု လိုနေသယောင် ထင်ရသည်။ သို့ဖြစ်၍ စောကနဲမီ မာနယ်ပလောသို့ မပြန်မီ မစ္စတာဂျိုးအိမ်သို့ လိုက်ပို့ခိုင်းသည်။

ဂျိုးသည် မြန်မာနိုင်ငံမှ မွတ်ဆလင် မြန်မာကပြားတဦးဖြစ်သည်။ ထိုင်းနိုင်ငံ ရောက်နေသည်မှာ ကြာလှပြီဖြစ်၏။ သူသည် ထိုင်း သတင်းစာများဆိုင်ရာ မဲဆောက်သတင်းထောက် ဖြစ်သည်။ ကျနော် ရောက်သွားချိန်တွင် သူသည် အရေးတကြီးဖြစ်သော သတင်းအတွက် ၇ မိုင်သို့ သွားနေရသည်။ ထိုအချိန် သည် နဝတစစ်တပ်သည် အဝေးကနေ၍ ကရင်စခန်းများကို အမြောက်ဖြင့် လှမ်းထုနေချိန်လည်း ဖြစ်ပေသည်။ အမြောက်သံကို မဲဆောက်မှပင် အတိုင်း သား ကြားနေရသည်။

ဂျိုးတို့မိသားစုတွင် ဂျိုးသာမဟုတ် ဂျိုးရဲ့မိခင်ကြီးပင် မြန်မာစကားကိုပြောနေ သည်။ ဂျိုးမလာမချင်း ကျနော့်ကို မြန်မြန်ဆန်ဆန် ဧည့်ခံနေလေသည်။ ထိုနေ့ က ဂျိုးသည်နေ့လည်လောက်မှ ပြန်ရောက်လာတော့သည်။ ဘီဘီစီမြန်မာပိုင်း အစီအစဉ်နှင့်တွေ့ဆုံလိုကြောင်း ကျနော်ကရှင်းပြသည်။ ဂျိုးသည် ကောက် ကာငင်ကာ သူ၏ ပင်မထိုင်းအစီအစဉ်သို့ ဖုန်းဆက်၏။ ထိုင်းဘာသာဖြင့် သူကပြောပြ၏။ ခဏကြာလျှင် လန်ဒန်ရှိ ဘီဘီစီမြန်မာပိုင်းမှ ပြန်လည် ဆက် သွယ်လာ၏။ ဆက်သွယ်လာသူမှာ ဦးအောင်မြင့်ထွန်း ဖြစ်လေသည်။ ဦးအောင်မြင့်ထွန်းသည် နိုင်ငံခြားတွင် ရောက်နေသည်မှာ ကြာပြီဖြစ်၍ ယခုမှ ပထမဆုံးအကြိမ် စကားပြောဘူးခြင်းဖြစ်၏။ သူ၏ညီသန်းစိန်ထွန်းမှာ ဗိုလ်တ

ထောင်သတင်းစာ၏ အထွေထွေမန်နေဂျာ ဖြစ်သည်။ ကျနော်နှင့်များစွာ ခင်မင်သူပင်ဖြစ်သည်။ ဦးအောင်မြင့်ထွန်းသည် စက်ခန်းနှင့် အဆက်အသွယ်ရသည်နှင့် ကျနော်တို့နှစ်ယောက် အမေးအမြန်းများလုပ်ကြလေသည်။ ကျနော်သည် ထိုနေ့က နဝတတို့ အဝေးမှအမြောက်ဖြင့် လှမ်းထုနေသည်ကိုပါ ထည့်သွင်း ပြောဆိုခဲ့လေသည်။




**စောတမလာဝါး။ စောဒေးဗစ်တော။ စာရေးသူ။**

ထိုနေ့ညတွင် ပိုလ်မှူးစိုးစိုး၏ မှန်လုံညှော်ခန်းတွင် ပိုလ်မှူးစိုးစိုး၏အကို စောတာပလာဝါး ပိုလ်မှူးစိုးစိုး၏ညီ စောဂျော့တို့နှင့် ကျနော်တို့ စကားလက်ဆုံ ကျနေစဉ် ဘီဘီစီမြန်မာပိုင်းမှ ကျနော့်အင်တာဗျူး လာလေသည်။

# ဝင်းခက်နှင့် ပြန်လည်တွေ့ဆုံခြင်း

ဘန်ကောက်တွင် လုပ်ခဲ့သော အင်တာဗျူးထက် မဲဆောက်တွင် လုပ်သော အင်တာဗျူးကို ပရိသတ်များက ပိုသိနေကြသည်။ အထူးသဖြင့် စစ်ဆင်ရေးမှူး ချုပ် ဗိုလ်မှူးချုပ်မောင်လှကိုယ်တိုင် တဖက်သတ် အပစ်အခတ်ရပ်စဲလိုက်ပြီ ဖြစ် ကြောင်း ကျေညာပြီးကာမှ ယခု KNU စခန်းအချို့အား စစ်တပ်က လုမ်းပစ်နေ သည်ကို ကျနော့် အင်တာဗျူး၌ ထည့်သွင်းပြောသဖြင့် မာနယ်ပလောက ပိုမို နစ်သက်ကြ၏။



ဤသို့ဖြင့် နေ့လည်ပိုင်း တရက်၌ ဗိုလ်ချုပ်မောင်မောင်၏ အိမ်တွင် ကျနော် ရှိနေစဉ် စောကနဲမိ သုတ်သီးသုတ်ပျာ ရောက်လာသည်။

ဝင်းခက် ပဒိုအောင်ဆန်းရဲ့ ရုံးအိမ်မှာ ရောက်ရှိနေတယ်။ ခင်ဗျားမာနယ်ပလော သို့ ရောက်ရှိလာတယ်လို့ ပြောတော့ ဝင်းခက်က ဘာကြောင့် သူ့နောက်ကို လိုက်လာခဲ့ရတာလဲဟု ပြောကြောင်း စောကနဲမိက ပြောပြလေသည်။

ရုတ်တရက် စောကနဲမိစကားကြောင့် ကျနော် ထောင်းခနဲ ဒေါသထွက်သွား၏။

**စောကနဲမိ**

ဝင်းခက်နှင့် ကျနော်သည် တဖွဲ့စီလည်း ဖြစ်ကြသည်။ တနေရာစီကလည်း လာကြသည်။ သူ့ကောက်ချက်မှာ လွယ်ကူလှ၍ ပေါ့တန်လှသည်။ ကျနော် ဒေါသဖြစ်သွားသည်ကို သိသဖြင့် စောကနဲမီက ဆက်ပြော ပြန်လေသည်။

၁၉၇၈ ခုနှစ်ကတည်းက သူဝမ်ခကို ရောက်ခဲ့တယ်သိလား ဟုပြောတော့မှ ဝင်းခက် ပါးစပ်ပိတ်သွားသည်ကို စောကနဲမီကပြောပြလေသည်။ ယင်းနောက် စောကနဲမီသည် ကျနော့်ကိုချော့မော့ကာ ပဒိုအောင်ဆန်းအိမ်သို့ ခေါ်ဆောင် သွားသည်။ ကျနော်မြို့သိပ်လိုက်ပါသည်။ နောက်ပိုင်း၌ ဝင်းခက်နှင့် ပတ်သက် သော သတင်းများက ရောက်လာသည်။ ဒေါက်တာစိန်ဝင်းအစိုးရ ဖွဲ့စည်းရာ တွင် သူရောက်လာသည်အထိ မစောင့်သဖြင့် စိတ်ကောက်ပြီး သောင်ရင်းမြစ် ကျောက်ဆောင်ပေါ်တွင် သွားရောက်ထိုင်နေခြင်း။ ဒီမိုကရေစီ သုံးလေးလ အတွင်းရရှိမည်ကို ဘယ်သူပြောရဲသလဲဟု ဝင်းခက်ကျုံးဝါးခြင်း တို့ပင်ဖြစ် သည်။

ထိုအချိန်က အလုပ်နှင့်တာဝန် များပြားသူများတွင် ဝင်းခက်လည်း ပါဝင်သည်။ သူသည် NLD-LA တွင် ဥက္ကဌဖြစ်နေသည်။ သို့ဖြစ်၍ သူနိုင်ငံရေးတာဝန် များပြားနေစဉ် စာပေတာဝန်ကို နိုင်ဝင်းဆွေနှင့် ကျနော်ကယူကြရသည်။ ကျနော် မရောက်လာမီကလေးတွင် မာနယ်ပလော၌ ဖွဲ့စည်းထားသည့် စာပေ လေ့လာရေးအဖွဲ့မှ ထုတ်ဝေသော သစ္စာမဂ္ဂဇင်းကိုငင်း၊ အစည်းအဝေးကိုငင်း၊ မာနယ်ပလော ကျဆုံးသွားသည့်တိုင် ကျနော်မြင်ဘူးခြင်းမရှိ၊ တက်ရောက်ခဲ့ ဘူးခြင်းလည်း မရှိခဲ့ပေ။

# ပထမအကြိမ် စာပေဟောပြောပွဲ

၁၉၉၃ ခုနှစ် နိုဝင်ဘာလ မာနယ်ပလော၌ ပထမဆုံးနှင့်နောက်ဆုံး ကျင်းပသော စာဆိုတော်နေ့ စာပေဟောပြောပွဲပင်ဖြစ်သည်။ ယင်းစာပေဟောပြောပွဲအတွက် မာနယ်ပလောတွင် ယခင်က မရှိခဲ့ဘူးချေ။ အစီအစဉ် ဖြစ်မြောက်ရန် ဝင်းခက်သည် များစွာပင် ကြိုးပမ်းအားထုတ်ခဲ့၏။ ဝင်းခက်ဘက်၌ NLD-LA အဖွဲ့သားများရှိနေသောကြောင့် အစစအရာရာ အဆင်ပြေလျက်ရှိ၏။ အချို့သော လူငယ်များကလည်း ကျနော်တို့ သုံးယောက် (နိုင်ဝင်းဆွေ ဝင်းခက် မောင်စင်ကြယ်) တို့ကို ကြည့်၍ ယင်းအခမ်းအနား ဖြစ်ချင်ကြ၏။

အထူးသဖြင့် မာနယ်ပလောတွင် အခမ်းအနား ကျင်းပလျှင် စည်းစည်းလုံးလုံးဖြစ်စေရန် စိန်ဝင်းမြိုင်ဇာတ်အဖွဲ့ကလည်း အရံသင့်ရှိပြီးဖြစ်၏။ အားပေးသူများနှင့် တက်ရောက်ကြမည့် သူများကလည်း အသင့်ရှိနေ၏။ သို့ဖြစ်၍ ဝင်းခက်သည် မဖြစ်မနေ ကြိုးပမ်းတော့၏။

ယင်းသို့ဆိုင်းနှင့်ဝိုင်းနှင့် တခမ်းတနားကျင်းပရန် စီစဉ်ပြီးကာမှ ဝင်းခက်အတွက် အကုသိုလ်ဝင်သည်မှာ နဲ့ဆရာကိစ္စဖြစ်လေသည်။

နဲ့ဆရာကိစ္စမှာ အောက်ပါအတိုင်းဖြစ်၏။ စိန်ဝင်းမြိုင်ဇာတ်အဖွဲ့ထဲမှ နဲ့ဆရာသည် မျက်စိမမြင်ချေ။ ယင်းမျက်စိ မမြင်သော နဲ့ဆရာသည် သူတို့နေထိုင်ရာနှင့် မနီးမဝေးတွင် တာဝန်ကျနေသော အမျိုးသမီးဂိတ်မှ သူကဲ့သို့ပင် မျက်စိမမြင်ရှာသော ဘဝတူ KNU တပ်ဖွဲ့ဝင် အမျိုးသမီးနှင့် အချစ်သည်မျက်စိမရှိဟူသော စကားနှင့်အညီ ချစ်မိကြ၏။ အချစ်တွင် မျက်စိမရှိရှာသော နဲ့ဆရာနှင့် တပ်ဖွဲ့ဝင် အမျိုးသမီးလေးတို့သည် ချစ်လွန်းအားကြီးလာသောကြောင့် တနေ့တွင် လူသွားရာနှင့် ကားသွားရာလမ်းပေါ်တွင် ချိန်းတွေ့မိကြ၏။ ချိန်းတွေ့ကြစဉ် ချစ်လွန်းအားကြီးသောကြောင့် တယောက်လက်ကို တယောက် ကိုင်တွယ်

ထားကြ၏။ ဤမြင်ကွင်းကို တပ်ဖွဲ့မှူးမှတွေ့ သွားရာမှ နဲ့ဆရာသည် စာပေ ဟောပြောပွဲ ကျင်းပအံ့ဆဲဆဲတွင် အချုပ်ထဲ ရောက်ရလေတော့သည်။ ဤတွင် အခမ်းအနားကို ဆိုင်းနှင့်ဗိုင်းနှင့် ခမ်းခမ်းနားနား ကျင်းပလိုသော ဝင်းခက် ခေါင်းခဲ ရလေတော့သည်။ ယင်းကိစ္စကို ဖြေရှင်းပေးနိုင်သူမှာ ပဒိုအောင်ဆန်း ဖြစ်၏။ ဝင်းခက်သည် သူတောခိုစဉ်က လမ်းခရီးတဝက်တွင် ပဒိုအောင်ဆန်း ဆင်ဖြင့်ခေါ်သည်ကိုထောက်၍ ရှေ့တွင်ပင်ဖြစ်ဖြစ် နောက်ကွယ်ရာတွင်ပင်ဖြစ် ဖြစ် ပဒိုအောင်ဆန်း သည် သူ၏ဆရာဟု အမြဲတန်း ပြောလေ့ရှိ၏။

ခရီးလွန်နေသော ပဒိုအောင်ဆန်းကို ဝင်းခက် မျှော်နေသည်မှာ ကုလားအုပ်ပင် ဖြစ်တော့သည်။ ယနေ့မှ ပဒိုအောင်ဆန်း မရောက်ခဲ့သော် နဲ့ဆရာ မရှိသဖြင့် ဆိုင်းနှင့်ဗိုင်းနှင့် စည်းစည်းလုံးလုံး စာပေဟောပြောပွဲသည် ဆိုင်းမပါ ဗုံမပါ ဖြစ် ချေတော့မည်။

သို့ရာတွင် တော်သေးသည်ဟု ဆိုရပေတော့မည်။ ပဒိုအောင်ဆန်းသည် ထီးသဘီးနေအိမ်သို့ ပြန်ရောက်လာသည်။ အခမ်းအနားမစမီ တနာရီကျော် ကျော်လောက်၌ အချုပ်ထဲမှ နဲ့ဆရာ ပြန်လွတ်လာလေသည်။

ပထမအကြိမ်နှင့် နောက်ဆုံးအကြိမ် မာနယ်ပလော စာပေဟောပြောပွဲကို အသစ်တည်ဆောက်ဆဲ ကရင်လူငယ်အစည်းအရုံး (KYO) အဆောက်အဦး၌ ကျင်းပသည်။ KNU မှ အကိုမောင် (ဗိုလ်ချုပ်မောင်မောင်) ဆရာရေဆန် (မန်းရှာ)တို့ဟောကြ၏။

စာရေးဆရာများအနေနှင့် ဝင်းခက်က စာရေးဆရာမောင်သော်က၏ အနှစ် ၂၀ ကဗျာကိုဟော၍ ကျနော်က ကိုယ်တိုင် ရေးသားထားသော မောင်သော်က တမ်းချင်းနှင့်လွမ်းချင်း ကိုဟော၏။ ဥက္ကဋ္ဌဖြစ်သူ နိုင်ဝင်းဆွေမှာ သူ၏ ကျန်းမာရေးကြောင့် အခမ်းအနားသို့ပင် မလာရောက်နိုင်ချေ။

# မောင်သော်က တမ်းချင်းနှင့်လွမ်းချင်း

(၁)
ဆရာသော် ဆရာသော်နဲ့
ဆရာ့ကိုကျွန်တော်တို့
ခေါ်ခဲ့ကြတယ်နော် ဆရာသော်
အခုတော့ ဆရာသော် ဆိုပြီး
ခေါ်လဲမကြား မျှော်လဲမလာ
ဆရာ့အတွက်ရင်နာနာနဲ့
ထောင်ထဲက ကြိုးတိုက်ကို
ကျွန်တော် ခေါင်းနဲ့တိုက်ပြီး
ဖြိုပစ်လိုက်ချင်တယ် ဆရာသော်။

(၂)
ရှစ်ဆယ့်ကိုးမှာ ကျွန်တော်တို့ ကံဆိုးပြီး
နဝတ စစ်အစိုးရရဲ့ ရန်သူတော် အဖြစ်နဲ့
ဆရာသော်က ငါးတိုက်
ကျွန်တော်က လေးတိုက်ရှည်မှာ
ဆရာသော် ရေလာချိုးတိုင်း
တွေ့ခဲ့ကြတယ်နော် ဆရာသော်။

(၃)
တနေ့တော့
ကျွန်တော်က ဆရာသော်ကို
ငှက်ပျောသီး နှစ်လုံးပေးတယ်
နောက်တနေ့မှာ ဆရာသော် က
ကျွန်တော့်ကို နွားဆေးလိပ်နှစ်လိပ်ပေးတယ်

ခုချိန်မှာ ဒါတွေပြန်တွေးတော့
ကြိုးတိုက်မှာ ဆရာသော် မသေခင်လေး
နောက်ဆုံးပေးခဲ့တဲ့ လက်ဆောင်လေးဖြစ်လို့
တွေးမိတိုင်း ဆွေးရတယ် ဆရာသော်။

(၄)
တနေ့မှာ
ကိုယုနဲ့ ဝင်းခက်
ဘယ်လိုများ ရှောင်ထွက်ကြသလဲလို့
ဆရာသော် က သံယောဇဉ်နဲ့ မေးတယ်နော်
မှန်ပါတယ် ရှစ်ဆယ့်ရှစ် အရေးမှာ
ကျောင်းသားလူငယ်လေးတွေ သွေးမြေကျတော့
ကျွန်တော်တို့ စာရေးဆရာတွေ အနုပညာရှင်တွေ
မနေသာတဲ့ အရေးဖြစ်လို့
စာပေနဲ့ ယဉ်ကျေးမှုအဖွဲ့ အမည်နဲ့
ဆရာသော် ။ ကိုဝင်းတင် ။
ကိုမိုးသူ ။ ကိုသာဘန်း ။ ကိုတင်စိုး ။
လေသူရဲတဦး ။ ကိုဝင်းခက် ။ ကိုယု ။
ကျွန်တော်တို့ လူတွေစုပြီး
ဒီမိုကရေစီအရေးမှာ
ကျောင်းသားလူငယ်လေးတွေနဲ့
သွေးစည်းခဲ့ကြတယ်နော် ။ ဆရာသော်။

(၅)
ဆရာသော် ခင်ဗျား . . . . .
သမိုင်းရဲ့ အလှည့်အပြောင်းနဲ့ အချိုးအကွေ့တိုင်းမှာ
ခြသေ့် အစစ်တွေ မွေးဖွားခဲ့သလို
မြက်စားတဲ့ ခြသေ့်အတုတွေလည်း

မွေးဖွားမြဲ ဓမ္မတာအတိုင်းမို့
ရိုင်းတယ်လည်း မထင်လိုက်ပါနဲ့
ကိုယ့အကြောင်းတော့
ကျွန်တော် ကောင်းကောင်းမသိဘူးလို့ဘဲ
ဖြေလိုက်ပါရစေ ဆရာသော်။

(၆)
ကိုဝင်းခက် ကတော့
ကြယ်ငို ။ လငို ။ ဒီမိုကရေစီ မိုး ပြိုချိန်မှာ
ရန်ကုန်တခို ရှောင်ရင်း တိမ်းရင်း ပုန်းအောင်းရင်းနဲ့
ဒီမိုကရေစီ တာဝန်အရ
တော်လှန်ရေး ဒေသသို့
ရောက်ခဲ့ပါတယ် ဆရာသော်။

(၇)
ယခုအခါမှာ နယ်စပ်ဒေသမှာ
နိုင်ဝင်းဆွေက ပထမ ။
ဝင်းခက်က ဒုတိယ ။
ကျွန်တော်က တတိယ ပေါင်းဆုံကြပြီး
ကလောင်လည်းသွေး ။
ဓါးလည်းသွေးလျှက်
ဒီမိုကရေစီရေး အတွက် လူငယ်ကျောင်းသား
တော်လှန်ရေး အင်အားစုများနဲ့ လက်ချင်းဆက်လို့
ကျွန်တော်တို့ ဆက်လက်ချီတက်ဆဲပါ ဆရာသော်။

# စာရေးဆရာ ဘုန်းကြီးနိုင်ဝင်းဆွေ



စာရေးဆရာ နိုင်ဝင်းဆွေ

၁၉၈၈ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံ မတိုင်မီ ပထမဆုံး မာနယ်ပလောသို့ ရောက်လာသော စာရေးဆရာမှာ နိုင်ဝင်းဆွေဖြစ်သည်။ နိုင်ဝင်းဆွေသည် အများသူငါကဲ့သို့ ရန်ကုန်နှင့် မြန်မာနိုင်ငံတွင်းမှနေ၍ မာနယ်ပလောသို့ ရောက်လာသူမဟုတ်ပဲ ထိုစဉ်က ဗကပများ စိုးမိုးနေသော (Wa State) မှဗကပရန်ကိုရှောင်တိမ်းကာ မာနယ်ပလောသို့ ရောက်လာသူဖြစ်သည်။

ကျနော်နဲ့ နိုင်ဝင်းဆွေသည် ရန်ကုန်မြို့၌ ခင်မင်ရင်းနှီးလှသူကား မဟုတ်ပေ။ သူသည် ၁၉၆၀ ခုနှစ်များ ဝန်းကျင်တွင် မဟူရာဝတ္ထုဖြင့် စာပေလောက၌ နာမည်ရခဲ့သူဖြစ်သည်။ ၁၉၇၀ ခုနှစ်များ အရောက်၌ အိုယမ်ဟိုင်း၏ တေးသံများ တရုတ်ဝတ္ထုတပုဒ်ကို ထုတ်ဝေပြီးနောက် ရန်ကုန်မြို့မှ ပျောက်သွားကာ ဗကပ များထံ ရောက်သွားခြင်းပင်ဖြစ်သည်။

ကျနော် မာနယ်ပလောရောက်သည့် ရှေးဦးရက်နှင့် ရှေးဦးလများတွင် စာရေးဆရာ(ဘုန်းကြီး)နိုင်ဝင်းဆွေရှိရာ အရှင်ခေမာစာရ၏ အမြင့်ပိုင်းရှိ ကျောင်းသင်ခန်းသို့ သုံးလေးခေါက်ပင် ရောက်ခဲ့လေသည်။ ထိုအချိန်တွင် စာရေးဆရာ

နိုင်ဝင်းဆွေသည် သက်န်းဝတ်နှင့် ဖြစ်လေသည်။ တခါတွင် ဆွမ်းလာပို့သော သူ့ဇနီး (ဝါ) ဒကာမ အမျိုးသမီးနှင့် ဆုံတွေ့ခဲ့ရသည်။

နိုင်ဝင်းဆွေနှင့် ပထမဆုံးတွေ့ရချိန်တွင် ကျနော်စွဲစွဲမြဲမြဲ ဂရုပြုလိုက်မိသည်မှာ ရုံထားသော သက်န်းပင်ဖြစ်သည်။ သူသည်တချိန်က စာရေးဆရာ နောက်တချိန်၌ ဗကပကွန်မြူနစ် ယခုဗုဒ္ဓဘာသာ ရဟန်းတော်ဖြစ်နေသည်။ သို့ဖြစ်၍ သက်န်းဝတ်ရာတွင် သပ်သပ်ယပ်ယပ် ရှိမရှိ ဂရုပြုမိခြင်းပင်ဖြစ်သည်။

နိုင်ဝင်းဆွေနှင့် ကျနော်တွေ့ဆုံရခြင်းမှာ (၁) ရန်ကုန်မြို့ပေါ်တွင် ရှိစဉ် '၀' များအနေနှင့် ဗကပများကို တော်လှန် ခြင်းနှင့် (၂) စာရေးဆရာ နှင့် ဗကပ ဘဝမှ သက်န်းဝတ်သည့် ကိစ္စပင်ဖြစ်သည်။ သို့ရာတွင် နိုင်ဝင်းဆွေသည် ကျနော်နှင့် တွေ့သောအခါ အထက်ဖေါ်ပြပါ အချက်နှစ်ရပ်ထက် ပျဉ်းမနားရဲခေါင် (ဦးမင်းလတ်)ကို ဗကပများ သတ်ဖြတ်သည့်ကိစ္စနှင့် သူ့ကိုဗကပများ သတ်ဖြတ်ရန် သုံးကြိမ်တိုင် သေဒဏ်များ ပေးခဲ့သည့်အကြောင်းက ရှေ့တန်းသို့ ရောက်ရှိနေလေသည်။

စာပေလောကတွင် ရဲခေါင် သုံးခေါင်ရှိ၏။ ပျဉ်းမနားရဲခေါင် (ဦးမင်းလတ်)။ ဟသ်ာတရဲခေါင်(မဆလနိုင်ငံခြားရေးဝန်ကြီး)နှင့်မြဝတီရဲခေါင်တို့ဖြစ်ကြသည်။

ပျဉ်းမနားရဲခေါင်သည် ဖက်ဆစ်တော်လှန်ရေး မတိုင်မီကပင် ဝတ္ထုများ စတင်ရေးသား၏။ တော်လှန်ရေးကြီး ပြီးသည့်နောက်တွင် ကွန်မြူနစ်ဖြစ်သွားပြီး တရုတ်ကွန်မြူနစ်နှင့် ရုရှားကွန်မြူနစ် မကွဲမီတွင် သူသည် ချက်ကိုစလိုဗက်ကီးယား (ယခုချက်နိုင်ငံ) ချားလ်ယူနီဗာစတီ၌ မြန်မာစာပါမောက္ခ ဖြစ်နေ၏။ ယင်းသို့ မြန်မာစာပါမောက္ခဖြစ်နေစဉ် မြန်မာသဒ္ဒါကျမ်း(ဦးမင်းလတ်) အမည်ဖြင့် ထုတ်ဝေသည်။ ကျမ်း၏လိုရင်းမှာ မြန်မာစာကို စာရေးသလို မရေးပဲ

စကားပြောသလို ရေးသားရန်ပင်ဖြစ်သည်။ ထိုမှ တရုတ်နှင့်ရုရှားကွန်မြူနစ်တို့ ကွဲသောအခါ ပျဉ်းမနားရဲခေါင်သည် အခြားရဲဘော်များနည်းတူ တရုတ်ပြည် သို့ ပြန်လည် ဆုတ်ခွါလာခြင်း
ဖြစ်လေသည်။ ယင်းနောက် တရုတ်ပြည်မှ တဆင့် ဗကပများ စိုးမိုးနေသော (wa state) တွင် နေထိုင်စဉ် နိုင်ဝင်းဆွေ၏ ပြောပြချက်အရ ခရိုင်ကော်မတီအဆင့်ရှိသူ၏ သတ်ဖြတ်ခြင်းကို ခံရခြင်းပင်ဖြစ် သည်။



**မြဝတီ ဦးရဲခေါင်**

နိုင်ဝင်းဆွေသည် ပျဉ်းမနားရဲခေါင်ကို ဗကပ ခရိုင်အဆင့်က သတ်ဖြတ်ခြင်း သည် လူကိုခွေးက သတ်ခြင်းပင်ဖြစ်ကြောင်း ပြောပြ၏။ သူသည် စကားပြော ရာတွင် ပျဉ်မနားရဲခေါင် သတ်ဖြတ်ခံရခြင်းအပေါ် တသသဖြင့် ပြောပြလေ သည်။

နိုင်ဝင်းဆွေ ကိုယ်တိုင် (wa state) တွင် သုံးကြိမ်တိုင် သေဒဏ်ပေးခြင်းခံရ၏။ ပထမအကြိမ်နှင့် ဒုတိယအကြိမ်တွင် သေဒဏ်ပေးခံရသော်လည်း သူပြန်လွတ်သေး၏။ ယခုတတိယအကြိမ်တွင် သေဒဏ်ဖြင့်သေမှာ သေချာ၍ သူလွတ်လာအောင် ပြေးလာကြောင်း ပြောပြလေသည်။ သို့ရာတွင် ပြစ်မှုအမျိုးအစားကို ကျနော် မမေးသကဲ့သို့ သူကလည်း မပြောချေ။

နိုင်ဝင်းဆွေသည် ထိုင်နေရာမှ အဝေးကို လှမ်းမျှော် ကြည့်လိုက်၏။ ပြီးလျှင် ကောက်ကာငင်ကာဖြင့် ပြောလိုက်ပြန်၏။ မြန်မာနိုင်ငံရဲ့ အဓိကချွတ်ချော်မှုကြီး တရပ်က ပြည့်စုံလုံလောက်တဲ့ မဟာဗျူဟာတရပ် မရှိခြင်းပဲ ဖြစ်တယ်ဗျာ...

ကျနော်သည် စာရေးဆရာနိုင်ဝင်းဆွေ၏ စကားကိုကြားရလျှင် ဗိုလ်ချုပ်အောင်ဆန်းလက်ထက် ပြည်သူ့လွှတ်တော်အမတ် ဗိုလ်ညွှန့်မောင်၏ စကားကို ပြန်လည်ကြား လိုက်ရလေသည်။

"မြန်မာနိုင်ငံရဲ့ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စအရပ်ရပ်မှာ ကျနော်တို့ဘက်ရဲ့ အားသာချက်က မဟာဗျူဟာဖြစ်ပြီး အားနည်းချက်က နည်းဗျူဟာ မရှိခြင်းပဲ ဖြစ်ပါတယ်။ ဗိုလ်နေဝင်းရဲ့ အားသာချက်က နည်းဗျူဟာရှိပြီး အားနည်းချက်က မဟာဗျူဟာ မရှိခြင်းပဲ ဖြစ်ပါတယ်။

ဒီနှစ်ငါးဆယ်အတွင်းမှာ ဗိုလ်နေဝင်းက သူအားသာတဲ့ နည်းဗျူဟာနဲ့ ကျနော်တို့ကို ဖိထောင်း။ ကျနော်တို့ ဘက်ကလည်း ကျနော်တို့ အားသာတဲ့ မဟာဗျူဟာနဲ့ ဗိုလ်နေဝင်းကို ပြန်ခံချ၊ ဒီလိုနဲ့ နိုင်ငံရေး ထိပ်တိုက် ရင်ဆိုင်မှုတွေ ဖြစ်ခဲ့ရတာပါပဲ.."

ဤသို့ဖြင့် ကျနော့် နှုတ်ဖျားသည် များစွာ ပေါ့သွားတော့သည်။

ဒီလိုဆို ကိုနိုင်ဝင်းဆွေ အဲဒီမဟာဗျူဟာကို ခင်ဗျားရေးဗျာ။ ကျနော်ဖတ်မယ်။ လေ့လာမယ် သင့်မြတ်တယ်ဆိုရင် ဒီအတိုင်း ကျနော်တို့ ဆက်လုပ်သွားကြမယ်...

သို့ရာတွင် နိုင်ဝင်းဆွေသည် နောက်တခေါက် ကျနော် ရောက်သွားတဲ့အခါ ယင်းမဟာဗျူဟာကိစ္စကို မပြောတော့ပဲ သူ့အတ္ထုပ္ပတ္တိကို ရေးသားလျှင် ခြောက်တွဲလောက် ရေးရမည်ဟု ဆိုလာလေသည်။

ဤတွင် ကျနော်သည် ခရီးယာယီသွား နေသောကြောင့် သူ့ထံမရောက်တော့ပါ။ သူ့သတင်းများကတော့ ရောက်နေသည်။ သူမကြာမီ သက်န်းချွတ်သည်။ ပြီးလျှင် မိုးသီးဖွန်၏ သံလွင်စခန်းများတွင် သွားနေသည်။ သူ့ကျန်းမာရေး အခြေအနေသည် မကောင်းလှတော့။ ဤသတင်းများကိုသာ ကျနော် ကြားနေရတော့သည်။

# အောင်ဆန်းစုကြည်လမ်း

အောင်ဆန်းစုကြည် လမ်းကလေးသည် မယ်ဒုက္ခိစမ်းချောင်းနှင့်အပြိုင် ပြေးနေသည်။ ဤနေရာနှင့် မနီးမဝေးတွင်(NLD-LA)ရုံးနှင့် အရှင်ခေမာစာရ ကျောင်းသခ်န်းရှိသည်။ ယင်းလမ်းပေါ်တွင်မူ ပန်းခက်နှင့်ဘာဘူတို့၏ လ္ဘက်ရည်ဆိုင်နှစ်ဆိုင်ပင် ရှိသည်။ မာနယ်ပလောတွင် လူစည်ကားရာ လေထန်ကုန်းပင်ဖြစ်သည်။

ယင်းလ္ဘက်ရည်ဆိုင်များတွင် မိမိမကျေနပ်ချက်များနှင့် ခံစားချက်များကို ဖွင့်ဟနိုင်သည်။ သို့ရာတွင် အနည်းငယ် အထိန်းအသိမ်းကား လို၏။ ယင်းလမ်းသည် အောင်ဆန်းစုကြည်လမ်းဖြစ်၍ စည်ကားသလို စာရေးဆရာနိုင်ဝင်းဆွေကို အကြောင်းပြု၍လည်း လူငယ်ကဗျာဆရာများ စုဝေးကြ၏။ လူငယ်နှင့်ကဗျာသည် ခွဲခြား၍မရ၊ ကဗျာသည် လန်းဆန်းတက်ကြွသကဲ့သို့ လူငယ်သည်လည်း လန်းဆန်း၏။ တက်ကြွ၏။

မယ်ဒုကွိစမ်းချောင်း၏ ချောင်းဝနှင့် သောင်ရင်းမြစ်ကမ်းခြေတွင် လသာသော ညများ၌ နိုင်ငံဆွေကြီးမှူး၍ ကဗျာရွတ်ပွဲ စာရွတ်ပွဲများ ကျင်းပကြ၏။ ဤအကြောင်း ကြောင့်လည်း စည်ကားခြင်းဖြစ်သည်။



ဆရာရေဆန် ဆရာမွန်းအောင် ဆရာအကိုမောင် ဆရာမောင်စင်ကြယ်

ကဗျာဆရာငြိမ်းဝေ အယ်ဒီတာဝင်းခက် ကဗျာဆရာပန်းခက် ကဗျာဆရာတိုက်အောင်

ထိုစဉ်က ဝင်းခက်သည် (NLD-LA) ဥက္ကဌအနေနှင့် အလုပ်တာဝန်များပြား သူများတွင် ပါဝင်သည်။ ၁၉၉၃ ခုနှစ် သို့ရောက်လျှင် ဒေါက်တာစိန်ဝင်းနှင့် သူ၏ NCGUB သည် ဘန်ကောက်တွင်ပြောင်းရွှေ့ ရုံးထိုင်သည်။ မာနယ်ပ လောတွင် လယ်ယာစိုက်ပျိုးရေးတာဝန်ခံ ဦးမြင့်မောင်သာ အမြဲအစွဲ ရှိတော့ သည်။ ကျန်းမာရေးတာဝန်ခံ ဒေါက်တာစန်းအောင်သည်လည်း ဝင်းခက် နည်းတူပင် ပြန်သွား ပြန်လာဖြစ်၏။




**ဒေါက်တာစန်းအောင်  ဦးမြင့်အောင်**

အထူးသဖြင့် လူကလည်းစုံသည်။ အရှင်ခေမာစာရ၏ကျောင်းနှင့်လည်း မနီးမဝေးတွင်ရှိသည်။ အောင်ဆန်းစုကြည်လမ်းတွင် အစည်ကားဆုံးမှာ သင်္ကြန်ကျချိန်နှင့် တန်ဆောင်တိုင်ပွဲ ပင်ဖြစ်လေသည်။ ယင်းအတွက်လည်း စဉ်းစားဖွယ်ရှိ၏။ ကရင်ပြည်နယ်တွင် ရှိနေသော ကရင်ဗုဒ္ဓဘာသာဝင်များက (၈၈) ဒီမိုကရေစီ အရေးတော်ပုံတွင် ပါလာသော ဗုဒ္ဓဘာသာ ကိုးကွယ်သူများက အားဖြည့်ပေးခြင်း တမျိုးပင် ဖြစ်နေလေသည်။

သို့ရာတွင် ဒေါ်အောင်ဆန်းစုကြည်လမ်းနှင့် မယ်ဒကွစမ်းချောင်းဝတွင် ထိုစဉ်က စုစည်းခဲ့သော စာပေအင်အားစုသည် ပင်မ (KNU) ထဲမှ (DKBA) ကွဲထွက်သွားသောအခါ အစိတ်စိတ်အမွှာမွှာ ဖြစ်ခဲ့ရလေသည်။ စာရေးဆရာ နိုင်ဝင်းဆွေမှာ ငှက်ဖျားဒဏ်နှင့် ကျန်းမာရေးဒဏ်ဖြင့် ကွယ်လွန်သွားလေသည်။ ပန်းခက်နှင့်ရွှေနှင်းတို့သည် ဗုဒ္ဓဘာသာဝင် ဇနီးသည်များရှိရာ နောက်သို့ လိုက်ပါ သွားလေသည်။ ယင်းနှင့်ပတ်သက်ပြီး ခံစားရသူမှာ ကဗျာဆရာနေနိုင် (ကိုကိုနိုင်) ဖြစ်သည်။ နေနိုင်သည် အောက်ပါကဗျာကို ရေးဖွဲ့ခဲ့လေသည်။

# ကြင်နာခြင်း—နာကျင်ခြင်း

ဆရာနိုင်ဝင်းဆွေရဲ့ စပယ်တော
မာနယ်ပလော ရုပ်ကြွင်း
သောင်ရင်း သဲပြင်
ကဗျာသင်တဲ့ လပြည့်ည
မေ့မရဘူး 'နှင်း' ရေ...။

မယ်ဒုက္ခ စမ်းချောင်းဘေး
ချစ်တေးသီခဲ့
မင်းနဲ့ ကိုယ့်အကြောင်း
ဒေါ်အောင်ဆန်းစုကြည်လမ်းကလေး
ကောင်းကောင်းသိတယ် 'လေ'...။

အယူတိမ်းပါး စိမ်းကားစွာ
မြစ်ဆုံထိပ်က
ဆေးမအိပ်သေးတဲ့
မှုံရီဝေဝါး
အလွမ်းပန်းချီကား တချပ်လေ..။

နေနိုင်။

# ဗိုလ်ချုပ်မြ ၆၆ နှစ်မြောက် မွေးနေ့။

မာနယ်ပလောတွင် ကျင်းပသော အခါကြီးရက်ကြီးဟူသရွေ့ကို ကျနော်တက်ရောက်ဘူးသည်။ နှစ်သစ်ကူးနေ့။ အမျိုးသားနေ့။ အာဇာနည်နေ့။ ဗိုလ်ချုပ်မြ မွေးနေ့အသီးသီး စည်ကားကြလေသည်။ ဤအထဲတွင် ကျနော်မေ့၍မရဆုံးမှာ ဗိုလ်ချုပ်မြ ၆၆ နှစ်မြောက် မွေးနေ့ပင်ဖြစ်၏။ ဤမွေးနေ့သည် အစည်ကားဆုံး အဖြစ်လည်း သတ်မှတ်နိုင်လေသည်။ ဤသည်နှင့် ပတ်သက်၍ VOAB စာစောင်တွင်'ဗိုလ်ချုပ်မြနှင့် သူ၏ကျနော်တင်ပြလိုသည့် ကျနော့်ဖြတ်သန်းမှုအစစ်အမှန်' ဆောင်းပါးတွင် ကျနော်သည် အောက်ပါအတိုင်း ရေးသားခဲ့ လေသည်။



အထူးသဖြင့် မှတ်မှတ်ရရ အရှိဆုံးမှာ ဗိုလ်ချုပ်မြ၏ ၆၆ နှစ်မြောက်မွေးနေ့ အခမ်းအနားဖြစ်၏။ အခမ်းအနား စင်မြင့်ပေါ်၌ ဗိုလ်ချုပ်မြ၏မိသားစု တခုလုံး ရှိနေကြ၏။ အစီအစဉ်မှာတခုပြီးတခု များပြားလှပေသည်။ ကျနော်သည် ဗိုလ်ချုပ်မြ၏ မွေးနေ့ ဂုဏ်ပြုစကားကို ပြောကြားခွင့်ရခဲ့၏။ ဗိုလ်ချုပ်မြ၏ သမီးငယ်လေးများသည် ဖခင်ကြီး၏ မွေးနေ့ ကိတ်ကို ညှော်ပရိသတ်များအား လိုက်လံ ဝေငှ ကျွေးမွေးကြ၏။ ကျနော်သည် ဗိုလ်ချုပ်မြ၏ မွေးနေ့အတွက် မာနယ်ပလော၏ ထူးကဲသော နေရောင်နှင့် လရောင်ထဲတွင် အောက်ပါကဗျာကို ရေးဖွဲ့ခဲ့လေသည်။ ထိုစဉ်က ဗိုလ်ချုပ်မြ မွေးနေ့အတွက် ကျနော်ရေးခဲ့သော ကဗျာမှာ အောက်ပါ ကဗျာပင် ဖြစ်လေသည်။

# ဒိုးကပွဲ



မာနယ်ပလောက ဖားစည်သံ
မိုးခြိမ့်ခြိမ့်ညံ
ဒိုးကဟန်နှင့် ဒိုးဆိုပွဲ ပွဲခြိမ့်ခြိမ့်သဲ။

မောင်ကျော်လေးက
ထောင်ထောင်မောင်း
သူ့ပုံဟန် ယောကျ်ားကောင်း
မူးနော်လေးက နွဲ့နွဲ့နှောင်း
အဆိုလည်းကောင်း အကကောင်း
လက်ခုပ်သံတွေ တဖြောင်းဖြောင်း။

မောင်ကျော်လေးက ကဟန်ချို
နဲ့သံလေးက ချိုပလီ
မူးနော်လေး လိပ်ပြာဝဲ

နဲ့သံလေးက သိပ်ကိုချွဲ
ဒိုးဆို ဒိုးက မြူးကြွကြွ
မူးနော်လေးက သိပ်ကိုလှ။

ဒိုးက ဒိုးဆို တေးသံချို
မောင်ကျော်လေးလည်း အလှပျို
ကရင်လို သံတိုင်ပေး
မောင်ရို့ မောင်ရို့ လေး လေး လေး။

ဖွဲကပင်မှာ ကတဲ့ဒိုး ဘာဒိုးတဲ့လေ
မောင်မယ်တွေ ပျော်မဆုံး
အချစ်အတွက် ကတဲ့ဒိုး။

ဒေါနမှာကတဲ့ဒိုး ဘာဒိုး ဘာတဲ့လေ
မောင်မယ်တွေ တက်ကြွမဆုံး
အောင်ပွဲရတဲ့ဒိုး။

မာနယ်ပလောမှာကတဲ့ဒိုး ဘာဒိုးတဲ့လေ
မောင်မယ်တွေ သွယ်ညွှတ်ပျောင်းနဲ့
ဗိုလ်ချုပ်မြ မာစေကြောင်းကို
ကကြတဲ့ဒိုး။

မောင်စိင်ကြယ်

# လူပြောများသော အစိုးရအဖွဲ့

မာနယ်ပလောတွင် စစ်အုပ်စုကို အံတု ဆန့်ကျင်သော အစိုးရအဖွဲ့ နှစ်ဖွဲ့ရှိ၏။ တဖွဲ့မှာ ကော်သူလေးအစိုးရအဖွဲ့ဖြစ်၍ သမတမှာ ဗိုလ်ချုပ်ကြီးစောဘိုမြ ဖြစ်၏။ နောက်တဖွဲ့မှာ ဒေါက်တာစိန်ဝင်း၏ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်း အစိုးရအဖွဲ့ ဖြစ်သည်။ ထိုစဉ်က ဥပဒေတွင်း၌ ဦးနု၏ စင်ပြိုင်အစိုးရလည်းရှိသည်။ ကော်သူလေးအစိုးရမှာ စစ်အုပ်စုအဖို့ မထောင်း သာသော်လည်း ဦးနု၏ စင်ပြိုင်အစိုးရနှင့် ဒေါက်တာစိန်ဝင်း၏ အမျိုးသား ညွန့်ပေါင်းအစိုးရ (National Coalition Government of the Union of Burma) သည် စစ်အုပ်စု အဖို့မှာ နာသာခံခက်သော အစိုးရဖြစ်၏။



သို့ဖြစ်၍ ၁၉၉၀ ခုနှစ်အတွင်း၌ ပြည်တွင်းရှိ နိုင်ငံရေးပါတီတိုင်းနှင့် နိုင်ငံရေးခေါင်းဆောင် တိုင်းသည် ဦးနု၏ စင်ပြိုင်အစိုးရနှင့် ဒေါက်တာစိန်ဝင်း၏ ညွန့်ပေါင်းအစိုးရကို မထောက်ခံပါ ကြောင်း အခမ်းအနားတွင် လက်မှတ်ရေးထိုးကြရလေသည်။

ဒေါက်တာစိန်ဝင်း၏ ညွန့်ပေါင်းအစိုးရကို (၁၈-၉-၁၉၉၀) ခုနှစ်တွင် ဖွဲ့စည်းသည်။ ထိုစဉ်က မာနယ်ပလောတွင် အာဏာရှင်စနစ် ဆန့်ကျင်တိုက်ဖျက်ရေး ကော်မတီလည်း တည်ရှိနေပြီး ဖြစ်၍ ဒေါက်တာစိန်ဝင်း၏အစိုးရ ဖွဲ့စည်းသည်မှာ အခက်အခဲမရှိလှပါ။ လူမျိုးစု

ခေါင်းဆောင်များအနေနှင့် ပြည်သူ့ကိုယ်စားလှယ်များအဖြစ် အစိုးရဖွဲ့စည်းခြင်းသည် အရေးပါ၍ ထိရောက်နိုင်သည် ဟူ၍လည်း ယူဆထားကြ၏။




**ဗိုလ်မှူးစိန်ရွှေ၊ ကိုလှဖေ၊ မောင်စင်ကြယ်။**

ဒေါက်တာစိန်ဝင်း၏ အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့တွင် ဒေါက်တာစိန်ဝင်း (ဝန်ကြီးချုပ်) ကာကွယ်ရေးနှင့်ပြည်ထဲရေး ဦးလှဖေ (ပျော်ဘွယ်) ပညာရေး ကျန်းမာရေး ပြန်ကြားရေး ဦးသန်းကြွယ်(ရွှေတောင်) ကုန်သွယ်ရေးနှင့် သမဝါယမ ဦးမြင့်အောင်(ကံမ) လယ်ယာသစ်တောနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး ဦးဘိုလှတင့်(မိုးကုတ်) ဆောက်လုပ်ရေး သတ္တုတွင်းနှင့်စွမ်းအင် ဦးထွန်းဦး (ကျောက်ကြီး) အလုပ်သမားနှင့် လူမှုဝန်ထမ်း ဦးသိန်းဦး(မန္တလေးအနောက်) တရားရေးဦးဝင်းကို(ရေဦး) ဘဏ္ဍာရေးနှင့် အခွန်တော် ဦးပီတာ လင်းပင်(မေမြို့) နိုင်ငံခြားရေးဒေါက်တာစိန်ဝင်း၏

အစိုးရအဖွဲ့သည် အထက်ပါ အတိုင်း (၉) ဦးဖြင့် စတင်ဖွဲ့စည်းသည်။ ဖွဲ့စည်းပြီး ရက်ပိုင်းအတွင်း၌ ဦးသန်း ကြွယ်နှင့် ဦးမြင့်အောင်တို့သည် အလင်းဝင်သွားကြသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ လေတပ်မှ တောခိုလာသူ မြင့်ဝေ (TACDB) သည် သူ့ ပယောဂ ဟူ၍ ထင်မြင်ခြင်း ခံရမည်ကိုစိုး၍ နယ်စပ်ဒေသများသို့ပင် မသွားရဲလှချေ။

ဒေါက်တာစိန်ဝင်း၏ အစိုးရသည် ဖွဲ့လျှင်ဖွဲ့ချင်း အစိုးရအဖွဲ့ဝင် နှစ်ဦးက အလင်းဝင်သွားသဖြင့် အစမကောင်း ဖြစ်ခဲ့ရသည်။ ထိုမှနှစ်ပိုင်း အကြာတွင် ပြန်ကြားရေးဝန်ကြီး ကိုလှဖေမှာ စက်ဆုပ်ဖွယ်ရာမိန်းမကိစ္စဖြင့် ဘန်ကောက်မြို့စွန်ပေတရာ လမ်းပေါ်တွင် ဝတ်လစ်စလစ်ဖြင့် အသတ်ခံရသည်။ ကိုလှဖေ ဖြစ်ပွား၍ တနှစ်မကြာမီတွင် ဘဏ္ဍာရေးဝန်ကြီး ကိုဝင်းကိုသည် ယူနန်ပြည်နယ် ကူမင်းမြို့ ဟိုတယ်တခုတွင် လူတခြားခေါင်းတခြား သတ်ဖြတ်ခြင်း ခံရပြန်သည်။

ကိုဝင်းကို သတ်ဖြတ် ခံရသောအခါ ဂျပန်ရှိ မြမြဝင်းသည် မခံမရပ်နိုင်ဖြစ်ကာ ဆွေ့ဆွေ့ ခုန်နေလေသည်။ ယင်းအကြောင်းများကို ဒေါ်မြမြဝင်းသည် ခေတ်ပြိုင်ဂျာနယ်တွင် တခမ်းတနားပင် ရေးသားခဲ့လေသည်။ သူမ ပေးပို့သော တိပ်ခွေကိုလည်း ဝင်းခက်ကိုယ်တိုင် ပြန်လည် ရေးသားလေသည်။ ဒေါက်တာစိန်ဝင်းအစိုးရ အဖွဲ့သည် နိုင်ငံရေးအရ အစွမ်းအစထက်မြက်ဖို့ထက် အထက်ပါ ဝန်ကြီးနှစ်ဦးက အလင်းဝင်ပြန်သွားခြင်း။ ကျန်ဝန်ကြီး(၂)ဦးက သတ်ဖြတ်ခံရခြင်း။ ယင်းအတွက် ထိုစဉ်က ဘန်ကောက်ရှိ ဒီမိုကရေစီနှင့် လူငယ်ကျောင်းသားများလောကတွင် ခေါင်းမပေါ်နိုင်အောင် ဖြစ်ခဲ့ရလေသည်။

နောက်ပိုင်းတွင် ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းသည် ကိုလှဖေ သတ်ဖြတ်ခံရခြင်းအတွက် တာဝန်ရှိသည်ဟုဆိုကာ နိုင်ငံခြားရေးဝန်ကြီး ပီတာလင်းပင်အား အစိုးရအဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။ ထိုမှတဆက်တည်းတွင် သူ့ကို

ဆန့်ကျင်သည်ဟုဆိုကာ ဝန်ကြီးထွန်းဦးနှင့်လှဦးတို့အား အစိုးရအဖွဲ့မှ ထုတ်ပစ်ခဲ့ပြန်သည်။ မာနယ်ပလော ရန်သူ့လက်ကျပြန်သောအခါ အရက်စွဲ၍ ဆေးလိပ်ပင် သောက်စရာ မရှိရှာသော ဝန်ကြီး(နောက်ခန့်) ဦးမြင့်မောင် (အိမ်မဲ)သည် ကော့သောင်းမှ တဆင့် အလင်းပြန်ဝင် သွားလေသည်။

ယင်းသို့နိုင်ငံရေးအရနှင့် လူမှုရေးအရ လူပြောများလှသော ဒေါက်တာစိန်ဝင်း အစိုးရအဖွဲ့သည် နောက်ပိုင်း၌ ဒေါက်တာစန်းအောင်အား ဘန်ကောက်တွင် နောက်ချန်ထားခဲ့ပြီး သူကိုယ်တိုင်မှာ အမေရိကားပြည်ထောင်စုသို့ ပြောင်းရွှေ့ သွားလေတော့သည်။

# ဝင်းခက်၏ NCUB ဖွဲ့စည်းပုံ

မာနယ်ပလောတွင် ဝင်းခက်၏ အနေအထားသည် ထိုစဉ်က အရေးပါလှ တော့ သည်။ အသက်အရွယ်အရနှင့် အတွေ့အကြုံအရ ဝင်းခက်သည် ကိုစိန်ဝင်း ထက်ရင့်သန်၏။ ကိုစိန်ဝင်းမှာ NLD ပါတီခွဲ တခုဖြစ်သော အမျိုးသား ဒီမိုက ရေစီအဖွဲ့ချုပ် ပါတီမှဖြစ်၏။ ဝင်းခက်မှာ NLD ၏ ဗဟိုဦးစီးအဖွဲ့ဝင်ဖြစ်သည်။ ပြီးလျှင် အယ်ဒီတာနှင့် လက်ရှိ NLD-LA ၏ ဥက္ကဋ္ဌ လည်းဖြစ်၏။ သို့ဖြစ်၍ အမျိုးသားကောင်စီ NCUB ဖွဲ့စည်း မည်ပြုသောအခါ ဖွဲ့စည်းပုံကို ဝင်း ခက် ရေးဆွဲရန်နှင့် တင်ပြရန် တာဝန် ဖြစ်လာလေသည်။

ဤအချိန်တွင် NCUB သည် မည်သို့မည်ပုံ ဖြစ်သင့်သည်။ ဒေါက်တာစိန်ဝင်း ၏ အစိုးရအဖွဲ့သည် NCUB ထဲက ဖြစ်သင့်သည်။ NGUB သည် NCUB ထဲက သွားသင့်သည်။ ဤသို့ အကြံ ပေးသူလည်းမရှိချေ။ ထိုစဉ်က ကျနော့်အသံမှာ မကျယ်ပါ။ ကျယ်ကျယ်ထွက်၍လည်း မရပါ။ ကျနော်က တချက်တော့ ထောက်ပြသည်။ NCUB သည် ပါလက်စတိုင်း ကောင်စီလိုတော့ ဖြစ်သင့်သည် ဟု ဒါပဲပြောရဲ၏။

ထိုစဉ်က ဝင်းခက်၏ကြွေးကြော်သံမှာ NCUB သည် လွှတ်တော်တပိုင်းနှင့် အမျိုးသားတပ်ဦး တပိုင်းဟူ၍တည်း။ အကြောင်းမှာ ဝန်ကြီးချုပ်စိန်ဝင်းနှင့် သူ၏ အစိုးရအဖွဲ့ဝင်များသည် အစိုးရအဖွဲ့မှာပဲ နေရမယ်။ NCUB ထဲမှာ မပါရ။ အကြောင်းမှာ ကိုစိန်ဝင်းအစိုးရဖွဲ့စည်းစဉ်က သူ့ကိုမစောင့်သဖြင့် ယခုသူရေး ဆွဲသော NCUB ထဲတွင် ကိုစိန်ဝင်းနှင့် သူ့လူများ ပါဝင် ခွင့်မရပေ။

နောက်ပိုင်းတွင် ကိုစိန်ဝင်းနှင့် သူ့လူတွေကလည်း ဝင်းခက်ကို ဂရုမစိုက်ချေ။ သူတို့တွင် ရှိထားသော လုပ်ပိုင်ခွင့်နှင့် ငွေအသပြာကို အသုံးပြု၍ NLD-LA ဥက္ကဌဖြစ်သော ဝင်းခက်ကို ပြုတ်အောင်လုပ်နိုင်ခဲ့၏။ ဝန်ကြီးကိုသိန်းဦးသည် NCUB နှင့် NLD-LA အတွင်းရေးမှူးထိ ဖြစ်လာသည်။ ဒေါက်တာစိန်ဝင်း၏ အစိုးရအဖွဲ့သည် မည်သည့်အောက်တွင်မျှမရှိ သီးခြားဖြစ်နေရုံမျှမက ပါလီမန် အဖွဲ့ (MPU) ကိုပင်ဖွဲ့လာနိုင်၏။

ထိုစဉ်က လောကတွင် ကိုယ်ဖြစ်ချင်တာ တခုတည်းကိုသာ တွေးမြင်လုပ် ဆောင်ကြ၏။ ဖြစ်နိုင် မဖြစ်နိုင် ဖြစ်သင့် မဖြစ်သင့် စဉ်းစားသူကား နည်းပါး ကြ၏။ ထိုအချိန်က မာနယ်ပလောသည် ခေါင်းပေါင်းစ တလူလူ လေကလေး တချွန်ချွန်ဖြင့် ရှိနေစဉ်လည်းဖြစ်၏။ ကျနော်ပြောသော ပါလက်စတိုင်းကောင်စီ ကဲ့သို့ လုပ်လျှင် ရွေးကောက် ပွဲကိုအခြေခံရမည်ဖြစ်၏။ ယာဆာအာရာဖတ် လက်ထက်တွင်လည်း ရွေးကောက်ပွဲရှိ၏။ ယာဆာအာရာဖတ် လွန်ပြီးနောက် မာမွတ်အဘတ်(စ်)သည်လည်း ရွေးကောက်ပွဲဖြင့် တက်ရ၏။ ကိုစိန်ဝင်းအစိုးရ အဖွဲ့တွင်ကား ဘာရွေးကောက်ပွဲမှမရှိချေ။ ယာဆာအာရာဖတ်၏ လူတွေ သားချင်းတွေပင် လာဘ်စားမှုနှင့်စွပ်စွဲခံရသေးလျှင် ကိုစိန်ဝင်းနှင့်သူ့အပေါင်းပါ များမှာဘာသားတွေနှင့် ထုထားပါသနည်း

ဩော်- ဝင်းခက်၊ ဝင်းခက်။

ဩော်- ကိုစိန်ဝင်း ကိုစိန်ဝင်း..

# မာနယ်ပလောက အင်တာဗျူး

ကျနော်သည် မာနယ်ပလောတွင် နေထိုင်ခဲ့စဉ် အင်တာဗျူးမျိုးစုံလုပ်ခဲ့သည်။ တနေ့တွင် ယင်းအင်တာဗျူးများသည် ရွှေတွေဖြစ်လာမည်ကိုလည်း ကျနော်သိ၏။ ဗိုလ်ချုပ်မြ၊ နိုင်ရွှေကျင်၊ ဗိုလ်ချုပ်မောင်မောင်၊ ဒေါက်တာမာတာ၊ ဗိုလ်ချုပ်အောင်သန်းလေး (KNPP)၊ ပဒိုစောဘသင်၊ ခိုင်စိုးနိုင်အောင်၊ ဗိုလ်မှူးကြီးရွှေဆိုင်း၊ ကိုအေးဆောင်၊ နိုင်ဖေသိန်းဇံမှစ၍ ဒေါက်တာနိုင်အောင် (ABSDF)၊ အောင်သူငြိမ်း (ABSDF) တို့ အထိဖြစ်လေသည်။

ဗိုလ်ချုပ်မြနှင့် ပဒိုစောဘသင်တို့ကို သူတို့သွားခဲ့သော ခရီးစဉ်များနှင့် ပတ်သက်၍ မေးမြန်းခြင်း ဖြစ်လေသည်။ ဗိုလ်ချုပ်မောင်မောင်ကိုမူ လက်ရှိနိုင်ငံရေး၊ စစ်ရေးအခြေအနေများကို မေးမြန်းခြင်းဖြစ်လေသည်။



**ဗိုလ်ချုပ်အောင်သန်းလေး။**

ပိုလ်ချုပ်အောင်သန်းလေးနှင့် ကျနော်သည် မြို့ချင်းကပ်နေသည်။ သူက ပန်းတနော် ဇာတိဖြစ်ပြီး ကျနော်က ဝါးခယ်မမြို့နယ် (ရွှေလောင်း)ဇာတိ ဖြစ်သည်။ ပိုလ်ချုပ်အောင်သန်းလေးသည် ကယားပြည်နယ်(ကရင်နီ)တော်လှန်ရေးစသည်မှ ကယားတွင်အစအဆုံး ပါလာသူဖြစ်သည်။ KNPP သည် မာနယ်ပလောတွင် ဖွဲ့စည်းသော အဖွဲ့အစည်းတိုင်းတွင် ပါဝင်သော်လည်း DAB တွင်ကား ပါခြင်းမရှိပေ။

KNPP သည် စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲရေးလုပ်ခဲ့သည်။ စစ်အုပ်စု၏ မရိုးမသား လုပ်ဆောင်မှုအရ အပစ်အခတ် ရပ်စဲရေးသည် ပျက်ပြားသွားသည်။ ကရင်နီတော်လှန်ရေးသည် အကောင်သေးသော်လည်း အရိုးမာသည်။ ကြံ့ခိုင်သည်။ KNU ပြီးလျှင် KNPP ပင် ဖြစ်နေလေသည်။

ကျနော်သည် နှစ်ကျော့ပြန် တောထဲဆင်းလာသော မွန်ခေါင်းဆောင် "နိုင်ရွှေကျင်" နှင့် 'နိုင်ဖေသိန်းဇာ' တို့ကိုလည်း အင်တာဗျူးလုပ်သည်။ နိုင်ရွှေကျင်သည် တော်လှန်ရေးသမား များအနက် အသက်အကြီးဆုံး ပင်ဖြစ်သည်။ ကျနော်သည် VOB စာစောင်တွင် နိုင်ရွှေကျင်နှင့် ပက်သက်၍ အောက်ပါအတိုင်း ရေးသားခဲ့သည်။

နိုင်ရွှေကျင်မူလ အမည်မှာ နိုင်ဘလွင်ဖြစ်သည်။ သူ၏ညီအရင်းမှာ နိုင်ဘညွန့် ဖြစ်၍ ၁၉၅၁ ခုနှစ်၊ ပထမဆုံး ကရင်ပြည်နယ်အစိုးရအဖွဲ့၌ ဝန်ကြီးတဦး ဖြစ်သည်။ သူတို့ညီအကို နှစ်ဦးစလုံး အသားအရေ ဖြူဝင်း၍ အရုပ်အမောင်း ကောင်းကြသည်။ ဇာတိမှာ မွန်ပြည်နယ်၊ ပေါင်မြို့နယ်ဇာတိဖြစ်ကြသည်။ ၁၉၄၆ ခုနှစ်၊ KNU မော် လမြိုင်ညီလာခံကို အကြောင်းပြု၍ ကရင်-မွန် ညီညွတ်ရေး တပ်ပေါင်းစုဖွဲ့ စည်းရာတွင် ကရင်ဘက်က စောဘဦးကြီးဖြစ်၍ မွန်အမျိုးသားများဘက်မှ နိုင်လှမောင်နှင့် နိုင်ဘလွင် (နိုင်ရွှေကျင်) တို့ပင် ခေါင်းဆောင်ခဲ့ကြလေသည်။

ပုဂံခေတ်မှစ၍ ဦးအောင်ဇေယျ (အလောင်းဘုရား)ခေတ်အထိ မြန်မာဘုရင် အဆက်ဆက်သည် မွန်ယဉ်ကျေးမှုကို နှိ့သက်ခံကာ သောက်ယူစို့ ခဲ့ကြသော် လည်း မွန်လူမျိုးများကို မျိုးတုံး စစ်ဆင်မှုပြုရာ၌ (မဆလ နဝတ နအဖ) ခေတ် တိုင်အောင် ရက်စက် ကြမ်းကြုတ်စွာ ပြုလုပ်နေဆဲဖြစ်သည်။

(၁) အလောင်းဘုရားခေတ်

(၂) နရီဆွမ် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံ သို့ပြန်လည် ဆုတ်ခွါစဉ်

(၃) ဗြိတိသျှတို့က ပဲခူးကို အောင်နိုင်လျှင် မွန်မင်းဆက် ပြန်လည် ထူထောင် ပေးမည့် သွေးထိုးလှုံ့ဆော်မှု၏ ဖြစ်စဉ် သုံးရပ်ကြောင့် မွန်ထီးနန်း ပျောက်ဆုံး သွားရုံမက တောင်ငူအောက်ပိုင်းရှိ မွန်လူမျိုးများပါ ပျောက်ခြင်းမလှ ပျောက်ခဲ့ ရပေသည်။ အထူးသဖြင့် တနင်္သာရီတိုင်းနှင့် ထိုင်းနိုင်ငံတို့တွင် မွန်တို့က ပြန်လည် မစုစည်းနိုင်ခဲ့ပါမူ မွန်တို့၏ဘဝသည် ယခုထက်ပင် အဖြစ်ဆိုးကြပေ မည်။ မွန်လူငယ်ခေါင်းဆောင်တဦးနှင့် မွန်စာစောင် အယ်ဒီတာတဦးဖြစ်သော မင်းဉာဏ၏ ရေးသားချက်အရ ထိုင်းနိုင်ငံတွင် မွန်လူမျိုး ဦးရေသည် လေးသန်း ပင်ရှိကြောင်း ဖေါ်ပြထားလေသည်။

ယင်းဖြစ်စဉ် သုံးရပ်အတွင်း၌ အသက်မသေ ကြွင်းကျန်ရစ်နေသော မွန်လူမျိုး များအား လူမျိုးတမျိုးအဖြစ် ဆက်လက်ရပ်တည်သွားနိုင်ရေးကို ဥပဒေဘောင် တွင်းက ဖခင်ကြီးသဖွယ် ဦးစီးခေါင်းဆောင်ပြုခဲ့သူမှာ မွန်ဘိုးချို(ဝတ်လုံတော် ရ) ပင်ဖြစ်သည်။

မွန်ဦးဘိုးချိုသည် မွန်လူမျိုးများအတွက် ဗြိတိသျှခေတ်ကပင် ဟသ်ာ ရုပ်ကို ထမ်း၍ မွန်လူမျိုးများကို ခေါင်းဆောင်ခဲ့၏။ (မွန်ဦးဘိုးချိုသည် ဗိုလ်ကျော်ဒင်၏ အကိုအရင်းဖြစ်သည်) သို့ဖြစ်၍ နောင်ပိုင်း၌ သထုံခရိုင်နှင့် မော်လမြိုင်ခရိုင်ကို ပေါင်းစည်း၍ မွန် ပြည်နယ်အဖြစ် သတ်မှတ်ခံရခြင်းမှာ မွန်ဘိုးချိုနှင့် နိုင်ရွှေကျင် အပါအဝင် မွန်ခေါင်းဆောင်များ၏ ဥပဒေတွင်းနှင့် လက်နက်ကိုင် တော်လှန် ရေးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်မှုကြောင့်ပင် ဖြစ်လေသည်။ နိုင်ဖေသိန်းဇံမှာ

မာနယ်ပလောရှိ ဖယ်ဒရယ်ကျောင်း၏ ကျောင်းအုပ်ဖြစ်သည်။ ဒေါက်တာ အယ်လင်စမစ်မှာ ဖက်ဒရယ်ကျောင်း၏ ဒါရိုက်တာဖြစ်လေသည်။



**မောင်စင်ကြယ်နှင့်အတူ အင်ဒရူးမြဟန် (မောင်ပေါက်စီ)**



**ဒေါက်တာအေးကျော်၊ ဦးသန်းလွင်၊ မြဝတီရဲခေါင်၊ ဦးသောင်းတင်၊ မောင်စင်ကြယ်။**

# မြောက်ပိုင်းမှ NLD အမတ်များ

ကျနော်သည် KIO- ဒုဗိုလ်မှူးကြီးဇော်ဆိုင်းကို မာနယ်ပလော ကချင်တောင် ကုန်းပေါ်တွင် အင်တာဗျူးလုပ်ခွင့်ရသည်။ ဒေါက်တာနိုင်အောင်နှင့် အောင်သူငြိမ်းတို့ကို ဒေါင်းဝွင်နှင့် သံလွင်စခန်းသို့သွား၍ အင်တာဗျူးလုပ်ရသည်။ ကျနော်၏ အင်တာဗျူးများတွင် ထူးထူးခြားခြားမှာ ကချင်ပြည်နယ်ဘက် မှ NLD ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်စား၏ အင်တာဗျူးပင်ဖြစ်သည်။ ယင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲတွင် ရဲဘော်ထွေး (အာဇာနည်ခေါင်းဆောင်)၏ တူတော်သူ မောင်ဘဦးလည်း ပါလာသည်။

ထိုစဉ်က အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား မာနယ်ပလောရှိရုံးတွင် နေရာချထားပေး၏။ ရုံး၏တာဝန်ခံမှာ ဦးမြင့်မောင်(လယ်ယာစိုက်ပျိုးရေးဝန်ကြီး) ဖြစ်၏။ ယင်းတို့နှင့်အတူ ကျနော့်မိတ်ဆွေကြီး ခွန်မာကိုဘန်းလည်း အတူတကွ ပေါင်းစည်းနေရ၏။

ယင်းပုဂ္ဂိုလ်များမှာ မိုးညှင်းမဲ ဆန္ဒနယ်(၁) မှ NLD အမတ်ဦးကျော်သောင်း ၊ မိုးညှင်းမဲဆန္ဒနယ်(၂) မှ NLD အမတ်ဦးကြာမြ၊ မိုးကောင်းမဲဆန္ဒနယ်မှ NLD အမတ်ဦးထွန်းကြည်တို့ ဖြစ်ကြသည်။ ယင်းတို့အပြင် ရဲဘော်ထွေး၏ တူတော်သူနှင့် အခြားသော ဒေသခံခေါင်းဆောင်များလည်း ပါဝင်လေသည်။ ၎င်းတို့သည် မိုးညှင်း မိုးကောင်းမှ မာနယ်ပလောသို့ လာရာတွင် မြန်မာနိုင်ငံမြောက်ပိုင်းဘက်မှ မြန်မာနိုင်ငံတောင်ဘက် အဆုံးသို့လာရခြင်း ဖြစ်လေသည်။ လမ်းခရီးတွင် ကချင်ပြည်နယ်မှ တရုတ်ပြည်ဘက် တရုတ်ပြည်မှ ရှမ်းပြည်။ ရှမ်းပြည်မှထိုင်းနိုင်ငံ အတန်တန်နှင့် အဆင့်ဆင့် လာရခြင်းဖြစ်လေသည်။

ကျနော်သည် တလေးတစားဖြင့် အင်တာဗျူးလုပ်ပါသည်။ သို့ရာတွင် လပိုင်း အကြာတွင် သူတို့တတွေ တယောက်မှမကျန် မာနယ်ပလောမှ လာလမ်း အတိုင်း ပြန်သွားကြလေသည်။ ဤတွင် ကျနော်သည် အကျိုးအကြောင်းနှင့် အခြေအနေကို စုံစမ်းရလေတော့သည်။ ကျနော်စုံစမ်း၍ သိရသောအခါ ကျနော်ကိုယ်တိုင် ဘာမှ မတတ်နိုင်ပါ၍ စိတ်ထဲကသာ ' နိုင်ငံရေးဆိုတာ ဒီလို ပါလား' ဟူ၍သာ ရွတ်ဆိုလိုက်မိပါလေသည်။



**မနီလွိုင်း အစာငတ်ခံ ဆန္ဒပြပွဲတွင် မောင်စင်ကြယ် ဟောပြောစဉ်။**

# နိုဗယ်ဆုရှင်များနှင့် မယ်လခခန်း

မာနယ်ပလော၏ နံနက်(၉)နာရီသည် ရီဝေလို့ ကောင်းဆဲပင်ဖြစ်သည်။ ကျနော်ညွှန့်ခန်းဆောင်တွင် ထိုင်နေစဉ် ဗိုလ်ချုပ်မောင်မောင်အနီးသို့ ရောက်လာသည်။

'ဦးစင်ကြယ် … နိုဗယ်ဆုရှင်တွေ မဲဆောက်ကိုလာကြမယ်။ ဦးစင်ကြယ်သွားဖို့ အစီအစဉ်ရှိသေးသလား' ဗိုလ်ချုပ်မောင်မောင်သည် တွေ့စကပင် ကျနော့်ကို ဦးစင်ကြယ်ဟုခေါ်သည်။

"ကျနော်လည်း သွားသင့်မသွားသင့် စဉ်းစားနေတယ်။ ဗိုလ်ချုပ်ကိစ္စများ ရှိသေးသလား" "ကိစ္စကတော့ ဦးစင်ကြယ်သွားရင် ဒီမှာကျနော်တို့ လုပ်ထားတဲ့ လူ့အခွင့်အရေးစာအုပ်တွေပါ တပါတည်း ထည့်ပေးလိုက်ချင်လို့ပါ.."



"ဟုတ်ကဲ့..ဒါဆိုရင်လည်း ကျနော်သွားပါမယ်.."

ဒက်(စ်)မန်တူးတူး ခေါင်းဆောင်သော နိုလ်ဗယ်ဆုရှင်များ နယ်စပ်သို့လာကြသည်။ သို့ရာတွင် ထိုင်းအစိုးရသည် ဘုန်းတော်ကြီး ဒလိုင်လာမားကိုကား ဘန်ကောက်တွင်သာ ခွင့်ပြုသည်။ မစ္စမင်ချူးကတော့ ခရီးလွန်နေသည်။ နယ်စပ်ဆိုရာတွင်လည်း မဲဆောက်နှင့် မနီးမဝေးတွင်သာဖြစ်သည်။

နောက်နေ့တွင် ကျနော်သည် ဗိုလ်ချုပ်မောင်မောင်ပေးလိုက်သော ကရင်လူထု အပေါ်တွင် နအဖ စစ်တပ်မှ ဖေါက်ဖျက်သော လူ့အခွင့်အရေးမှတ်တမ်း စာအုပ်များကိုယူ၍ မဲဆောက်သို့ထွက်လာသည်။ မဲဆောက်ရောက်လျှင် စာအုပ်များကို ဗိုလ်မှူးစိုးစိုးအကို ထံသို့ လွှဲပြောင်းပေးလိုက်သည်။

နိုလ်ဗယ်ဆုရှင်များကို ကြိုဆိုသည့်နေရာမှာ မယ်လစခန်းတွင်ဖြစ်သည်။ မယ်လစခန်းသည် မဲဆောက်မှသွားလျှင် ကားဖြင့် တနာရီလောက် မောင်းရ၏။ ယင်းစခန်းမှာ ဗိုလ်ချုပ်ထိန်မောင်၏ တပ်မဟာ(၇) နယ်မြေထဲတွင် ရှိနေသည်။ စာသင်ခန်း ဆေးခန်း အားကစားကွင်းတို့ဖြင့် မြို့ပြလေးတခုသဖွယ် လှပနေ၏။ ထိုနေ့က မဲဆောက်တွင် မြို့ပေါ်ရှိ လူဦးရေထက် ပိုမိုများပြားနေ၏။ ထိုင်းအစိုးရအနေနဲ့ အရာရာကို ဆင်ခြင်၍ သတိဖြင့်လည်း နေရချိန်ဖြစ်သည်။ သတင်းစာဆရာများမှ ဖွေးဖွေးလှုပ်နေသည်။

ထိုနေ့နံနက်က ဗိုလ်မှူးစိုးစိုး၏အကို စောတာမလာဝါးနှင့် ကျနော်တို့နှစ်ဦးသည် သီးသန့်ကားကလေးတစီးဖြင့် နံနက် ၇ နာရီခွဲကပင် မဲဆောက်က ထွက်လာကြသည်။ ဆောင်းနှောင်း နံနက်ခင်းဖြစ်၍ နှင်းမှုံများမှာ ဝေ့ဝဲနေဆဲဖြစ်လေသည်။ ယင်းရာသီသည် မဲဆောက်ဝန်းကျင်ကိုသာမက မာနယ်ပလော၏ အလှပဆုံးအချိန်လည်းဖြစ်သည်။

ကျနော်တို့ မယ်လသို့ ရောက်သွားသောအခါ နိုဗယ်ဆုရှင်များ မရောက်ကြသေးပါ။ သို့ရာတွင် ပရိသတ်မှာ စည်ကားစ ပြုနေလေပြီ။ ကျနော်သည် စောတာပလားဝါး ပြသသော ကျောင်းဝင်းရှိ အဆောက်အဦးများကို လိုက်လံကြည့်ရှုသည်။ ကျနော် မရှင်းလင်းသည်များကိုလည်း မေးမြန်းသည်။

နံနက် ၉ နာရီထိုးလျှင် နိုလ်ဗယ်ဆုရှင်များ၏ ကားများသည် အစီအစဉ်ဖြင့် စခန်းတွင်းသို့ ဝင်လာလေသည်။ လမ်းထိပ်မှ မဏ္ဍပ်အရောက် ပရိသတ်များမှာ နိုလ်ဗယ်ဆုရှင်များအား ကြိုဆိုကြလေသည်။ စတင်ဝင်လာသူမှာ အဖွဲ့

ခေါင်းဆောင် အက်စ်မွန်တူးတူးဖြစ်သည်။ ဘုန်းတော်ကြီးတူးတူးနှင့်အတူ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဒလိုင်းလားမားနှင့် မစ္စမင်ချူးတို့ မပါလာသော်လည်း မြောက်ပိုင်း အိုင်ယာလန်မှ ၁၉၇၆ ခုနှစ် နိုဘယ်ဆုရှင်များဖြစ်ကြသော မိုင်ရိကိုရိဂန် နှင့် ဘက်တီဝီလီယံတို့ အဖွဲ့ဝင်များအဖြစ် ပါလာကြသည်။

အခမ်းအနား စတင်သောအခါ ဘုန်းတော်ကြီးတူးတူး တဦးတည်းကပင် ဟောပြောလေသည်။ ဘုန်းတော်ကြီးသည် ရယ်ရယ်မောမောဖြင့် ၂ နာရီလောက်ကို တဦးတည်းဟောပြောလေသည်။ ဟောပြောပွဲအပြီး ပရိသတ်များအား နံနက်စာဖြင့်ဧည့်ခံကျွေးမွေး၏။ ယင်းနိုဗယ်ဆုရှင်များအဖွဲ့သည် နေ့လယ်ခင်း ၌ ယခုလောက် မကြီးကျယ်သော အခမ်းအနားမျိုးဖြင့် ဝေးခလုတ် ဒုက္ခသည် စခန်းသို့ ခရီးဆက်ဦးမည်ဖြစ်၏။ သို့ဖြစ်၍ စောတာပလားဝါးနှင့် ကျနော်သည် ဝေးခလုတ် ဒုက္ခသည်စခန်းသို့ အလျင်ဦးစွာ သွားရောက်ကြလေသည်။ ဝေးခလုတ် ဒုက္ခသည်စခန်းသည် မဲဆောက်နှင့် ပို၍နီးကပ်သည်။ နာရီဝက်လောက်ဆိုလျှင် ရောက်သွားသည် ထိုစဉ်က KNU ခေါင်းဆောင် အချို့၏ မိသားစုနှင့် သာမန်ဒုက္ခသည်မိသားစုများ နေထိုင်ကြသည်။ အထူးသဖြင့် ဝမ်ခ တာဝန်ခံဗိုလ်မှူးကြီးတော်လှ မိသားစုနှင့် ဗိုလ်ချုပ်ကျော်သောင်း KNDO ၏ မိသားစုများရှိလေသည်။

ကျနော်သည် ဗိုလ်မှူးစိုးစိုးခေါ်သဖြင့် ဝမ်ခသို့လည်း အကြိမ်ကြိမ်ရောက်သည်။ ဝေးခလုတ်သို့လည်း ရောက်ဘူးသည်။ ကျနော်နှင့် စောတာပလားဝါးတို့ နှစ်ယောက်သည် စောတာပလားဝါး၏ ယောက်ဖတော်သူ စောမင်းထူးအိမ်တွင် ရှိနေကြ၏။ အခြားတအိမ်ကွာတွင် မိုးသီးဇွန်နှင့် သူ့ရဲဘော်များ ရှိနေကြ၏။ ဝေးခလုတ်ရှိ လူထုသည် ဘုန်းတော်ကြီး အက်စမွန်တူးတူးနှင့် အဖွဲ့အား စနစ်တကျ တန်းစီ၍ပင် ကြိုဆိုကြ၏။ ယင်းနောက်တွင် ထိုင်းအစိုးရ၏ ဌာနပေါင်းစုံမှ ပုဂ္ဂိုလ်များလည်း လိုက်ပါလာကြ၏။ ဘုန်းတော်ကြီးနှင့်အဖွဲ့ . ကျနော်တို့ရှေ့ နားသို့ရောက်လျှင် မိုးသီးဇွန်သည် လမ်းမပေါ်ထွက်၍

ဘုန်းတော်ကြီးနှင့် အဖွဲ့ အား နှုတ်ဆက်စကားပြော၏။ ဓါတ်ပုံဆရာများသည် တဖြတ်ဖြတ် ဓါတ်ပုံများ ရိုက်ကြ၏။ နောက်ပိုင်းတွင် ဘုန်းတော်ကြီးတူးတူးအား မိုးသီးဇွန်မှ နှုတ်ဆက် နေသော ဓါတ်ပုံသည် နဝတ၏ မြက်ခင်းသစ်မဂ္ဂဇင်း၌ ပါလာလေသည်။

ဓါတ်ပုံစာကို အောက်ပါအတိုင်းရေးသားထားလေသည်။

"သားအဖဆိုရင်တော့ ယုံနိုင်လောက်မှာပါ" ..တဲ့ ။

## နိုဘယ်ဆုရှင် ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးနှင့် အောဘီအက်စ်ဒီအက်ဖ်ခေါင်းဆောင် မိုးသီးဇွန်



ဖေဖော်ဝါရီ ၁၈ ရက်နေ့ မဲဆောက်မြို့အနီးရှိ မဲလ ကရင်ဒုက္ခသည် စခန်း၌ နိုဘယ်ဆုရှင် ဘုန်းတော်ကြီးဒက်စ်မွန်တူးတူးကို အောဘီအက်စ်ဒီအက်ဖ်ခေါင်းဆောင် ရဲဘော်မိုးသီးဇွန် တွေ့ဆုံဂါရဝပြုရင်း အခြေအနေအရပ်ရပ်ကို တင်ပြနေစဉ်။

# DAB ဖွဲ့စည်းပုံနှင့် အရှင်ခေမာစာရ

ရဟန်းပျိုသမဂ္ဂ အရှင်ခေမာစာရ၏ အခန်းကဏ္ဍသည် (၈၈) အရေးတော်ပုံတွင် မြို့ပေါ်မှာလည်း ကြီးမား၏။ တောတွင်း၌လည်း ကြီးမားသည်။ အရှင်သည် ထိုစဉ်က အသက်အရွယ်အားဖြင့် ကြီးမားလှသေးသည် မဟုတ်ဘဲ လေးဆယ်သာသာအရွယ်ဖြစ်၏။




**ကေပိုင်အို ညီလာခံတွင် အရှင်ခေမာစာရနှင့် မောင်စင်ကြယ်။**

အရှင်ခေမာစာရသည် ရဟန်းသိက္ခာပုဒ်နှင့် ညီညွတ်အောင် နေထိုင်စားသောက်၏။ သူ သီတင်းသုံးသော ကျောင်းအားလုံးသည် တောတွင်း၌ဖြစ်၍ သစ်ဝါးကျောင်း သင်ခန်းများတွင် အခန်းပင် မရှိချေ။

ကျနော်သည် အရှင်ခေမာစာရနှင့် အတူတကွ ခရီးသွားလာဘူး၏။ ဆွမ်းကွမ်းကိစ္စကို သူကဦးဆောင်၍ တခါမျှ ပြောဘူးခြင်းမရှိချေ။ တကာ/မများက အလိုက်သင့် ဆောင်ရွက်ရန်သာ အဓိကဖြစ်၏။ အရှင်ခေမာစာရသည် ရခိုင်အမျိုးသားဖြစ်သောကြောင့် စကားပြောလျှင် အနည်းငယ်ရခိုင်လို ဝဲသေး၏။ တောတွင်း၌ ရဟန်းပျိုသမဂ္ဂ ဆက်ဖွဲ့နိုင်ခြင်းသည် အရှင်ခေမာစာရ၏ ကျေးဇူးပင်ဖြစ်သည်။

လူ့သဘာဝအရ နိုင်ငံရေးသမားနှင့် တော်လှန်ရေးသမားများသည် စကားကို များစွာ ပြောကြ၏။ သူတို့တွင် ပြောစရာစကားများလည်း အမြဲတန်းရှိနေကြ၏။ အရှင်ခေမာစာရအဖို့မူ သူနှင့် မဆိုင်သော စကားများကို ပါဝင်၍ ပြောဆိုခြင်း အလျှင်းမရှိပေ။

တခါတွင် မာနယ်ပလော၌ DAB ဖွဲ့စည်းပုံကို ဆွေးနွေးကြ၏။ အရှင်ခေမာစာရသည် သူနှင့် မဆိုင်သေးသမျှ ထိုင်ရင်းသာနေ၏။ ဤသို့ဖြင့် ဖွဲ့စည်းပုံ ဆွေးနွေးရင်း ဆွေးနွေးရင်း သူ့ထံသို့ရောက်လာလေသည်။

ဤတွင် အရှင်ခေမာစာရသည် ထိုင်ရာမှ မတ်တပ်ရပ်လေတော့သည်။ အဓိပ္ပါယ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူ၏ အသက်နှင့် ပတ်သက်သော အချက်အလက်ပါရှိလေသည်။ ယင်းအချက်သည် ရဟန်းနှင့် မဆိုင်သော်လည်း အများသူငါအတွက် လုပ်မရ ကိုင်မရဖြစ်မည်ကိုလည်း စိုးရ၏။ အရှင်ခေမာစာရ ထွက်ပေါက်ပေးသည်မှာ ယင်းအချက်သည် ရဟန်းနှင့်မဆိုင်။ သူကန့်လည်းမကန့်ကွက်။ ထောက်လည်း မထောက်ခံပါဟု မှတ်ချက်ပေးလေသည်။

ကျနော်သည် အောင်ဆန်းစုကြည်၏ လမ်းကလေးနှင့် မယ်ဒုက္ခစမ်းချောင်းလေးကို မျက်နှာမူထားသော အရှင်ခေမာစာရ၏ ကျောင်းသို့ သုံးလေးခေါက်ထက် မနည်းရောက်၏။ တခါတွင် ကျနော်ကမေးမိ၏။
"အရှင်ဘုရား-ဆွမ်း၊ ကွမ်းကိစ္စ အဆင်ပြေရဲ့လား ဘုရား.."
"ဒီလို့ပေါ့လေ၊ အဆင်ပြေလုတယ် ဘယ်ဟုတ်ပ့ါမလဲ.."

နောက်တခေါက် ကျနော် မာနယ်ပလောပြန်ရောက်သွားသောအခါ အရှင်ခေမာစာရ၏ ကျောင်းဘက်ဆီသို့ ရောက်သွားသေး၏။ ဤတွင် အရှင်ခေမာစာရ၏ ကျောင်းကို ယခင်နေရာတွင် မတွေ့ရတော့ဘဲ စာသင်ကျောင်းတခုက ရောက်ရှိနေလေသည်။

# ခေတ်ပြိုင် ထုတ်ဝေခြင်း

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်ထုတ်ဝေသော ခေတ်ပြိုင် သတင်းဂျာနယ်သည် ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ဆယ်နှစ်ပြည့်ခဲ့လေသည်။ ယင်းအခြေအနေတွင် ကျနော်သည် ဘန်ကောက်၌ ရှိနေရာမှ ဖေဖော်ဝါရီ ၂၁ တွင် ဩစတြေးလျသို့ ပြန်ခဲ့သည်။ ဤသည်နှင့် ပတ်သက်၍ VOAB တွင် အောက်ပါအတိုင်း ရေးသားခဲ့လေသည်။

"ကိုအောင်ရေ-ကိုရဲကျော်သူနဲ့ ကိုတင်ဝင်းမောင်တို့လည်း ကွယ်လွန်သွားကြပြီ၊ ဘာလိုလိုနဲ့ ခေတ်ပြိုင်လည်း ဆယ်နှစ်ပြည့်ခဲ့ပြီ" ..



ခေတ်ပြိုင်တွင် မန်းအောင်ငွေ၊ မောင်စင်ကြယ်၊ မြဝတီရဲခေါင်၊ မြင့်ရွှေ(ကနေဒါ)

ကျနော်စကားကြောင့် ကိုအောင့်မျက်နှာ ညှိုးကျသွားလေသည်။ ခေတ်ပြိုင်ကို စတင်မွေးဖွား ခဲ့သောနေ့က ဦးတင်မောင်ဝင်း ငှားထားသော ဘန်ကောက်မြို့၊ တိုက်ခန်းတခန်းထဲတွင် ခေတ်ပြိုင်ကို ဖန်တီးခဲ့သော ဦးတင်မောင်ဝင်း (ကွယ်လွန်)၊ ရှု့ဒေါင့်ဂျာနယ် အယ်ဒီတာ ဟောင်းဦးဝင်းခက်၊ အယ်ဒီတာ-

စာရေးဆရာမြဝတီရဲခေါင်၊ မစ္စတာဘာမား (ကိုဝင်းထွန်း)၊ ဦးမန်းညွန့်မောင် (မောင်စင်ကြယ်)နှင့် အခြားသော အမည်မသိ သူ သုံးယောက်တို့ အတူတကွ ရှိနေခဲ့ကြသည်။

ခေတ်ပြိုင်ဆယ်နှစ် အထူးထုတ်တွင် အရှင်ခေမာစာရ ရေးသားတော်မူခြင်း ဖြစ်လေသည်။ ယင်းနှင့် ပတ်သက်၍ပင် ကိုတင်မောင်ဝင်း၏ 'နိုင်ငံရေးသမား နှင့် နိုင်ငံရေး' စာအုပ်တွင် ပဒိုမန်းရှာလမန်း (KNU အတွင်းရေးမှူး ကွယ်လွန်) က ရေးသားပြန်ရာ၌ -

"မြန်မာပြည်သည် (၁၉၆၂) ခုနှစ်ကတည်းက စစ်အာဏာရှင်တို့ နှစ်ပေါင်းများစွာ သတင်းအမှောင် ချထားသည်ကို ချိုးဖျက်ပစ်ရန်အတွက် ဦးတင်မောင်ဝင်း သည် ခေါင်းဆောင်အချို့နှင့် ညှိနှိုင်းပြီးနောက် ခေတ်ပြိုင်သတင်းစာကို စီစဉ် ထုတ်ဝေရန် ကြိုးပမ်းခဲ့သည်။ ဤသတင်းစာသည် ဘဏ္ဍာရေး လုံခြုံရေး အခက်အခဲ အမျိုးမျိုးရှိသည့်ကြားမှ မဖြစ်မနေ ကြိုးပမ်းထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ဤခေတ်ပြိုင် သတင်းထုတ်ဝေမှုတွင် တပ်ပေါင်းစု ခေါင်းဆောင်များက အားပေး ထောက်ခံခဲ့ပြီး ဦးတင်မောင်ဝင်း၊ ဦးဝင်းခက် ၊ ကြေးမုံဦးသောင်း၊ မောင်စင်ကြယ်၊ မြဝတီရဲခေါင်တို့က ပါဝင်ဆောင်ရွက်ခဲ့ရာ ပြည်သူများ၏ အားပေးထောက်ခံမှုကို အတော်ရခဲ့သည်။ တဆက်တည်းတွင် (နဝတ) စစ်အာဏာရှင်တို့၏ ဆန့်ကျင်ဝါဒဖြန့်မှုကိုလည်း ရင်ဆိုင်ခဲ့ရသည်' ဟုရေး သားထားလေသည်။ ခေတ်ပြိုင်ထုတ်ဝေရာတွင် အတွင်းသိ၊ အပြင်သိများက ရေးသာကြခြင်းလည်း ဖြစ်လေသည်။

ယနေ့ခေတ်ပြိုင် ဆယ်နှစ်ပြည့်ချိန်တွင် ကိုတင်မောင်ဝင်းတို့ မရှိတော့ပါ။ သို့ရာတွင် ခေတ်ပြိုင်ကို ဘယ်ပုံဘယ်နည်း ဘယ်သူတွေနှင့် ထုတ်ဝေခဲ့သည် ကို ကျနော်က VOAB တွင် အောက်ပါအတိုင်း ရေးသားခဲ့လေသည်။

ဤသို့ဖြင့် ကိုတင်မောင်ဝင်းသည် ထိုင်း-မြန်မာနယ်စပ် မာနယ်ပလောတွင် ရှိသော ပိုလ်ချုပ်မြမှတဆင့် ဝင်းခက်အတွက်တစောင်၊ မောင်စင်ကြယ်အတွက်

တစောင် ကြေးနန်းနှစ်စောင် ပေးပို့ခဲ့လေသည်။ ကြေးနန်းစာတွင် တိုကျို ဆုံးဖြတ်ချက်အရ စာနယ်ဇင်းတစောင် ထုတ်ဝေမည်ဖြစ်ပါ၍ မောင်စင်ကြယ် နှင့် ဝင်းခက် မပါမဖြစ် လိုအပ်ကြောင်းကို ဗိုလ်ချုပ်မြမှ တဆင့်ခွင့်ပြုပါရန် ကြေးနန်းစာတွင် ပါရှိလေသည်။

ကျနော့်အတွက် ကြေးနန်းစာရရှိချိန်မှာ ညနေပိုင်းဖြစ်သည်။ မာနယ်ပလော ရောက်စတွင် ကျနော်သည် မာနယ်ပလောဧည့်ရိပ်သာ တွင်နေသည်။ နောက်ပိုင်း၌ ဗိုလ်ချုပ်မောင်မောင်အိမ်တွင် နေသည်။ ဗိုလ်ချုပ်မောင်မောင်အိမ် နှင့် ဝင်းခက်ရှိရာ (NLD-LA) ရုံးသည် အတန်ပင် လှမ်းနေသောကြောင့် ဝင်းခက်နှင့် မနက်ဖြန်မှတွေ့တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

နောက်တနေ့ နံနက် ၁၀ နာရီလောက်တွင် ဝင်းခက်ထံသို့ ကျနော် လိုက်သွား သည်။ ဝင်းခက်ကိုမတွေ့။ ယနေ့နံနက်မှာပဲ ဘန်ကောက်ကို တက်သွား ကြောင်း ရုံးအဖွဲ့သားများက ပြောသည်။ စာနယ်ဇင်းတစောင် ထုတ်ဝေရန် ပူလောင်နေသော ကိုတင်မောင်ဝင်းသည် ကျနော် ဘန်ကောက်တက်လာ သည်ကိုပင် မစောင့်နိုင်ရှာ။ 'တောင်ကြီးက မိုဟာမက်ထံ မလာရင် မိုဟာမက် ကပဲ တောင်ကြီးရှိရာကို သွားမယ်'။ ထိုစကားကို နှလုံးမူလျက် နောက်တနေ့ ညနေတွင် ကိုတင်မောင်ဝင်း မာနယ်ပလောသို့ရောက်လာသည်။

ပထမတွင် ကိုတင်မောင်ဝင်းသည် မာနယ်ပလောစစ်ရေးပြကွင်း အစရှိ ဗိုလ်ချုပ်မြ၏ ရုံးခန်း၌ ဗိုလ်ချုပ်မြနှင့် သွားတွေ့သည်။ ပြီးလျှင် ကျနော်ရှိရာ ဗိုလ်ချုပ်မောင်မောင်အိမ်သို့ရောက်လာသည်။

ကျနော်သည် ရန်ကုန်တွင် သန့်ရှင်း-ဖဆပလဌာနချုပ်၌ ဝန်ကြီးဦးဝင်းနှင့် တရုံးတည်း လက်ပွန်းတသီး နေခဲ့သော်လည်း ကိုတင်မောင်ဝင်း ကိုအောင်တို့ နှင့်ကား တခါမျှ မဆုံခဲ့ဘူး။ ရဲကျော်သူနှင့်သာ အကြိမ်ကြိမ်ဆုံဖူး၏။ သို့ဖြစ်၍ ယခုကို တင်မောင်ဝင်းနှင့်ကျနော် ပထမဆုံးတွေ့ဖူးခြင်းပင်ဖြစ်၏။ ကိုတင်

မောင်ဝင်းသည် ကျနော်နှင့် ပထမတွေ့ဆုံစဉ်မှာပင် ဗိုလ်ချုပ်မောင်မောင် ခေါ်သကဲ့သို့ 'ဦးစင်ကြယ်' ဟုခေါ်သည်။

ဆက်လက်၍ ကျနော်သည် အောက်ပါအတိုင်း ရေးသား ထားပြန်လေသည်။
"ထိုစဉ်က ဝင်းခက်သည် (NLD-LA) ဥက္ကဋ္ဌဖြစ်၍ နိုင်ငံရေးတွင် တာဝန်များပြား နေသည်။ ရေပန်းလည်းစားနေသည်။ သို့ဖြစ်၍ ဝင်းခက်က ဘန်ကောက်နှင့် မာနယ်ပလော စုန်/ဆန် နေသည်။ ခေတ်ပြိုင်တိုက်တွင် အချိန်ပြည့်နှင့် အမြဲတမ်းနေထိုင်ရမည့်သူမှာ တာဝန်အရ ကျနော်ပင် ဖြစ်နေသည်။ ဘာတခုမှ ပြည့်စုံလုံလောက်မှုမရှိသော၊ ခေတ်ပြိုင်ပုံမှန်ထုတ်ဝေနိုင်ရေးအတွက် ဖတ်ဖတ် မောအောင် ငွေကြေးရှာဖွေရသော တာဝန်မှာ ကိုတင်မောင်ဝင်း၏ တာဝန်ဖြစ် သည်။ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကို ကိုတင်မောင်ဝင်းကိုယ်စား ကိုစိုးတင့်က တာဝန်ယူသည်။ ကွန်ပြူတာဖြင့် စာမျက်နှာဖွဲ့ခြင်း၊ စာလုံးညှိခြင်း၊ တန်ဆာ ဆင်ခြင်းကို မစ္စတာဘားမားအမည်ခံ ကိုဝင်းထွန်းက တာဝန်ယူသည်။ ကိုဝင်းထွန်းသည် စာအုပ်တိုက်တခုတွင် တာဝန်ထမ်းဆောင်ရင်းဖြင့် ညနေ အလုပ်ဆင်းတိုင်း ခေတ်ပြိုင်ကို လာထိုင်ပေးသည်။ နောက်ပိုင်းတွင် လူငယ် များစွာ ကွန်ပျူတာဖြင့် စာမျက်နှာဖွဲ့တတ်ခြင်းမှာ ကိုဝင်းထွန်း၏ ကျေးဇူး ကြောင့် ပင်ဖြစ်သည်။

ဆယ်နှစ်ပြည့်ခေတ်ပြိုင်ကို ကိုင်တွယ်လုပ်ကိုင်နေသူများသည် ခေတ်ပြိုင် စတင်ထုတ်ဝေစဉ်က ပါလာသူများမဟုတ်၍ ထိုစဉ်က အခက်အခဲနှင့် အကျပ် အတည်းများကို အပြည့်အဝ သိရှိရန်မှာ ခက်ခဲလှပေသည်။ ကျနော်သည် ကျနော့်ဆောင်းပါးကို အောက်ပါအတိုင်း အဆုံးသတ်ထားလေသည်။
"ဆယ်နှစ်ဆိုသည်ကား ဝေးသည်ဟုလည်း မဆိုသာ။ နီးသည်ဟုလည်း မဆို သာ။ အရာရာကား ရွေ့လျားနေသည်။ ပြောင်းလဲနေသည်။ ထိုစဉ်က ယိုင်နဲ့နဲ့ဖြင့် အခြေမခိုင်သော ခေတ်ပြိုင်သည် ယခုအခါ ကွန်ပြူတာ စာရိုက် သူများအား ထောက်ပံ့နိုင်သည်။ အချို့သော စာရေးဆရာများအား ငွေကြေး

အရ ချီးမြှင့်နိုင်သည်။ ကျနော် ဘန်ကောက်တွင် ရှိနေစဉ်၌ ခေတ်ပြိုင်ရှိနေခြင်း အတွက် ဆန္ဒယူနေကြောင်းသိရသည်။ ကျနော်၏ ဆန္ဒမှာ မရှိခြင်းထက် ရှိခြင်း ကား ကောင်း၏။ ကျနော်သည် တည်ဆောက်ရေးသမားပင်ဖြစ်၏။

ခေတ်ပြိုင်ဆယ်နှစ်ပြည့် အထိမ်းအမှတ်အနေနှင့် VOA တွင် ဒေါ်ခင်မျိုးအေး (ကိုတင်မောင်ဝင်းဇနီး) အသံလွှင့်သွားသည်ကို နားထောင်ရင်း အားရကျေနပ် စရာလည်းကောင်း၏။ လေးစားဖွယ်ရာလည်းကောင်း၏။ ယင်းအမျိုးသမီးသည် သာမန်အမျိုးသမီးမဟုတ်။ တောတွင်းနှင့် မြို့တော်အတွေ့အကြုံလည်းရှိ၏။ (နိုင်ငံရေးသမားနှင့် နိုင်ငံရေးကြည့်) ခင်ပွန်းသည်၏ နိုင်ငံရေး ယုံကြည်ချက်ကို ဖြည့်ဆည်းရာမှ သူကိုယ်တိုင် ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေသူပင်ဖြစ် ၏။ ဤသည်မှာ ကျနော်တို့ စတင်ထုတ်ဝေခဲ့သော ခေတ်ပြိုင်ပင်ဖြစ်လေသည်။



# သံလွင်က ရွှေဆိုင်း

မာနယ်ပလောတွင် ကျနော်နှင့် မိသားစုလိုက် ခင်မင်သူများတွင် ဗိုလ်ချုပ်ရွှေဆိုင်း၏မိသားစုလည်းပါသည်။ ဗိုလ်ချုပ်ရွှေဆိုင်း လူကြီးရောဂါဖြင့်ကွယ်လွန်ကြောင်း သိရသောအခါ ကျနော်များစွာ စိတ်မကောင်းဖြစ်မိလေသည်။



**ဗိုလ်ချုပ်ရွှေဆိုင်း (စောရွှေဆာ)**

ကျနော့်အား ဗိုလ်ချုပ်ရွှေဆိုင်း မိသားစုနှင့် ခင်မင်ရာတွင် အကျိုးဆောင်သူမှာ ဆရာအီးနော့ဆင်(ကိုအေး) ဖြစ်လေသည်။ ဆရာအီးနော့နှင့် ကျနော်သည် ရန်ကုန်မှာ နေကတည်းက ခင်မင်သူများဖြစ်ကြသည်။ ဆရာအီးနော့သည် အင်းစိန်ကျမ်းစာသင်ကျောင်း ပထမအပါတ် အင်္ဂလိပ်စာပေဖြင့် သင်တန်းဆင်းလာသူ တဦးလည်းဖြစ်သည်။ ဗိုလ်ချုပ်ရွှေဆိုင်း၏ သမီးကြီးသည် သူ့စီးပွားရေး

လုပ်ငန်း မလုပ်မဖြစ်လုပ်နေပုံနှင့် ပတ်သက်၍ အောက်ပါအတိုင်းကျနော့်ကို ပြောပြဖူးသည်။

'ဆရာရယ် ပထမတော့ ကျမစီးပွားရေးလုပ်တာကို အဖေက လုံးဝသဘောမတူဘူး။ အဖေကလည်း တော်လှန်ရေးကို အချိန်ပြည့်လုပ်နေတယ်။ မောင်လေးတွေကလည်း အရွယ်မရောက်ကြသေးဘူး။ မိသားစုတခုလုံးနဲ့ နေ့စဉ်ဧည့်သည်တွေရဲ့ စားအိုးက နှစ်ဒါဇင်လောက် ရှိတယ်ဆရာ။ ကျမလေ အဖေ့ကို နားလည်အောင် အတော့်ကို ရှင်းပြရတယ်။ နောက်တော့ ကျွန်မပြောတာတွေ မှန်နေတော့ အဖေလည်း ဘာမှမပြောတော့ဘူး။ ဒီအတိုင်းပဲ နေလိုက်တော့တယ်။

ဗိုလ်ချုပ်ရွှေဆိုင်းတွင် သမီးကြီးနှစ်ယောက်နှင့် သားသုံးယောက်ရှိသည်။ ဒုတိယသမီးမှာ ထိုစဉ်က ကရင်အမျိုးသမီး အစည်းအရုံး၏ (KNW) ခေါင်းဆောင်တဦးဖြစ်သည်။ ကျနော်လွတ်မြောက်ဒေသသို့ ရောက်၍ တနှစ်နီးပါး အကြာ၌ ဆရာအီးနော့နှင့်အတူ ကနဲလေးသို့ရောက်သွားသည်။ ကနဲလေးသည် ဗိုလ်ချုပ်ရွှေဆိုင်း၏ တပ်မဟာ(၆)၏ အစိတ်အပိုင်းတခုဖြစ်သည်။ အခမ်းအနားမှာ ဗိုလ်ချုပ်ရွှေဆိုင်း၏ သမီးကြီး လာမူးထရော၏ အလှူဖြစ်သည်။ ခရစ်ယာန် ဘာသာဝင်ဖြစ်ရန် စုံစမ်းစစ်ဆေးခံပြီးနောက် ကာယကံရှင်ကိုယ်တိုင်က နှစ်ခြင်းမင်္ဂလာ(Baptist) ခံယူရန် တောင်းဆိုလာသူများကို နှစ်ခြင်း မင်္ဂလာ ခံယူပေးသည့် အလှူပွဲပင်ဖြစ်သည်။

ယင်းနှစ်ခြင်းမင်္ဂလာခံယူပွဲသို့ ရပ်ဝေးရပ်နီးမှ လူမျိုးပေါင်းစုံလာကြသည်။ ကျွေးမွေးဧည့်ခံသည်မှာလည်း ထမင်းရည်ချောင်းစီး ပင်ဖြစ်လေသည်။ ကျနော်သည် ယင်းနှစ်ခြင်းမင်္ဂလာပွဲ၌ ဗိုလ်ချုပ်ရွှေဆိုင်းကိုဧင်း ဗိုလ်မှူးမူးတူးကိုဧင်း ပထမဆုံးတွေ့ဘူးခြင်း ပင်ဖြစ်လေသည်။ ဗိုလ်ချုပ်ရွှေဆိုင်းသည် သူနှင့်

ကျနော် ပထမဆုံးတွေ့ရသည့် အခေါက်မှာပင် ခရီးရောက်မဆိုက် ပြောလေသည်။ 'ဆရာ ဗိုလ်မှူးမူးတူးနဲ့ ဆွေးနွေးပါဆရာ။ လိုအပ်တာကိုလည်း ကျနော့်သမီးကို ပြောပါ...'

နောက်ပိုင်း၌ ဆရာအီးနော့၏ စီစဉ်ပေးမှုဖြင့် ဗိုလ်မှူးမူးတူး(ယခုဗိုလ်ချုပ်)နှင့် ကျနော်သည် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး အခြေအနေများကို ဆွေးနွေးခွင့် ရလေသည်။ ဗိုလ်ချုပ်မြနှင့် ဗိုလ်ချုပ်ရွှေဆိုင်းတို့သည် ကရင်ပြည်နယ်၊ ဖာပွန် ဇာတိသားများဖြစ်ကြသည်။ သက်တူရွယ်တူနှင့် ငယ်ပေါင်းကြီးဖော်များလည်း ဖြစ်ကြသည်။
ဖာပွန်ခရိုင်သည် ဗြိတိသျှအုပ်ချုပ်ရေးကာလတွင် သံလွင်ခရိုင်အဖြစ်ဖြင့် သီးခြားတောင်တန်းဒေသ အုပ်ချုပ်ရေးအောက်တွင်ရှိသည်။ ရီး(စ်)ဝီလီယံ၏ တောင်တန်းဒေသ ကိုယ်ပိုင်အုပ်ချုပ်ရေးစုံစမ်းရေးနှင့် ကရင်ပြည်နယ် ကိုယ်ပိုင် အုပ်ချုပ်ရေးကော်မရှင်၏ အစီရင်ခံစာများအရ ကရင်ပြည်နယ် သတ်မှတ်သော အခါ သံလွင်ခရိုင်(ဇယားဝင်-၁)တွင် နောက်ထပ်(ဇယားဝင်-၂) ဒေသများကို ပေါင်းစည်းလျက် ကရင်ပြည်နယ် ဖြစ်လာခြင်းဖြစ်သည်။ သို့ဖြစ်၍ ကရင်ပြည်နယ်အရေးကို ပြောသောအခါ သံလွင်ခရိုင်(ဖာပွန်ခရိုင်)ကို လက်ညှိုးထိုး၍ ပြောရလေသည်။

ထိုစဉ်က မြန်မာနိုင်ငံမှ ဗြိတိသျှတပ်များ အောင်မြင်စွာ ဆုတ်ခွာသွားသောအခါ လိုက်ပါသွားခြင်းမရှိဘဲ တနေ့တွင် ဂျပန်ကို ပြန်လည်တိုက်ခိုက်နိုင်ရန် မေဂျာဆီးဂရင်းသည် ဖာပွန်နယ်၌ ပုန်းအောင်းကျန်ရစ်ခဲ့၏။ ဖာပွန်ဇာတိသားများ ဖြစ်ကြသော ဗိုလ်ချုပ်ရွှေဆိုင်းနဲ့ ဗိုလ်ချုပ်မြတို့သည် မေဂျာဆီးဂရင်း၏ ကရင်ပြောက်ကျားတပ်ဖွဲ့တွင်၎င်း၊ ဗြိတိသျှလေထီးဆင်းတပ်ဖွဲ့အမှတ်136 (Force-၁၃၆) တွင် ၎င်း၊ ပါဝင်ဆက်စပ်ခဲ့ကြသည်။

ထိုမှ ကရင်တော်လှန်ရေးစတင်ချိန်(UMP) ကရင်စစ်ရဲတပ်ရင်း( Salween – Battalian) တွင် သူတို့ပါဝင်ခဲ့ကြသည်။
ကျနော်သည် 'ရွှေဆိုင်းနှင့်သံလွင်' ဟူသော မှတ်တမ်းတခုရှိခဲ့ကြောင်းကို သိထားသော်လည်း ယခုတိုင် ရှာမရသေးပါ။ သို့ရာတွင် မကြာမီက ဗိုလ်ချုပ်မြ ၏ 'ကျနော်တင်ပြလိုသည့် ကျနော့်ဖြတ်သန်းမှု အစစ်အမှန်' စာအုပ် ထွက်လာသောကြောင့် သံလွင်တပ်ဖွဲ့ အကြောင်းကိုကား အထိုက်လျောက်သိခဲ့ရ၏။ ကျနော်သည် (VOB) စာစောင်၌ 'သံလွင်က ရွှေဆိုင်း' ဆောင်းပါးတွင် အောက်ပါအတိုင်း ရေးသားခဲ့လေသည်။
'အင်းစိန်တွင် အစပျိုးခဲ့သော ကရင့်လက်နက်ကိုင် တော်လှန်ရေးသည် တောင်ငူနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် အစပိုင်း၌ အားကောင်းမောင်းသန် ဖြစ်နေသေး၏။ နောက်ပိုင်း၌ ကရင့်တော်လှန်ရေးသည် တစတစဖြင့် အားပျော့လာရာမှ ဖာပွန်နယ်ပါဝင်သော ကရင်ပြည်နယ်တွင် ပြန်လည်စုစည်း၍ ဆက်လက် ရပ်တည်လာခဲ့ရ၏။

ဤသို့ဖြင့် ၁၉၇၀ ခုနှစ်များအလွန်၌ ကရင့်တော်လှန်ရေးတွင် ဝါဒသဘော တရားများ၏ ဝါးမျိုဖိစီးခြင်းကို ခံရချိန်တွင် ဗိုလ်ချုပ်မြနှင့် ဗိုလ်ချုပ်ရွှေဆိုင်းတို့ သည် ခေါင်းဆောင်မှုအရာတွင် နံပါတ်(၁)နှင့် နံပါတ်(၂) ဖြစ်လာကြသည်မှာ သဘာဝကျသော နိုင်ငံရေးရာနှင့် သမိုင်းရေးရာ ကိစ္စတစ်ခုဖြစ်လာလေသည်။ ယခုအခါ KNU ကရင်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်ရွှေဆိုင်းကား လူသားတို့၏ သဘာဝအရ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်၏။ သို့ရာတွင် မာနယ်ပလော ကျဆုံးပြီးနောက်ပိုင်း၌ ဗိုလ်ချုပ်ရွှေဆိုင်း တည်ဆောက်ခဲ့သော တပ်မဟာ(၆)နယ်မြေ၌ ကရင့်တော်လှန်ရေးသည် အဘယ်ကြောင့် ဆက်လက် ရပ်တည်နေနိုင်သည်။ ရှင်သန်နေသည်ကို သုံးသပ်နိုင်ကြရန် ဗိုလ်ချုပ်ရွှေဆိုင်း ၏ နိုင်ငံရေး၊ အမျိုးသားရေးနဲ့ စစ်ရေး အမြင်ရှင်သန်မှုများနဲ့တကွ ပုဂ္ဂိုလ်ရေး ကျစ်လစ်ခိုင်မြဲမှုများကိုပါ လေ့လာပွားများ ကြည့်ကြရန် အထူးပင်လိုအပ်လှ၏။

# ထော်မဲ့ပါဂျာနယ် ထုတ်ဝေခြင်း

မိုးနှောင်းကာလဟု ကျနော်ထင်ပါသည်။ ဆရာအီးနော့နှင့် ကျနော်တို့ နှစ်ယောက်သည် သူ့အသစ်စက်စက် ဝယ်စီးသော (Toyota4WD) ကား ကလေးဖြင့် မဲဆောက်မှ အုန်းဖန်သို့ လာခဲ့ကြလေသည်။ ကျနော်တို့၏ ခရီးစဉ်မှာ အုန်းဖန်တွင် မင်္ဂလာအခမ်းအနား ကျင်းပသော ဗိုလ်ချုပ်ရွှေဆိုင်း၏ ဒုတိယသား၏ မင်္ဂလာဆွမ်းကျွေးဖြစ်သည်။ ယင်းအုန်းဖန်ခရီးစဉ်သည် ကျနော့် အတွက် အသစ်အဆန်း ဖြစ်နေတော့သည်။ လမ်းခရီး တလျှောက်တွင် ကားလမ်းနှင့် တောင်တန်းသည် နိမ့်လိုက် မြင့်လိုက် ရှိလို့လည်းနေသည်။ တခါတရံတွင် ရွာသစ်နှင့် စိုက်ခင်းသစ်များကိုလည်း တွေ့ရသည်။


ထော်မဲ့ပါ
TAW MEH PAR NEWS JOURNAL

၁၉၉၃ ဧပြီလ (၁) | ၁၃၅၄ ခု တန်ခူးလဆန်း (၁၀) ရက် | အမှတ်စဉ် (၁)

ကရင် အမျိုးသားခေါင်းဆောင်ကြီး စောဘဦးကြီး

စောဘဦးကြီး မူ ၄ ချက်

(၁) လက်နက်ချ အညံ့ခံအရှုံးပေးခြင်းကို ကျွန်ုပ်တို့ အလျှဉ်းမလုပ်။
(၂) ကရင်ပြည် အသိအမှတ်ပြုခြင်း ပြီးပြည့်စုံစေရမည်။
(၃) ကျွန်ုပ်တို့ လက်နက် ကျွန်ုပ်တို့ လက်ထဲတွင် ရှိရမည်။
(၄) ကျွန်ုပ်တို့ နိုင်ငံရေးကြမ္မာ ကျွန်ုပ်တို့ ဖန်တီးနိုင်ရမည်။

ကရင် အမျိုးသားနိုင်ငံရေးအစ ဒေါက်တာလူကာ

ကောအခင်ယူ ကရင်အမျိုးသားအစည်းအရုံး

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

၁၉၉၃ ခုနှစ် နှိုဝင်ဘာလတွင် ကျင်းပသော ၁၀ ကြိမ်မြောက် KNU ကရင်အမျိုးသား အစည်းအရုံး ကွန်ဂရက်ကြီးမှ အောက်ပါ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ခဲ့သည်။

ဗိုလ်ချုပ်ကြီးစောဘိုမြ (ဥက္ကဋ္ဌ)၊ ပဒိုစောသန်းအောင် (ဒု-ဥက္ကဋ္ဌ)၊ ပဒိုစောဘသင် (အထွေထွေ အတွင်းရေးမှူး)၊ ဗိုလ်ချုပ်စောအောင်မောင် (တွဲဘက်အတွင်းရေးမှူး-၁)၊ ပဒိုမံလင်း (တွဲဘက်အတွင်းရေးမှူး-၂)၊ ပဒိုစောကံစိုး (အမှုဆောင်)၊ ဒေါက်တာမာတာ (အမှုဆောင်)၊ ပဒိုကလိုထူး (အမှုဆောင်) တို့ ဖြစ်ကြသည်။

ဒုတိယဥက္ကဋ္ဌကြီး ပဒိုစောသန်းအောင်မှာ ၁၉၉၂ ခု ဧပြီလ ၂ ရက်နေ့တွင် ကွယ်လွန်သွားသဖြင့် ယခုအခါ ကရင်အမျိုးသား အစည်းအရုံးတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၇ ဦးဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

မောင်စင်ကြယ်၏ ထော်မဲပါ သတင်းဂျာနယ်။

ယင်းရွာသစ်နှင့် စိုက်ခင်းသစ်များသည် လားအို့စ်နိုင်ငံတွင် တချိန်က ကွန်မြူနစ်များကို ပြောင်မြောက်စွာ နှိမ်နင်းတိုက်ခိုက်ခဲ့သော 'မျောင် "ခေါ်" မျှော့များ၏ ရွာနှင့်စိုက်ခင်းသစ်များ ပင်ဖြစ်လေသည်။ လမ်းခရီးတွင် ကျနော်သည် ပညာရှင်နှင့် သုတေသီဆရာ ဦးလွန်းရွှေကို သတိရမိပါသည်။



Tun Tun 101 KNLA Taw Meh Par Magazine

ဆရာကြီးသည် ဒုတိယကမ္ဘာစစ်မတိုင်မီက ဤတောတောင်ရေမြေနှင့် ဤရွာများတွင် သာသနာပြုရင်း နေခဲ့သူဖြစ်သည်။ တဘက်တွင် သာသနာ တာဝန်ထမ်းဆောင်ရင်းဖြင့် အခြားတဖက်တွင် ယင်းဒေသရှိ ကရင်လူမျိုးများ၏ နေထိုင်စားသောက်မှုနှင့် ဓလေ့ထုံးစံများကို သုတေသန ပြုခဲ့သူပင်ဖြစ်လေသည်။ ကျနော်၏ 'မြန်မာပြည်ချစ် ကရင်အမျိုးသား ခေါင်းဆောင်များ' စာအုပ်ပါ သုတေသီပညာရှင် ဆရာလွန်းရွှေ အကြောင်းကို ကျနော်ရေးသားနိုင်ခြင်းမှာ ဤခရီးလမ်းသည် များစွာ အထောက်အကူ ပြုခဲ့လေသည်။

အုန်းဖန်သည် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မြေကျောချင်း ဆက်နေသည်။ ဤသို့ဖြင့် တော်လှန်ရေးကို အကြောင်းပြု၍၎င်း၊ ရေကြည်ရာ မြက်နုရာကို အကြောင်းပြု၍၎င်း၊ အုန်းဖန်တွင် မြန်မာနိုင်ငံသား အများအပြား နေထိုင်ကြလေသည်။ အထူးသဖြင့် မန်းငွေအောင်၏ စစ်ဆင်ရေးတွင် ပါဝင် ခဲ့သော မန်းချစ်စိန်(စတီးလ်)နှင့် ပုသိမ်မြို့က ဆင်ပိုင်ရှင်တဦးကိုပင် တွေ့ရ သည်။ အုန်းဖန်သည် ထိုင်းနိုင်ငံ အနောက်တောင်ဘက်တွင် မြို့နယ်အဆင့် ရှိမြို့တမြို့ဖြစ်သည်။ မညီမညာသော မြေအနေအထားပေါ်တွင် တောင်ကုန်း တောင်တန်းပေါ်၌ ဗုဒ္ဓဘာသာ ဘုရားကျောင်းကန်များကို တွေ့ရသည်။ ယင်း အုန်းဖန် ခေါ် အမ်းဖာသည် နယ်စပ်မြို့ကလေးပင် ဖြစ်သော်လည်း ရေ မီး အပါ အဝင် မြို့၏အင်္ဂါနှင့် အညီ တွေ့ရလေသည်။

အခမ်းအနားမှာ မင်္ဂလာဧည့်ခံပွဲဖြစ်၍ အကျွေးအမွေးနှင့် ဖြေဖျော်ပွဲက အဓိက ဖြစ်သည်။ သတို့သမီးမှာ အခြားသူမဟုတ်ပဲ ဗိုလ်မှူးကြီးမာဘယ်လ်၏ သမီး ကလေးဖြစ်သည်။ ဗိုလ်မှူးကြီး မာဘယ်လ်သည် လေဖြတ်ထားသောကြောင့် သမီးကလေး၏ မင်္ဂလာဧည့်ခံပွဲသို့ပင် တက်ရောက်နိုင်ခြင်းမရှိပေ။ ကျနော်တို့ နဲ့ဧည့်ပရိသတ်များမှာ ခြေတံရှည်အိမ်ကြီးတွင် တည်းခိုကြရသည်။ ဗိုလ်ချုပ် ရွှေဆိုင်းနှင့်မိသားစုများမှာ သီးသန့်တန်းလျားတခုတွင် တည်းကြသည်။ ဧည့် ပရိသတ်ဖြင့် အုန်းဖန်(အန်းဖါ)သည် ပွဲလမ်းသဘင်ပမာ စည်ကားနေတော့ သည်။

ထိုနေ့ညက ဗိုလ်ချုပ်ရွှေဆိုင်းမှာ နောက်ကျပြီးမှ ရောက်လာသဖြင့် ကျနော် တို့နဲ့ မတွေ့နိုင်တော့ချေ။ နောက်နေ့ထမင်းစားချိန်တွင် ဗိုလ်ချုပ်ရွှေဆိုင်း သည် ကျနော်နဲ့အီးနော့တို့ကို သူနှင့်အတူတကွ ထမင်းစားသောက်ရန် ဖိတ် လာလေသည်။ ယမန်နေ့ညက သူ အရောက်နောက်ကျသဖြင့် ကျနော်တို့ကို မတွေ့နိုင်သည်ကိုလည်း တောင်းပန်စကားပြောလေသည်။ ထမင်းစားပွဲတွင်

ဗိုလ်ချုပ်ရွှေဆိုင်းက ကျနော့်ပန်းကန်ထဲသို့ ဟင်းလျာများကို ထည့်ပေးလေသည်။ ကျနော်သည် သက်သက်လွတ်သမား မဟုတ်သော်လည်း မွေးလာကတည်းကပင် ခြေလေးချောင်းသား မစားသောကြောင့် ရှဉ့်(ရှဉ့်ငပေါ)သားမှာ နိုပ်စက် ပါလေတော့သည်။ ကျနော်သည် ယဉ်ကျေးမှုအရ အသားတုံးကို ဟိုရွှေ့ ဒီရွှေ့လုပ်ကာ ထမင်းဖြူ နှင့် ဟင်းရေကို နယ်ဖတ်၍ စားရတော့သည်။

ဤသို့ဖြင့် နံနက်စာ စားသောက်ပြီး ကော်ဖီချိုတခွက် စီသောက်ကြ၏။ 'ဆရာ..ဆရာ သုံးချင်တာ သုံးနိုင်အောင် ငွေတသိန်း(ဘတ်)ယူသွားပါ ဆရာ' ဗိုလ်ချုပ်ရွှေဆိုင်းသည် ရိုးသားစွာပင်ပြောဆိုလာလေသည်။ ဤတွင် ကျနော်ကလည်း ရိုးသားစွာပင် ပြန်ပြောလိုက်လေသည်။

'လောလောဆယ်တော့ ကျနော်သုံးစရာ မလိုသေးပါဘူး။ ဗိုလ်ချုပ်သမီး (လားမူထရော)ကို ပေးထားလည်း ဖြစ်ပါတယ်၊ ကျနော်လိုမှပဲ (လားမူထရော) ကို ပြောပါ့မယ်'

ဗိုလ်ချုပ်ရွှေဆိုင်းပေးသော ငွေတသိန်းမှာ သရာမူလားမူထရော လက်ထဲ၌ သုံးလေးလပင် ရှိနေသည်ဟု ကျနော်ထင်သည်။ ဤသို့ဖြင့် နေ့တနေ့တွင် ဗိုလ်မှူးစိုးစိုး၏ မှန်လုံညှော့ခန်း၌ စောတာမလာဝါး(ဗိုလ်မှူးစိုးစိုးအကို) ဗိုလ်မှူးစိုးစိုးနှင့် ကျနော်တို့ စကားလက်ဆုံကျစဉ် စာနယ်ဇင်းတစောင် ထုတ်ဝေရေးဆီသို့ ရောက်ရှိသွားလေသည်။ ကျနော်သည် ဒီမိုကရေစီ အရေးတော်ပုံ၌ ရန်ကုန်နှင့်မန္တလေးတွင် စာနယ်ဇင်းပေါင်း(၂၀၀)ကျော် ထုတ်ဝေကြရာ ကျနော်၏ သတင်းစာမှာ တစောင်ဖြစ်သည်။

'ပြည်သူ့အားမန်' သည် ကျနော်ပင် အယ်ဒီတာ၊ ကျနော်ပင်ထုတ်ဝေသူနှင့် ကျနော်ပင် သတင်းထောက် ဖြစ်လေသည်။ ဤသို့ဖြင့် ကျနော်တို့သည် "ထော်မဲ့ပါ" သတင်းဂျာနယ်အမည်ကို ရွေးလိုက်ကြသည်။ တဆက်တည်းတွင် ကျနော်နှင့် ဆရာအီးနော့တို့သည် သရာမူလားမူထရောထံ လာပြီး ငွေယူ

သည်။ ပြီးလျှင် ဘန်ကောက်သို့ လာ၍ ကွန်ပြူတာနှင့် ပရင်တာဝယ်သည်။ ပထမတွင် 'ထော်မွဲပါဂျာနယ်' သည် ဇင်းမယ်မှာ ထုတ်ဝေသည်။ နောက်ပိုင်း မဲဆောက်မှာ ထုတ်ဝေသည်။ တလတကြိမ်၊ နှစ်လတကြိမ်၊ ထုတ်ဝေခဲ့ရာ ငါးစောင်တိတိ ထုတ်ဝေနိုင်ခဲ့လေသည်။

ယင်းသို့ ထော်မွဲပါ ထုတ်ဝေနိုင်ခြင်းအပေါ်၌ ကျနော့်အပေါ်တွင် ချီးကျူးဂုဏ်ပြုသူများရှိသကဲ့သို့ ဂုဏ်မပြုနိုင်သူများလည်း ရှိပေသည်။ အကြောင်းမှာ ကျနော်သည် နောက်မှမွေးပါလျက် 'ကိုထွေး' မဖြစ်ဘဲ 'ကိုဦး' ဟု အခေါ်ခံရသောကြောင့် ဖြစ်လေသည်။



Wa , Naw Phaw Phaw (Canada), Wa

# K.N.U အရေးပေါ်အစည်းအဝေး။

မာနယ်ပလောတွင် ကျင်းပသော အစည်း အဝေး တိုင်းတွင် ဗိုလ်ချုပ်မြသည် ဥက္ကဋ္ဌ(ဝါ) သဘာပတိလုပ်လေသည်။

နိုင်ငံရေးနှင့် ပတ်သက်သော အစည်းအဝေးများမှာ

ဇန္နဝါရီ (၃၁) ရက် ကရင်အမျိုးသားတော်လှန်ရေးနေ့

ဖေဖေါ်ဝါရီ (၅) ရက် K.N.U အမျိုးသားအစည်းအရုံးနေ့

ဖေဖေါ်ဝါရီ (၁၁) ရက် ကရင်အမျိုးသားနေ့

မေလ (၂၃) ရက် K.Y.O ကရင်လူငယ်များနေ့

ဇွန်လ (၁၄) ရက် ကော်သူလေးအစိုးရနေ့

ဇူလိုင်လ(၅) ရက် K.N.L.A ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်နေ့

ဩဂုတ်လ (၁၂) ရက် စောဘဦးကြီး ကျဆုံးသော ကရင်အမျိုးသား အာဇာနည်နေ့တို့ ပင်ဖြစ်လေသည်။

ထိုမှ နေ့ရက်ကို အတိအကျ သတ်မှတ်ထားခြင်း မရှိသော K.N.U ဗဟိုကော်မတီ အစည်းအဝေး၊ D.A.B နှင့် N.D.F အစည်းအဝေးများလည်း ရှိကြပေသည်။ ဇန်နဝါရီလ (၂၀) ရက် ဗိုလ်ချုပ်မြ မွေးနေ့သည်လည်း အထက်တွင် ဖေါ်ပြခဲ့သော အခါကြီးရက်ကြီးများတွင် အပါအဝင် ဖြစ်လေသည်။

ဤသို့ဖြင့် (၁၉၉၃) ခုနှစ် မိုးရာသီအစပိုင်းတွင် ရန်သူစစ်တပ်သည် စစ်ရေးကို လျှို၍ ကရင်ပြည်နယ်၏ ရှေ့တန်းဒေသများဖြစ်သော သထုံခရိုင်နှင့်ဘားအံခရိုင်တို့တွင် နိုင်ငံရေးထိုးစစ်ဖြစ်သော ဘာသာရေးနှင့် ငြိမ်းချမ်းရေးထိုးစစ်ကို မသိမသာ စတင်လာသည်။ ယင်းဘာသာရေးနှင့် ငြိမ်းချမ်းရေး ထိုးစစ်အတွက် ဒေသခံများကို ရှင်းလင်းပြရန် ဘားအံခရိုင်သို့ ဒေါက်တာမာတာအားရင်း၊ သထုံခရိုင်သို့ ပဒိုကော်စိုးအားရင်း၊ စေလွှတ်ခဲ့လေသည်။ သို့ရာတွင် ယင်း

နှစ်ယောက်စလုံးသည် တယောက်မှာစနေသင်း ကိုးကွယ်သူဖြစ်၍ တယောက် မှာ နှစ်ခြင်းခရစ်ယန် ကိုးကွယ်သူ ဖြစ်လေသည်။

စစ်အစိုးရ၏ ဘာသာရေးနှင့် ငြိမ်းချမ်းရေးထိုးစစ်ကို စစ်ဖြင့် ပြန်လည်တုံ့ပြန် သည့်အနေဖြင့် ဗိုလ်ချုပ်မြသည် D.A.B ဥက္ကဋ္ဌအနေနှင့် (နဝတ) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေထံသို့ ပထမပေးစာ တစောင်ကို (၁၉၉၃)ခုနှစ် ဧပြီလ (၂၃) ရက်နေ့တွင်၎င်း၊ ဒုတိယပေးစာ တစောင်ကို (၁၉၉၃) ခုနှစ် ဩဂုတ်လ (၁၇) ရက်နေ့တွင်၎င်း၊ အသီးသီး ပေးပို့ခဲ့လေသည်။

ယင်းပေးစာများနှင့် ရန်သူ၏ ဘာသာရေးနှင့် ငြိမ်းချမ်းရေး ထိုးစစ်ဆင်မှုကို သုံးသပ်နိုင်ရန် (၁၉၉၃)ခုနှစ် စက်တဘ်ာလ (၂)ရက်နေ့တွင် မာနယ်ပလော၌ K.N.U ဗဟိုကော်မတီ အစည်း အဝေးတရပ်ကို ခေါ်ဆိုခဲ့လေသည်။ အစည်း အဝေးမှာ စက်တဘ်ာ(၂)ရက်မှ (၄)ရက်နေ့ အထိ ဖြစ်သည်။



အထူးသဖြင့် ဗိုလ်ချုပ်မြသည် D.A.B ဥက္ကဋ္ဌအနေနှင့် ဗိုလ်ချုပ်ကြီးသန်းရွှေ ထံသို့ ပေးစာတွင်

(၁)။ ခြွင်းချက်မရှိ ပြည်လုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေးကို အတိအလင်း ကြေညာရန်။

(၂)။ နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက် မရှိ လွတ်ပေးရန်။

(၃)။ လွတ်လပ်ပြီး တန်းတူမှုရှိသည့် မျက်နှာစုံညီ ဆွေးနွေးရန်။ ယင်းအချက် သုံးချက်ကို K.N.U ဗဟိုကော်မတီ အရေးပေါ် အစည်းအဝေးကြီးမှ ထပ်ဆင့် ထောက်ခံရန်နှင့် အခြေခံမူအဖြစ် လက်ခံသွားရေးပင်ဖြစ်လေသည်။

(၁၉၉၃) ခုနှစ် စက်တဘ်ာလတွင် KNU ဗဟိုကော်မတီ အစည်းအဝေး ရှိသောကြောင့် ဗိုလ်ချုပ်မြသည် ဖွေးပေါ်လူသို့မပြန်၊ မာနယ်လောတွင် ညဥ့် အိပ်လေသည်။ ဗိုလ်မှူးစိုးစိုး စီစဉ်ထားသည့်အတိုင်း ညဥ့်(၉)နာရီလောက်တွင် ကျွန်တော်တို့ နှစ်ယောက် ဗိုလ်ချုပ်မြရုံးအိမ်သို့ လာခဲ့ကြလေသည်။ ဗိုလ်ချုပ်မြ၏ ရုံးခန်းတွင် အသင့်ရှိနေကြသည်မှာ အချိုရေပုလင်းများ မဟုတ်ပဲ လဘက် ရည်ကြမ်း အိုးကလေးသာ ဖြစ်လေသည်။

လဘက်ရည်ကြမ်း အိုးကလေးသည် ကျွန်တော်တို့ သုံးယောက်အလည်တွင် ရှိနေသည်။ ဗိုလ်မှူးစိုးစိုးသည် လွတ်နေသော ခွက်များတွင် အကြမ်းရေ ဖြည့် ပြီးနောက် ပြောစရာရှိသည်များကို ပြောရန် ကျွန်တော့်ကို လက်ကုတ်လေ သည်။ ဗိုလ်မှူးကြီးတောလုနှင့် တွေ့ဆုံရာတွင်လည်း ဗိုလ်မှူးစိုးစိုးသည် ဤသို့ပင် ပြုလေ့ရှိသည်။ မာနယ်ပလောတွင် ဗိုလ်ချုပ်မြကို ပြောရဲဆိုရဲ ရှိဖို့ရာမှာ အခက်အခဲရှိကြ၏။ လူမျိုးစုခေါင်းဆောင်ပဲ ဖြစ်ဖြစ်၊ ဒီမိုကရေစီ ခေါင်းဆောင်များပင်ဖြစ်ဖြစ်၊ အခက်အခဲ ရှိကြ၏။ ကျွန်တော့်အနေနှင့်မူ မိမိ ကိုယ်ကို စာရေးဆရာ၊ သတင်းစာဆရာအဖြစ် ယုံကြည်ထားသောကြောင့် အခြားသူများထက် လွယ်ကူ၏။ ရန်ကုန်တွင် ရှိစဉ်ကပင် ဦးနအားငယ်း၊ ဦးသိန်း ဖေမြင့် အားငယ်း၊ ကျွန်တော့်အမြင်ကို ကျွန်တော် ပြောရဲ၏။

မနက်ဖန် K.N.U အရေးပေါ်အထူးအစည်းအဝေးကြီးမှာ အရေးကြီးလှ၏။ ရန်သူ၏ ဘာသာရေးနှင့် ငြိမ်းချမ်းရေး(နိုင်ငံရေး) ထိုးစစ်သည် ရှေ့တန်းရှိ အဖွဲ့အစည်းများနှင့် လူထုအတွင်း၌ စူးဝင်လျှက်ရှိ၏။ ပြောရဲသူများ ပြောသည် ကို ကျွန်တော်ကြား နေရ၏။ ဤတွင် ကျွန်တော်အနည်းငယ် ဟန်ပြင်လိုက်၏။

ဥက္ကကြီးခင်ဗျား မာနယ်ပလောတွင်ကျင်းပမည့် အစည်းအဝေးဟာ အလွန်အရေးကြီးပါတယ်။ လူတွေမှာလည်း တဦးချင်းစီအနေနဲ့ သူတို့ သိထားတာတွေ သူတို့ကြားထားတာတွေ သူတို့ ခံစားရတာတွေ သူတို့မှာ ရှိနေကြပါတယ်။ ဒါတွေကို ဥက္ကဌကြီး သိဖို့ဆိုရင် မနက်ဖန်အစည်းအဝေးမှာ သူတို့ကို လွတ်လပ်စွာ စကားပြောခွင့်ပေးဖို့ လိုပါလိမ့်မယ်။ ဒါမှဥက္ကဌကြီးအနေနဲ့ သူတို့ရဲ့ ဆန္ဒတွေကို ကိုယ်စားပြုပြီး ဆောင်ရွက်တဲ့အခါ ခေါင်းဆောင်တဲ့အခါ လွယ်ကူစေပါမယ် ခင်မျာ။

ကျွန်တော်သည် ရက်ပေါင်းများစွာ လပေါင်းများစွာ ရင်ထဲ၌ သိမ်းဆည်းထားရသော လွတ်လပ်စွာ ပြောဆိုခွင့်ပေးရန် စကားကို ပြောဆိုလိုက်ရသဖြင့် ထိုည အတွက် ရင်ထဲ၌ ပေါ့ပါးရှင်းလင်း သွားလေသည်။

# ဗောဂိုမြ၏ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးလမ်းစဉ်။

ဗိုလ်ချုပ်မြသည် (၁၉၉၃)ခုနှစ် စက်တင်ဘာလ အစည်းအဝေးပြီးသည့်နောက် အောက်တိုဘာလ နောက်ဆုံးပတ်အထိ အမေရိကန် လန်ဒန်နှင့် ဂျာမဏီအထိ ခရီးလှည့်လည်ခဲ့သည်။ ဗိုလ်ချုပ်မြ အပြန်ခရီးတွင် ကျွန်တော်သည် အင်တာဗျူး လုပ်သည်။ သူရိုက်ထားသော ဓါတ်ပုံများကိုလည်း ပေးသည်။ ဤတွင်ကျွန်တော်သည် ဗိုလ်ချုပ်မြနှင့် စစ်အစိုးရ၏ ငြိမ်းချမ်းရေး အပြန်အလှန် ကမ်းလှမ်းကြပုံကို စာအုပ်ငယ်အဖြစ် ထုတ်ဝေခဲ့သည်။

စာအုပ်လိုရင်းမှာ ငြိမ်းချမ်းရေးသည် လွယ်မယောင်နှင့် အခက်အခဲများ ရှိကြောင်းပင်ဖြစ်သည်။ စာအုပ်ရေးသား ပြုစုသူနေရာတွင် နာမည် ရင်းအစား (ဖိုးစော်ကဲ)ဟု အမည်ပေးထား၏။ ယခင်နှင့်ယခု အခြေအနေကို လေ့လာနိုင်ရန် ဖေါ်ပြလိုက်ပါသည်။

# ဗိုလ်ချုပ်ကြီးစောဘိုမြ
## ငြိမ်းချမ်းရေးနှင့်ညီညွတ်ရေး




ထော့်မဲပါသတင်းဂျာနယ်မှ ထုတ်ဝေသည်

# ဗိုလ်ချုပ်ကြီး ဘောဘိုမြ၏
## ငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးလမ်းစဉ်။

## ပြည်တွင်းစစ်။

**ဖိုးစော်ကဲ**

မြန်မာနိုင်ငံ၏ နှစ်ပေါင်း လေးဆယ်ကျော် ပြည်တွင်းစစ် ပြဿနာသည် နိုင်ငံရေး ပြဿနာလည်း ဖြစ်၍ လူမျိုးရေးပြဿနာလည်း ဖြစ်သည်။ ယင်း နိုင်ငံရေး ပြဿနာနှင့် လူမျိုးရေး ပြဿနာကို ခေတ်အဆက်ဆက် အုပ်ချုပ်လာသော (ဖဆပလ မဆလ၊ နဝတ) အုပ်စိုးသူများသည် နိုင်ငံရေး နည်းလမ်းဖြင့် ဖြေရှင်းရမည့်အစား အပြုတ်တိုက် ရေးနှင့် လက်နက်ချရေး လမ်းစဉ်ဖြင့်သာ အသိ အမြင် ခေါင်းပါးစွာဖြင့် ဖြေရှင်းခဲ့ကြသဖြင့် ဤမျှ အထိ ပြည်တွင်းစစ်ကြီးသည် သက်ဆိုးရှည်ကြာ ခဲ့ရပေတော့သည်။



# စစ်ဆိုးကျိုး။

စစ်သည် စစ်အာဏာရှင်တစုတအုပ်တို့အား အကျိုးပွားနိုင်ကောင်းသော်လည်း ပြည်သူတရပ်လုံး အတွက်မူကား မကောင်းဆိုးဝါးဖြစ်ကာ အရာခပ်သိမ်းအား စစ်က ဝါးမြိုဖျက်ဆီး ပစ်စမြဲ ဖြစ်လေသည်။

စစ်ဖြစ်နေသော နိုင်ငံတနိုင်ငံ၌ တဘက်တွင် လူ့အသက်အိုးအိမ် စည်းစိမ်များ ပျက်ဆီးဆုံးရှုံးပြီး လူ့ကောင်းကျိုးချမ်းသာ လုံးဝပြုစုပျိုးထောင်နိုင်ခြင်း မရှိတော့ပါ။ မြန်မာနိုင်ငံသည် တချိန်တခါက အရှေ့တောင် အာရှဒေသတွင် ဖွံ့ဖြိုးတိုးတက်သော တရားဝင်နိုင်ငံတခု ဖြစ်ခဲ့သော်လည်း ပြည်တွင်းစစ် နှစ်လေးဆယ်ကျော်ကာလတွင် စစ်အာဏာရှင်အစိုးရများ တဖွဲ့ပြီးတဖွဲ့ တက်ရောက်လာကြပြီးနောက် နိုင်ငံရေး မတည်မငြိမ်ဖြစ်ကာ စီပွားရေးဘဝတွင်ပါ ချွတ်ခြုံကျပြီး ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်း ဆုံးနိုင်ငံအဆင့်သို့ မဆလလက်ထက်တွင် ကျရောက် ခဲ့ရပေတော့သည်။

# ငြိမ်းချမ်းရေးသည်ပထမ။

မြန်မာနိုင်ငံရှိ စိတ်ရင်းစေတနာကောင်း ရှိကြကုန်သော အမျိုးသားအင်အားစုများနှင့် နိုင်ငံရေးအင်အားစုများသည် နိုင်ငံတော်အား အမှန်စင်စစ် ဖွံ့ဖြိုးတိုးတက် လိုသည်ဆိုပါက ပြည်တွင်းစစ်ကို အမြန်ဆုံးရပ်စဲ၍ ငြိမ်းချမ်းရေး တည်ဆောက်ရေးကို ဦးစွာပထမ မျက်နှာမူ၍ ဦးစားပေး အရေးယူ ဆောင်ရွက်သင့်ကြပေသည်။

ပြည်တွင်းစစ်ရပ်စဲလျက် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာလျှင် တဘက်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် တဘက်တွင် သာယာဝပြောသော ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ကို သံသယကင်းစွာ ယုံကြည်လက်ခံရပေမည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏နိုင်ငံရေးနှင့် လူမျိုးရေးပြဿနာရပ်၏ ကွင်းဆက်နှင့် ဆက်ထုံးမှာ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် ဒီမိုကရေစီရေးတို့ပင် ဖြစ်ကြောင်း ကိုလည်း အမျိုးသားအင်အား စုများနှင့် နိုင်ငံရေးအင်အားစုများ အနေနှင့် ထပ်ဆင့် လက်ခံ ယုံကြည်အပ်ပေသည်။

## စစ်နှင့်ငြိမ်းချမ်းရေး။

လူသားတို့သည် သမိုင်းတင်သည်မှ အစပြု၍ ကမ္ဘာကြီးတွင် စစ်နှင့်ငြိမ်းချမ်း ရေး လမ်းနစ်သွယ်ကို ရွေးချယ်ကြရင်း ကံအကြောင်းမလှဖြစ်ကာ ပထမနှင့် ဒုတိယစစ်ပူကြီး နှစ်ခုကို ကြုံတွေ့ခဲ့ရပြီး နောက်တွင် အင်အားလွန် နိုင်ငံကြီး နှစ်ခုနှင့် အုပ်စုကြီးနှစ်တို့၏ ထိပ်တိုက်ရင်ဆိုင်မှုဖြင့် စစ်ပူထက် ရှည်ကြာသော စစ်အေးကာလကြီး တစ်ခုကိုလည်း ရင်ဆိုင်ဖြတ်သန်းခဲ့ကြရပေသည်။

သို့ရာတွင် ၁၉၉၀ ပြည့်နှစ် ဝန်းကျင်သို့ ရောက်လျှင် ဆိုဗီယက်ယူနီယံနှင့် ယင်း၏ ကွန်မြူနစ်ပါတီကြီး ပြိုကွဲကျဆုံးပြီးနောက် ကမ္ဘာကြီးတွင် စစ်အေးလွန် ကာလကြီး တခုသို့ မျက်နှာမူ ဖြတ်သန်း နေကြပြီ ဖြစ်လေသည်။

ယခုအခါ ကမ္ဘာမြေဒေသအချို့တွင် လူမျိုးရေးနှင့် ဘာသာရေး အုပ်စုငယ် စစ်ပွဲများ ဆင်နွှဲနေကြသော်လည်း အရှေ့အလယ်ပိုင်းဒေသတွင် ပါလက်စ တိုင်းနှင့် အစ္စရေးတို့၏ ငြိမ်းချမ်းရေး တည်ဆောက်မှု တောင်အာဖရိကတွင် လူဖြူလူမဲ ကြေအေးမှုနှင့် ညီညွတ်ရေးအဖြေရှာမှု၊ အာရှတိုက်မှ ကမ္ဘောဒီးယား နိုင်ငံတွင် ငြိမ်းချမ်းရေး ပျိုးထောင်မှု အရပ်ရပ်တို့သည် ကမ္ဘာကြီးအား စစ်ပွဲကို နောက်ခိုင်းစေလျက် ငြိမ်းချမ်းရေးသို့ မျက်နှာမူသည့် အချင်းအရာနှင့် လက္ခဏာများပင် ဖြစ်လေသည်။

# ကမ်းလှမ်းသူ ဗိုလ်ချုပ်မြ။



ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မြန်မာပြည်သူများသည် ကမ္ဘာ့ဂြိုဟ်၏ အစိတ်အပိုင်းတခုနှင့် ကမ္ဘာ့လူသားများ၏ တစိတ်တဒေသ ဖြစ်ကြလေရာ ကမ္ဘာကြီးနှင့် ကမ္ဘာ့လူသား အပေါင်းတို့က ငြိမ်းချမ်းရေးဘက်သို့ မျက်နှာမူလျက် ငြိမ်းချမ်းရေး စကားပြောကြားနေစဉ် မိမိတို့လည်း ငြိမ်းချမ်းရေးဘက်သို့ မျက်နှာမူလျက် ငြိမ်းချမ်းရေး စကား ပြောကြား နေကြလေပြီ။

အထူးသဖြင့် K.N.U ဥက္ကဌ၊ D.A.B ဥက္ကဌ၊ N.C.U.B ဥက္ကဌ၊ ဗိုလ်ချုပ်ကြီးစောဘိုမြသည် ဦးစွာပထမ ၁၉၉၃ ခုနှစ်အတွင်း မေလတွင် တကြိမ် ဩဂုတ်လတွင်တကြိမ် နှစ်ကြိမ်တိုင်တိုင် နဝတဥက္ကဌ ဗိုလ်ချုပ်ကြီးသန်းရွှေထံ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေး အိတ်ဖွင့်ပေးစာများ ကမ်းလျက် မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်မီးကို အဆုံးသတ်ကာ ငြိမ်းချမ်းရေး ပန်းများပွင့်လန်းစေရန် ဦးစွာ ပထမ ကြိုးပမ်း အားထုတ်ခဲ့ပေသည်။

ထိုမှတဆင့် ဗိုလ်ချုပ်ကြီးစောဘိုမြသည် အမေရိ ကန်ပြည်ထောင်စု တခွင်နှင့် အင်္ဂလန် ဥရောပ တခွင်သို့ပါသွားရောက်လျက် နားပါးသော ကမ္ဘာကြီးအား ကြားသိစေရန် အမျိုးသားအင်အားစုများ အတွင်းနှင့် နိုင်ငံရေးအင်အားစုများ အတွင်း ငြိမ်းချမ်းရေး ညီညွတ်ရေးနှင့် ပြန်လည်ရင်ကြား စေ့ရေးအတွက် ထပ်ဆင့်ကာ အဆိုပြု ကမ်းလှမ်း ခဲ့ပြန်လေသည်။

# ပြန်ကြားသူ ဗိုလ်ချုပ်ခင်ညွန့်။

ယခုအခါ ဗိုလ်ချုပ်ကြီးစောဘိုမြ၏ ပွဲတင်ထပ်မျှ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေး ကမ်းလှမ်းချက် အပေါ်တွင် နဝတအားကိုယ်စားပြုလျက် အတွင်း ရေးမှူးဖြစ်သူ ဗိုလ်ချုပ်ခင်ညွန့်သည် ဆက်တိုက်ပင် တုံ့ပြန်သမှု ပြုခဲ့လေပြီ။



အထူးသဖြင့် ဗိုလ်ချုပ်ခင်ညွန့်သည် နိုဝင်ဘာ ၁၇ ရက်နေ့တွင် ကရင်နီ ပြည် လွိုင်ကော်မှတဆင့် ကရင်နီ ပြည်သူများနှင့် ကရင်နီတော်လှန်ရေး အင်အားစုများအား ကြားသိစေရန် ငြိမ်းချမ်းရေး စကားကို ပြန်ကြားပြော ဆိုလေသည်။

ထိုမှတဆင့် ဆက်လက်၍ နိုဝင်ဘာ၂၅ ရက်နေ့ တွင် မွန်ပြည်နယ်ရေးမြို့နှင့် နိုဝင်ဘာ ၂၆ ရက်နေ့ ကရင်ပြည်နယ် ဘားအံမြို့တွင် မွန်ပြည်သူ မွန် တော်လှန်ရေး အင်အားစုများ၊ ကရင်ပြည်သူ ကရင်တော်လှန်ရေး အင်အားစုများ သိနိုင် ကြားနိုင်စေရန် အလို့ငှာ ဗိုလ်ချုပ်ခင်ညွန့်သည် ငြိမ်း ချမ်းရေးစကား ပြန်ကြား ပြောဆိုခဲ့ပြန်လေသည်။

# ကွာဟချက်များ

ယင်းသို့ အမျိုးသားအင်အားစုများနှင့် ဒီမိုကရေစီအရပ်ရပ်တို့ကို ကိုယ်စားပြု လျှက် ဗိုလ်ချုပ်ကြီး စောဘိုမြ၏ ငြိမ်းချမ်းရေး ကမ်းလှမ်းချက်နှင့် နဝတ ကိုယ်စားလှယ် ဗိုလ်ချုပ်ခင်ညွှန့်၏ အပြန်အလှန် ငြိမ်းချမ်းရေးကမ်းလှမ်းချက် နှစ်ရပ်အား ရှုံးသားစွာ သုံးသပ်ကြည့်ပါက ကွာဟချက်များ အတန်ပင် ရှိနေ သည်ကိုပင် မြင်တွေ့နိုင်ကြပေမည်။

ဤနေရာတွင် ဖျက်ဆီးခြင်းသည် လွယ်ကူသော်လည်း တည်ဆောက်ခြင်းကား ခက်ခဲလှပေသည်။ အထူးသဖြင့် အကြောင်းတခုကြောင့် စစ်ဖြစ်နိုင်သော် လည်း ငြိမ်းချမ်းရေးရဖို့ကား အကြောင်းပေါင်းစုံ ဆုံဆည်းသော်မှ ရရှိနိုင်ပေ သည်။

အရှေ့အလယ်ပိုင်းတွင် ပါလက်စတိုင်းနှင့် အစ္စရေးတို့ ငြိမ်းချမ်းရေးအတွက် လက်မှတ်ရေးထိုးပြီးကြပြီ ဖြစ်သော်လည်း နှစ်ဖက်သော အစွန်းရောက်ဝါဒ သမားများက ဆူပူအုံကြွ သတ်ဖြတ်နေကြဆဲပင် ဖြစ်သည်။ တောင်အာဖရိကဦ လူဖြူ လူမဲ ကျေအေးစေမည့် လူမျိုးပေါင်းစုံပါဝင်သော ရွေးကောက်ပွဲ ပြင်ဆင် နေစဉ်အတွင်း အစွန်းရောက်သမားများက ဆူပူအုံကြွ သတ်ဖြတ်နေကြဆဲပင် ဖြစ်သည်။ ကမ္ဘောဒီယားနိုင်ငံတွင်မူ လက်ဝဲနှင့် လက်ယာအင်အားစု နှစ်ခု၏ အာဏာသိမ်းပိုက်ခြင်းကိုခံရသော ဘုရင်သီဟာနုသည် အလယ်လမ်းစဉ်သမား များအား အခြေခံထား၍ ဘုရင့်အစိုးရတရပ်ကို ဖွဲ့စည်းနိုင်ပြီဖြစ်သော်လည်း သမိုင်းကြောင်း မကောင်းသောခမာနီများက အဖျက်နေရာမှ ဆူပူဖျက်ဆီးနေ ကြဆဲပင် ဖြစ်လေသည်။

ယင်းသာဓကများနှင့် ပြယုဂ်များသည် အလယ် အလတ် လမ်းစဉ်သမားများနှင့် အစွန်းရောက် သမားများ၏ အားပြိုင်မှုပင် ဖြစ်ကြလေသည်။ အစွန်းရောက်ဝါဒ သမားများက အကြမ်းဖက်သတ်ဖြတ်ရေးကိုသာ ရွေးချယ်ကြစမြဲဖြစ်လေသည်။

အစ္စရေး လေဘာဝန်ကြီးချုပ်ရာဘင်၊ ပါလက်စတိုင်း ခေါင်းဆောင် ယာဆာ အာရာဖတ်၊ တောင်အာဖရိကသမတ ဒီကလပ်၊ လူမဲခေါင်းဆောင် နဲလ်ဆင် မဲန်ဒဲလား၊ ကမ္ဘောဒီယားဘုရင် သီဟာနု စသည်တို့သည် ဆင်ခြင်တုံ ကြီးမား သော အလယ်အလတ် ဝါဒီများဖြစ်ကြသဖြင့် ၎င်းတို့သည် အဖျက်သမားတွေ ကြားမှ ငြိမ်းချမ်းရေးကို တည်ဆောက် နိုင်ခဲ့ကြလေသည်။

ယနေ့ နစ်ဘက်အပြန်အလှန် ငြိမ်းချမ်းရေး ကမ်းလှမ်းချက်များနှင့် ကွာဟချက် များကို ကောင်းမြတ်သော စိတ်စေတနာပေါ်တွင် အခြေခံလျှက် တဖြေးဖြေးနှင့် တစစီ စိတ်ရှည်ရှည် ဖွဲကောင်းကောင်းဖြင့် အခြေခံကျသော ပြဿနာများကို ချဉ်းကပ်နိုင်မည် ဆိုပါက ကြီးမားသော ကွာဟချက်များသည် တဖြေးဖြေး ကျဉ်းမြောင်း သွားနိုင်ပေလိမ့်မည်။

ဗိုလ်ချုပ်ကြီးစောဘိုမြ၏ ကမ်းလှမ်းချက်များကို အကျဉ်းချုံး သုံးသပ်ကြည့်လျှင် တွေ့ဆုံမည့်အဖွဲ့မှာ D.A.B ဖြစ်သည်။ D.A.B အဖွဲ့သည် ဒီမိုကရေစီအရေး အခင်း ပြိုကွဲပြီးနောက် အမျိုးသားအင်အားစုများနှင့် ဒီမိုကရေစီ အင်အားစု အသီးသီး ပါဝင်ပေါင်းစည်းထားသော အဖွဲ့အစည်းတခုဖြစ်သည်။ သို့ရာတွင် ယင်းအဖွဲ့တွင် လက်နက်ကိုင် အင်အားတောင့်တင်းသောအဖွဲ့ နစ်ဖွဲ့ဖြစ်သည့် ကရင်နီအဖွဲ့မှာမူ မူလကပင် ပါဝင်ခြင်းမရှိပဲ K.I.O အဖွဲ့မှာ မကြာခင်ကမှ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်သွားရသည်။

ဗိုလ်ချုပ်ခင်ညွန့်၏ ပြန်ကြားပြောဆိုချက်တွင် လက်နက်ကိုင် အင်အားတစုချင်းနှင့်သာ တွေ့ဆုံဆွေးနွေးမည်ဟု ဖေါ်ညွှန်းပြောဆိုထားရာ ယင်း အချက်တွင် ကွာဟချက်မှာ ကြီးမားလျက်ရှိ နေလေသည်။

ဗိုလ်ချုပ်ကြီး စောဘိုမြ၏ တွေ့ဆုံမည့်နေရာနှင့် ပါဝင်မည့် ပုဂ္ဂိုလ်ဆိုင်ရာကမ်းလှမ်းချက်တွင် ပြည်ပနိုင်ငံတနေရာနှင့် ကုလသမဂ္ဂမှ ကိုယ်စားလှယ်တဦးရှေ့မှောက်တွင် တွေ့ဆုံကြမည်ဟု ဖေါ်ပြထားရာ ယင်းအချက်နှင့် ပတ်သတ်၍ အတည်မပြုနိုင်သော သတင်းများအရ နဝတအနေနှင့် မိမိတို့၏ ပြည်တွင်းရေးကိစ္စဟူသော အကြောင်းပြချက်ဖြင့် ပြင်ပပုဂ္ဂိုလ်များ မပါဝင်သော မြန်မာပြည်တွင်း တနေရာ၌သာ တွေ့ဆုံလိုသည်ဟု ဆင့်ပွားသတင်းများက ဆိုထားပြန်လေသည်။

ယင်းဒုတိယကွာဟမှုသည် ပထမကွာဟမှုထက်စာသော် ကျဉ်းမြောင်းမှုရှိသောကြောင့် အပြန် အလှန် ညှိနှိုင်းဆွေးနွေးကြမည် ဆိုပါက ဤ အချက်တွင်ဖြစ်နိုင်ကောင်းသော အခြေအနေမျိုး ရှိနိုင်သည်ဟု လေ့လာသူများက သုံးသပ်ဆင်ခြင် ကြလေသည်။

ဤနေရာတွင် ဆွေးနွေးညှိနှိုင်းရေးနှင့် ငြိမ်းရေးသည် အဆုံးသတ် နေရာတွင်ရှိ၍ နှစ်ဦးနှစ်ဘက် မျက်နှာချင်းဆိုင် တွေ့ဆုံရေးမှာ နိဒါန်းအစဖြစ်လေသည်။ တွေ့ဆုံကြမည့် အဖွဲ့အစည်းအမည်နှင့် တွေ့ဆုံကြမည့်နေရာကို အပေးအယူမျှတစွာဖြင့် သတ်မှတ်နိုင်ကြမည်ဆိုပါက ပြဿနာအရပ်ရပ်ကို ဆွေးနွေးညှိနှိုင်း၍ ငြိမ်းချမ်းရေးအဖြေကို ရှာဖွေနိုင်ကြမည် ဖြစ်ပေသည်။

# အရှိတရား။

ကမ္ဘာ့ပဋိပက္ခများကို ငြိမ်းအေးစေသော ဒဿနပညာရှင်များ၊ နိုင်ငံရေးဝိဇ္ဇာ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းမှုများ၏ လက်ရှိကျင့်သုံးနေသော နိုင်ငံရေး နည်းဗေဒမှာ အရှိတရားကို လက်ကိုင် ထားခြင်းပင်ဖြစ်သည်။

လက်ရှိ ပကတိဖြစ်ပျက်နေသော ဒုက္ခ သုက္ခ အရှိ တရားများကို လက်ကိုင် မထားပဲ နှစ်ပေါင်းထောင်ချီသော သမိုင်းကြောင်း ကြွေးဟောင်းကို ပြန်လည် တူးဖော်၍ စစ်မက်ဆက်လက် ဖြစ်ပွားနေမည်ဆိုပါက ပါလက်စတိုင်းနှင့် အစ္စရေးတို့၏ ကုန်းမြေသည် သုဿန်တစပြင် ကေန်မုချဖြစ် တော့မည်ကို သိရှိကြသဖြင့် အရှိတရားကို လက်ကိုင်ထား၍ ပါလက်စတိုင်းနှင့် အစ္စရေးတို့၏ ပြဿနာကို ဆင်ခြင်တုံတရားဖြင့် ဖြေရှင်း နိုင်ခဲ့ကြလေသည်။



ယနေ့မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးအတွက် မျက်နှာချင်းဆိုင်၍ ဘက်နှစ်ဘက် အဖြေရှာကြရာတွင် သည် မှာဘက်တွင် ဗိုလ်ချုပ်ကြီးစောဘိုမြ ဖြစ်၍ ဟိုမှာဘက်တွင် နဝတပင်ဖြစ်လေသည်။ ယင်းဘက်နှစ်ဘက်သည် တဘက်၏ အရှိ တရားကို တဘက်က အသိပွားလျက် စိတ် ရှည်ရှည် ဖွဲကောင်းကောင်း ဂုဏ်သိက္ခာ ရှိရှိ ဖြင့် ဆွေးနွေး ညှိနှိုင်းကြမည် ဆိုပါက ငြိမ်းချမ်းရေးပန်းကို ပြည်သူများအတွက် ဆွတ်လှမ်း ပေးနိုင်ကြလိမ့်မည် ဟု အကောင်းမြင်ဝါဒဖြင့် လေ့လာ သုံးသပ်မိပါသည်။

**ဖိုးစော်ကဲ။**

# မာနယ်ပလော ရှေ့ပြေးပြဿနာ။

မာနယ်ပလောမကျဆုံးမီ ပြဿနာကြီးသုံးရပ် ဖြစ်ခဲ့လေသည်။ ယင်းပြဿနာကြီး သုံးရပ်လုံးတွင်လည်း အသေအကြေပြဿနာများပင် ဖြစ်ခဲ့ ကြလေ၏။

(၁) ချစ်မောင်နှင့်ချစ်သာ (ကရင်နီစောတာကလယ်နှင့် ဗိုလ်မှူးကြီး စိန်ရွှေတို့၏ သမက်များ။
(၂) နိုင်တင်မောင်(ပလောင်ခေါင်းဆောင်) သေနတ်ပစ်သတ်ခံရသည့် ပြဿနာ။
(၃) စိတ်ဖောက်ပြန်သွားသော ပဒိုပိုး (ကုန်သွယ်ရေးတာဝန်ခံ)မှ အချုပ်ခန်းတွင်း ထောင်ထသည့် ပြဿနာတို့ပင် ဖြစ်ကြလေသည်။

ယင်းပြဿနာကြီး သုံးရပ်သည်လည်း အသေအကြေ ပြဿနာများပင်ဖြစ်ကြသည်။ ချစ်မောင်နှင့်ချစ်သာတို့သည် ဗိုလ်မှူးကြီးလောဝါဒီး၏ စစ်ဗျူဟာနှင့် မနီးမဝေးတွင်ရှိကြသည်။ နေ့တနေ့တွင် ချစ်မောင်သည် ချစ်သာအား ဓါးဖြင့် မသေသေအောင် ထိုးသတ်လေရာ ချစ်သာသည် ဝက်အော်သကဲ့သို့ ချစ်မောင်ကျွန်တော့်ကို ထိုးသတ်နေပါတယ်။ ထိုးသတ်နေပါတယ်ဟု အသက် ထွက်သည် အထိ အော်နေလေသည် မည်သည့် အကြောင်းကြောင့် ချစ်မောင်သည် ချစ်သာအား ဓါးဖြင့်ထိုးသတ်သည်ကိုကား မသိရပါ။ ကျွန်တော်သည် ယင်းအရေးအခင်း မတိုင်မီကျင်းပသော D.A.B အစည်းအဝေး၌ ချစ်မောင်အနီးသို့သွားကာ ကိုချစ်မောင်၏ ဓါတ်ပုံကို ရိုက်ယူခဲ့လေသည်။

ချစ်မောင်နှင့်ချစ်သာတို့ ဇာတ်လမ်းကဲ့သို့ပင် နိုင်တင်မောင်၏ ဇာတ်လမ်းမှာလည်း သနားစဖွယ်ဖြစ်၏။ နိုင်တင်မောင်သည် ပညာတတ် ပလောင်လူငယ် တယောက်ဖြစ်သည်။ ရန်သူသတ်၍သေရခြင်းမဟုတ်ပဲ၊ ကိုယ့်တော်လှန်ရေး

သမား အချင်းချင်းသတ်၍ သေရခြင်းဖြစ်၏ နိုင်တင်မောင် ထိုင်း-မြန်မာ နယ်စပ်သို့ တောင်လှန်ရေးတာဝန်ဖြင့် ခရီးသွားနေစဉ် မာနယ်ပလောတွင် ကျန်ရစ်ခဲ့သော သူ့ပလောင်ရဲဘော်တဦးမှာ ကရင်မလေးတယောက်နှင့် ချစ်ခင်သံယောဇဉ်ဖြစ်နေကြ၏။ နိုင်တင်မောင်က ယင်းကိစ္စကိုဆုံးမ၏။ ကြားက K.N.U တပ်သားလေးတဦးသည် အစိုးရိမ်လွန်ကာ ဝင်ပစ်လိုက်သဖြင့် နိုင်တင်မောင် ပွဲခြင်းပြီး သေရလေတော့သည်။ ယင်းကဲ့သို့သော ကျွန်တော် မသိသော အမှုအခင်းမျိုးသည် များစွာပင် ရှိနိုင်ပေသေးသည်။ အမှန်တော့လည်း ကျွန်တော်လုံးဝပင် မသိချင်ပါ။

ပဒိုပိုးသည် နံနက်ဝေလီဝေလင်း ဗိုလ်ချုပ်မောင်မောင်နှင့် ကျွန်တော်တို့ သားအဖရှိသည့် ဗိုလ်ချုပ်မောင်မောင်အိမ်သို့ သူ့လက်က ရေဒီယိုလေးကို ဖွင့်၍ ရောက်လာလေတော့သည်။ လာသည့် အခေါက်တိုင်းတွင် သူ့ပါးစပ်က မငြိမ်ပါ။ ဗိုလ်ချုပ်မြနှင့် ဗိုလ်မှူးစိုးစိုးတို့ကို ဆဲရေးတိုင်းထွာပါသည်။ ဗိုလ်ချုပ်မောင်မောင်က များစွာဖြောင်းဖျ ချော့မော့ရသည်။ ကျွန်တော်တို့ သားအဖသည် အိပ်ယာက မထရဲသောကြောင့် တိတ်တိတ်ကလေးနေရသည်။ သုံးလေးလ ကြာသောအခါ သက်ဆိုင်ရာပုဂ္ဂိုလ်များသည် ပဒိုပိုး စိတ်မူမမှန်ကြောင်း သိသဖြင့် ဇင်းမယ်ဆေးရုံသို့ တင်လိုက်ကြ၏။ နောက်ထပ် သုံးလေးလကြာသော အခါ ပဒိုပိုးဆေးရုံက ပြန်ဆင်းလာသည်။ ယခင်ကထက် ကောင်းမွန်လာသော်လည်း သူသည် စကားမပြောပဲ ဤအတိုင်းနေ၏။ ထိုမှပဒိုပိုး စိတ်ပြန်လည် ဖောက်ပြန်ရာ မာနယ်ပလောအချုပ်၌ သူ့ကို ချုပ်ထားလိုက်ရ၏။ အချုပ်ထဲ၌ရှိစဉ် ရဲဘော်တဦး၏ သေနတ်ကို လုယူ၍ အချုပ်ကို ပြန်စီးနင်း၏။ ဤတွင် လက်နက်ကြီးများဖြင့် ဖြိုခွင်းလေရာ ပဒိုပိုးခင်ဗျာ အသက်ပါ ဆုံးရှုံးသွားလေတော့သည်။ ယင်းအဖြစ်အပျက်များသည် မာနယ်ပလော မကျဆုံးမီတွင် ဖြစ်ပျက်ခဲ့သော အကြောင်းအရာများပင် ဖြစ်လေသည်။

# KYO နှစ်ပတ်လည် ညီလာခံ

ဗိုလ်ချုပ်မြ အမေရိကားမှ ပြန်ရောက်ပြီးနောက် KYO ကရင်လူငယ် အစည်းအရုံး ညီလာခံကျင်းပရန် စီစဉ်လေသည်။ ယင်းအခြေအနေတွင် ကျွန်တော်သည် ထော်မဲ့ပါထုတ်ဝေရေးကို အကြောင်းပြု၍ မဲဆောက်တွင် အနေများလေသည်။ ညီလာခံမတိုင်မီတွင် ပေါ်ပေါက်လာသော ပြဿနာမှာ လက်ရှိဥက္ကဋ္ဌ စောကနဲမိ နေရာတွင် စောရယ်ဂျီနယ်ရွှေအား အစားထိုးရေး ပြဿနာ N.L.D(LA) လူငယ်များအနေနှင့် ယင်းညီလာခံ နီးနှောဖလှယ်ပွဲသို့ တက်ရောက်ခြင်း ပြုမပြု ပြဿနာ။ အမေရိကားတွင် ခရီးသွားနေစဉ် ဗိုလ်ချုပ်မြအပေါ်တွင် ဒေါက်တာမာတာ၏ မကြည်ဖြူ မနှစ်မြို့သော ပြဿနာ။ ယင်းပြဿနာများထဲတွင် ဗိုလ်ချုပ်မောင်မောင်ကို စောဘင်ဂျမင်က ဝေဘန်သောပြဿနာ ကျွန်တော့်နာမည်ပါ ပါနေသောကြောင့် အဆိုးဆုံးဖြစ် နေလေသည်။

မဲဆောက်မှ မာနယ်ပလောသို့ ဝင်လာသော ကျွန်တော်သည် ခိုင်စိုးနိုင်အောင်နှင့် ဗိုလ်ချုပ်ကျော်သောင်းအိမ်တွင် အသာကလေးခိုနေရသည်။ စောဘင်ဂျမင်က လက်နိပ်စက် စာကူးစက်ဖြင့် ထွက်တချက် မထွက်တချက် ထွက်နေသော သနထူးမဂ္ဂဇင်းနှင့် အခြားသော ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းများကို ကျွန်တော်ရောက်လာပြီဖြစ်၍ ဗိုလ်ချုပ်မောင်မောင်သည် ကျွန်တော့်အား လွှဲပြောင်းပေးရန်ဖြစ်၏။ ဤအစည်းအဝေးတွင် လွှဲပြောင်းပေးရမည့် ဗိုလ်ချုပ်မောင်မောင်ရော လက်ခံရယူ ရမည့် ကျွန်တော်ရော နှစ်ယောက် စလုံးမရှိကြပေ။ ဤတွင် ဒေါက်တာမာတာက ဗိုလ်ချုပ်မောင်မောင် ပြန်လာမှ စဉ်းစားရန် ပြောသဖြင့် အစည်းအဝေးတွင် အဆုံးမသတ်နိုင်ပဲ ရှိလေသည်။

ဗိုလ်ချုပ်မောင်မောင်သည် ယင်းအချက်ကို အကြောင်းပြု၍ ဘင်ဂျမင် အပေါ် တွင် များစွာမကျေမနပ်ဖြစ်လေသည်။ ကျွန်တော်သည် သူတို့ နှစ်ယောက် ကြားတွင် ခဲမမှန်အောင် ကျည်ကွယ် မျက်ကွယ်၌ နေရလေသည်။

KYO ကရင်လူငယ်အစည်းအရုံး နှစ်ပတ်လည် ညီလာခံနှင့် လူငယ်များ နီးနှောဖလှယ်ပွဲ ပထမ နေ့တွင် ဗိုလ်ချုပ်မြနှင့် ပဒိုဘသင်တို့ အရေးကြီး သော အစည်းအဝေးကြောင့် မတက်နိုင်ကြပေ၊ ဤတွင် N.D.F အတွင်းရေးမှူး ခိုင်စိုးနိုင်အောင်သည် ညီလာခံနှင့် နီးနှောဖလှယ်ပွဲကို ဖွင့်လှစ်ပေးရသည်။ နောက်နေ့တွင် ဗိုလ်ချုပ်မြနှင့် ပဒိုဘသင်တို့သည် အခမ်းအနားသို့ တက် ရောက်လာကြသည်။ ယင်းအခမ်းအနားတွင် အလွန်မှတ် သားဖွယ် စကားကို ဗိုလ်ချုပ်မြသည် ပြောခဲ့လေ သည်။ ပညာတတ်များသည် အလွန်တော်ကြ၏။ သို့ရာတွင် သူတို့သည် စိတ်မရှည်ကြ၍ အခက်အခဲကို တွေ့ကြရ၏။

အားလုံးကပင် ဗိုလ်ချုပ်မြ၏ စကားသည် အမေရိ ကားခရီးစဉ် အတွင်း၌ ကြုံတွေ့ခဲ့ရသော အခက်အခဲများကို ပြောဆိုခြင်းဖြစ်ကြောင်း သဘောပေါက် ကြလေသည်။

ကျွန်တော်သည် ယင်းအခမ်းအနား၌ လူငယ် ပေါင်းစုံကို တွေ့ရ၏။ သူတို့နှင့် လက်ပွန်းတတည်း တွေ့ဆုံဆွေးနွေးရ၏။ ကချင်၊ ကရင်၊ ဝ၊ ပအို့၊ မွန်၊ ရခိုင်၊ လူငယ်များစွာပင် ပါဝင်ကြ၏။ ယင်းညီလာခံနှင့် နီးနှောဖလှယ်ပွဲ အတွက် ကျွန်တော် ရေးသားလာခဲ့သော ဖက်ဒရယ်တဲ့ ဖက်ဒရယ်၊ လူငယ်တွေမို့ အမြင်ကျယ်၊ ကဗျာကိုကား ဖတ်လည်းမဖတ်ရဲ၊ ဖြန့်လည်းမဖြန့်ရဲ တော့ပေ။

# မန်းရှာလဖန်း အိမ်တွင် ချက်ပြုတ် စားသောက်ကြခြင်း။



ပဒိုမန်းရှာ၏ အိမ်သည် ဒေါ်အောင်ဆန်း စုကြည်လမ်းအဆုံး တောင်ကုန်းလေး ပေါ်တွင်ရှိသည်။ သူ့အိမ်ဝန်းကျင်တွင် ငှက်ပျောတောများနှင့် သီးပင်စားပင်များ စိုက်ပျိုးထားရာ ဝေဆာနေတော့သည်။ ပြီးလျှင် ကြက်နှင့် ဘဲများလည်း မွေးထားသေးသည်။ သူ့အိမ် ငှက်ပျောတော အလွန်တွင် နိုဝဘ်ာ (၃၂) အဖွဲ့ခေါင်းဆောင် စတိ(ဖ်) အိမ်နှင့် ကိုအေးဆောင် (P.L.F) ၏ အိမ်များရှိကြသည်။ ကျွန်တော့်သားအကြီး (ဗိုလ်မှူး စိုးစိုး၏ တပ်ရင်း ၁၂) မှ ခေတ္တခန လာရောက်နေထိုင်စဉ် သူ့အိမ်၌ ကျွန်တော်တို့ ချက်ပြုတ် စားသောက်ကြသည်။

မန်းရှာ၏ ဇနီးသည် နန်းကျင်ရွှေမှာလည်း များစွာရိုးသားသူဖြစ်သည်။ ဤတွင် မန်းရှာက ကျွန်တော့်အား မေးလာသည်။ အဖွဲ့သစ် ထူထောင်ရန် ရှိမရှိ ဖြစ်လေသည်။ ကျွန်တော်သည် တော်လှန်ရေး တရပ်တွင် ရှိနေသော အဖွဲ့အစည်းများကို ကြည့်၍ မရှိကြောင်းပင် ပြန်ပြောလိုက်၏။ မန်းရှာနှင့် ကျွန်တော်သည် မာနယ်ပလောတွင်မှ သိကြသော်လည်း တနယ်တည်းသားချင်းများ ဖြစ်ကြ၏။ ဗိုလ်ချုပ်အောင်သန်းလေး၊ ဗိုလ်ချုပ် ကျော်သောင်း၊ မန်းရှာတို့သည် ပန်းတနော်ဇာတိ ဖြစ်ကြ၍ ကျွန်တော်သည် ဝါးခယ်မ (ရွှေလောင်) ဇာတိဖြစ်သည်။





ယခင်က ဗိုလ်ချုပ်မြ၏ အတွင်းရေးမှူးများမှာ ဒေးဗစ်တာကပေါ၊ ဒေးဗစ်တော တို့ ရှိကြသော်လည်း ယခုအခါ မန်းရှာ တယောက်တည်း ဖြစ်သဖြင့် သူ့ခင်မြာ အလုပ်များရှာသည်။

ဤတွင် ဗိုလ်မှူးစိုးစိုးက ကျွန်တော့်အား ဗိုလ်ချုပ်မြ၏ အကြံပေးတာဝန်ယူပြီး ဗိုလ်ချုပ်မြအိမ်ဘေးရှိ ပဒိုစောသန်းအောင်၏ နေအိမ်တွင်နေစေ၏။ တချိန်က ဗိုလ်ချုပ်မြ၏ တပ်ရင်းမှူးဖြစ်ခဲ့သူ ဗိုလ်ကြီးနန်းမူနှင့် ကျွန်တော်သည် လူရင်းများ ဖြစ်ကြ၏။ ဗိုလ်ကြီးနန်းမူ၏ အစ်ကို စောကာတယ် (ဆင်ပိုင်ရှင်) နှင့် ကျွန်တော်သည် မယားညီအစ်ကို တော်ကြ၏။ ဗိုလ်ကြီးနန်းမူသည် ဗိုလ်ချုပ်မြအိမ်နှင့် မနီးမဝေးတွင် နေထိုင်သည်။



ကျွန်တော်သည် နိုင်ငံရေး သံသရာထဲတွင် ကူးခတ်လာခဲ့ပြီးသူဖြစ်၍ ထိုစဉ်က ကျွန်တော် ဝါသနာပါသော စာနယ်ဇင်း အလုပ်ကို လုပ်နေရသည်မှာ ကျေနပ်ပြီးဖြစ်၏။ ဝန်ကြီးသော နိုင်ငံရေးတာဝန်ကို မယူပဲနေလိုသည်။ သို့ဖြစ်၍ မာနယ်ပလောက ကျွန်တော် ထွက်လာသည် အထိ နိုင်ငံရေးတာဝန်ဟူ၍ (N.C.U.B) အဖွဲ့နှင့် (K.N.U) ပြန်ကြားရေးကော်မတီ၏ အတွင်းရေးမှူး တာဝန်သာ ယူခဲ့၏။

# ဗိုလ်ချုပ်ကျော်သောင်းနှင့် ပါပီမ။



တော်လှန်ရေးဝါရင့် ခေါင်းဆောင်တဦး ဖြစ်သော ဗိုလ်ချုပ်ကျော်သောင်းသည် (K.N.D.O)၏တာဝန်ခံဖြစ်သည်။ သူ၏ မိသားစုများမှာ ဖေ့းခလုတ်စခန်းတွင် နေကြသည်။ မာနယ်ပလောတွင် သူ၏ သီးသန့် အိမ်တလုံးမှာ (N.D.F) ခိုင်စိုး နိုင်အောင် အဆောက်အဦးနှင့် မနီး မဝေး တွင်ရှိသည်။ ဗိုလ်ချုပ်ကျော် သောင်းသည် လူရင်းလူခင်အနေနှင့် ကျွန်တော် မဲဆောင်တွင်ရှိစဉ် ကျွန် တော့်ထံသို့လည်း အလည်လာ တတ် သည်။ တနေ့တွင် ကျွန်တော်က စကား စမိလိုက်၏။

ဗိုလ်ချုပ် ပါပီမ ကြည့်ရတယ်နော်။

ကျွန်တော်ဗျာ လှဌေးကို သတ်လိုက်ဖို့ ကောင်းတယ်။ မသတ်မိတဲ့အတွက် ဒီကောင် လိုက်မွှေတော့တာပဲ။ လှဌေးကား စောစောပိုင်း မြက်ခင်းသစ်မဂ္ဂဇင်း မှ ဖိုးကံကောင်း အမည်ဝှက်ဖြင့် ရေပန်းစားနေသူဖြစ်၏။

၈၈ အရေးအခင်းတွင် ကျောင်းသားများ တောခိုလာသောအခါ လှဌေး (ခေါ်) ဖိုးကံကောင်းလည်း ပါလာသည်။ ယင်းတို့အား အနီးကပ် စောင့် ရှောက်ရသူ များတွင် ဗိုလ်ချုပ်ကျော်သောင်းနှင့် ဗိုလ်မှူးစိုးစိုးတို့လည်းပါဝင်ကြသည်။ လှဌေးကား (နဝတ၊ နအဖ)၏ သူလျှိုတဦးဖြစ်သည်။

သူရန်ကုန်သို့ ပြန်သွားသောအခါ ဖိုးကံကောင်း အမည်ဝှက်ဖြင့် မြက်ခင်းသစ်၌ (K.N.U) ခေါင်းဆောင်များကို အပုပ်ချ၍ ရေးသားရာတွင် တင်သန်းဦး ရိုက်ကူးသော ပါပီမဇာတ်ကား အပါအဝင် ဖြစ်လေသည်။

ကျောင်းသားများကို အနီးကပ် စောင့်ရှောက်ရသော ပိုလ်ချုပ်ကျော်သောင်း နှင့် ပိုလ်မှူးစိုးစိုးတို့သည် ပါပီမတွင် လူကြမ်းဗီလိန်များအဖြစ်ထား၍ မြာပွေသူများ အဖြစ် သရုပ်ဆောင်ကြရ၏။ ဤတွင် ပိုလ်ချုပ်ကျော်သောင်းက လှဒွေးအား သတ်လိုခြင်းဖြစ်၏။ အမှန်မှာ ပိုလ်ချုပ်ကျော်သောင်းသည် အသက်အရွယ် အားဖြင့်၎င်း၊ သမာဓိအားဖြင့်၎င်း၊ အလွန်တည်ကြည်သူဖြစ်၏။

နောက်တဦးမှာ လှဒွေးနှင့် (ABSDF တပ်ရင်း ၂၀၇) တွင် ခေါင်းချင်းဆိုင် ၍အိပ်ခဲ့သူ ကိုဒေါင်း(ရဲဘော်ဒေါင်း) သည်လည်း လှဒွေးကို သတ်ချင်၏။ ကြည့်စမ်းပါဦး ဆရာရယ်။ လှဒွေးနဲ့ ကျွန်တော်ဟာ တပ်ရင်း(၂၀၇)မှာ ခေါင်း ချင်းဆိုင်အိပ်ခဲ့ကြတယ်။ အာယုနဲ့ရမ်းကား(မြသန်း) ကျတော့ သူက ပက်ပက် စက်စက် ရေးတယ်။ ကျွန်တော့် ကိုတော့ တလုံးတပါဒမှ မရေးတော့ (KNU)က ဘယ်လို ထင်မလဲဆရာရယ်။ ကိုဒေါင်းသည် မဲ့မဲ့ရွဲ့ရွဲ့နှင့် ကျွန်တော့်ကို ပြောပြ လေသည်။




**ကိုဒေါင်း၊ မြဝတီရဲခေါင်၊ ဒယ်နီရယ်လ် ၊ မောင်စင်ကြယ်၊ ကိုစောထက်။**

# မွတ်ဆလင်နှစ်ဖွဲ့



U Kyaw Hla
Joint Sec. (Foreign Committee)

(DAB)တွင် မာနယ်ပလောနှင့် ထိုင်းမြန်မာနယ်စပ်၌ အခြေစိုက်သော အဖွဲ့ အစည်းပေါင်း နှစ်ဒါဇင်တို့သည် အဖွဲ့ ဝင်များဖြစ်ကြသည်။ ယင်းအဖွဲ့များသည် နိုင်ငံရေး လူမျိုးရေးနှင့် ဘာသာရေးကို အခြေခံသော အဖွဲ့ သုံးဖွဲ့အနက် အရှင်ခေမာစာရ၏ ရဟန်းပျိုသမဂ္ဂနှင့် ကိုတင်မောင်သက်၏ (BMO) နှင့် ကိုကျော်လှ၏ (MLO) တို့ ဖြစ်ကြသည်။

ကိုတင်မောင်သက်၏ (BMO)သည် ကျွန်တော် တော်လှန်ရေးဒေသသို့ ရောက်ရှိလာစဉ်က ဗိုလ်ချုပ်ရွှေဆိုင်း တပ်မဟာ(၆) နယ်မြေတွင် အခြေခံ၍ လူအင်အား တစ်ရာနီးပါးပင်ရှိ၏။ နောက်တဖွဲ့မှာ ကိုကျော်လှ၏(MLO) ဖြစ်သည်။ ကိုကျော်လှသည် မန်းငွေအောင် အရေးအခင်းတွင် ပါဝင်လာသူဖြစ်သည်။ (၁၉၇၈) ခုနှစ် ကျွန်တော်ဝမ်းခ ရောက်စဉ်ကပင် သူနှင့်ကျွန်တော်တွေ့ဆုံခဲ့ဘူးသည်။ ကိုကျော်လှမှာ ဇင်းမယ်တွင် အခြေကျ နေထိုင်လျှက် ကိုတင်မောင်သက်မှာ မဲဆောက်တွင်သာနေသည်။


ကိုတင်မောင်သက်သည် တချိန်က စစ်မှုထမ်းဟောင်းဖြစ်ခဲ့သည်။ ပဒိုအောင်ဆန်းနှင့် များစွာခင်မင်သည်။ ပဒိုအောင်ဆန်းက ကိုတင်မောင်သက်အား ဆရာတင်မောင်သက်ဟု ခေါ်ပြီး ကိုတင်မောင်သက်က ပဒိုအောင်ဆန်းကို အကိုကြီးဟုခေါ်သည်။ ပထမနေ့စ်များက ခေတ်ပြိုင် ထုတ်ဝေခဲ့သော အဆောက်အဦးမှာ ပဒိုအောင်ဆန်းနှင့် ကိုတင်မောင်သက်တို့ ရေလုပ်ငန်းလုပ်ရန် ရည်စူးထားသော အဆောက်အဦး ပင်ဖြစ်သည်။



ကျွန်တော်သည် ပဒိုအောင်ဆန်းနှင့် အတူတကွ ကိုတင်မောင်သက်၏ မဲဆောက်ရှိ ခြံကြီးထဲသို့ ရောက်ဘူးသည်။ သူ၏ခြံမှာ ကျယ်ဝန်းသည်နှင့် နွားနှင့်ဆိတ်များကိုပါ မွေးမြူထားလေသည်။ ကိုတင်မောင်သက်သည် မာနယ်ပလောသို့ အစည်းအဝေးလာလျှင် ကရင်လုံချီကိုသာ ဝတ်လေ့ရှိသည်။ သူ့ခန္ဓာကိုယ် တပွေ့တပိုက်ကြီးနှင့်ဖြစ်၍ ကရင်လုံချီကို ဝတ်ဆင်ရာတွင်

နစ်ကွင်းဆက်၍ ဝတ်ရရှာသည်။ ဗိုလ်ချုပ်ရွှေဆိုင်းနှင့် ဆက်ဆံရေးတွင် ဆရာတပည့်နှင့် သွေးသားချင်း ဆက်ဆံရေးမျိုးဖြစ်၏။ သို့ဖြစ်၍ ကိုတင်မောင်သက်နှင့် သူ့နောက်လိုက်များကို ကရင်အမဲ "ကညောသူး" ဟူ၍ ခေါ်ကြလေသည်။

ကိုကျော်လှမှာ မန်းငွေအောင် အရေးအခင်း ကတည်းက ဝမ်းခသို့ ရောက်နေသည်။ သူ့တပ်ဖွဲ့အင်အားမှာ ကိုတင်မောင်သက်ထက် နည်းပါးသည်။ သူသည် ပညာတတ်ဖြစ်သောကြောင့် (DAB)တွင် ပြည်ပဆက်သွယ်ရေး တာဝန်ခံအထိ ယူခဲ့ရသူ ဖြစ်သည်။ သူ၏ ဇင်းမယ်နေအိမ်သို့ ကျွန်တော် ရောက်ဘူးသည်။ သူ၏ဇနီးနှင့် သမီးများကိုပါ တွေ့ရသည်။



ကိုတင်မောင်သက်၏အဖွဲ့တွင် စာပေရေးသားမှု ကျွမ်းကျင်သော ပုဂ္ဂိုလ်တဦးရှိရာ ယင်းက ဂျီဟာဒ်လမ်းစဉ်နှင့် ပတ်သတ်၍ ရေးသားထား၏ ယင်းကို ကိုကျော်လှနှင့် ကျွန်တော် ဆွေးနွေးကြည့်ရာ ကိုကျော်လှက ထိုစဉ်က လက်မခံခဲ့ပေ။

# ဝမ်းခက ဗိုလ်မှူးကြီးတော်လှ



**ဗိုလ်မှူးကြီးတော်လှ (ဝမ်းခ)**

ကျွန်တော်သည် ထိုင်းမြန်မာ နယ်စပ်နှင့် မာနယ်ပလောတွင် နေထိုင်စဉ် ဗိုလ်မှူးစိုးစိုးနှင့် အတူတကွ ဝမ်းခသို့လည်း အကြိမ်ကြိမ်ရောက်ခဲ့သည်။ ဖေးခလုတ်သို့လည်း အကြိမ်ကြိမ် ရောက်ခဲ့သည်။ တခေတ်က ဝမ်းခနှင့်အတူ နာမည်ကြီး ထင်ရှားသူမှာ ဗိုလ်မှူးကြီးတော်လှ ပင်ဖြစ်သည်။ ကျွန်တော်သည် (၁၉၇၈)ခုနှစ် ဝမ်းခရောက်စဉ်ကပင် ဗိုလ်မှူးကြီးတော်လှနှင့် သူ၏လက်ထောက် ဗိုလ်မှူးသန်းမောင်တို့နှင့် ဆုံခဲ့ရပြီး ဖြစ်လေသည်။

ထိုစဉ်က ဝမ်းခနှင့်အတူ နာမည်ကြီးလှသော ဗိုလ်မှူးကြီးတော်လှအား ကျွန်တော်က ဗြိတိသျှစစ်တပ်က လာသည်ဟု ထင်မိ၍ မေးမိသေး၏ ဗိုလ်မှူးစိုးစိုးသည် ဝမ်းခတွင် အကောက်ဂိတ်မှူး လုပ်ခဲ့သဖြင့် ဗိုလ်မှူးကြီးတော်လှသည် သူ၏ ဆရာသမားဟောင်း ဖြစ်ခဲ့၏။ သို့ဖြစ်၍ သူသည် ဗိုလ်မှူးကြီးတော်လှအား အမြဲတန်း ရှိသေလေးစား၏။ ဗိုလ်မှူးစိုးစိုးနှင့် ကျွန်တော်သည် ဝမ်းခရှိ တပ်စခန်းသို့ သာမဟုတ် ဗိုလ်မှူးကြီးတော်လှ၏ မိသားစုရှိရာ ဝေးခလုတ် သို့လည်း ရောက်ကြ၏။

ညတညတွင် ဗိုလ်မှူးကြီးတော်လှ ဗိုလ်မှူးစိုးစိုးနှင့် ကျွန်တော်တို့သည် အနာဂတ် ဖြစ်ပေါ်လာမည့် ပြည်ထောင်စု ပုံစံတခုကို ဆွေးနွေးမိကြ၏။ ဗိုလ်မှူးကြီးတော်လှက အနာဂါတ် ဖြစ်ပေါ်လာမည့် ဖက်ဒရယ်ပုံစံတွင် ပြည်ထောင်စုရှိ နိုင်ငံရေးပါတီများနှင့် ပြည်နယ်များရှိ ပါတီများ၏ပုံစံကို ဆွေးနွေးကြ၏။ ကျွန်တော်သည် ဗိုလ်မှူးကြီးတော်လှ ဆွေးနွေးလာသည့် အချက်ကို ချက်ချင်း သဘောပေါက်၏။ ဗိုလ်မှူးစိုးစိုးကလည်း ယင်းအချက်ကို အလေးအနက် ပြန်လည် ဆွေးနွေးရန် အချက်ပြနေ၏။

အမှန်မှာ ဗိုလ်မှူးကြီးတော်လှ အစပျိုးလာသော ဖက်ဒရယ် ပြည်ထောင်စုတွင် တည်ရှိလာမည့် နိုင်ငံရေးပါတီများနှင့် ပြည်နယ်များတွင် ဖွဲ့စည်းတည်ရှိလာမည့် နိုင်ငံရေးပုံစံ ပြဿနာသည် လွယ်မရောင်နှင့်ခက်သည်။ တိမ်မရောင်နှင့် နက်သည်။ လက်ရှိစစ်အစိုးရသည် စစ်တပ်ပါဝင် ရမည့်ဖွဲ့စည်းပုံကိုသာ ရေးဆွဲနေပြီး အထက်က ပြဿနာကို စဉ်းစားချင်မှ စဉ်းစားပေမည်။ ကျန် တော်လှန်ရေးနှင့် နိုင်ငံရေးပါတီများ အနေနှင့်ကလည်း အများစု မဲအနိုင်ရသော နိုင်ငံရေးပါတီသည်သာ ပြည်ထောင်စု၏ မောင်းနှင်အား အဖြစ် လက်ခံထားကြပေမည်။ ဤသို့ဆိုလျှင် ဝန်ကြီးချုပ်ဦးနု လက်ထက် (ဖဆပလ)ပြိုကွဲပြီးနောက် ဖြစ်ပေါ်လာသော နိုင်ငံရေးပြဿနာတွင် ကချင် ချင်း ကရင်ပြည်နယ်တို့၏ အဖြစ်

အပျက်တို့ကို ကြည့်သင့်ကြပေသည်။ အထူးသဖြင့် ကချင် ခေါင်းဆောင် ဦးဆန်ထားဇင်၏ ဒီမိုကရေစီ ပြောင်းပြန်ကို နလုံးသွင်းကြရပေမည်။

လောလောဆယ်အားဖြင့် မြန်မာစစ်တပ်နှင့် မြန်မာ့စစ်ခေါင်းဆောင်များ အပါအဝင် သူတို့ လက်လုပ်မမီသေး၍ ရှောင်လွှဲနေကြသည်မှာ ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းရေးကိုလည်း ရှောင်လွှဲထား၏။ ထိုဖက်ဒရယ် ပြည်ထောင်စုသည် လူမျိုးကိုအခြေခံမှာလား။ ဒေသကိုအခြေခံမှာလား။ ဒါကို လည်း ရှောင်လွှဲနေကြ၏။ ထိုမှ နိုင်ငံရေးပါတီများသည် နိုင်ငံရေးဝါဒနှင့် ဒသနပေါ်မှာ အခြေခံမှာလား။ လူမျိုးရေးအပေါ်မှာ အခြေခံမှာလား၊ ဒါကို သေသေချာချာ မစဉ်းစားနိုင်သေးသ၍ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေး နှင့် ပါတီနိုင်ငံရေး ထူထောင်ရေးသည် ရှုပ်ထွေး နေဦးမည်သာ ဖြစ်လေသည်။

# ဗိုလ်ချုပ် စောတာမလာဘော။

(KNU)အဖွဲ့တွင်း၌ အလွန်ရိုးသား သော အလွန်ပွင့်လင်းသော ပုဂ္ဂိုလ် တဦးကို ဖော်ပြပါဆိုပါလျှင် ဗိုလ်ချုပ်စောတာမလာဘောကိုပင် ဖော်ပြရမည် ဖြစ်ပေသည်။ ပြီး လျှင် (KNU) နှင့် (KNLA) တခုလုံး တွင် ဗြိတိသျှစစ်တပ်မှ လက်ဆင့် ကမ်း၍ ကရင်တော်လှန်ရေးတွင် တောက်လျှောက် ပါဝင် လာသူမှာ ဗိုလ်ချုပ်စောတာမလာဘောပင် ဖြစ်လေသည်။ သူသည် (KNLA) ဒုတိယစစ်ဦးစီးချုပ် နှင့် (KNU)၏ ဒုတိယဥက္ကဌ ဖြစ်သော်လည်း ဝင့်ဝါခြင်းမရှိပေ။ သာမန်အချိန်များတွင် အရပ် ဝတ်အရပ်စားသာ ဝတ်စားသည်။ အမူအရာတွင် ရိုးသားသည်နှင့် အပြောအဆို နှင့် အလုပ်အကိုင်တွင်လည်း ရိုးသားသည်။ ဗိုလ်ချုပ်မောင်မောင်၏ နေအိမ် ခန်းမတွင် ကျင်းပသော (KNU)၏ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆွေးနွေးပွဲနှင့် ဗိုလ်ကြီးဟယ်(လ်)မီနှင့် မိုက်ကယ်တို့၏ နိုင်ငံရေးအံ့တုမှု

အစည်းဝေးတွင် ဗိုလ်ချုပ်စောတာမလာဘောနှင့် ကျွန်တော်သည် ရက်များစွာ အတူတကွ တက်ရောက်ဘူးလေသည်။



**စောတာမလာဘော (ရွှေရတု)**

ဗိုလ်ချုပ်စောတာမလာဘောသည် စစ်သားကလာသော နိုင်ငံရေးသမားဖြစ်၍ သူ့အမြင် သူ့အပြောအဆို အားလုံးတို့သည် နိုင်ငံရေးသမားထက် စစ်သားနှင့်ပိုတူလေသည်။ ပွင့်ပွင့်လင်းလင်း ပြောသည်။ အဆင်တန်ဆာနည်းပါးစွာဖြင့် ပြောဆို ဆွေးနွေးသည်။ တခါတရံ ပွင့်လင်းရိုး သားသောကြောင့် တဘက်သား နားခံနိုင် ကောင်းမှ ခံနိုင်ပေမည်။ ဥပမာပြစရာများကား များစွာရှိ၏။

ဗိုလ်ချုပ်မောင်မောင်ကို စောဘင်ဂျမင်က ဝေဘန် သောအခမ်းအနားတွင် ဗိုလ်ချုပ်မောင်မောင်က စိတ်ဆိုး၏။ ဤတွင် ဗိုလ်ချုပ်စောတာမလာဘော သည် အအောက်ပါအတိုင်း ပြောလေသည်။

"ဘင်ဂျမင်ဆိုတာများဗျာ တက္ကသိုလ် ကျောင်းသား ဘဝထဲက ဆေးလုံးတွေ သောက်လာတာ သူ့စိတ်က ဒီလိုပဲ ဖွေယူရင် မှားမှာပေါ့တဲ့။" ဤသို့ဖြင့် ပဋိပက္ခကို ငြိမ်းစေသည်။

ဤသို့ဖြင့် နေ့တနေ့တွင် ကျွန်တော်သည် ဗိုလ်ချုပ်မြကို ပြောပြီးနောက် ဤပြဿနာကိုပင် ဗိုလ်ချုပ်စောတာမလာဘောကိုပြော၏။ ပြဿနာမှာ (KNU)က ထုတ်ပယ်ထားသော ပဒိုလိုင်းနာလုံ (ဝန်ကြီးဦးစောလုံ၏သား) မန်းအောင်ဌေး နှင့် ပဒိုစောနန်းဒို တို့ဖြစ်ကြ၏။

"ဥက္ကဌကြီးခင်ဗျား၊ လိုင်းနား အောင်ဌေးနဲ့ နန်းဒိုတို့ကို (KNU)က ထုတ်ပယ်ခံထားရပေမင့် အမျိုးသားရေး အပေါ်မှာတော့ စိတ်မကုန်ကြဘူး ခင်ဗျား။ လောလောဆည် (KNU)က ပြန်လည် လက်မခံနိုင်သေးရင် ကျွန်တော့်ရဲ့ ဖွဲ့စည်းပုံမှာ ထားလဲရပါတယ်။" ထိုအခါ ဗိုလ်ချုပ်မြသည် သူ့တပည့်ရင်းဖြစ်သော နန်းဒိုဘယ်ရောက်နေသလဲဟု မေးရှာလေသည်။ ဒါကိုပင်ကျွန်တော်က ဗိုလ်ချုပ်စောတာမလာဘောအား တင်ပြပြန်ရာ "ဒီကောင်တွေက ပညာတတ် တွေဖြစ်ပြီး တယ်လဲ အရက်သောက်တာကိုး၊ အောင်ဌေးဆိုရင် ဘုရားသုံးဆူ ဂိတ်မှူးဘဝမှာ ဘာစာရင်းမှ မလုပ်ဘူး။"

နောက်ပိုင်းတွင် မန်းအောင်ဌေးမှာ များစွာဆင်ခြင်ပြောင်းလဲ သွားသော်လည်း လိုင်းနာနှင့် နန်းဒိုတို့သည် အရက်ဘိန်းစားများပင် ဖြစ်ခဲ့လေသည်။

ဗိုလ်ချုပ်စောတာမလာဘောသည် ဘီလူးကျွန်း ချောင်းဆုံ ဇာတိဖြစ်သည်။ ဇနီးသည် ဆရာမကြီးမှာ ရွှေကျင်မှ သူနာပြုဆရာမကြီး ဖြစ်သည်။ သားသမီး (၆) ယောက်ရှိရာ၊ သမီးလေးယောက် ဖြစ်ပြီး၊ သားနှစ်ယောက်သာရှိသည်။ သားတယောက်မှာ တောင်ငူနှင့် ညောင်လေးပင် တပ်မဟာမှူးဖြစ်သည်။ ကျန်

တယောက်မှာ (KNLA)၏ အနောက်ထိုင်မှူးဖြစ်သည်။ (၁၉၉၃) ခုနှစ်တွင် ဇနီး မောင်နံ ရွှေရတုသဘင်ဆင်ယင်ရာ များစွာ စည်ကားလှပေသည်။

မန်းဘဇန် လက်ထက် ငြိမ်းချမ်းရေးဆွေးနွေးသည့် ကိုယ်စား လှယ်အဖွဲ့တွင် ပါဝင်ခဲ့ရာ ယခုအခါ ဗိုလ်ချုပ်တာမလာဘောသည် တဦးတည်း အသက်ထင် ရှား ရှိနေသူပင် ဖြစ်လေသည်။




**ဗိုလ်ချုပ်ကျော်သောင်းနှင့်အတူ**

# PPP နှင့် ဗိုလ်ချုပ်သွင်ကတော်

(PPP)သည် တော်လှန်ရေးနှင့် နိုင်ငံရေးတွင် ဝါရင့်ပါတီ တခုဖြစ်သည်။ ပထမတွင် ဗိုလ်ချုပ်လက်ျာမှ စတင်ထူထောင်ခဲ့ပြီး နောက်ပိုင်း၌ ဗိုလ်ချုပ်သွင် (ဝန်ကြီးသွင်)နှင့် ဦးမွန်ကြီး (ဦးသန်းစိန်)နှင့် ဦးသန့်ဇင်တို့သည် အသီးသီး လက်ဆင့်ကမ်း၍ ခေါင်းဆောင်ခဲ့ကြသည်။ ကျွန်တော် မာနယ်ပလောနှင့် ထိုင်း-မြန်မာ နယ်စပ်သို့ ရောက်လာချိန်တွင် ဗိုလ်ချုပ်သွင်မှာ မရှိတော့ချေ။



**(ပီပီပီ)ကိုအောင်ဖြိုး။ မောင်စင်ကြယ်။ (ပီပီပီ) ဥက္ကဋ္ဌ ဦးသန့်ဇင်နှင့်ဇနီး။**

ယဲ့ယဲ့ကလေးသာ ရှိတော့သော ဗိုလ်မှူးကြီးစိန်မြကိုသာ မီလိုက်တော့သည်။ ထိုစဉ်က မဲဆောက်တွင်ဦးနု၏ တော်လှန်ရေးလက်ကျန် လူဟောင်းများ အနေနှင့် ဦးတင်အုန်းနှင့် ဦးစံအောင်တို့သာ ရှိကြတော့သည်။ လူလတ်ပိုင်း အနေနှင့် (PPP) တွင် ဆက်လက်လှုပ်ရှား နေကြသူများမှာ ဦးမွန်ကြီး၊ ဦးသန့်ဇင်၊ ကိုချစ်ဆွေ၊ ကိုအောင်မြင့်နှင့် ကိုအောင်ဖြိုးတို့ရှိကြသည်။ သူတို့သည် ဗိုလ်ချုပ်ရွှေဆိုင်းကို အမိအဘလို သဘောထား၍ (PPP) ကို ထူထောင်ကြခြင်း

ဖြစ်လေသည်။ ထိုစဉ်က မဲဆောက်တွင် အကြီးဆုံး မြန်မာထမင်းဆိုင်သည် ဦးမွန်ကြီး၏ ထမင်းဆိုင်ပင်ဖြစ်သည်။

ဦးမွန်ကြီးသည် ထမင်းဆိုင်ထူထောင်၍ ဆရာသမားများနှင့် ခေါင်းဆောင်များ၏ အမွေကို ဆက်ခံခြင်းပင် ဖြစ်သည်။ အထူးသဖြင့် ထိုစဉ်ကပင် ခေါင်းဖြူ၍ အသက် (၇၀)ကျော် နေပြီဖြစ်သော ဗိုလ်ချုပ်သွင်ကတော်သည် ဦးမွန်ကြီး၏ ထမင်းဆိုင်တွင် နေ့စဉ်အခမဲ့ စားသောက်ခွင့် ပြုထားသည်။ ဤသို့ခေတ်ပြိုင် ထုတ်ဝေသောအခါ ကျွန်တော်သည် "ဗိုလ်ချုပ်သွင် နိုင်ငံရေးသမား ပီသသော နိုင်ငံရေးသမား"ကို ရေးသား၏။ "ကျွန်မလေ ဒီစာရေးဆရာက ဒို့အကြောင်း တွေသိလှချီလားဆိုပြီး အံ့ဩမိတယ်ဆရာ။"ကိုတင်ညွှန့်အိမ်တွင် ဗိုလ်ချုပ်သွင် ကတော်နှင့်တွေ့ရ၏ သူကသူ့ယောက်ျား အကြောင်းကို ဖတ်ရပြီး အံ့ဩ နေခြင်းဖြစ်၏။ ကျွန်တော် ကြုံကြိုက်တုံး ဗိုလ်ချုပ်သွင် ကတော်ကို အင်တာဗျူး သဘောမျိုး မေးမြန်းကြည့်၏။



**ဗိုလ်ချုပ်သွင်ကတော် ကိုတင်ညွှန့် နှင့် မောင်စင်ကြယ်။**

ဗိုလ်ချုပ်သွင်(ခေါ်) ဦးသွင်သည် ပျဉ်းမနားဇာတိ ဖြစ်ပြီး၊ ဗိုလ်ချုပ်သွင်ကတော် မှာ မော်လမြိုင်သူ ဖြစ်သည်။ ဘခင်မှာ အရေးပိုင်ဖြစ်ပြီး ရန်ကုန် တက္ကသိုလ် တွင် ဦးသွင်နှင့် ဖူးစာဆုံခြင်းဖြစ်သည်။ ယခုအခါ အစ်မကြီး၏ ဘဝတွင် အရေးပိုင်သမီးနှင့် ဝန်ကြီးကတော်ဆိုသည်များသည် ဘာမျှမရှိတော့။ တခေါင်း လုံးကား ဆွတ်ဆွတ်ဖြူနေသည်။ တောခိုရာတွင် သေဆုံးသွားသော သားနှင့် ချွေးမတို့၏ သမီးလေးကို လက်ကဆွဲ၍ မဲဆောက်တခွင် သွားလာနေသည်မှာ အချို့ဆိုလျှင် အရူးဟူ၍ပင် ထင်နိုင်ပေသည်။


ဦးသွင်(ဗိုလ်ချုပ်သွင်)

ယောင်နောက်ဆံထုံးပါ မှတ်လား ဆရာ။ ကျွန်မကိုသွင့်နောက် လိုက် လာတယ်။ ကျွန်မကိုတွေ့တော့ သူက မျက်နှာနေ မျက်နှာထားနဲ့ မင်း ဘာ့ကြောင့် လိုက်လာသလဲ ဆိုပြီးပြောတယ်။ ရုတ်တရက် ကျွန်မ တော်တော် ဒေါသထွက် သွားတယ်။ ကျွန်တော်သည် ဗိုလ်ချုပ်သွင် ကတော် စိတ်ချမ်းသာ စေရန်သာ အသံကိုအုပ်၍ ရယ်လိုက်၏။ အမှန် မှာ ဘာမှမရှိတော့သော လူတ ယောက်ကို ကြည့်နေရသည်မှာ စိတ် မောစရာသာ ဖြစ်ပါသည်။

# ဇင်းမယ်ကကျွား။

ကျွန်တော်သည် မာနယ်ပလောမှ တဆင့် "ထော့မဲ့ပါ" ထုတ်ဝေရန် မဲဆောက်နှင့် ဇင်းမယ်တွင် နေထိုင်ခဲ့ဘူးသည်၊ အထူးသဖြင့် ဇင်းမယ်ရှိ ကိုတင်ဖေ (စိုင်းတင်ဖေ)နေအိမ်တွင် ယာယီနေထိုင်စဉ် နိုင်ငံရေးပါတီပေါင်းစုံမှ တော်လှန်ရေးသမားများနှင့် နိုင်ငံရေးသမားများကို ဆုံတွေ့ရလေသည်။ ကိုတင်ဖေသည် ရင့်ကျက်၍ လူချစ်၊ လူခင်များလှသော တော်လှန်ရေးသမားနှင့် နိုင်ငံရေးသမား တဦးလည်း ဖြစ်လေသည်။

မည်သူမဆို ကိုတင်ဖေအိမ်တွင် ဝင်ရောက်၍ တည်းခို စားသောက်နိုင်သည်။ အံ့သြဖွယ်ရာတခုမှာ ကိုတင်ဖေအိမ်တွင် နံနက်မှ နေ့လည်အထိ ခြောက်သွေ့နေတတ်သော်လည်း ညနေစောင်းလာလျှင် သူ၏ မိတ်ဆွေများသည် တယောက်ပြီး တယောက် စားသောက်ဖွယ်ရာများဖြင့် အသီးသီး သူ့အိမ်သို့ ရောက်ရှိလာခြင်းပင် ဖြစ်လေသည်။ ကိုတင်ဖေသည် သူ့ဖခင်ကို အကြောင်းပြု၍ ကယားပြည်နယ် "လွယ်ကော်" ဇာတိ ရှမ်းအမျိုးသားတဦးဖြစ်သည်။ ၁၉၆၂ ခုနှစ် ရန်ကုန် တက္ကသိုလ်၊ ရှမ်းပြည်နယ် ကျောင်းသားတဦး အနေနှင့် ဧရာဝတီတိုင်းကိုဖြတ်၍ ရခိုင်အမျိုးသား "ခိုင်စောထွန်း"၊ "မန်းအောင်ဌေး" တို့နှင့် အတူတကွ တောခိုလာသူလည်း ဖြစ်သည်။ သို့ဖြစ်၍ ကိုတင်ဖေသည် ရှမ်းပြည်နှင့်ရော၊ ကရင်နီပြည်နယ်နှင့်ရော၊ ဆက်စပ်၍ တော်လှန်ရေးတွင် ပါဝင်ခဲ့သူတဦး ဖြစ်လေသည်။ ကျွန်တော်တို့က ရင်းရင်းနှီးနှီး ကိုတင်ဖေဟု ခေါ်သော်လည်း တော်လှန်ရေးသမားများက "ဗိုလ်မှူးတင်ဖေ" ဟုခေါ်ကြသည်။ ကျွန်တော်သည် ဘိန်းဘုရင် "ခွန်ဆာ"၏ "ဟိုမိန်း" သို့ သွားရောက်နိုင်ခြင်းမှာ ကိုတင်ဖေ၏ ပံ့ပိုးမှုပင်ဖြစ်လေသည်။ သို့ဖြစ်၍ (VOB) စာစောင်တွင် ကျွန်တော်၏ "ဘိန်းဘုရင် ခွန်ဆာနှင့် ရုရှား ဆရာဝန်နှစ်ဦး ပြန်ပေးဆွဲခံရသည့် ဇာတ်လမ်း" တွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

"စိုင်းတင်ဖေ (ကိုတင်ဖေ)သည် (၁၉၆၂) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် (ရှမ်းပြည်နယ်) ကျောင်းသားတဦးအနေနှင့် တောထဲသို့ ဆင်းလာခဲ့သူ ဖြစ်သည်။ ရှမ်းအမျိုးသားတဦး ဖြစ်သော်လည်း ဇာတိမှာ ကယားပြည်နယ် (လွယ်ကော်)ဇာတိဖြစ်သောကြောင့် တော်လှန်ရေးတွင် ရှမ်းပြည်နယ် အတွက်သာမက ကယားပြည်နယ် အတွက်ပါ ကိုယ်စားပြု လုပ်ဆောင်ခဲ့သည်။ သို့ဖြင့်သူ၏ တော်လှန်ရေးနာမည်မှာ "ရှမ်းပြည်ကျားကလေး" ဖြစ်သည်။

"၁၉၉၃ ခုနှစ်နှင့် ၁၉၉၄ ခုနှစ် ဇင်းမယ်ရှိ သူ့အိမ်တွင် ကျွန်တော်အပါအဝင် နိုင်ငံရေးသမားပေါင်းစုံ ဉဒဟိုဝင်ထွက် စားသောက်နေကြစဉ် ကိုတင်ဖေသည် နိုင်ငံရေးနှင့် တော်လှန်ရေးက ခေတ္တခန နားနားနေနေ နေထိုင်နေစဉ်ဖြစ်သည်။

"ခေတ်မီသည့် နိုင်ငံရေးသမားတိုင်း ဇင်းမယ်ရောက်ရင် ကိုတင်ဖေအိမ်မှာ ဝင်ရောက်တည်းခို စားသောက်နိုင်သည်" ဟု စာတန်းချိတ်ဆွဲထား ရမလို ဖြစ်နေလေသည်။"

"အထူးသဖြင့် ကိုတင်ဖေ၏အိမ်တွင် အောက်ပါ နိုင်ငံရေး၊ တော်လှန်ရေး ပါတီပေါင်းစုံမှ ခေါင်းဆောင်ကြီးငယ် အသွယ်သွယ်နှင့် ကျွန်တော် ဆုံတွေ့ခဲ့ရလေသည်။ ဦးနု၊ ဗိုလ်လက်ျာ၊ ဦးသွင်တို့၏ ယခင် (PPP) ပါတီမှ ဦးသန့်ဇင်၊ ဗိုလ်မှူးခင်မောင်ညွန့်၊ ပအို့ဝ်အဖွဲ့မှ ခွန်ဥက္ကာ၊ ခွန်အောင်ချမ်းသာ၊ ကိုခမ်းကို၊ ကရင်နီအဖွဲ့မှဦးပျားရယ်၊ ဗိုလ်မှူးအောင်မြတ်၊ လားဟူအဖွဲ့မှ ကျားအေးမောင်၊ ရှမ်းပြည်တော်လှန်ရေး ခေါင်းဆောင် ခွန်ကြာနူး၊ စောနေထွန်းနှင့် အခြားသော၊ ရှမ်းလူလတ်၊ လူငယ် ခေါင်းဆောင်များပင် ဖြစ်ကြသည်။"

ကျွန်တော်သည် ကျွန်တော်၏ ဘိန်းဘုရင်ခွန်ဆာနှင့် ရှုရှားဆရာဝန် နှစ်ဦး ပြန်ပေးဆွဲခံရသည့် ဇာတ်လမ်းတွင် အောက်ပါအတိုင်း ဆက်လက် ရေးသား ထားလေသည်။

"နောက်တနေ့နံနက် (၉)နာရီတွင် ပိုလ်မှူးသာထွန်း အိမ်မှကားလေးတစီး ကျွန်တော်ရှိရာ (ကိုတင်ဖေ)အိမ်သို့ ရောက်လာသည် သို့ရာတွင် ထိုနေ့ နံနက် မဲဆောက်မှ ကျွန်တော့်သားနှင့် ကျွန်တော့်တူတို့ ကျွန်တော့်ထံ အချိန်မီ ရောက်မလာသဖြင့် ကွန်ပြူတာရိုက်သူရော၊ ဓါတ်ပုံရိုက်သူပါ၊ ပါမလာပြန် သဖြင့် "ဟိုမိန်း"သို့ လက်ဖဝါးချည်းသက်သက် ကျွန်တော်မသွားချင်၊ ဤသို့ ဖြင့် နောက်တနေ့တွင်မှ ကျွန်တော်သွားတော့မည် ဖြစ်ကြောင်း ပြောလိုက်ရာ ပိုလ်မှူးသာထွန်းက နောက်တနေ့တွင် ကျွန်တော်နှင့် ဆက်သားတဦး အတူ အကွ လေယာဉ်ဖြင့် သွားရန် စီစဉ်ပေးမည် ပြောသဖြင့် ထပ်မံ အဆင်ပြေ သွားပြန်လေသည်။"

"ကျွန်တော့်သားနှင့် ကျွန်တော့်တူသည် နောက်တနေ့တွင်လည်း ဇင်းမယ်သို့ ရောက်မလာကြပြန်၊ ဤသို့ဖြင့် ကျွန်တော့်ကို အခေါ်ရောက်လာသော ကား ဖြင့် ကိုတင်ဖေအိမ်မှ ပိုလ်မှူးသာထွန်းအိမ်သို့ လိုက်ပါလာရတော့၏။ ကိုတင်ဖေသည် ကျွန်တော့်အား သူ့အိမ်က ထွက်ခွာကာနီးတွင် ခွန်ဆာသည် ကျွန်တော့်ထက်ပို၍ သောက်နိုင်ကြောင်း သတိပေးစကားမှာ ဖြစ်အောင်မှာ လိုက်သေး၏။ ဤသို့ဖြင့် ကျွန်တော်သည် ဇင်းမယ်မြို့လယ်ရှိ ပိုလ်မှူးသာထွန်း အိမ်သို့ ရောက်လာလေသည်။"

ကျွန်တော် ဆက်လက်ရေးသား ထားပြန်သည်မှာ "ညနေလေးနာရီ ထိုးလျှင် မဲဟောင်ဆောင်တခွင် လောင်မြိုက်နေသော တောမီးသည် မီးညွှန့်ထိုးလာ သည်။ မဲဟောင်ဆောင် လေဆိပ်ပေါ်တွင် ဖုံးအုပ်နေသော မီးခိုးလုံးသည်လည်း လေနှင့်အတူ အရပ်တပါးသို့ လွင့်ပါးသွားလေရာ၊ လေယာဉ်များ မဲဟောင်

ဆောင်သို့ ဆင်းနိုင် တက်နိုင်ပြီ ဖြစ်ကြောင်း သတင်းက ရောက်လာသည်။ လူငယ်တဦးနှင့် ကျွန်တော်သည် ရုံးသုံးကားလေးဖြင့် ဇင်းမယ်လေဆိပ်သို့ ဆင်းလာသည်။ ဇင်းမယ်လေဆိပ်သည် ထိုင်းနိုင်ငံ မြောက်ပိုင်းရှိ အဓိကရ လေဆိပ်တခု ဖြစ်သောကြောင့် သားနားသည်၊ ကျယ်ပြောသည်၊ နောက်ပိုင်းတွင် ကျွန်တော်သည် ထိုင်းနိုင်ငံသို့ အစည်းအဝေး သွားရောက်ရာမှ ဇင်းမယ် လေဆိပ်နှင့် အကျွမ်းတဝင် ရှိလာလေသည်။"

"အထူးကိစ္စတခုရှိသော လူငယ်သည် ကျွန်တော်နှင့် အတူမလိုက်နိုင်တော့သဖြင့် လေဆိပ်အတွင်း ဝင်ပေါက်နားထိ ကျွန်တော့်အား ပို့ဆောင်ပေးသည်။ ကျွန်တော်သည် ထိုလူငယ်လမ်းပြပို့ဆောင်သည့် လမ်းချိုး လမ်းကွေ့အတိုင်း ဖြောင့်ဖြောင့်မတ်မတ် သွားလေရာ မဲဟောင်ဆောင် သွားမည့် လေယာဉ်ပေါ်သို့ ရောက်သွားလေသည်။ ဤနေရာတွင် စိုင်းထီးဆိုင်၏ သီချင်းလို "မောတော့ မောတာပေ့ါ ဒါပေမင့် မမောဘူး" ဆိုသကဲ့သို့ "စိုးတော့စိုးတာပေ့ါ ဒါပေမင့် မစိုးရိပ်ဘူး" ဆိုပြီးရင်ထဲက ရွတ်လိုက်မိတော့၏။

ကျွန်တော်သည် ဇင်းမယ်မှ မဲဟောင်ဆောင် လေယာဉ်ပေါ်အထိ မှတ်ပုံတင်လည်းမပါ၊ မည်သည့် အထောက်အထားနှင့် ထောက်ခံစာမှ လည်းမပါ လေယာဉ်လက်မှတ် တခုတည်းဖြင့် ခပ်တည်တည် စီးနင်းလာခြင်း ဖြစ်ပေသည်။ အမှန်စင်စစ် ထိုစဉ်က ကျွန်တော်သည် မြန်မာစစ် အစိုးရကို ပုန်ကန်ဆန့်ကျင်နေသည့် တော်လှန်ရေး သမားအမည်ခံ သူပုန်တဦးပင် ဖြစ်ပေသည် တကား။

ကျွန်တော်သည် "ဟိုမိန်း"တွင် ဘိန်းဘုရင် ခွန်ဆာ မိုးကောင်းစဉ် ဟိုမိန်းသို့ ရောက်သွား လေသည်။ ဟိုမိန်းတွင် တပါတ်ကြာနေခဲ့ရသည်။ ကိုတင်ဖေနှင့် ဗိုလ်မှူးသာထွန်းတို့၏ ကျေးဇူး ကြောင့်ပင် ဖြစ်ပေသည်။

# ဗိုလ်ချုပ် အော်လီဗာထံ မရောက်ခဲ့လေခြင်း။

ကျွန်တော်သည် အခက်အခဲများထဲက ဟိုမိန်းရှိ ဘိန်းဘုရင်ခွန်ဆာထံ ရောက်ခဲ့သော်လည်း တနင်္သာရီတိုင်း (KNU)တပ်မဟာ(၄) ဗိုလ်ချုပ် အော်လီဗါထံ မရောက်ခဲ့ပေ။ ဗိုလ်ချုပ်အော်လီဗာသည် ခေတ်ဟောင်း (KNU) ခေါင်းဆောင်ကြီး "စောသာဒင်"၏ သားဖြစ်သည်။



**စောသာဒင်နှင့် ဗိုလ်ချုပ်အော်လီဗာ**

သူ့ထံ အလည်လာရန် တတွတ်တွတ် မှာရှာသည်၊ ကျွန်တော်သည် စာရေးဆရာဖြစ်သောကြောင့် စောသာဒင်(ကြီး) မကွယ်လွန်မီ သူပြောချင်တာတွေကို နားထောင်ချင်သည်။

ရန်ကုန်တွင် ထုတ်ဝေခွင့်မရခဲ့သော ကျွန်တော်၏ "မြန်မာချစ်ကရင်အမျိုးသားခေါင်းဆောင်များ" စာအုပ်ကို ဘန်ကောက်တွင် ထုတ်ဝေရန်လည်း ထိုစဉ်က ရှိနေသည်။



**ဗိုလ်ချုပ်အောင်လီဗာ**

ဗိုလ်ချုပ်အောင်လီဗာနှင့် ကျွန်တော် မာနယ်ပလောတွင် တွေ့ဆုံကြသည်။ ထိုစဉ်က (KNU) အစည်းအဝေးသို့ သူလာတက်ခြင်းလည်းဖြစ်သည်။ ထို အစည်းအဝေးမှာ စစ်အစိုးရဘက်မှ စတင်ငြိမ်း ချမ်းရေး ကမ်းလှမ်းစဉ်လည်း ဖြစ်သည်။ (KNU) ခေါင်းဆောင်များက ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ သွား ရောက်ရေးတွင် ဗိုလ်ချုပ်အောင်လီဗာကို ထည့်သွင်းစဉ်းစားခြင်း မပြုသော ကြောင့် သူက ကျွန်တော့်ကို သူတို့နှင့် ငြိမ်းချမ်းရေး မရလျှင် ကျွန်တော်တို့ သွားကြတာပေါ့ဟု ကျွန်တော့်ကို နှစ်သိမ့်ပြီး ပြောရှာလေသည်။ အမှန်မှာ မိတ်ဆွေနှင့်ဖြစ်စေ၊ ရန်သူနှင့်ဖြစ်စေ ဒီလိုပွဲမျိုးကို လူတိုင်းပင် ပါဝင်ချင်ကြ၊ တက်ရောက်ချင်ကြလေသည် မဟုတ်ပါလား။

ဗိုလ်ချုပ်အောင်လီဗာနှင့် သူ၏ခရိုင်ဥက္ကဌ "ဗဒိုကွယ်ထူး"တို့ မာနယ်ပလောမှ တဆင့် တပ်မဟာ(၄)သို့ အပြန်ခရီးတွင် "စော်လဲထ"အထိ စက်လှေတစီး တည်းဖြင့် ခရီးလမ်းဆုံခဲ့ကြသည်။ ဗိုလ်ချုပ်အောင်လီဗာ၏ဖခင် စောသာဒင် သည် "ကန်ချနဘူရီ"တွင် နေထိုင်သည်။ ယင်း "ကန်ချနဘူရီ" တွင် ထိုစဉ်က မန်းအောင်ဌေး၏ဇနီးနှင့် ဆရာအီးနော့ဆင်၏ဇနီးများသည်လည်း နေထိုင်

ကြသည်။ ဖြစ်နိုင်လျှင် ကျွန်တော်သည် ဂျပန် ခေတ်က နာမည်ကြီးသော "ဘုရားသုံးဆူ" အထိ ရောက်ဘူးချင်သည်။ ကျွန်တော်သည် စာရေးဆရာ စိတ်ဓါတ်ဖြင့် လူသူရောက်သည့် အရပ်ဒေသတိုင်းသို့ အရောက်သွားချင်သည်။ ယင်းသို့ ဗိုလ်ချုပ်အော်လီဗာနှင့်အတူ တပ်မဟာ(၄)နယ်မြေ တနင်္သာရီတိုင်းသို့ မရောက်ခဲ့သော်လည်း မြို့ပေါ်မှတဆင့် "ရေး"မြို့ ချောင်းဖျားသို့၎င်း ထားဝယ်နယ် "မေတ္တာရွာ"နှင့် "မောင်းတော"သို့၎င်း ကျွန်တော်ရောက်ခဲ့ဘူးပြီး ဖြစ်လေသည်။ ဗိုလ်ချုပ်အော်လီဗာ၏ တပ်မဟာ(၄)နှင့် ဗိုလ်ချုပ်ရွှေဆိုင်း၏ တပ်မဟာ(၆)တို့မှာ နယ်မြေချင်း ဆက်စပ်နေသလို လူပုဂ္ဂိုလ်ချင်းလည်း ခင်မင်ကြရာသည်။ ဇင်းမယ်တွင် "ထော်မွဲပါ" ထုတ်ဝေစဉ်က ဗိုလ်ချုပ်အော်လီဗာ အကြောင်းကို အများဆုံး ပြောသူမှာ "လိုင်းနာလုံ" (ဝန်ကြီးဟောင်း ဦးစော လုံ၏သား)ပင်ဖြစ်သည်။ လိုင်းနာသည် ကျွန်တော်၏ တူအရွယ်နှင့် သား အရွယ်ဖြစ်သည်။ မိမိကိုယ်မိမိ ပြန်လည် ဝေဘန်ရေးထက် တဘက်ကို ဝေဘန်ရေးသာ စိတ်ထက်သန်နေသူ ဖြစ်သည်။

လိုင်းနာ၏ ဝေဘန်ရေးထဲတွင် တပ်မဟာ(၄) ရာထူးသည် ဗိုလ်ချုပ်အော်လီဗါထက် သူသာလျှင် ထိုက်တန်ကြောင်းဖြစ်လေသည်။ ကျွန်တော်မနေ နိုင်တော့၍ သူ့ကို အော်ငေါက်ပစ် ရလေတော့သည်။

ကရင့်တော်လှန်ရေးအစပိုင်းတွင် တောထဲဆင်းလာသူများ အနက် လိုင်းနာလုံဖခင် (ဦးစောလုံ)အပါအဝင် "စောအေစိုးမြင့်" (လေတပ်မှ ဗိုလ်ချုပ်ရိုးရှိုင်၏ယောက္ခ)။ ဆရာဘထွန်း (နောက်ပိုင်း ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်)၊ ဗိုလ်ချုပ်စောရွှေလေးတို့ပင် ဖြစ်ကြလေသည်။

ကျွန်တော်သည် ဗိုလ်ချုပ်အော်လီဗါနှင့် အတူ တပ်မဟာ(၄)သို့ မလိုက်ပါနိုင်ခဲ့သော်လည်း ဗိုလ်ချုပ်အော်လီဗါ၏ အထူးစစ်ဆင်ရေးဖြစ်သော "မင်းသမီး" စစ်ဆင်ရေးကို အကြောင်းပြု၍ နောက်ဆုံးအခေါက် အင်းစိန်ထောင်သို့ ရောက်ခဲ့ ခြင်းဖြစ်လေသည်။

# မိတ်ဆွေဖြစ်လာသော မိတ်ဆွေ

ကျွန်တော်သည် ခေတ်ပြိုင်ဂျာနယ် ထုတ်ဝေ သောအခါ နိုင်ငံရေး"အတ္ထုပ္ပတ္တိ"တိုများ သုံးလေးပုဒ်ပင်မိမိစိတ်ကူးဖြင့် မိမိရေးမိလေသည်။ သို့ရာတွင် တနေ့သ၌ လူငယ်တဦးက ကျွန်တော်ရေး သားမည့် နိုင်ငံရေးအတ္ထုပ္ပတ္တိများ၌ တနေရာက ချပေးမည်ဟု ဆိုလာသဖြင့် ကျွန်တော် ဆက်လက် မရေးသားတော့ဘဲ ရပ်တန့် ပစ်လိုက်လေသည်။ ကျွန်တော့်၌ အယူအမှာ ကျွန်တော်၏ စာပေရေးသားခြင်း လုပ်ငန်းအပေါ်တွင် မည်သူနှင့် မည်သည့်နေရာကမှ လမ်းညွှန်မှုပေးရန် မလိုပေ၊ ယင်းလမ်းညွှန်မှု များကိုလည်း ခံယူမည် မဟုတ်ပေ။ ယင်းနိုင်ငံရေး ပုဂ္ဂိုလ်ရေး အတ္ထုပ္ပတ္တိ များမှာလည်း ကျွန်တော်က မသိကျွမ်းပဲ မရင်းနှီးဘဲလည်း ကျွန်တော်က ရေးသားနိုင်မည် မဟုတ်ပါချေ။

ထိုစဉ်က ကျွန်တော်ရေးသားဖြစ်ခဲ့သော နိုင်ငံရေး အတ္ထုပ္ပတ္တိတိုများတွင်
(၁)နိုင်ငံရေးသမားမဟုတ်သော နိုင်ငံရေးသမား မောင်သော်က။
(၂) နိုင်ငံရေးသမားပီသသော နိုင်ငံရေးသမား ဗိုလ်ချုပ်သွင်(ဦးသွင်)။
(၃) ဗိုလ်ချုပ်မြ၏ ရင်မှာလှေလှော်နိုင်သည်။
(၄) အနိုင်မခံ အရှုံးမပေးသော ဗိုလ်မှူးကြီးစိန်မြ တို့ပင်ဖြစ်ကြလေသည်။
မောင်သော်က၊ ဗိုလ်ချုပ်သွင်၊ ဗိုလ်ချုပ်မြတို့မှာ ကျွန်တော့် ကိုယ်တွေ့များပင် ဖြစ်ကြ၍ ဗိုလ်မှူးကြီးစိန်မြကို ရေးသားသောအခါ မြဝတီရဲခေါင်မှ ကျွန်တော့် အား အကူအညီ ပေးရှာသည်။

ဆရာမောင်သော်ကမှာ (၈၈)မတိုင်မီက ရေးဘော်ရေးဘက်များဖြစ်ကြ၍ (၈၈)ခုနှစ်၊ ဒီမိုကရေစီအရေးအခင်းတွင် လုပ်ဖော်ကိုင်ဘက်များ ပင်ဖြစ်လာကြ သည်။ ဗိုလ်ချုပ်သွင်(ဦးသွင်)နှင့် ကျွန်တော်မှု (ဖဆပလ)အကွဲတွင် (သန့်ရှင်း) ဖဆပလ၌ ဆုံဆည်းမိကြခြင်း ဖြစ်လေသည်။ သို့ဖြစ်၍ ဗိုလ်ချုပ်သွင် အရေး

အသားပေါ်တွင် သူ့ဇနီးသည်ပင် တအံ့တသြ ဖြစ်ရလေသည်။ ဗိုလ်ချုပ်မြလို ပုဂ္ဂိုလ်မျိုးနှင့် ဗိုလ်မှူးကြီးစိန်မြလို ပုဂ္ဂိုလ်မျိုးမှာ တလမ်းမောင်းသမားများ ဖြစ်ကြ၍ စာရေးဆရာဘက်မှ ကြည့်လျှင် ရေးသား၍ကောင်းသော ပုဂ္ဂိုလ်များပင် ဖြစ်ကြသည်။ သူတို့သည် မှန်သည်ထင်လျှင် လုပ်ရဲကြသည်။ သူတို့တွင် ဒွိမရှိ၊ တခုတည်းသာရှိသည်။ နောက်ပိုင်း၌ (နဝတ)နှင့် (နအဖ)တို့မှ ဗိုလ်မှူးကြီးစိန်မြအား ပြန်လာရန် ခေါ်သော်လည်း ဗိုလ်ချုပ်သွင်နှင့် ဗိုလ်မှူးကြီး စိန်မြတို့သည် တောထဲမှာပင် ကွယ်လွန်ခဲ့ကြလေသည်။

နောက်တဦး ကျွန်တော်ရေးသားရန် ထက်သန်သူမှာ ဒေါက်တာကိုစိန်ဝင်း ဖြစ်၏။ ဒေါက်တာကိုစိန်ဝင်းနှင့် ကျွန်တော်နောက်ဆုံး ဆုံဆည်းမှုမှာ ဇင်းမယ်တွင်ဖြစ်သည်။ ဒီတုန်းက ကိုစိန်ဝင်းမှာ နေမကောင်း၍ ဆေးရုံမှ ဆင်းလာခါစ ဖြစ်သည်။ သူ့ဘေးနားတွင် လူတွေလည်း ဝိုင်းအုံနေကြသည်။ ကျွန်တော်က ကိုစိန်ဝင်းအကြောင်း ရေးသားမည်ဟု မပြောပဲ တိတ်တဆိတ် လေ့လာနေခြင်းဖြစ်လေသည်။ ကိုစိန်ဝင်းသည် အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ သားဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏တူတော်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် မောင်နှမ ဝမ်းကွဲတော်ကြသည်။ ဒီလို မောင်နှမဝမ်းကွဲ တော်သော်လည်း တယောက်ကို တယောက် မသိကြ၍ သူပင် မိတ်ဆက်ပေးရကြောင်း အင်းစိန်ထောင်ထဲ၌ ကိုထွေးမြင့်က ကျွန်တော့်ကို ပြောပြရှာသည်။

သို့ရာတွင် ဒေါက်တာ ကိုစိန်ဝင်း အကြောင်းတွေက တစတစဖြင့် ပွလာသည်။ ပထမပွသည် သူ့အစိုးရအဖွဲ့မှ ကိုသန်းကြွယ်နှင့် ကိုမြင့်အောင်တို့ ပြန်သွားခြင်းဖြစ်သည်။ ဒုတိယ ပွလာသည်မှာ ဘန်ကောက်တွင် နေထိုင်စဉ် ကိုစိန်ဝင်း၏ အနေအထိုင် မတော်မှုဖြစ်သည်။ ထိုမှတစတစဖြင့် ပွလာပြန်သည်မှာ တခုပြီးတခု ပင်ဖြစ်တော့သည်။

ပြန်ကြားရေးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီး ကိုလှဖေ၊ ကိုဝင်းကိုတို့ သတ်ဖြတ်ခံရသည့် သတင်း၊ ကိုလှဖေ အရှုပ်တော်ပုံတွင် ဆေးပေးမီးယူ လုပ်သော "ပီတာလင်းပင်"ကို ထုတ်ပစ်ရသည့် သတင်း၊ နောက်ဆုံး၌ ထွန်းဦးနှင့် လှဦးတို့ကိုလည်း ထိန်းသိမ်းမရ၊ ဝန်ကြီးကိုမြင့်အောင်ကလည်း ကော့သောင်းကတဆင့် ရန်ကုန်ကို ပြန်သွား၊ နောက်ဆုံး၌ ဒေါက်တာကိုစိန်ဝင်း၏ အစိုးရအဖွဲ့သည် ကိုယ့်လူတွေကိုလည်း ထိန်းမရ၊ မိမိကိုယ်ကိုပင် ထိန်း၍ရမရ မသိရ၍ သူ့အကြောင်း လည်းရေးစရာပင် ရှာမရတော့ချေ။



ဗိုလ်ချုပ်လှထူး



ဗိုလ်ချုပ်ကစဲဒိုး



ပဒိုကလိုထူး



ပဒိုကော်စိုး

# မြစ်ဆုံအရေးအခင်း

နိုင်ငံရေးဆိုသည်မှာ ပြောရခက်သော အရာဖြစ်သည်။ အချိန်တန်သောအခါ ရန်သူဘက်မှ တစုံတခုဖြစ်လာနိုင်သလို မိမိဘက်မှလည်း တစုံတခု ဖြစ်လာနိုင်သည်။ ကိုစိန်ဝင်းဘက်မှ အပုပ်နံ့တွေ လှိုင်လာပြီးနောက် (KNU)ဘက်တွင်လည်း အကွဲအပြဲ ဇာတ်လမ်းက စတင်လာသည်။

နဝတ(နအဖ) အစိုးရသည် ဧရာဝတီတိုင်းတွင်ငင်း၊ ကရင်လူမျိုးများအတွင်း၌ ပိုးနှင့် စကောရှိသည်ကို သိကြသည့်နည်းတူ ဗုဒ္ဓဘာသာနှင့် ခရစ်ယန် မတူကွဲပြားစွာ ကိုးကွယ်နေသည်ကိုလည်း သိကြသည်။ ယင်းအကွဲအပြဲ ပြဿနာသည် ယခုမှ စတင်သည်မဟုတ်ဘဲ မန်းဝင်းမောင်၏ နောက်ပိုင်း ဒေါက်တာစောလှထွန်း၊ ဗိုလ်မှူးကြီး "မန်းစံမြတ်ရွှေ"နှင့် ဗိုလ်မှူး"စောဘာနီ" တို့လက်ထက် နောက်ပိုင်းကပင် မီးသည် တစတစဖြင့် လောင်ကျွမ်းနေခြင်းဖြစ်လေသည်။

ဤတွင် ဘုရားတည် ကျောင်းဆောက်လိုသော "မြိုင်ကြီးငူ" ဆရာတော်နှင့် (KNU)ထဲမှ အရာရှိ မဟုတ်သူများ အဆင့်တို့သည် ရုတ်တရက် ပုန်ကန်ခြားနားလိုက်သောအခါ (KNU) ခေါင်းဆောင်သော ကရင့်တော်လှန်ရေးသည် အစိတ်စိတ် အပိုင်းပိုင်း ဖြစ်ခဲ့ရလေသည်။ ထိုအချိန်တွင် ကျွန်တော်သည် မာနယ်ပလောမှ ထွက်လာ၍ မနီလွှိုင်ဒုက္ခသည် စခန်းသို့ ရောက်စဖြစ်နေသည်။ ယင်းအကြောင်းကို (နအဖ)သတင်းစာ များတွင်လည်း တခမ်းတနားဖြင့် ရေးသားနေတော့သည်။ အထူးသဖြင့် ကရင်လူထုထဲ၌ ကိုးကွယ်ဝတ်ပြုမှုတွင် ခရစ်ယန် (၂၂) ရာခိုင်နှုန်းရှိ၍ ဗုဒ္ဓဘာသာမှာ (၇၈)ရာခိုင်နှုန်းရှိကြောင်း ရေးသား ဖော်ပြထားခြင်း ပင်ဖြစ်လေသည်။

ကျွန်တော်သည် မြစ်ဆုံအရေးအခင်း အကြောင်းကို (VOB) ၌ အောက်ပါအတိုင်း ရေးသားခဲ့လေသည်။ "မြစ်ဆုံ"အရေးအခင်း စတင်လာသောအခါ ကျနော်သည် ဘန်ကောက်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ "မြစ်ဆုံ"ဟု ခေါ်တွင်ခြင်းမှာ သောင်ရင်းမြစ်သည် သံလွင်မြစ်တွင်း စီးဝင်ခြင်းနှင့် ပေါင်းဆုံခြင်းကို အကြောင်းပြု၍ ခေါ်ခြင်းလည်းဖြစ်၏။ "မြစ်ဆုံအရေးအခင်း" ဆိုသည်မှာမူ KNU ထဲမှ မြိုင်ကြီးငူဆရာတော်ကို အကြောင်းပြု၍ ခွဲထွက်သွားသော ဗုဒ္ဓဘာသာကိုးကွယ်သူများ၏ ထောင်ထားခြင်းနှင့် ပုန်ကန်ခြားနားခြင်းကို ခေါ်ဆိုခြင်းဖြစ်ပါသည်။

မြစ်ဆုံဒေသသည် သောင်ရင်းနှင့် သံလွင်ပေါင်းဆုံသည့် သံလွင်၏ နောက်ဘက်ကမ်းတွင် ရှိပါသည်။ ယင်းမြစ်ဆုံတွင် မြိုင်ကြီးငူဆရာတော်၏ ကျောင်းသင်္ခမ်းတခု ရှိသည်။ ထောင်ထားပုန်ကန် မှု ပေါ်ပေါက်လာသောအခါ ယင်းကျောင်းသင်္ခမ်းသည် ပုန်ကန်သူတို့၏ ဌာနချုပ်ဖြစ်၍ လာလေသည်။

ကျနော်သည် မာနယ်ပလောနှင့် "စော်လဲထ" သို့ အကြိမ်ကြိမ် သွားရောက်ခဲ့ရာတွင် ခရီးသည်များပါရှိလေတိုင်း စက်လှေသည် ယင်းမြစ်ဆုံတွင် ဆိုက်ကပ်ပေးလေ့ရှိ၏။

သံလွင်၏ နောက်ဘက်ကမ်းတွင် မြစ်ဆုံသည်သာ သဲသောင်ပြင် အကျယ်ပြောဆုံးနှင့် အပြန့်ပြူးဆုံး နေရာလည်းဖြစ်သည်။ ကျနော်သည် သံလွင်ကို ချစ်သကဲ့သို့ သံလွင်ကလည်း ကျနော့်ကို ချစ်လှပါ၏။ လွတ်မြောက်ဒေသသို့ မရောက်မီကပင် ကျနော်သည် မဒမ(မုတ္တမ)မှ "မင်းဇီ"အထိ သံလွင်ကိုစုန်ဆန်ခဲ့ဘူးပါသည်။ သံလွင်အရှေ့ကမ်းမှ အနောက်ဘက်ကမ်း၊ သံလွင်အနောက်ဘက်ကမ်းမှ အရှေ့ဘက်ကမ်းသို့ အကြိမ်ကြိမ်ပင် ကူးခတ်ခဲ့ဘူးပါသည်။ ဤသို့ဖြင့် "သံလွင်ကတော့စီးမြဲပင်" နှင့် "ဒို့ရဲ့သံလွင်" အမည်ရှိ ရုပ်ရှင်ဇာတ်လမ်း နှစ်ပုဒ်ကို ကျနော် ရေးသားနိုင်ခဲ့၏။

ထိုမှကျနော်သည် လွတ်မြောက်ဒေသသို့ရောက် ရှိလာပြီးနောက်၌ သံလွင်နှင့် သောင်ရင်းကို စုန်ဆန်၍ ခုန်ပျံကာ သွားလာနေရစဉ် "သံလွင်ရဲ့ ဂွန္တဝင်" ကဗျာရှည်ကြီးကို ရေးဖွဲ့နိုင်ခဲ့ပြန်လေသည်။ ယင်းသံလွင်ရဲ့ ဂွန္တဝင်ကဗျာတွင် မြစ်ဆုံကို အောက်ပါအတိုင်း ကျနော်ဖွဲ့ ဆိုခဲ့ပါသည်။

သံလွင်နဲ့ သောင်းရင်း
မြစ်နှစ်စင်း ညီအကို
ချစ်ကြပေသကို.....။

သောင်ရင်းက မြစ်ကြောင်းတို
သံလွင်ဆို မြစ်ရှည်လျား
တိဗက် ဆို အခေါင်ဖျားက
စီးခဲ့ပေတကား.....။

တဦးကအချစ်ပို တဦးကအချစ်သဲ
မြစ်ဆုံ ဆိုအကွေ့ဝဲ တွေ့ကြပြီပဲ.....။

ညီအကိုပေါင်းဆုံတွေ့တဲ့
မြစ်အကွေ့သံလွင်
နောက်ဘက်ကမ်းတွင်
ကြည်စင်စွာ သဒ္ဒါတေးနဲ့
စေတီမှာ ထုံးဖြူဖွေးတယ်
သာဓုသံပေး.....။

အကိုကြီးသံလွင်၊ သံယောဇဉ်ကြီးမား
သောင်ရင်းညီ
ကျောက်ဆောင်ကြားက
စီးဆင်းရာလမ်းစဉ်မမှားအောင်
လမ်းညွှန်လို့ သွား.....။

ကျနော်၏ သံလွင်ရဲ့ဂွန္တဝင်ကဗျာပါ မြစ်ဆုံအဖွဲ့တွင် ကြည်စင်စွာ သဒ္ဒါတေး နဲ့စေတီမှာထုံးဖြူဖွေးတယ်။ သာဓုသံပေးဟုဖွဲ့ဆိုထားသော်လည်း ယင်းမြစ်ဆုံ တွင် စေတီဟူ၍မရှိပါ။ ကဗျာရေးသူ၏ နိမိတ်ပုံနှင့် အာရုံထဲတွင်သာ စေတီရှိ နေခြင်းသာဖြစ်လေသည်။ သို့ရာတွင် ယင်းမြစ်ဆုံဒေသတွင် "စေတီတည်လို သူ" နှင့် "မတည်လိုသူ" တို့ အားပြိုင်မှုများ ဖြစ်ပွားခဲ့ကြပေသည်။ ဤအချက် သည်ပင် "မြစ်ဆုံအရေးအခင်း"ကို စတင် စေခဲ့ ခြင်းလည်း ဖြစ်ပေတော့သည်။



မြိုင်ကြီးငူ ဆရာတော်သည် သူသွားရာနှင့် ရောက်ရာဒေသတွင် သူ၏ဘာသာရေးအရ ဘုရားတည်သည်။ ကျောင်းဆောက်သည်။ (KNU) ဥက္ကဋ္ဌဗိုလ်ချုပ်မြ၏ အမြင်တွင် စစ်ရေး အရနှင့် နိုင်ငံရေးအရ ရန်သူကို ဖိတ်ခေါ်ခြင်း ဖြစ်သည်။ ဤသည် နှင့်ပါတ်သတ်၍ ဗိုလ်ချုပ်မြ သည် သူ၏စာအုပ်တွင် သူ၏အမြင်ကို အောက်ပါအတိုင်း ရေးသား ထားလေသည်။

"ကျနော်တင်ပြလိုသည့် ပထမဦးဆုံး ပုဂ္ဂိုလ်တယောက် အကြောင်းမှာ (.....) ဘုန်းကြီးပင် ဖြစ်သည်။ သူသည် ဘာသာရေးကို အရေခြုံထားသူ ဖြစ်ပြီး ကျနော်တို့ တော်လှန်ရေးကို ဖျက်ဆီးရန် အတွက် ရန်သူ အသုံးချခြင်းကို ခံရသူဖြစ်သည်။ သူရောက်လာသည်နှင့် တပြိုင်နက် ကျနော်တို့ တပ်စခန်းများရှိရာတောင်ကုန်း များပေါ်တွင် (ဘုရားစေတီ) တည်ရန် ကြိုးပမ်းလေသည်။ စစ်ရေးတွင် ဤနေရာများသည် သေနင်္ဗျူဟာအရ အလွန်အချက်အချာကျသည့် နေရာ များဖြစ်ကြသည်။ မာနယ်ပလော သည် စစ်အစိုးရ စစ်အာဏာရှင်စနစ် ဖြုတ်ချရေးအတွက် ဆန့်ကျင် တိုက်ခိုက်သည့် ဗဟိုဌာနချုပ်တခုဖြစ်သည်။ မာနယ်ပလောနယ်မြေ တည့်တံ့ ခိုင်မြဲရန် ကျနော်တို့အတွက် အရေးကြီး သကဲ့သို့ မာနယ်ပလော ပြိုကျပျက်စီးရန် ရန်သူ့အတွက် အလွန် အရေးကြီး ပါသည်။ ဘုန်းကြီး (.....) ယခုကဲ့သို့ လာရောက် ဆောင်ရွက်ခြင်းသည် ရန်သူအတွက် အခွင့်ကောင်း အခါကောင်းတရပ်ကို ဖြစ်ပေါ်စေသည်" (ဗိုလ်ချုပ်မြ၏ ကျနော်တင်ပြလိုသည့် ကျနော့် ဖြတ်သန်းမှု အစစ်အမှန်စာအုပ်) ဤသည်ပင် မြစ်ဆုံအရေးအခင်း မည်သို့မည်ပုံ စတင်လာပုံနှင့် မြစ်ဆုံအရေး အခင်းအပေါ်၌ ဘာသာရေးအရ၊ စစ်ရေးအရ ချဉ်းကပ်ပုံချင်း ခြားနားချက်များ ကိုလည်း မြင်တွေ့ နိုင်ကြမည် ဖြစ်ပေသည်။

# မာနယ်ပလောကျဆုံးပြီ

ကျွန်တော်သည် စာရေးဆရာတဦးအနေနှင့် မာနယ်ပလော ကျဆုံးသွားသော အခါ ကဗျာတပုဒ်နှင့် ဝတ္ထုတပုဒ်ကို ရေးသားနိုင်ခဲ့ပါသည်။ ယင်းအဖြစ် အပျက်များကို ထပ်ဆင့်၍ (VOB)တွင် ရေးသားခဲ့ပါသည်။

မြစ်ဆုံ အရေးအခင်းကို ကုစားရန်အတွက် အနည်းနည်းအဖုံဖုံ ကြိုးပမ်းခဲ့ ကြပါသည်။ ဗိုလ်ချုပ်မြနှင့်တကွ KNU ခေါင်းဆောင်များအပြင် မာနယ်ပလော ရှိ ဒီမိုကရေစီခေါင်းဆောင်နှင့် လူမျိုးစု ခေါင်းဆောင်များအပါအဝင် ဝိုင်းဝန်း ကြိုးပမ်းကြလေသည်။ သို့ရာတွင် ကြိုးပမ်းမှုများမှာ အရာမထင်ခဲ့ပါ။ တဘက်ကို တဘက် ထိမုန်ထားသော "မြွားချက်"မှာ စူးနစ်လွန်းလှပါသည်။

"သုဝဏ္ဏသာမ" ဇာတ်တော်တွင် ဖွဲ့သကဲ့သို့ မြွားချက်သည် "လက်ျာဘက် နံတောင်းမှ လက်ဝဲဘက်နံတောင်းသို့လည်းကောင်း၊ လက်ဝဲဘက်နံ တောင်းမှ လက်ျာဘက်နံတောင်းသို့ လည်း ကောင်း" စူးနစ်ကာ စိုက်ဝင်နေလေသည်။

(၁) ဘာသာရေးမြွားချက်၊

(၂) ရန်သူပစ်ခတ်သော နိုင်ငံရေးမြွားချက်၊

(၃) အဖွဲ့အစည်းအတွင်း ကွာခြားမှုမြွားချက်။

"သုဝဏ္ဏသျှံ" ဇာတ်တော်တွင်ကား "ဒုကုလ" နှင့် "ပါရိက" ရသေ့မောင်နှံသည် လည်းကောင်း၊ သားဖြစ်သူ သုဝဏ္ဏသျှံသည် လည်းကောင်း၊ သစ္စာကို တိုင် တည်ကြခြင်းအားဖြင့် သိကြားမင်းကြီးသည် မနေသာဖြစ်ကာ ရသေ့ကြီးနှင့် ရသေ့မတို့သည်လည်း စက္ခုနှစ်ကွင်းတွင် ပြန်၍လင်းကြ၏။ မြွားဆိပ်ပျောက် ကာ သိကြားမင်းကြီး ပေးသော ရွှေအိုးကိုထမ်း၍ အိမ်လမ်းသို့ ပြန်လာ၏။ ဤနေရာတွင် စစ်အစိုးရသည် သိကြားမင်းကြီးကား မဟုတ်ပါပေ။ သူသည် သားသတ်မုဆိုး စင်စစ်သာဖြစ်လေသည်။ (မောင်စင်ကြယ်၏ သမင်ညီနောင် ဝတ္ထုဇာတ်လမ်းကို ဖတ်ပါ။)

ဆက်လက်၍ ကျွန်တော်ရေးသား ထားပြန်သည့်မှာ ယင်းမြစ်ဆုံ အရေးအခင်း အတွက် နစ်ဘက်ဆီမှ ထုတ်ပြန်သော ကြေညာချက်များစွာသည် ထိုစဉ်က ဘန်ကောက်မြို့ပေါ်တွင်လည်းကောင်း၊ မနီလွိုင်ဒုက္ခသည် စခန်းတွင်လည်း ကောင်း တစောင်ပြီးတစောင် ပလူပျံ၍ ပျံ့နှံ့နေလေသည်။




**မာနယ်ပလော မကျခင်က ရုံတင်ပြသခဲ့သည့် ထိုင်းရုပ်ရှင်**

SALWEEN **(သံလွင်)ဇာတ်ကား**

သားတို့ မြေးတို့ တူမောင်တို့ ပြန်လာကြပါကွယ်၊ အားလုံးကို ခွင့်လွှတ်ပါ တယ်၊ အားလုံး ကိုအဆင်ပြေအောင် အဘိုးလုပ်ဆောင် ပေးပါမယ်။ ထိုစဉ်က ဗိုလ်ချုပ်မြခများသည် သူ၏ ကြေညာချက်ကို ယခုကဲ့သို့ မောဟိုက်နွမ်းနယ်စွာ ထုတ်ပြန်ခဲ့လေသည်။ ကျနော်သည် ထိုစဉ်က နစ်ဘက်ထုန်ပြန်သော ကြေညာ ချက်များကိုမှုမက နဝတသတင်းစာများတွင် နေ့စဉ်ရက်ဆက် အခန်းဆက်

ဆောင်းပါး အဖြစ်ရေးသား ဖော်ပြထားသော KNU ဘယ်လဲ၊ ဘာလဲ" ဆောင်းပါး များ ကိုပါ ဖတ်ရှုခဲ့ပါသည်။ ယခုသြစတြေးလျား ရောက်သည်အထိ ယင်းအားလုံးကိုပင် သိမ်း ဆည်း၍ ထားပါသည်။ ထူးဆန်းသည်မှာ ယင်း နဝတ၏ နေ့စဉ်အခန်းဆက်ဆောင်းပါးတိုင်းတွင် "မြိုင်ကြီးငူဆရာတော်"၏ သပိတ်ကို လွယ်ထားသောဓါတ်ပုံနှင့် ဗိုလ်ချုပ်မြ၏ တပ်မဟာ ၁ မှ စစ် ခေါင်းဆောင်အချို့အား "လုံစွပ်" ဖြင့် ကိုယ်တိုင်အရေးယူ ကွပ်မျက်နေသည့် ဓါတ်ပုံ နှစ်ပုံကို နေ့စဉ်ထည့်သွင်း ဖော်ပြထားခြင်းပင် ဖြစ်လေသည်။ ယင်းဓါတ်ပုံနှစ်မျိုးနှင့် ဓါတ်ပုံနှစ်ပုံကို နေ့စဉ်သတင်းစာများ၌ ထည့်သွင်း ဖော်ပြ ခြင်းအားဖြင့် စစ်အစိုးရသည် KNU ပြိုကွဲရေးကို ဘာသာရေးဖြင့် လှုံ့ဆော် တိုက်ခိုက်ထားကြောင်းမှာ များစွာသိသာထင်ရှားလှပေသည်။

ယင်းနှင့်ပတ်သတ်၍ ဗိုလ်ချုပ်မြသည် သူ၏စာအုပ် "ဘာကြောင့်မာနယ်ပလော ရန်သူ့လက်သို့ ကျရောက်ရသလဲ" ခေါင်းစဉ်အောက်ရှိ နောက်ဆုံးစာပုဒ်တွင် အောက်ပါအတိုင်းရေးသား ထားလေသည်။

"၁၉၉၆ ခုနှစ်အတွင်း ကျနော် ရန်သူစစ်ဗိုလ်နှင့် တွေ့ဆုံခဲ့ရာတွင် (ရန်သူနှင့် တွေ့ဆုံ ဆွေးနွေးရေး စတင်ချိန်ဖြစ်သည်) ရန်သူစစ်ထောက်လှမ်းရေး ဗိုလ်စန်းပွင့် (ယခုဗိုလ်မှူးကြီး)နှင့် ကျော်သိန်း (ယခုဗိုလ်မှူးချုပ်)တို့သည် ကျနော်တို့ကို မဲဆောက်တွင် လျှို့ဝှက်စွာလာရောက် တွေ့ဆုံခဲ့သည်၊ မာနယ်ပလောဟာ DKBA အကူအညီ မဟုတ်ဘူးဆိုရင် ကျနော်တို့ တိုက်ဘို့ မလွယ်ပါ၊ ရန်သူစစ်ဗိုလ်က ၁၉၉၂ခုနှစ်၊ မာနယ်ပလောရရှိရေး (ခွေးအိမ် တောင်) တိုက်ပွဲတွင် ၎င်းတို့သေဆုံးသည့် စစ်သားများ၏ အလောင်းကို တယောက်ပြီးတယောက် တန်းစီလိုက်ပါက မာနယ်ပလောကစလျှင် မော်လမြိုင်အထိ ရောက်သွားနိုင်သည်၊ ရန်သူအသေအပျောက် မနည်းပါ။ DKBA အကူအညီမရလျှင် မာနယ်ပလောအားရရန် မလွယ်ကူကြောင်း ဝန်ခံ သွားသည်။ "(ဗိုလ်ချုပ်မြ၏ ကျနော်တင်ပြလိုသည့် ကျနော့် ဖြတ်သန်းမှု အစစ်အမှန်စာအုပ်)



THREE PARTY CENTRAL DELEGATION TO 1963 PEACE NEGOTIATION LED BY KAREN NATIONAL UNITED PARTY (KNUP) PRESIDENT MAHN BA ZAN.



မြန်မာ့အလင်း

ကေအင်(န်)ယူဘယ်လဲ(၃)

ကရင်ပြည်နယ်သားတစ်ဦး

**မြန်မာ့အလင်း သတင်းစာ**

# နအဖ ကေအင်ယူ ဘယ်မှာလဲ

(နအဖ) စစ်အစိုးရ၏ မြန်မာ့အလင်းသတင်းစာ တွင် "KNU ဘယ်လဲ ဘာလဲ" အခန်းဆက် ဆောင်းပါးရှည်ကြီးကို (၁၉၉၅)ခုနှစ်၊ ဇန်နဝါရီ (၂၉)ရက်နေ့မှ (၁၉၉၅)ခုနှစ်၊ မတ်လ(၁၀)ရက်နေ့ထိ၊ နေ့စဉ်ရေးသား ဖေါ်ပြခဲ့ပေသည်။ "မြစ်ဆုံ" အရေးအခင်း စတင်သည်မှာ (၁၉၉၅) ခုနှစ်၊ ဒီဇဘ်ာလ အတွင်းဖြစ်သည်။ အရေးအခင်းကို စတင်ခေါင်းဆောင်ခဲ့သူများမှာ အရာရှိအဆင့်များ မဟုတ်ကြဘဲ အရာခံဗိုလ်အဆင့်များသာ ဖြစ်ကြသည်။ ယင်းတို့မှာ ဗိုလ်ကျော်ဟဲ၊ ဗိုလ်ကျော်သန်း၊ ဗိုလ်ပြားပြား၊ ဗိုလ်ကြည်နှင့် နောက်ပိုင်းတွင် ပဒိုစိန်ထွန်း၊ ပဒိုမင်းသူ၊ ပဒိုထီကော့၊ ဗိုလ်ချာတိတ်၊ ဗိုလ်ကျော်ကလဲ့နှင့် ဗိုလ်တကီးတို့ပါဝင်လာကြသည်။ ထိုမှတပ်မဟာ(၁)ဥက္ကဋ္ဌဖြစ်သူ ပဒိုသာထူးကျော်နှင့် ပဒိုလာဘတို့ကို အားဖြည့်လိုက်ရာ (KNU) ထဲမှ ခွဲထွက်သွားသူများသည် အားတက်သွားကြလေသည်။

ဤသို့ရှိစဉ် (KNU) ဗိုလ်ချုပ် "စောတာမလာဘော" ခေါင်းဆောင်သောအဖွဲ့နှင့် (KNU) မှ ခွဲထွက်သွားသူများ ဆွေးနွေးကြသော်လည်း မအောင်မြင်ပေ၊ ၁၉၉၅ ခုနှစ်၊ ဒီဇဘ်ာလ(၂)ရက်နေ့တွင် မြိုင်ကြီးငူဆရာတော် "ဘဒ္ဒန္တ ဦးသုဇန" အပါအဝင် ကရင်သံဃာတော်များပင် ပါဝင်သည့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် ဒီကေဘီအေ (Democratic Kayin Buddhist Amy)နှင့်(DKBO) အစည်းအရုံးတို့ကို ဖွဲ့စည်းခဲ့လေသည်။

ထိုမှ "ဒီကေဘီအေ" သည် နအဖ အကူအညီဖြင့် (KNU) စခန်းများအား ဇန်နဝါရီလ တလလုံး ထိုးစစ်ဆင်လေရာ မာနယ်ပလောနှင့် အနီးဆုံး ကာစခန်းဖြစ်သော "ဘိန" သည် ဇန်နဝါရီ(၂၅) ရက်နေ့တွင် ကျဆုံးခဲ့လေသည်။ ထိုမှ ဇန်နဝါရီလ (၂၇)ရက်နေ့တွင် မာနယ်ပလော ဌာနချုပ် ကျဆုံးပြန်လေသည်။

နအဖနှင့် ဒီကေဘီအေသည် စစ်ဆင်ရေးကို မာနယ်ပလော တဘက်တည်း တွင်သာ ထိုးစစ်ဆင်သည် မဟုတ်ပဲ ဘားအံခရိုင် (ဗိုလ်ချုပ်ထိန်မောင်)၏ ဒေသနှင့် ဝမ်ခ(ဗိုလ်မှူးကြီးတော်လှ) အုပ်ချုပ်သည့် ဒေသတို့ကိုပါ စစ်ဆင် သောကြောင့် မာနယ်ပလောကျပြီး နောက်ပိုင်း ဖေဖော်ဝါရီ (၈)ရက်နေ့နှင့် ဖေဖော်ဝါရီ(၂၁)ရက်နေ့တွင် နအဖ၏ ပူးပေါင်းစစ်ဆင်ရေးတွင် ဝမ်ခနှင့် ဘားအံခရိုင်တို့ပါ ကျဆုံးသွားလေသည်။

မာနယ်ပလော၊ ဘားအံခရိုင်နှင့် ဝမ်ခတို့ ကျဆုံး သွားပြီးနောက် နအဖသည် (၁၉၉၅)ခုနှစ် ဖေဖော်ဝါရီလ(၃)ရက်နေ့တွင် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ် သည်၊ ယင်းသတင်းစာ ရှင်းလင်းပွဲတွင် (DKBO) တို့ (KNU) အတွင်းမှ ခွဲထွက် ရသည့် အကြောင်းနှင့် မာနယ်ပလောနှင့် ဘားအံခရိုင်၊ ဝမ်ခတို့ကို မည်သို့ မည်ပုံ စစ်ဆင်ပုံတို့ကို ရှင်းလင်းကြလေသည်။

ကျွန်တော်သည် ဘားအံခရိုင် မယ်လနှင့် ဝမ်ခတို့ လသာချိန်နှင့် ထော့မဲ့ပါ ထွက်လာချိန်၌ အကြိမ်ကြိမ် ဗိုလ်ချုပ်ထိန်မောင်ထံသို့ ဗိုလ်မှူး စိုးစိုး၏ အစ်ကို (စောတာမလာဝါး)နှင့် ရောက်ခဲ့ရ၏၊ ထိုအခါတွင် ဗိုလ်ချုပ်ထိန်မောင်နှင့် ဗိုလ်မှူးကြီးဂျော်နီ၊ အန္တိယပြန် ဗိုလ်ချုပ်ထိန်မောင်၏ သားမက်ဖြစ်သူတို့ကို တွေ့ရ သည်။ မဲဆောက်နှင့် မနီးမဝေးတွင်ရှိသော ဗိုလ်မှူးကြီးတော်လှ၏ ဝမ်ခသို့မူ ဗိုလ်မှူးစိုးစိုးခေါ်တိုင်း ကျွန်တော် အကြိမ်ကြိမ် ရောက်ခဲ့၏။

ယခုကဲ့သို့ မာနယ်ပလော၏ နောက်ဆက်တွဲ အဖြစ် ဘားအံခရိုင်နှင့် ဝမ်ခတို့ ကျဆုံးသွားသောအခါ ကျွန်တော့် ရင်ထဲ၌ ဟာတာတာကြီး ဖြစ်နေရ ပေတော့ သည်။

# မာနယ်ပလောကျပြီး နောက်ပိုင်း

ဤသို့ဖြင့် မာနယ်ပလောကျပြီး နောက်ပိုင်း၌ ဘားအံခရိုင်နှင့် ဝမ်ခတို့ပါ ကျခဲ့လေရာ (KNU)တခုလုံးသည် ကြက်ဥတလုံး ကွဲအက်ကြိုးကြေ သွားသည့်ပမာ အားလုံး ကွဲအက် ကြိုးကြေ ခဲ့ရပေတော့သည်။ အင်းစိန်ကျပြီးနောက်တွင် မြစ်ဝကျွန်းပေါ်ဘက်၌ ရပ်တည်နိုင်သေးသော်လည်း ယခုသော်ကား ကရင်ပြည်နယ်နှင့် သောင်ရင်းတွင် အခြေပြုထားသောကြောင့် ရပ်တည်မှုမှာ ခက်ခဲကျဉ်းမြောင်း သွားပေသည်။

မာနယ်ပလော မိုးကောင်းစဉ်တွင်တနေ့ ယင်းအဖြစ်မျိုးမှာ ဖြစ်ကောင်းဖြစ်လာနိုင်ကြောင်း ဗိုလ်ချုပ်မြနှင့် သူ၏လက်ထောက်များမှာ စဉ်းစားကောင်းမှ စဉ်းစားကြပေမည်။ ယခုကား ဖြစ်ပျက်ခဲ့လေပြီ။ ဘာလုပ်ကြမည်နည်း။ ဗိုလ်ချုပ်မြ အပါအဝင် (KNU)ခေါင်းဆောင်များသည် လွတ်မြောက် နယ်မြေ အမည်ခံ မဲဆောက်နှင့် ဗိုလ်ချုပ်ရွှေဆိုင်း၏ အမှတ်(၆) နယ်မြေသို့၎င်း၊ အချို့မှာ အလုံးအရင်းဖြင့် တတိယနိုင်ငံများသို့၎င်း၊ ဒုက္ခသည်များအဖြစ် ထွက်ခွာ ခဲ့ကြရလေသည်။

မာနယ်ပလော ကျဆုံးပြီးနောက် မဲဆောက်နှင့် မနီးမဝေးတွင်ရှိသော အမှတ်(၆)နယ်မြေ၊ "ကနဲလေး" မစ်ရှင်ကျောင်းဝင်းတွင်း၌ (KNU) ခေါင်းဆောင်များ၏ အစည်းအဝေးကို ပထမဆုံးနှင့်နောက်ဆုံး ကျင်းပကြသည်။ ယင်းအစည်းအဝေး မတိုင်မီ အခြေအနေနှင့် အဖြစ်အပျက်ကို (VOB) တွင် အောက်ပါအတိုင်း ကျွန်တော်ရေး သား ထားပါသည်။

စစ်အစိုးသည် "ဝ" လက်နက်ကိုင်တပ်များအပြင် NDF အဖွဲ့ဝင် လူမျိုးစု လက်နက်ကိုင်တပ်များနှင့် ပထမအဆင့် အပစ်အခတ်ရပ်စဲကြောင်း သဘောတူညီချက်ရသဖြင့် ဗွေဆော်ဦး နိုင်ငံရေးအရနှင့် စစ်ရေးအရ အကျိုးအမြတ်ရခဲ့

လေသည်။ ထိုမှ KNU ထဲမှ DKBA အမည်ဖြင့် ပုန်ကန်ခြားနားမှု ပေါ်ပေါက်လာပြန်သဖြင့် မာနယ်ပလောနှင့် ဝမ်ခကိုပင် သိမ်းပိုက်နိုင်ပြန်၍ ထပ်မံ၍ စစ်ရေးအရနှင့် နိုင်ငံရေးအရ အကျိုးအမြတ်ရခဲ့ပြန်သည်။ ထိုမှ KNU တပ်မဟာ ၆ လက်အောက်ခံ စောသမူဟဲ၏ တပ်ရင်း ၁၆။ ထိုမှ တပ်မဟာ ၂ သံတောင် ဒေသမှ စောပယ်ရီမိုးနှင့် သံတောင် မြောက်ပိုင်းမှ စောကိုကြီးတို့၏ တပ်ဖွဲ့။ ထိုမှ ပဒိုအောင်ဆန်း ခေါင်းဆောင်သော အစုတို့သည်၊ စစ်အစိုးရထံသို့ အသီးသီးပြန်သွား ကြပြန်သဖြင့် ထပ်ဆင့်၍ နိုင်ငံရေးအရနှင့် စစ်ရေးအရ အကျိုးအမြတ်ကို ရရှိကြပြန်လေသည်။

ဤသို့ဖြင့် စစ်အစိုးရသည် နိုင်ငံတကာနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အစိုးရများအား လှည့်စားရန် ကြိုးပမ်းသည့်အနေနှင့် သက္ကရာဇ် ၂၀၀၀ ဇန်နဝါရီလ ၄ ရက်နေ့စွဲဖြင့် မြန်မာစစ်အစိုးရ၏ အမျိုးသားပြန်လည်ပေါင်းစည်းရေး ကြိုးပမ်းတည်ဆောက်မှု (Endeavours of the Myanmar Armed Forces Government for National Reconsolidation) အမည်ဖြင့် သားသားနားနား ဓါတ်ပုံပေါင်း များစွာပါဝင်သော စာအုပ်တအုပ်ကို ထုတ်ဝေခဲ့လေသည်။ ယင်းစာအုပ်ထဲတွင် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ရယူထားသော လူမျိုးစုလက်နက်ကိုင်တပ်ဖွဲ့ ၁၇ ဖွဲ့ဟု ဖော်ပြထားရာ၌ ဗိုလ်ချုပ်အောင်သန်းလေး၏ KNPP ကရင်နီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ အမည်နှင့်တကွ လူအင်အား၊ လက်နက်အင်အားတို့ကိုပါ လွဲမှားစွာ ဖော်ပြထားခြင်း ပင်ဖြစ်ပေသည်။ ထိုမှ ရခိုင်ပြည်နယ်မှ စောထွန်းဦး၏ ရခိုင် (ဗကက)နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ(ဗကပ) တဖြစ်လဲ သုံးဖွဲ့လောက်ကိုလည်း ယင်းအပစ်အခတ် ရပ်စဲထားသော လူမျိုးစု လက်နက်ကိုင် တပ်ဖွဲ့များ စာရင်းတွင် ထည့်သွင်းထားပြန်ခြင်း ပင်ဖြစ်သည်။ ပဒိုအောင်ဆန်းအပါအဝင် KNU ထဲမှ ခွဲထွက်သွားသော ၄ ဖွဲ့ကိုမူ အပစ်အခတ် ရပ်စဲရေး စာရင်း၌ မထားဘဲ လက်နက်နှင့် ငြိမ်းချမ်းရေးလဲ (လက်နက်ချ)သူများအဖြစ် ဖော်ပြ

ထားပြန်၏။ အထူးသဖြင့် DKBA အား အပစ်အခတ်ရပ်စဲထားသော စာရင်းနှင့် လက်နက်နှင့် ငြိမ်းချမ်းရေးလဲသော စာရင်းနှစ်ခု စဆုံးတွင် ထည့်သွင်း ဖော်ပြ မထားခြင်းပင်ဖြစ်သည်။

ဆက်လက်၍ကျွန်တော်သည် (နအဖ)၏ စာအုပ်ထဲပါ တချို့သော အချက်များ ကို ကျွန်တော်၏ (VOB) ဆောင်းပါး၌ အောက်ပါအတိုင်း ဆက်လက် ဖော်ပြ ထားပေသည်။
စစ်အစိုးရသည် သူ၏ စာအုပ်ထဲတွင် ဝမ်းသာအားရ ဖော်ပြထားသည်မှာ သူသည် သဘောထား ကြီးမားစွာဖြင့် KNU နှင့် လေးကြိမ်မြောက်ထိ အပစ် အခတ် ရပ်စဲရေးအတွက် ဆွေးနွေးခဲ့ကြောင်း၊ (သို့ရာတွင် လက်နက်ချခိုင်း သည့် အချက်ကိုကား ဖော်ပြထားခြင်းမရှိပါ)။ ပြီးလျှင် KNU အတွင်းမှ DKBA ခွဲထွက်သွားခြင်းနှင့် ပတ်သတ်၍ KNU အတွင်း၌ ခရစ်ယန်ဘာသာ ကိုးကွယ် သူမှာ ၂၂ ရာခိုင်းနှုန်းရှိ၍ ဗုဒ္ဓဘာသာ ကိုးကွယ်သူမှာ ၇၈ ရာခိုင်းနှုန်းရှိကြောင်း၊ ဤတွင် မြိုင်ကြီးငူ ဆရာတော်၏ သာသနာပြု လုပ်ငန်းကို အကြောင်းပြု၍ KNU ထဲမှ DKBA အနေနှင့် ပုန်ကန်မှုကို စတင်ခဲ့ကြောင်းကိုပါ ဖော်ပြထားပေသည်။ ဆက်လက်၍ ယင်းစာအုပ်၌ပင် KNU အတွင်း အကွဲအပြဲကိစ္စကို ဖော်ပြထားရာ ၌ စောဘိုးနီ (ယခင်မဆလ ဗဟိုကော်မတီဟောင်းနှင့် ကရင်ပြည်နယ်ဒေသ ကော်မတီဟောင်း)နှင့် ရောဘတ်ဇန်(မန်းဘဇန်၏သား၊ ယခင် ဒီအောဘီ စစ်ကြောင်းမှူး)တို့ ပူးပေါင်း၍ ကိုယ်ပိုင်အဖွဲ့ဖြစ်သော "ကရင်သွေးစည်း ညီညွတ်ရေးအဖွဲ့" (KSO)ကို ဖွဲ့ကြ၍ ဒေါက်တာမာတာ (ယခင် KNU နိုင်ငံခြားရေးတာဝန်ခံ)မှ ကရင်အမျိုးသား ပြန်လည်ပေါင်းစည်းရေးအလုပ် အဖွဲ့ကို ဖွဲ့စည်း ကြောင်းကိုလည်း ဖော်ပြထားပေသည်။

(KNU)ခေါင်းဆောင်ဗိုလ်ချုပ်မြနှင့် သူ၏လက်ထောက်များသည် မာနယ်ပလော ကျပြီးနောက် မိမိတို့၏ အခြေအနေကို မှန်ကန်စွာ မသုံးသပ်ပဲ အကွဲအပြဲ ဇာတ်လမ်း (Spirit Story) ကိုစတင် ကပြကြပြန်လေသည်။

အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း မန်းရောဘတ်ဇန်က (မဆလ) ဟောင်း စောဘိုးနီနှင့် (KSO) ဇာတ်လမ်းတပုဒ်၊ ဒေါက်တာမာတာက သီးခြားဇာတ်လမ်း တပုဒ်နှင့် ပဒိုမန်းရှာက ဗိုလ်ချုပ်မြအား ဒုတိယဉက္ကဌနေရာ သို့ပို့ဆောင်ပြီး၊ ဗဒိုစောဘသင်အား KNU ဉက္ကဌတင်ဆက်သော ဇာတ်လမ်းများကို အသီးသီး ကပြခဲ့ကြလေသည်။

# ဗိုလ်ချုပ်မြ၏ နောက်ဆုံးနေ့။

မာနယ်ပလောကျဆုံးပြီးနောက် (KNU) ခေါင်းဆောင်များ နောက်ဆုံး ကျင်းပ သော (ကနဲလေး) အစည်းအဝေးသည် (KNU) အတွက် အရေးကြီး သကဲ့သို့ ကရင်အမျိုးသားသမိုင်းအတွက်လည်း အရေးကြီးပေသည်။ ယင်းအစည်းအ ဝေးတွင် ဉက္ကဌ(ဗိုလ်ချုပ်မြ)နှင့် အတွင်းရေးမှူးမန်းရှာတို့ ထိပ်တိုက်တွေ့ကြ သည်။

ဉက္ကဌဗိုလ်ချုပ်မြနေရာတွင် ဗဒိုဘသင်မှာ ဉက္ကဌ ဖြစ်လာသည်။ မာနယ်ပလော ကျဆုံးရာတွင် ဗိုလ်ချုပ်မြက သူ့တွင်တာဝန်ရှိသည့် နည်းတူ ထိုစဉ်က မာနယ်ပလောရှိ (KNU) ဗဟိုကော်မတီ ဝင်များမှာ သူ့စကား နားမထောင်ကြ ၍ တာဝန်တွေရှိကြောင်းကိုပါ ပြောပြသည်။

ယင်းအကြောင်းကို ကျွန်တော်သည် (VOB)တွင် အောက်ပါအတိုင်း ရေးသား ထားပေသည်။

ယင်း KNU တွင်းအကွဲအပြဲကိစ္စကို နောက်ဆုံး ဖေါ်ပြရာ၌ နဝတဘက်တွင်လည်းကောင်း KNU နှင့် ဗိုလ်ချုပ်မြဘက်တွင်လည်းကောင်း "မယ်သရောထ သဘောတူညီချက်"သည် အဓိက အချက်ဖြစ်၍ လာလေသည်။ ၁၉၉၇ ခုနှစ်တွင် ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး ဆက်လက် ဆွေးနွေးနိုင်ရန် ယင်းမယ်သရောထ သဘောတူ ညီချက်ကို ရုပ်သိမ်းပေးဘို့ စစ်အစိုးရက KNU အပေါ် ဖိအားပေးလာ၏။ ဤတွင် ဗိုလ်ချုပ်မြသည် ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန်အတွက် မယ်သရောထာ သဘောတူညီချက်များ အနက်မှ ၄ ချက်ကို ယာယီရုပ်သိမ်းပေးလိုက်၏။ ဤတွင်အဖွဲ့တွင်း၌ ပြဿနာတက်လာလေသည်။ ယင်းနှင့်ပတ်သတ်၍ ဗိုလ်ချုပ်မြသည် သူ၏စာအုပ်တွင် ခံစားချက်များဖြင့် အောက်ပါအတိုင်း ရေးသားဖေါ်ပြထားပြန် လေသည်။

"မာနယ်ပလော ရန်သူ့လက်ထဲ ကျရောက်သွား ပြီးနောက်တွင် ကျနော်တို့ "ကနဲလေး" မစ်ရှင်ကျောင်းတွင် ဗဟိုကော်မတီ အစည်းအဝေးပုလုပ်ခဲ့သည်။ ဤအစည်းအဝေးတွင် လူအများက ဥက္ကဋ္ဌစောဘိုမြအပေါ် အပြစ်တင်ကြသည်။ သူတို့က အခုလို မာနယ်ပလော ရန်သူ့လက်ထဲ ကျခဲ့သည်မှာ ဥက္ကဋ္ဌကြီးတွင် တာဝန်ရှိသည်။ ဥက္ကဋ္ဌကြီးကြောင့်သာ ကျခဲ့ရသည်ဟု ဆိုကြသည်။ ယင်းကြောင့် ဥက္ကဋ္ဌကြီးအနေဖြင့် တာဝန်မှ နတ်ထွက်ရမည်။ (စာ ၉၄)

ဆက်လက်၍ မယ်သရောထာ သဘောတူညီချက်ကို ဗိုလ်ချုပ်မြက ဖေါ်ပြထားပြန်သည်မှာ "ထိုအချိန်တွင် ခွန်မြ (ဦးခွန်မြ - ငြိမ်းချမ်းရေး အကျိုးဆောင်ပွဲစား) ရောက်လာပြီး အခုလို ပြောသည်၊ ရန်သူက ပြောပါသည်၊ မယ်သရောထာ သဘောတူညီချက်ကို ရုပ်သိမ်းပါက ကျနော်တို့နှင့် ပြန်၍ဆွေးနွေးမည်ဟု ဆိုသည်၊ ယင်းကြောင့် ပြန်လည်ပြီး ဆွေးနွေးနိုင်ရန် အတွက် ဒီသဘောတူညီချက်များထဲမှ အချက် ၄ ချက်ကိုသာ ယာယီရပ်ဆိုင်း လိုက်မိသည်၊ မယ်သရောထာ သဘောတူညီချက်အားလုံးကို ကျနော်ဖျက်သိမ်းခြင်း မလုပ်ခဲ့ပါ။ ဤကိစ္စနှင့် ပတ်သတ်ပြီး "ပဒိုမန်းရှာ" ကို ပြောပြပါသည်၊ ပဒိုမန်းရှာက ယခုကဲ့သို့ ပြုလုပ်ခြင်းဖြင့်တော်လှန်ရေးကို ထိခိုက်သည်ဟုဆိုသည်။ (စာ ၉၅)

ဆက်လက်၍ပင် ဗိုလ်ချုပ်မြသည် ခံစားချက်များဖြင့်ပင် ရေးသားထားပြန်သည်မှာ "ဤကိစ္စနှင့် ပတ်သတ်ပြီး ကျနော်တို့ အချင်းချင်း ပြေလည်အောင် ပြောကြဆိုကြပြီးဖြစ်သည်။ သို့ရာတွင် ၁၂ ကြိမ်မြောက် ကွန်ဂရက် အစည်းအဝေးကြီး နီးလာချိန်တွင် ပဒိုမန်းရှာက ခင်ဗျား မယ်သရောထာ သဘောတူညီချက်ကို ရုပ်သိမ်းလိုက်တာဟာ ကရင့်တော်လှန်ရေးရဲ့ ဂုဏ်သိက္ခာကို အကြီးအကျယ် ထိခိုက်စေတယ်ဟု ဆိုပြန်သည်။ ကျနော့ စိတ်ထဲတွင် ပြန်၍ တွေးမိသည်၊ ဤပြဿနာသည် ပြောပြဆိုပြ၍ ပြီးဆုံးသည်မှာ ကြာပြီ၊ ကွန်ဂရက် လုပ်သည့် အချိန်နီးကပ်လာမှ အဘယ်ကြောင့် ဤကဲ့သို့ ပြောရသနည်း။ ကျနော်တွေးမိသည်မှာ ကွန်ဂရက် ကိုယ်စားလှယ်များက ကျနော့် အပေါ် ယုံကြည်မှုနှင့် လေးစားမှု လျော့နည်း ကျဆင်းသွားရန် အတွက် လုပ်တာသာ ဖြစ်သည်" "ယင်းကြောင့် ကျနော်က သူ့ကိုပြောပါသည်၊ မယ်သရောထာကိစ္စနှင့် ပတ်သက်ပြီး ကျနော့်မှာ အပြစ်ရှိတယ်လို့ ပြောကြရင် ကျနော် လက်ခံပါတယ်။ သို့သော် မာနယ်ပလောတွင် ဖြစ်ခဲ့သည့် ပုန်ကန်မှုမှာ ဌာနချုပ်မှာ ရှိကြသည့် ဗဟိုကော်မတီဝင်များက ဥက္ကဋ္ဌ၏စကားကို နားမထောင်သဖြင့် ကရင့်တော်လှန်ရေး၏ ဂုဏ်သိက္ခာသည် မယ်သရောထာ ကိစ္စထက် အဆပေါင်း များစွာထိခိုက်ခဲ့ရသည်၊ ယင်းကြောင့် မယ်သရောထာ ကိစ္စနှင့် ပတ်သက်သည့် မှတ်တမ်းတင်မှုကို ကျနော်လက်ခံသည်။ ထို့နည်းတူစွာ ဗဟိုကော်မတီဝင်အားလုံးကလည်း ဥက္ကဋ္ဌကို မနာခံသဖြင့် မာနယ်ပလော ရန်သူ့လက်ထဲသို့ ကျဆုံးခဲ့ရကြောင်း မှတ်တမ်းတင်ရမည်" (စာ ၉၆)

ကျနော်သည် ယင်းစာပိုဒ်နှင့် စာသားများကို ဖတ်ရှုရင်းများစွာပင် မောဟိုက်သွားလေသည်။ အချို့သောကိစ္စများမှာ ယခင်ကျနော် လုံးဝမသိရသော ကိစ္စများပင် ဖြစ်ပေသည်။

ထိုအခိုက်၌ ဖဆလအကွဲအပြဲ အပေါ်တွင် ပြန်ကြားရေးဝန်ကြီးဟောင်း သခင်သာခင်မှ စာရေးဆရာမ ခင်နှင်းယုကို ပြောသည့်စကားများကို ကျနော် ပြန်လည်၍ အမှတ်ရ လိုက်မိပါ တော့သည်။

"မယုရေ ဖဆပလကွဲတဲ့ကိစ္စဟာ ငါတို့တတွေ အသည်းခွဲတမ်း ကစားကြတာပါ" (ခင်နှင်းယု၏ ကျမချစ်သူများ စာအုပ်)

မာနယ်ပလောကျဆုံးပြီးနောက်နှင့် (KNU) ဥက္ကဋ္ဌ ပဒိုစောဘသင် ဖြစ်လာပြီးနောက်တွင် ဘာမျှ မယ်မယ်ရရ မလုပ်နိုင်တော့ပါ၊

(၁) အချက်က ဒေါက်တာ မာတာ၊ ပဒိုကော်စိုး၊ ရောဘတ်ဇန်နှင့် ဒုတိယ ခေါင်းဆောင်များသည် အမေရိကန်သို့ ထွက်ခွါကုန်ကြသည်။

(၂) KNU ဥက္ကဋ္ဌ ဖြစ်လာ သော ပဒိုဘသင်မှာ ကျမ္မာရေးလည်း မကောင်း၊ နိုင်ငံရေး လမ်းစဉ်တခုလည်း မချမှတ်နိုင်စဉ် ကွယ်လွန်သွားလေသည်၊

(၃) ကျန်းမာရေး မကောင်းတော့သည့် ဗိုလ်ချုပ်မြသည် ဗိုလ်ချုပ်ခင်ညွှန့်နှင့် ဆက်သွယ်၍ မိမိကိုယ်တိုင် ရန်ကုန်မြို့သို့ သွားရောက်ကာ ငြိမ်းချမ်းရေး ဆွေးနွေးမှုကို ပြုလုပ်ခဲ့သေးသည်၊

(၄) ဗိုလ်ချုပ်မြ ရန်ကုန်မြို့မှ ပြန်ရောက်ပြီးနောက် (၂၀၀၆) ခုနှစ်တွင် ဗိုလ်ချုပ်ခင်ညွှန့်မှာ အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံရပြီး သူ့ထောက်လှမ်းရေး အုပ်စုတခုလုံးပါ ရှင်းလင်းခံရသည်။ ထိုစဉ်ဗိုလ်ချုပ်မြကိုယ်တိုင် ကွယ်လွန် ခဲ့ရရှာလေသည်။

# ကေအင်ယူနှင့် နှစ်ပေါင်းခြောက်ဆယ်

(KNU)၏ လက်နက်ကိုင် တော်လှန်ရေးသည် (၁၉၄၉) ခုနှစ်က စတင်ခဲ့သော ကြောင့် (၂၀၀၉) ခုနှစ်တွင် နှစ်ပေါင်း(၆၀) ပြည့်ခဲ့လေပြီ၊ ယင်း နှစ်ပေါင်း (၆၀) အတွင်း၌ အတွေ့အကြုံများစွာကိုပင် တွေ့ခဲ့ရလေသည်။ တဘက်တွင် မိမိက ဆန့်ကျင်တော်လှန်သော

(၁) ဖဆပလ အစိုးရ၊

(၂) ဗိုလ်ချုပ် နေဝင်း၏ အိမ်စောင့်အစိုးရ၊

(၃) ပထစ အစိုးရ၊

(၄) မဆလ အစိုးရ၊

(၅) ယခု နဝတ-နအဖ အစိုးရများ အထိပင်ဖြစ် ကြပေသည်။

ယင်းအစိုးရများ ချမှတ်ခဲ့သော နိုင်ငံရေးလမ်းစဉ်၊ စစ်ရေးလမ်းစဉ်များကိုလည်း (KNU)သည် အမျိုးမျိုး ရင်ဆိုင်ခဲ့ရပေသည်။ မိမိဘက်တွင် ရန်သူဖြစ်လိုက်၊ မိတ်ဆွေဖြစ်လိုက်ဖြင့် ပူးပေါင်းနေရသော အဖွဲ့များလည်း ရှိကြပေရာ ယင်းတို့မှာ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ပြည်သူ့ရဲဘော်များ ဖြစ်ကြပေသည်။ ယင်း နိုင်ငံရေးပါတီများသည် မိမိ၏ နိုင်ငံရေးလမ်းစဉ်၊ စစ်ရေးလမ်းစဉ်အပေါ်တွင် အစိုးရ၏ ဆန့်ကျင်တိုက်ခိုက်မှုအရ စောစီးစွာပင် ပြိုကွဲကျဆုံး ခဲ့ရရှာပေသည်။ ယခုအခါ (KNU) မျှလောက် နိုင်ငံရေးသက်တန်း မရှိသေးသော်လည်း အမျိုးသားရေးကို အကြောင်းပြု၍ အစိုးရကို တော်လှန်နေကြသူများမှာ ကရင်နီ၊ မွန်၊ ကချင်၊ ရှမ်း၊ ဝ နှင့် ချင်းများပင် ဖြစ်လေသည်။

ယင်းလူမျိုးစု လက်နက်ကိုင်များသည် တစုတပေါင်းတည်း တည်ရှိကြသည် မဟုတ်ပဲ အစုစုအပိုင်းပိုင်း ရှိနေကြသည်သာဖြစ်ပေသည်။ ယင်းလူမျိုးစု

လက်နက်ကိုင်များ၏ တည်ရှိမှုနှင့် တော်လှန်မှုသည် အမြင့်မားဆုံးအားဖြင့် မိမိ၏ အမျိုးသား ရေးတည်တန့် ခိုင်မြဲမှုပင်ဖြစ်ကြပေသည်။

(KNU)၏ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်ကြလျှင် (၁၉၄၉)ခုနှစ်မှ (၁၉၇၀) ခုနှစ်အထိ ခေါင်းဆောင်မှုတွင်

(၁) စောဘဦးကြီး၊

(၂) စောဟန်သာမွှေး

(၃) မန်းဘဇန် တို့ ဖြစ်ကြ၍၊

(၁၉၇၀) ခုနှစ်မှ (၂၀၀၉) ခုနှစ်အထိမှာ ဗိုလ်ချုပ်မြ ဟူ၍ သုံးသပ်၍ ရကြမည် ထင်သည်။

(KNU)၏နိုင်ငံရေးလမ်းစဉ်မှာ စောဘဦးကြီးမှ စောဟန်တာသာမွှေး အထိမှာ အမျိုးသားရေးလမ်းစဉ် တခုတည်းသာဖြစ်၍ မန်းဘဇန်၏လက်ထက်တွင် ဗမာပြည် ကွန်မြူနစ်ပါတီနှင့်သော်၎င်း၊ ဗမာဒီမိုကရေစီနှင့်သော်၎င်း၊ အခြေ အနေအရ ပူးပေါင်းဆောင်ရွက်ရေးတို့ ပင်ဖြစ်၏။ ဗိုလ်ချုပ်မြ၏ လက်ထက်တွင် ဗမာဒီမိုက ရေစီနှင့် ပူးပေါင်းဆောင်ရွက်ရေးမှာ ပိုမို၍ပွင့်လန်းလာခဲ့ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် လူမျိုးစုပြည်နယ်များ ဖြစ်ကြသော ကချင်၊ ချင်း၊ ကရင်၊ ကရင်နီ၊ ရှမ်းနှင့် မွန်၊ ရခိုင်တို့ အသီးသီးပြည်နယ်များ သတ်မှတ်နိုင် ခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နုနှင့် ဗိုလ်ချုပ်နေဝင်း အပါအဝင် ဗမာ ခေါင်းဆောင်များ၏ မြော်မြင်တွေးဆမှုကြောင့်ပင် ဖြစ်ကြပေသည်။ အထူး သဖြင့် ယင်းပြည်နယ်များသည် လက်နက်ကိုင်တော်လှန်ရေးထက် ဥပဒေ အတွင်း အရေးယူဆောင်ရွက်မှုက ပို၍အရေးပါပေသည်။ သာဓကတရပ်မှာ (၁၉၅၁) ခုနှစ် (KNU) တော်လှန်ရေး အထွတ်အထိပ်ရောက်ရှိနေချိန်တွင် ဦးနုနှင့် မန်းဝင်းမောင်တို့ ၏ ကြိုးပမ်းအားထုတ်မှုကြောင့်ပင် ကရင်ပြည်နယ်ကို ထူထောင်နိုင်ခဲ့ပေသည်။

# ကရင်လက်နက်မဲ့ တော်လှန်ရေးလား

"မာနယ်ပလောခရီးသည်" နောက်ဆုံးအခန်းကို ရေးသားနေချိန်တွင် ရပ်ဝေးနေ အမေရိကန် ပြည်ထောင်စုမှ ကရင်ဆရာမ လေးတဦး၏ တယ်လီဖုန်းသည် ဝင်လာလေသည်။ ဆရာမလေးက "နယူးဆောက်ဝေး"တွင် နေထိုင်သော သူမ၏ မိတ်ဆွေတဦးအကူအညီဖြင့် ကျွန်တော့် တယ်လီဖုန်းနံပါတ်ကို ရရှိကြောင်း ပြောပြရှာသည်။ ဆရာမလေးမှာ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သည်။ ကျွန်တော်က ဩစတြေလျားနိုင်ငံတွင် နေထိုင်သည်။ သူမ၏ အသက်အရွယ်မှာလည်း များစွာပင်ငယ်ရွယ်သေးသည်။ ကျွန်တော်နှင့် ဆရာမလေးတို့ တိုက်ရိုက်သိရန်ကားမလွယ်ပါ။ ယင်းအချက်ကိုသိသော ဆရာမလေးက သူမ၏အဘိုးနာမည်ကို ပြောပြရှာလေတော့သည်။ ဒေါက်တာ "ချစ်မောင်" အင်းစိန်ကျမ်းစာသင်ကျောင်းအုပ်ကြီး "ဒေါက်တာချစ်မောင်" လူချင်းမသိသော်လည်း နာမည်နှင့် ဂုဏ်ပုဒ်ကို ကျွန်တော် တခါတည်း သိသွားပါတော့သည်။ အမေရိကန်တွင် သမိုင်းဆရာမ တာဝန်ထမ်းဆောင်နေသော "အာဒက်မောင်" (Thawnghmung, Ardeth maung) ဖြစ်လေသည်၊ ဆရာမလေး "အာဒက် မောင်"က တယ်လီဖုန်းထဲက သူမသိလိုသည့် ကရင်နှင့် ပတ်သက်သည်များ ကို မေးရှာသည်၊ ပြီးလျှင် သူမရေးသားထားသည့် စာတန်းကိုပေးပို့ ပေးမည် ဖြစ်ကြောင်း ပြောပြလေသည်။

"အာဒက်မောင်" ကျွန်တော့်ထံ ဖုန်းဆက်သည်မှာ (၂၀၀၈)ခုနှစ်၊ ဇန်နဝါရီ ဖြစ်သည်၊ ထိုစဉ်ကကျွန်တော်သည် ဂျပန်နိုင်ငံ တိုကျိုရှိ (voice of Burma) အစောင်တွင် "ယုဒသန်နှင့်မြန်မာရွှေပြည်" အခန်းဆက်ကိုငှင်း၊ "မိုးသောက်ကြယ်" လစဉ်ထုတ် ဂျာနယ်တွင် မာနယ်ပလောခရီးသည် အခန်းဆက်ကိုငှင်း မပြတ်မလပ်ရေးသား နေချိန်ဖြစ်၍ များစွာပင် မအားမလပ်ဖြစ်နေသည်။ ထိုအချိန်တွင် သမီးဖြစ်သူ ရောက်လာသဖြင့် ကွန်ပြူတာတွင် အင်တာနက်နှင့်

"အီးမေးလ်" စတင် တပ်ချိန်ဖြစ်၍ "အာဒက်မောင်"၏ စာမူကို ထုတ်ယူရန်ပင် အခက်များကိုတွေ့နေရပေသေးသည်။ ဤသို့ဖြင့် (၂၀၀၉)ခုနှစ် ဒီဇင်ဘာလ တွင် ဆရာမလေး ရေးထားသော စာမူများကို အပြည့်အစုံ ထုတ်ယူနိုင်ပြီး အကြမ်း ဖျဉ်း ဖတ်ရှုနိုင်ပါတော့သည်။

# ကရင်နှင့်စာပေပြုစုခြင်း ဖတ်ရှုခြင်း

ကျွန်တော်တို့ ကရင်လူမျိုးများသည် စာပေ ဖတ်ရှုခြင်းနှင့် စာပေပြုစုရေးသား ခြင်းအလုပ်ကို မလုပ်ချင်ကြပေ၊ သူများ မလုပ်ချင်သော အလုပ်ကို ကျွန်တော် သည် ဝါသနာနှင့်တာဝန်အရ လုပ်ခဲ့ရပါသည်။ အထူးသဖြင့် စာပေရေးသား ခြင်း၊ စာပေထုတ်ဝေခြင်း၊ စာပေဖြင့် သက်မွေးဝမ်း ကျောင်းပြုလုပ်ခြင်းကို ကျွန်တော် အစဉ်တစိုက် လုပ်ဆောင်ခဲ့ရာ၊ ကောင်းသည် မကောင်းသည် အပထားပြီး ယခုအခါ ဝတ္ထုတိုပေါင်းပင် ကျွန်တော့်ဘဝ၌ (၇၈) ပုဒ်ထိ (ဝတ္ထုတိုပေါင်းချုပ်) ရေးသားပြီးစီးခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စုရောက် ကရင်ဆရာမလေး "အာဒက်မောင်" ရေးသား ပြုစုသောစာအုပ်မှာ " Struggle without Arms: The "other" Karen in Burma and the Dilemmas at Ethnic minorities" ဖြစ်၍ မြန်မာ ဘာသာဖြင့်ဆိုလျှင် "မြန်မာပြည်တွင်းရှိ အခြားသောကရင်များနှင့် ဝေခွဲရခက် သော လူမျိုးစုများ၏ လက်နက်မဲ့တော်လှန်ရေး" ဟု အဓိပ္ပါယ်ရမည် ထင်ပါ သည်။

ဆရာမလေး၏ စာအုပ်တွင် အခန်းပေါင်း (၇) ခန်းကို ခွဲထားသည်။ စာအုပ်ကို ရေးသားပြုစုရာတွင် ရောဝတီတိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်တို့အပြင် မဲဆောက်နှင့် ကရင်ဒုက္ခသည် စခန်းများအပါအဝင် လူပုဂ္ဂိုလ်များကို တွေ့ဆုံ

မေးမြန်းရာ၌ စောတူးတူးလေး (ခေါင်းဆောင်ကြီး စကောမောလေး၏သား) ကွယ်လွန်သူ ပဒိုမန်ရှာ။ ဩစတြေးလျားရှိ မန်းညွှန့်မောင်(မောင်စင်ကြယ်)ထံ တယ်လီဖုန်းဖြင့် အမေရိကားရောက် မန်းရောဘတ်ဇန် (မန်းဘဇန်)၏သား "KNU" စစ်သားဟောင်းများ၊ ခရစ်ယန်သင်းအုပ်ဆရာ၊ "KNU" ၏ သတ်ဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်၏ သားသမီးအဆက်အနွယ်အပါအဝင် ကရင်ဆရာမလေး "အာဒက်" ခင်မျာ ယင်းစာအုပ်အတွက် လေးနှစ်အထိပင် အချိန်ကုန်ခဲ့ရရှာလေသည်။

ဆရာမလေးသည် အမေရိကားရောက် သမိုင်းဆရာဖြစ်သောကြောင့် အကိုးအကားပြုသော စာအုပ်များမှာလည် အားကျဖွယ်ရာနှင့် မှတ်သားဖွယ်ရာ ကောင်းလှတော့သည်။ နောင်းခတ်စာအုပ်များ ဖြစ်သော စမီတန်(Smeaton)၏ သစ္စာရှိသောကရင် ( The Loyal Karen of Burma) စာအုပ်၊ ကုလသမဂ္ဂအတွင်းရေးမှူးဦးသန့်ကိုယ်တိုင် ချီးကျူးရသော ခေါင်းဆောင်ကြီးဒေါက်တာ စံစီပိုး၏ မြန်မာပြည်၏ကရင်များ (Burma of Karen) စာအုပ်တို့အပြင် ဆရာယုဒသန်၏ တပည့်များ ဖြစ်ကြသော ဟယ်ရီမာရှယ် (Harry Marshall) ၏ မြန်မာပြည်ရှိကရင်များ (The Karen people of Burma) အပါအဝင် ဤမှာဘက်ခေတ်၌ စမစ်ဒွန် (Smith Don) ၏ "လေးပေကာနယ်" (Four Foot Colonel) မာတင်စမစ် (Martin Smith) ၏ "မြန်မာ နိုင်ငံ၏ အကြမ်းဖက်မှုနှင့် လူမျိုးစုများ၏ နိုင်ငံရေး (Burma: Insurgency and the politics of Ethnicity ) တို့ဖြစ်ကြလျက် သည်မှာဘက်ခေတ်တွင် ရေးသားထားသော စာအုပ်စာတန်း များစွာနှင့် ပုဂ္ဂိုလ်များကိုလည်း ကိုးကားထား ပေးသေးသည်။ ဥပမာ အားဖြင့် လူသိနည်းသေးသော ဘစောခင် (Ba Saw Khin) နှင့် နီနီမာ (ကရင်ပြည်နယ် ဝန်ကြီးဟောင်း မစ္စက်ဘမောင်ချိန်၏ မြေးတော်သူ)တို့၏ အမြင်များကိုပင် ဆရာမလေးက တင်ပြထားခြင်းဖြစ်ပေသည်။

ကျွန်တော် နောက်ဆုံးတင်ပြလိုသည်မှာ နိုင်ငံအသီးသီးတွင် ဖြစ်ပွား ပေါ်ပေါက်နေသည့် လူမျိုးစုများ၏ပြဿနာကို ဆရာမ"အာဒက်မောင်" တင်ပြထားခြင်းပင်ဖြစ်လေသည်။ ယင်းကိစ္စများသည် ကမ္ဘာလုံးဆိုင်ရာအနေနှင့် ကြည့်လျှင် လူအချင်းချင်း တူကြသော်လည်း အသွေးအရောင် ဘာသာစကား ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် ကိုးကွယ်ဝတ်ပြုမှု မတူသည်ကိုအကြောင်းပြု၍ တဦးနှင့်တဦး၊ တဘက်နှင့်တဘက် ဆန့်ကျင်တိုက်ခိုက်မည့်အစား၊ နားလည်မှုရှိရှိဖြင့် စဉ်းစားကြရမည့် အချက်များ ပင်ဖြစ်ကြပေသည်။

မြန်မာနိုင်ငံတွင် ကရင်နှင့်တကွ ကချင်၊ ချင်း၊ ရှမ်း၊ မွန်၊ ရခိုင်၊ ဝ၊ ကရင်နီ တို့တွင် ပြဿနာ အသီးသီး ရှိနေကြသည့် နည်းတူ တူရကီနိုင်ငံတွင် ကဒ် (Kards) လူမျိုးများ ပြဿနာ၊ ဖိလိပိုင်နိုင်ငံ၊ မင်ဒါနို (Midnanao) ကျွန်းနေ မွတ်ဆလင် ဘာသာဝင် "မော်ရို" (Maro) များ ပြဿနာ၊ အရှေ့အလယ်ပိုင်းရှိ အစ္စရေးနှင့် ပါလက်စတိုင်းတို့ ပြဿနာ၊ မြောက်အိုင်ယာလန်ရှိ "ရိုမင်ကက်သိုလစ်" ပြဿနာ၊ ရုရှားပြည်ထောင်စုမှ ချေချင်ညာ (Chechngeans) မွတ်ဆလင်များပြဿနာ၊ အင်ဒိုနီးရှားနိုင်ငံမှ ပါပူဝါ (Papuans) လူမျိုးများ ပြဿနာ၊ မကြာခင်နှင့် လောလောဆယ်ထိ တရုတ်ပြည်မှ "တိဘက်" ပြဿနာနှင့် "ဆင်ကျန်ပြည်နယ်" ရှိ "ဝီဂါ" မွတ်ဆလင်များ၏ အုံကြွမှု ပြဿနာ၊ ပူပူနွေးနွေး မီးရှိန်ကြိုးသွားသော သီရိလင်္ကာနိုင်ငံမှ "တမီးလ်" လူမျိုးများ၏ အုံကြွမှုပြဿနာ ကိုဆရာမလေးက ဖေါ်ပြထားပေသည်။

ယင်းကမ္ဘာကြီး၏ ကြွေးဟောင်း၊ မြေဟောင်း ပြဿနာများကို လူမျိုးစုများက အကြမ်းဖက်၍ လက်နက်ဖြင့် ဖြေရှင်းရန် ကြိုးပမ်းသလို သက်ဆိုင်ရာနိုင်ငံများရှိ အစိုးရများကလည်း လက်နက်ဖြင့် အကြမ်းဖက်၍ ပြန်လည်ချေမှုန်းပစ်မည်ဆိုပါက ဒီတသက် ဆုံးနိုင်ဖွယ်ရာမရှိပါချေ။ ယင်းအချက်ကိုပင် ဆရာမလေး "အာဒက်" က ပြောပြထားပုံ ရရှိပေသည်။ မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်၏

"မာနယ်ပလောခရီးသည်" ထက် "အာဒက်မောင်" ၏ စာအုပ်သည် အစစအရာရာ မတူကွဲ ပြားသော လူသားများအတွက် များစွာပင် အကြိုးပြုနိုင်ပေလိမ့်မည်။ ဆရာမ "အာဒက်မောင်" က ကျွန်တော်၏ "ကရင့်ဘဝလေ့" စာအုပ်ကို ကိုးကားထားသည်ကို တွေ့ရသောအခါ မြန်မာနိုင်ငံတွင် ထုတ်ဝေခွင့် မရခဲ့သောကြောင့် ဘန်ကောက် အရောက်တွင်မှ ထုတ်ဝေရသော ကျွန်တော်၏ "မြန်မာပြည်ချစ် ကရင်အမျိုးသား ခေါင်းဆောင်များ" စာအုပ်ကို ဆရာမလေးအား မျှဝေချင်ပါသည်။ ယင်းစာအုပ်သည် ကျွန်တော် ပြည်ထောင်စု ကရင်အဖွဲ့ချုပ် (UKL) သို့ ရောက်လာပြီးနောက် စုဆောင်းလာခဲ့သော စာအုပ်ဖြစ်သည့်အပြင် ရေးသားရာတွင် ဝါရင့်စာရေးဆရာဖြစ်လာပြီး နောက်၌ ရေးသားထားသော စာအုပ်ဖြစ်သော ကြောင့်ဖြစ်ပေသည်။

ကျွန်တော်သည် မာနယ်ပလောတွင် ရှိနေစဉ်တွင်၎င်း၊ မာနယ်ပလောက ထွက်လာပြီး နောက်တွင်၎င်း၊ ဆောင်းပါးများ၊ ဝတ္ထုများ၊ ကဗျာများ အမြောက်အများကို ရေးသားခဲ့ပါသည်။ လောလောဆယ်အားဖြင့် ဘန်ကောက်တွင် ကွန်ပြူတာရိုက်နေသော "ဝတ္ထုတိုပေါင်းချုပ်"စာအုပ်၊ နယ်သာလန်တွင်ရောက်ရှိနေသော "စောဟန်ညွှန့်" ထံတွင် "လေထီးဆင်း သမ္မတကြီး မန်းဝင်းမောင်" စာအုပ်၊ ယခုကျွန်တော့်လက်ထဲတွင် ကွန်ပြူတာရိုက်ပြီးနေသော "မာနယ်ပလော ခရီးသည်" စာအုပ်နှင့် နောက်ထပ် သူရဲကောင်း နလုံးသား တအုပ်နှင့် "ယုဒသန်နှင့် မြန်မာရွှေပြည်"ပေါင်း နှစ်အုပ်လည်း ရှိနေပါသေးသည်။ ကျွန်တော်သည် ဩစတြေလျားနိုင်ငံတွင် စာရေး၍ ထမင်းစားနေရသည် မဟုတ်ပဲ၊ ထမင်းစားပြီးမှ စာရေးနေခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်တော်၏ စာအုပ်များကို ထုတ်ဝေချင်စိတ် ရှိသူတိုင်းအား ဖိတ်ခေါ်အပ်ပါသည်။ နိဂုံးအားဖြင့်မူ မာနယ်ပလော ကျဆုံးသွားသောအခါ ကျွန်တော်သည် မည်သူ့ကိုမျှပင် ဝေဘန်ခြင်း၊ ပစ်တင်ခြင်းမပြုပဲ အောက်ပါ ကဗျာလေးကိုသာ ရေးသားမိကာ ပူဆွေးမိပါတော့သည်။



**ဗိုလ်ချုပ်မြ အကိုနှင့်အတူ**

# နှောင်တ

အဘိုး၏အိမ် စည်းစိမ်ချမ်းသာ
ရှိစဉ်ခါက သူကတမျိုး၊
ငါတမျိုးနှင့် တန်ဖိုးမထား
သွေးချင်းများပင် သားရင်းမပီ
ခိုက်ရန်မြည်လျက် မညီမညွတ်
သတိချွတ်ခဲ့ ......

အဘိုးဂုဏ်သိန် ထွန်းပချိန်တွင်
ရှိန်ရှိန်ဝင်းပြောင်
ဆင်းအရောင်သည်
ရွှေတောင်အလား
ဂုဏ်မြင့်မားလည်း
ပွဲများမရှိ အသိကင်းကွာ
မလိမ်မာချေ သူငါတမျိုး

လက်ညှိုးထိုး၍ ရန်ညှိုးရန်စ
ပွဲခဲ့ကြ၏......
ယခုအခါ ဘိုးဂေဟာသည်
မြေမှာပြိုလဲ မီးလောင်စွဲလျက်
ဘိုးလည်းမရှိ ဘမရှိနောက်
နွမ်းသွေ့ချောက်ကာ
တောင်မြောက်လူးလာ
ခိုကိုးရာကို ရှာဖွေကြရင်း
မီးလောင်ကွင်း၌ သားချင်းသိကြ
နှောင်တရသည် နှောင်မှရသော
နှောင်တတွေပါတကား ......

(၁၉၉၄ ခုနှစ်ဆီသို့ ....)
(မောင်စင်ကြယ်)

# မာနယ်ပလောမှ ပျောက် ပြန် ကွယ် များ။

တော်လှန်ရေးတရပ်တွင် တောထဲဆင်းလာစဉ်က လူတိုင်း အားမာန်အပြည့်ဖြင့် ဆင်းလာကြသည်။ ထိုမှ တောထဲတွင် အနေကြာလာသောအခါ လူလူချင်း ပြဿနာ နှင့် နိုင်ငံရေး ပြဿနာသည် အနေအထားမျိုးစုံမှ ပေါ်ပေါက်လာ တော့သည်။ ယင်း ပြဿနာနှစ်ရပ်ကို ပထမဆုံးတောတွင်း၌ ရင်ဆိုင်သွားရ သူမှာ သခင်စိုးနှင့် သခင်သန်းထွန်းတို့ပင် ဖြစ်ကြသည်။ လက်နက်ကိုင် တော်လှန်ရေးဖြစ်၍ ဒီမိုကရေစီလည်း မရှိလေရာ အချို့မှာ လက်နက်ချ အညံ့ခံ၍ တောမှ မြို့သို့ ပြန်သွားကြသည်။ အချို့မှာ တိုက်ပွဲတွင်ငင်း အချင်း ချင်း သတ်ဖြတ်၍ငင်း သေဆုံးခဲ့ရလေသည်။ ဗကပ၏ ဖြုတ် ထုတ် သတ် လမ်းစဉ်နှင့်  မြရာပင် ဇာတ်လမ်းသည် မြန်မာနိုင်ငံရေးတွင် အကောင်းဆုံး သင်ခန်းစာတရပ်ပင် ဖြစ်လေသည်။

ဗကပ တို့၏ဇာတ်လမ်းပြီးသည့်နောက် ဦးနုနှင့် ဗိုလ်လက်ျာ တို့၏ လက်နက် ကိုင်ဇာတ်လမ်း ဖြစ်လာလေသည်။ ဦးနုနှင့် ဗိုလ်လက်ျာတို့တတွေ နိုင်ငံရေး အယူအဆ ကွဲကြပြီးနောက် ဦးနုသည် လက်နက်ကိုင် တော်လှန်ရေးမှ ထွက်သွားပြီး ဗိုလ်လက်ျာခေါင်းဆောင်မှု ဖြစ်လာသည်။ ဤတွင် အခြေအနေ များကို ဗိုလ်လက်ျာမှာ ထိန်းမရ သိမ်းမရ ဖြစ်လာသည်။ နောက်ဆုံးတွင် ဗိုလ်လက်ျာခေါင်းဆောင်မှု အတွင်း ထိန်းမရ သိမ်းမရ ဖြစ်လာပြီး ဗိုလ်လက်ျာ သားအဖနှင့် ဗိုလ်စကြာတို့မှာ အချင်းချင်း သတ်ဖြတ်ခြင်းကို ခံရရှာလေသည်။ အရေးပါသူ ခေါင်းဆောင် နှစ်ဦးဖြစ်သော ဗိုလ်ချုပ်သွင်(ဦးသွင်)နှင့် သံမဏိ ဗိုလ်ခင်မောင်တို့ခင်မျာ ဖျားနာ၍ အသီးသီး ကွယ်လွန်သွားကြ ရှာလေသည်။

အထက်ပါ အဖြစ်အပျက်များ နောက်ပိုင်းတွင် ထိပ်ပိုင်းခေါင်းဆောင်ဟူ၍ အတိအပ ပါမလာပဲ (၁၉၈၈) ခုနှစ် အရေးအခင်းတွင် တောတွင်းသို့ ရောက်

လာသော လူငယ်ကျောင်းသားများပင်ဖြစ်ကြသည်။ ယင်းကျောင်းသားလူငယ် များအား ကရင်တော်လှန်ရေး (ကေအင်ယူ)မှ တာဝန်ရှိသူများမှ စစ်သင်တန်း ပေးခြင်း တပ်ဖွဲ့များ ဖွဲ့စည်းပေးခြင်းလောက်သာ လုပ်ပေးနိုင်ပြီး ခေါင်းဆောင် မှုတွင် တိတိပပ မရှိသောကြောင့် နောက်ပိုင်းတွင် မလိုအပ်သည်များ ရှိလာ လေသည်။ ယင်းအမြင် မကြည်လင်မှုတွင် မိမိတို့တပ်ဖွဲ့ချင်း ရန်ရှာခြင်း တဦးကိုတဦး အကောင်းမထင်ခြင်းမှ (ကေအင်ယူ)ကိုပါ မကောင်းမြင်များ ရှိလာ လေသည်။



**ဗိုလ်မှူးကြီးစိန်မြ။**



**ဗိုလ်ကြီး လှငွေ။**

အထူးသဖြင့် ကျောင်းသားတပ်ဖွဲ့ ခေါင်းဆောင် တဦးဖြစ်သူ နေဝင်းအောင် သည် ဒေါင်းကွင်းကျောင်းသားအချုပ်တွင် နှစ်ချီချုပ်နှောင်ခံရပြီး မာနယ်ပလော အရေးအခင်း ပေါ်ပေါက်သောအခါတွင်မှ ထွက်ပြေး လွတ်မြောက် သွားတော့ သည်။ နေဝင်းအောင်နည်းတူ မထင်မရှားမှ ထင်ထင်ရှားရှားထိ ပျောက် ပြန် ကွယ် များ အများအပြားပင် ရှိလေသည်။ ယင်းအထဲမှ ဗိုလ်မှူးကြီးစိန်မြမှာ ဘုရားသုံးဆူစခန်းမှ မာနယ်ပလောတွင် လာရောက် နေထိုင်စဉ် အသက်

အရှယ်အရ ဇင်းမယ်ဆေးရုံတွင် တက်ရောက်ရင်း ကွယ်လွန်သွားရှာလေသည်။ စစ်အရာရှိဟောင်း နှစ်ဦးဖြစ်သော ဗိုလ်ကြီးမင်းသိမ်း(တပ်မှူးငယ်)နှင့် ဗိုလ်ကြီး လှငွေတို့ နှစ်ဦးတွင် တဦးမှာ မာနယ်ပလောမှ ဒေါင်းကွင်းတွင် သွားရောက် နေထိုင်စဉ် ပျောက်ကွယ်သွားလေသည်။ ဗိုလ်ကြီးမင်းသိမ်းမှာ မာနယ်ပလော ကျပြီးနောက်ပိုင်းတွင်မှ မဲဆောက်နယ်အတွင်း၌ ပျောက်ဆုံးသွားရှာသည်။



**ဗိုလ်ကြီး မင်းသိမ်း။**



**ခိုင်စောထွန်း။**

ထိုသူများအနက်မှ ရခိုင်ခေါင်းဆောင်နှင့် ရှေ့နေတဦးဖြစ်သော ခိုင်စောထွန်း နှင့် ဒေါက်တာစိန်ဝင်းအစိုးရ အဖွဲ့ဝင် ဦးမြင့်မောင် အိမ်မဲ မဲဆန္ဒနယ်တို့ နှစ်ဦးမှာ တဦးမှာ လေယာဉ်ပျံဖြင့် ရန်ကုန်သို့ ပြန်သွားပြီး။ တဦးမှာ ကော့သောင်းမှ သင်္ဘောဖြင့် ရန်ကုန်သို့ ပြန်သွားရာ ခိုင်စောထွန်းမှာ ရန်ကုန်တွင် ကွယ်လွန်သွားကြောင်းသိရသည်။ တောထဲရောက်ခါ မှ ပျောက် ပြန် ကွယ်များ ဖြစ်ရသည်မှာ သခင်စိုးနှင့် သခင်သန်းထွန်း လက်ထက်တွင် လည်း ရှိခဲ့ပါသည်။

ဦးနနှင့် ဗိုလ်လက်ျာတို့ လက်ထက်တွင်လည်း ရှိခဲ့ရုံမျှမက ဗိုလ်လက်ျာ ကိုယ်တိုင် လုပ်ကြံခံရသည်။



**ဝန်ကြီး ဦးမြင့်မောင်။**

(၁၉၈၈)ခုနှစ် အရေးအခင်းတွင်ကား ပြောစရာပင် မရှိတော့ပါချေ။ ဤသည် နှင့်ပတ်သက်၍ စောဟန်တာသာမွှေးမှ အင်းစိန် တောင်သူကုန်းဘုရားကျောင်း တွင် ပြောဆိုသွားရာ၌ ရန်သူ့ကြောင့် သေဆုံးရသည်ထက် အချင်းချင်းကြောင့် သေဆုံးရမှုသည် မိမိတို့အတွက် အဆမတန် များပြားပါကြောင်း ပြောဆို သွားခြင်းပင် ဖြစ်ပါသည်။

# မာနယ်ပလော အကြောင်း သိကောင်းစရာ

(၁)

"နွယ်နီ" ရေ ... အန်ကယ်ရဲ့ တဝက်တပြက် "မာနယ်ပလောခရီးသည်" ကို "မဲလ်ဘန်းမြို့" ရှိ "ကမ္ဘာ့အေးဘုန်းတော်ကြီးကျောင်း" မှာ ဒို့တတွေ ဆုံကြ ရင်းနဲ့ အားလုံးရဲ့ တိုက်တွန်းချက်အရ "နွယ်နီ" က ပြီးအောင် ရိုက်ပေးမယ် ဆိုတာကို ဝမ်းလဲဝမ်းသာ ကျေးဇူးလဲ တင်ပါတယ်ကွယ်။



မနွယ်နီထွန်း BBA

"ဟုတ်ကဲ့အန်ကယ် အန်ကယ်တို့ "နွယ်နီ"တို့ က ဘန်ကောက်မှာ နေစဉ်ကထဲက လုပ်ဖေါ်ကိုင် ဘက် တွေပဲ အန်ကယ်၊ အန်ကယ် စာရေးတယ် ဆိုတာကလဲ နိုင်ငံရေး လုပ်တာပဲ မဟုတ်လား အန်ကယ်"

"ဒါပေ့ါနွယ်နီ ဒီလိုဘဲ နားလည်စေချင်ပါတယ်"

"ဘုန်းကြီးကျောင်းမှာ မပြီးသေးတဲ့ အကြောင်း အရာ တခုကို မေးချင်တယ် အန်ကယ်"

"မေးစမ်းပါနွယ်နီ၊ မေးမဲ့သူရှိမှပဲ စာရေးဆရာ ဆိုတာ ဖြေစရာရမယ်ပေ့ါ မဟုတ်လား"

"ကရင်လူမျိုးဆိုတာ "စကော" နဲ့ "ပိုး" တော့ နေရာတကာမှာ တွေ့နေရတော့ သိရပြီးဖြစ် တယ် ကျန်တဲ့ ကရင်လူမျိုးတွေလဲ သိပါရစေဦး အန်ကယ်"

"နွယ်နီရေ ကရင်လူမျိုးအများစုက တောင်ငူနဲ့ သံတောင်နယ်စပ်မှာ အနေများပါတယ် ရှေးတုံးက ကရင်လူမျိုးများ စာရင်းတွေကိုပြုစုရာမှာ နိုင်ငံခြားသားသာသနာပြုဆရာတွေရယ်၊ ဗြိတိသျှခေတ်က မြို့အုပ်၊ မြို့ပိုင်တွေရယ်၊ သူတို့ပဲ ပြုစုကြပါတယ်။ သံတောင်ဆိုတာကလဲ "ကယား" ပြည်နယ်နဲ့ ဆက်စပ်နေတယ်လေ၊ ကိုယ်တို့ မြစ်ဝကျွန်းပေါ်၊ ပဲခူးတိုင်း၊ တနင်္သာရီ တိုင်းနဲ့ ကရင်ပြည်နယ်တွေမှာတော့ ကရင်ဆိုရင် "စကော" နဲ့ "ပိုး" ပဲရှိကြတယ်ကွယ့်။"

"နားထောင်ပါရစေအန်ကယ်"

"မောင်စင်ကြယ်ရဲ့ အမျိုးသားစာပေဆုရတဲ့ ကရင်ဘဝလေ့ရယ် သူဘန်ကောက် အရောက်မှာ ထုတ်ဝေတဲ့ "မြန်မာပြည်ချစ် ကရင်အမျိုးသားခေါင်းဆောင်များ" စာအုပ်ရယ်၊ အချိန်ရရင် ကြုံကြရင် နွယ်နီတို့ဖတ်ကြဖို့ကောင်းပါတယ်။"

"ဖတ်ချင်ပါတယ် အန်ကယ်၊ စာအုပ်တွေရဖို့ကတော့ ခက်ပါတယ်။"

(၂)

"မြန်မာအစ တကောင်းက" ဆိုတာ စာဆိုသာ ရှိပါတယ်၊ ပုဂံခေတ် တခုလုံးမှာ မြန်မာကို အစ လိုက်ရှာရပါတယ်။ ကရင်ကတော့ "မြစေတီကျောက်စာ" မှာ ဖေါ်ပြထားတာက "စကြော" ပဲရှိတယ် "စကြော" ကို "စကော" လို့ခေါ်ရင်လဲ ရသပေါ့၊ ဗြိတိသျှခေတ် ယာယီ မဟာမင်းကြီး ဒေါလ်နယ်မက္ကင်ဆီ စမီးတန် (Donald Mackensie Smeaton , M.A ) ရေးတဲ့ (The Loyal Karens of Burma) မြန်မာပြည်ရှိ သစ္စာရှိကရင်များ စာအုပ်ရယ်၊ ခေါင်းဆောင်ကြီး ဒေါက်တာ "စံစီဖိုး" ရေးသားတဲ့ "မြန်မာပြည်နှင့် ကရင်များ" (Burma and Karen) စာအုပ်ရယ်ဖတ်ဖို့ ကောင်းတယ်ကွဲ့၊ အထူးသဖြင့်

"ဟုတ်ကဲ့ အန်ကယ်ဆက်ပါဦး"

"သစ္စာရှိကရင်များ စာအုပ်မှာ စကောကရင် "Shghaw" (Sgaw) ပိုးကရင် "Pahos" (Pwos) ကွဲပြားတာရယ်၊ ကရင်နီ (Karen-nees) သို့မဟုတ် (Red Karens) ကွဲပြားတာရယ် ယနေ့ "ပကူးကရင်" ခေါ်တဲ့ "Bghai" ကိုရော ဖေါ်ပြထားပါတယ်"

"ဆက်ပါဦးအန်ကယ်"

"ဆက်လက်ပြီး ဗြိတိသျှအရာရှိကြီးနဲ့ စာရေးဆရာကြီး "စမီးတန်" ဟာ ကရင်တို့ရဲ့ ဘာသာစကား၊(ဘာသာဗေဒ)၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ သီချင်း၊ ရိုးရာပုံပြင်နဲ့ "စကော" က (ဖခင်ဘက်) "ပိုး" က (မိခင်ဘက်) လိုက်ပါလာပြီး ကွဲကွာသွားတာကိုလဲ ရေးသားထားပါတယ်"

" ဒါဆို အတော်ပဲ စုံတာပေါ့ အန်ကယ်"

(၃)

"ဒီဘက်ခေတ်၊ လွတ်လပ်ရေးခေတ် ကရင်ပြည်နယ် သတ်မှတ်တော့မယ် ဆိုတော့ "ရီး ဝီလျံ ကော်မရှင်" (Rees - Williams Commission) ရဲ့ စုံစမ်းရေး အစီရင်ခံစာအရ၊ တရားရေးဝန်ကြီး ဦးခင်မောင်လတ်၊ ကရင်ရေးရာကောင်စီ သဘာပတိ "စောနော်တင်ဘွား"နဲ့ အရာရှိကြီး (၉) ဦးပါဝင်တဲ့ အဖွဲ့ရှိပါတယ်"

"သိပါရစေအန်ကယ်"

ဒီစုံစမ်းရေးအဖွဲ့မှာလာရောက် စစ်ဆေးခံသူတွေကတော့ စောဘတ္တလာ (ဒုတိယအတွင်းဝန်)၊ စောဂျွန်ဆင် ဒီဘိုမင်း၊ ဗိုလ်မှူးဘရှင် (ဘီအေ ရာဇဝင် ဂုဏ်ထူး)

ဆရာဂျေ-လှကျော် အင်္ဂလိကန် ခရစ်ယန်ဂိုဏ်းအုပ်တောင်ငူ၊ ပါမောက္ခ ဦးအေးမောင် မြန်မာစာ ပါမောက္ခ (ရန်ကုန်တက္ကသိုလ်) တို့ပါပဲ"
"ဟုတ်ကဲ့အန်ကယ်"

"၁၉၃၁ ခုနှစ်၊ လူဦးရေသန်းခေါင်စာရင်းအရ ကရင်လူမျိုး(၁၇) မျိုးဆိုတာ ရယ်၊ (၁၉၃၅)ခုနှစ် မြန်မာပြည် စီရင်အုပ်ချုပ်မှု အက်ဥပဒေအရ ဘုရင်ခံ မင်းကြီးရဲ့ ကြေညာချက်အရ၊ ကရင်လူမျိုး (၁၁) မျိုးမှ ကရင်လူမျိုး (သို့မဟုတ်) တောင်သူလူမျိုးဆိုတဲ့ အချက်ရယ် ခွဲထုတ် စိစစ်ကြပါတယ်"

"ဟုတ်ကဲ့အန်ကယ်"

"အဲဒီမှာ ကိုယ့်ရဲ့ "မြန်မာပြည်ချစ်" စာအုပ်မှာ အောက်ပါအတိုင်း ဖေါ်ပြထားပါ တယ်"

"သိပါရစေအန်ကယ်"

အစည်းအဝေး(၁၅)ကြိမ်၊ သက်သေခံကြားနာ စစ်ဆေးချိန်(၉)ကြိမ်၊ အချင်း ချင်း အပြန် အလှန် ဆွေးနွေးချိန်(၆)ကြိမ် ပြုလုပ်ခဲ့တယ်။

အဓိကအချက်ကြီး(၇)ချက်
စောနော်တင်ဘွား ပါဝင်သော ကရင်လူမျိုးများ စုံစမ်းရေးကော်မရှင်သည် ကရင်လူမျိုးစု အတွင်း ပါဝင်သင့် မသင့် စဉ်းစားရာတွင်

အောက်ပါအချက်(၇)ချက်ကို မူတည်၍ စဉ်းစား ဆုံးဖြတ်မည်။
(၁) တောင်သူလူမျိုးများ ပြဿနာ၊
(၂) ပဒေါင်လူမျိုးများ ပြဿနာ၊
(၃) ပကူး၊ မိုးနဲပွား၊ ကရင်ဖြူ၊ ဂဲကိုး၊ ဘရိတ်၊ ရင်းဘော်၊ ဇယိန် လူမျိုးများ ပြဿနာ၊
(၄) အခြားလူမျိုးစုများ ပြဿနာ၊
(၅) ပုဒ်မ-၈၃(၃)မှ အင်္ဂလိပ်စာမူနှင့် မြန်မာစာမူ ပြဿနာ၊
(၆) မြန်မာပြည်မ၏ ပြင်ပတွင်နေထိုင်ကြသော ကရင်လူမျိုးစုအတွက် အထူး ကရင် မဲဆန္ဒနယ်များ သတ်မှန်ရာ၌ ထည့်သွင်း ရေတွက်သင့်မသင့်၊

(၇) အမတ်ဦးရေတွက်ချက်ရာ၌ နိုင်ငံသားမဟုတ်သူများကို ရေတွက်ရာ၌ ချန်လှပ် သင့်မသင့်၊

ဦးစွာ ပထမအနေဖြင့် ပအို့ဝ်တောင်သူ လူမျိုးများအား ကရင်လူမျိုးစုတွင် ဆက်လက်၍ ထည့်သွင်းသင့် မသွင်းသင့် စဉ်းစားဆုံးဖြတ်ရာတွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်ကြသည်။



- ဦးစံညွှန့် (သထုံတောင်သူအမတ်)
- သထုံခရိုင်ပအို့ဝ်တောင်သူအစည်းအရုံး
- ရှမ်းတောင်သူအစည်းအရုံး
- စောဘတ္တလာ (ဒုတိယအတွင်းဝန်)
- စောဂျွန်ဆင်ဒီ - ဘိုးမင်း (တောင်ငူအမတ်)
- ဗိုလ်မှူးဘရှင် (ရာဇဝင်ဆရာ)
- ဦးအေးမောင် (မြန်မာစာပါမောက္ခ)
- ရှမ်းပြည်တောင်ပိုင်း (တောင်ကြီး ပအို့ဝ်တောင်သူများ အစည်းအရုံး)
- ဆရာ ဂျေ-လှဂျော် (အင်္ဂလိကန် ခရစ်ယာန်ဂိုဏ်းအုပ်)

အထက်ဖေါ်ပြပါပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏ သက်သေခံထွက်ဆိုချက်များအရ ကော်မရှင်သည် ဆုံးဖြတ်ချက် (၁) အနေနှင့် "ကရင်လူများဆိုသော စကားအဓိပ္ပါယ်တွင် တောင်သူလူမျိုးကို ထည့်သွင်းဖြင်း မပြုရန်" ဆုံးဖြတ်ခဲ့ သည်။

ယင်းကော်မရှင်၏ ဆုံးဖြတ်ချက်ကို စောနော်တင်ဘွားက ကန့်ကွက်ခြင်း မပြုသော်လည်း အောက်ပါဖြည့်စွက်ချက်ဖြစ်သည့် ရှေ့အနာဂါတ်ကာလတွင် တောင်သူလူမျိုးများ စိတ်ဆန္ဒပြောင်းလွဲလာခဲ့ပါလျှင် အချိန်မရွေး ဤဆုံးဖြတ်ချက်ကို ပြင်ဆင်နိုင်သည်။ ယင်းဖြည့်စွက်ချက်ကို ကော်မရှင်က မှတ်တမ်းတင် ခဲ့သည်။

(၄)

"လွတ်လပ်ရေးရတယ်၊ ကရင်ပြည်နယ် သတ်မှတ်နိုင်ခဲ့တယ်၊ အဲဒီတောင်သူ လူမျိုး (ပအိုဝ့်)နဲ့ ပဒေါင်လူမျိုးတွေက ကရင်ထဲက ထုတ်ပယ်ခံရတာတော့ သိရပါပြီအန်ကယ်၊ ကျန်တာတွေလဲ သိပါရစေဦး"

"တခါတလေကျတော့ နိုင်ငံရေးနဲ့ လုပ်တဲ့ဟာတိုင်းဟာ မှန်တာတွေလဲ ရှိပါတယ် ကိုယ့်ရဲ့ "မြန်မာပြည်ချစ်" စာအုပ်ကိုဖတ်ကြည့်ပါ။"

"ဟုတ်ကဲ့ပါအန်ကယ်"




ကော်မရှင်၏ ဆုံးဖြတ်ချက်(၂)မှာ ပဒေါင်လူမျိုးများနှင့်ပတ်သတ်၍ ကရင် လူမျိုးအစုတွင် ဆက်လက်ထည့်သွင်း သင့်မသင့် စဉ်းစားရာ၌ အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်ကြသည်။

-စောဂျွန်ဆင်ဒီ -ဘိုးမင်း -စောဘတ္တလာ -ဗိုလ်မှူးဘရှင် -ဆရာဂျေ-လှဂျော် တို့ဖြစ်ကြသည်။

ကော်မရှင်သည် အလေးအနက် စဉ်းစားပြီးနောက် ကရင်လူမျိုးဆိုတာ စကားအဓိပ္ပါယ်တွင် ပဒေါင်လူမျိုးများအား ထည့်သွင်းခြင်းမပြုရန် ဆုံးဖြတ်ချက် (၂) ဖြင့် ဆုံးဖြတ် လိုက်သည်။

"ကျွန်တော်သည် ထိုင်း-မြန်မာနယ်စပ်သို့ရောက်ရှိ၍ မဲဟောင်ဆောင် အတွင်း လှည့်လည်ခဲ့စဉ် တနေ့သ၌ "နန့်ဆွယ်" ချောင်းအလွန် "ရွာသစ်" အနီး၌ ကမ္ဘာလှည့် ခရီးသည်များအား အထူးအဆန်း အဖြစ်ကြည့်ရန် ဓါတ်ပုံတွဲ ရိုက်ရန် ပြသထားခြင်း ခံနေရရှာသော မြန်မာနိုင်ငံမှ လည်ပင်းငွေကွင်းစွပ် ပဒေါင်အမျိုးသမီးငယ်များကို မြင်ရလျှင် အထက်ပါဆုံးဖြတ်ချက်ကို ပြန်လည်၍ သတိရကာ စိတ်မကောင်း ဖြစ်ခဲ့ရပါသည်။"



ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များသည် ဆုံးဖြတ်ချက် (၃) အတွက် ကရင်လူမျိုးအစုတွင် (ပကူး၊ မိုးနဲပွား၊ ဘွဲ၊ ကရင်ဖြူ) များကို ထည့်သွင်း သင့်မသင့် ပထမစဉ်းစားပြီး နောက် ဒုတိယအားဖြင့် (ဇယိန်၊ ဘရဲက်၊ ရင်းဘော်၊ ဂဲကိုး) လူမျိုးများအား ကရင် လူမျိုးအစုတွင် ထည့်သွင်း သင့် မသင့် စဉ်းစားကြ၏။

ဤတွင် ကော်မရှင်၏ ဆုံးဖြတ်ချက် (၃)၌ (ပကူး၊ မိုးနဲပွား၊ ဘွဲ၊ ကရင်ဖြူ)

များအား ကရင်အဖြစ်ထည့်သွင်းပြီး (ဇယိန်၊ ဘရဲက်၊ ရင်းဘော်၊ ဂဲကိုး) တို့အား ကရင်အစုတွင် ထည့်သွင်းဖေါ်ပြခြင်း မပြုရန် ဆုံးဖြတ်လိုက်ကြသည်။ ထိုမှ ကော်မရှင်အဖွဲ့ဝင်များသည် အခြားလူမျိုးစုများ အမည်ဖေါ်ပြထားသော လူမျိုးစု(၁၀)စုအား ကရင်လူမျိုးအစုတွင် ထည့်သွင်းဖေါ်ပြရန် သင့်မသင့် ဆုံးဖြတ်ချက်(၄)အတွက် ဆက်လက် စဉ်းစားကြ၏။

| | |
|---|---|
| (၁)ယင်းတလဲ | (၆)ကလော်လက် |
| (၂) လထခေါင်းတို | (၇) ဘဂိုး |
| (၃) မနူးမနော | (၈) ကွာချီ |
| (၄) ဂဲဘား | (၉) ကလောချီ |
| (၅) ကိုဒစ် | (၁၀)ဘောလက်တို့ ဖြစ်ကြသည်။ |

ယင်းအခြားလူမျိုးစု(၁၀)စုမှာ-

ယင်းလူမျိုးစု(၁၀)စုအနက်မှ (ယင်းတလဲ၊ လထခေါင်းတို၊ မနူးမနော၊ဂဲဘား) လေးစုကို ကော်မရှင်သည် လွယ်ကော်မြို့ပေါ်၌ ခေါ်ယူစစ်ဆေးနိုင်ခဲ့သော်လည်း ကျန်လူမျိုး(၆)စုကို ကော်မရှင်သည် ဆရာဂျေ-လှဂျော်ထံမှ "ကြားစာ" အဖြစ် လေ့လာမှတ်သားနိုင်ခဲ့၏။

အကြောင်းမှာ ယင်းလူမျိုး(၆)စုသည် လူမျိုးအစုကြီးမဖြစ်နိုင်ဟု ကော်မရှင်က ယူဆထားသောကြောင့်လည်းဖြစ်၏။ ယင်းလူမျိုးအစုငယ်များသည် သံတောင်နှင့် ကရင်နီဒေသအတွင်း နေထိုင်သူများဖြစ်ကြ၍ ကော်မရှင်သည် တောင်ငူနယ် ဇာတိသားဖြစ်သော ဆရာဂျေ-လှဂျော်၏ အတွေ့အကြုံအား "ကြားစာ" အဖြစ်လက်ခံခြင်းလည်းဖြစ်၏။

"ကမ္ဘာ့အေးဘုန်းတော်ကြီးကျောင်းမှာ မသိခဲ့ရတဲ့ ကရင်မျိုးစုံအကြောင်းကို သိရတာ ဝမ်းသာ၊ ကျေးဇူးတင်ပါတယ် အန်ကယ်၊ ခုနောက်ဆုံးအနေနဲ့ နွယ်နီ ရိုက်ပေးရမဲ့ မာနယ်ပလောခရီးသည် အကြောင်းကို မေးချင်ပါတယ် အန်ကယ်"

"မေးပါနွယ်နီ"

"မာနယ်ပလောခရီးသည်" ရဲ့ ရည်ရွယ်ချက်ဟာဘာလဲ အန်ကယ်"

"နွယ်နီရေ (၁၉၉၂) ခုနှစ်၊ ငါတို့တွေ တောထဲရောက်လာတဲ့ အထိဟာ "မာနယ်ပလော" ဟာကရင့်အတွက်သာမက ဒီမိုကရစီအတွက်ပါ ကြီးကျယ်တဲ့ ခန်းနားတဲ့ အရပ်ဒေသ တခုပါပဲကွယ်၊ အဲဒီနောက်

(၁) နိုင်ငံရေးအရ၊ စစ်ရေးအရ၊ မစွမ်းဆောင်နိုင်တာတွေလဲရှိတယ်၊

(၂) ခေါင်းဆောင်တွေ အောက်ခြေ လွတ်တာတွေလဲရှိတယ်၊

(၃) KNU ဟာ ခေါင်းဆောင်စုလား ဒီမိုကရေစီကခေါင်းဆောင်စုလား မကွဲပြားတာတွေလဲရှိတယ်

(၄) KNU မှာရော ကျောင်းသားတပ်ဖွဲ့တွေမှာရော အရာရာကို လက်နက်ကိုင်လမ်းစဉ်က စိုးမိုးနေတာ အဓိက ဖြစ်နေတာရယ်၊

(၅) ကျောင်းသားတပ်ဖွဲ့တွေ ယိုင်နဲ့နဲ့ ဖြစ်လာနေချိန်မှာ KNU ထဲကို တဘက်က ဘာသာရေးနဲ့ ဖြိုခွဲလိုက်တော့ ပြိုကွဲသွားပါတော့တယ် နွယ်နီ"

"ဟုတ်ကဲ့ပါအန်ကယ်"

"ခုတော့မာနယ်ပလောလဲမရှိတော့ပါဘူး ဗိုလ်ချုပ်မြ။ ပဒိုဘာသင်။ ဗိုလ်ချုပ်ရွှေဆိုင်းတို့လဲ မရှိကြတော့တဲ့အပြင် မာနယ်ပလောကျဆုံးချိန်မှာ ဗိုလ်ချုပ်မြရဲ့ ခေါင်းဆောင်မှုကို အန်တုခဲ့ကြတဲ့ ပဒိုမန်းရှာကလဲ လုပ်ကြံခံရ၊ ဒေါက်တာမာတာတို့ တွေကလဲ အမေရိကန်ထွက်ခွာသွားကြနဲ့ သြစတြေးလျား မှာတောင် မသိချင် မကြားချင်တာတွေ ကြားနေရ သိနေရပါတော့တယ် နွယ်နီ"

"ဟုတ်ကဲ့ပါအန်ကယ်"

"ဒါတွေအားလုံးကို နိုင်ငံရေးလို့ပဲ သဘောထားနိုင်ပါတယ်၊

ဒီနိုင်ငံရေးကိုတော့ စာရေးဆရာတယောက်က ရေးသားထားတဲ့ မာနယ်ပလော ခရီးသည် ပဲလို့လဲ သဘော ထားနိုင်ပါတယ် နွယ်နီ"

"နားလည်ပါပြီအန်ကယ်"



နိုင်ဟံသာ (မွန်)။ ခိုင်စောထွန်း (ရခိုင်)။ ခွန်ဥက္ကာ (ပအို့ဝ်)။



ဘန်ကောက် (SCC)တွင် တင်ကိုသက်၊ မောင်စင်ကြယ်၊ စောဟန်ညွန့် (တကသ)
ခေါင်းဆောင်ဟောင်း၊ ကိုကိုးကျွန်းပြန် (RFA)ဦးတင့်ဇော်။
မောင်စင်ကြယ်။

ထုတ်ဝေသူ

စောတင်ထွန်း (ဘန်ကောက်)၊ ထိုင်းနိုင်ငံ။

၁။ ဖြန့်ချိရေး။ စောတင်ထွန်း။

(ကရင်လူငယ် စာပေလေ့လာရေးအဖွဲ့)

1032/203 RUM SIRI

WITHADIRANSIT, BANGKOK, THAILAND.

Phone: (02)2921169

၂။ SAW HAN NYUNT

BLESSTNOAT 16, 2806, LA GOUDA

NETHERLAND

၃။ SOE WYNN SHEIN

T161-0033 SHIN JUKU KU

SHIMO OCHIAI 1-11-7

OCHIAI EIKO MANSION RM(301)

TOKYO, JAPAN

၄။ MAUNG SIN KYE

126/510 LYGON STREET

CARLTON, VICTORIA 3053

PHONE: (03) 93471822

၅။ MYA WADY YE KHAUNG

2/7 PARK ROAD

AUBRN 2144, NEW SOUTH WALE

PHONE: (02) 97020132